www.burmeseclassic.com

NEW IDEA


တက်ကူးသစ်စာပေ

# မောင်ညိုမြိုင်း (သန်လျင်)

## သမုဒ္ဒယပါးပြင်ပေါ်ကနှစ်ပါးခွင်မိုးမျက်တဲ့ည

အပါအဝင်

## ဂမ္ဘီရဝတ္ထုတိုများ



BURMESE CLASSIC .com

မောင်ညိုမြိုင်း(သန်လျင်)၊ တောင်မှူးကြီးသိန်းဝင်း၊ မေတ္တာရှင်မောင်မြဲခေါင်

မိုးကျရွှေကိုယ်၊ အောင်ခင်စိုး၊ နန်းရွှေရည်၊ နတ်ကျွန်ဦး

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၃၀၁၀၃၁၀
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၆၂၁၀၆၁၀

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၀၊ အောက်တိုဘာလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၂၀၀ကျပ်

၈၀၈ . ၈၃
ကလောင်စုံ
သမုဒ္ဒယပါးပြင်ပေါ်ကနှစ်ပါးခွင်မိုးဖျက်တဲ့ညအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ/
ကလောင်စုံ။ – ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၀။
၂၃၀–စာ ၊ ၁၂စင်တီ × ၁၈စင်တီ။
(၁) သမုဒ္ဒယပါးပြင်ပေါ်ကနှစ်ပါးခွင်မိုးဖျက်တဲ့ညအပါအဝင်ဂမ္ဘီရဝတ္ထုတိုများ

BURMESE CLASSIC .com

# မာတိကာ

| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | သမုဒ္ဒယပါးပြင်ပေါ်က နှစ်ပါးခွင်မိုးဖျက်တဲ့ည<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | သက်သေခံနှင့်ဒိုင်ယာရီ<br>*ထောင်မှူးကြီးသိန်းဝင်း* | ၄၁ |
| ၃။ | ဖျော့သိုက်မှဆိုး<br>*အောင်ခင်ဖိုး* | ၇၇ |
| ၄။ | အိပ်မက်ပမာလေးနှစ်တာ<br>*နန်းရွှေရည်* | ၉၈ |
| ၅။ | ဒေဝဋ္ဌရာဆင်စွယ်ကညာ်ရုပ်တု<br>*နတ်လူဦး* | ၁၁၇ |
| ၆။ | နတ်စည်တော်ရုံငယ်လေ ... သံသံစုံကြေး<br>*မိုးကျရွှေကိုယ်* | ၁၅၀ |
| ၇။ | မောင်သာဂိနှင့်နာဂစ်<br>*မေတ္တာရှင်မောင်ပဲဒေါင်* | ၂၁၆ |

www.burmeseclassic.com

www.burmeseclassic.com

| ၁ |

တစ်နေ့သောအခါ ကျွန်ုပ်သည် လူသေကောင်ထည့်သည့် မသာခေါင်းရောင်းသော ပရိဘောဂ (လက်သမား) ဆိုင်မှ သစ်သားခေါင်း တစ်လုံးကို ဝယ်လာလိုက်သည်။

ကြိုတင်မှာကြားထားသည့် ခေါင်းဖြစ်၍ စက္ကူပန်းအနားကွပ် အလှအပများဖြင့် သေသေချာချာမွမ်းမံထားရကား ယင်းခေါင်းကိုကြည့်ပြီး ကျွန်ုပ် ပျော်ရွှင်ကြည်နူး ကျေနပ်သလို ခံစားလိုက်ရသည်။

ခေါင်း၏ဘယ်ညာမှာ အပြာရောင်စာလုံးနှင့် စာတန်းရေးကပ်ထိုးထား၏။

စိတ်ကူးသစ်စာပေ

BURMESE CLASSIC .com



ကိုတာဝတီ
အသက် (၃၂) နှစ်

. . ဟု၏။

အလှန်လှပသော သစ်သားခေါင်းကြီးကို မြင်းလှည်းနှင့်တင်လာလိုက်ပြီး ကျွန်ုပ်၏အိမ်ရှေ့မှာ ရပ်လိုက်သောအခါ အိမ်နီးနားချင်းအချို့ မျက်လုံးပြူးမျက်ဆံပြူး ပြေးထွက်လာကြ၊ မေးမြန်းကြ၏။

"ကိုတာဝတီ . . . ဘယ်သူဆုံးသွားလို့လဲ"

"ကိုတာဝတီအမေ ဖွားချက်ဝှန်း ဆုံးလို့လားဟင်"

"ဘာသံမကြား ညာသံမကြားဗျာ။ ဖြစ်ရလေ . . ."

အိမ်နီးနားချင်းများသည် ခေါင်းကိုမကြည့်ဘဲ ကျွန်ုပ်မျက်နှာကို ဝိုင်းဝန်းကြည့်ပြီး ကရုဏာမျက်လုံးများဖြင့် ဝိုင်းမေးကြ၏။

"ခင်ဗျားအမေ ဘယ်အချိန်ဆုံးတာလဲဗျ . . . ကိုတာဝတီရ"

"အမေ ဘာမှမဖြစ်ပါဘူးဗျ"

"ဟာ . . . ဒါဖြင့် ဘယ်သူဆုံးလို့တုံး"

"ကျုပ် . . . ကျုပ်သေမှာမို့လို့ဗျ"

"ဗျာ . . ."

"ဟင် . . ."

"မြတ်စွာဘုရား . . . ကျားသားမိုးကြိုး . . ."

သည်မှာပဲ အိမ်နီးနားချင်းများသည် မြင်းလှည်းပေါ်မှချလိုက်သည့် သစ်သားခေါင်းတလားကိုကြည့်ပြီး ငိုလို့အံ့ဩသွားကြ၏။

ခေါင်းနံရံနှစ်ဖက်မှာ . . .

'ကိုတာဝတီ၊ အသက် (၃၂) နှစ်' ဟူသည့်စာတန်းကို မြင်လိုက်ရသောကြောင့် ဖြစ်လေ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သည်မှာ အသက်ကြီးကြီး ဘကြီးသောင်းက …

"မောင်တာဝတီ …"

"ခင်ဗျာ … ဘကြီးသောင်း"

"မင်း … မင်း … မသေသေးဘဲနဲ့ ဘာကြောင့် ခေါင်းကို အခုလို ကြိုဝယ်ထားရတာတုံး မောင်တာဝတီရယ်။ မှ … မှ … မကြံကောင်း၊ မလုပ်ကောင်းကွာ။ ဘုရား … ဘုရား …"

"ကျွန်တော်တကယ်သေမှာ ဘကြီးသောင်းရ"

"ဟေ … မင်း … မင်း … တကယ်သေမှာ …။ ဘယ်လို လုပ်ပြီးသေမှာလဲ မောင်တာဝတီရယ်။ အခုမြင်ရတာ အကောင်းကြီး ဥစ္စာ"

"ကျွန်တော် နေ့ခင်း (၁၂) နာရီကျရင် အမှန်တကယ်သေ တော့မှာ ဘကြီးကောင်းရ။ ဒါကြောင့် ကိုယ့်စိတ်ကြိုက် ခေါင်းကိုကြို ဝယ်ပြီး လှလှပပလေးလုပ်ထားရတာ။ လှရဲ့လားဗျာ … ဟင် … ဟင်လို့"

ကျွန်ုပ်၏ ပြောစကား၊ မေးစကားကို ကြားကြရသောအခါ အိမ် နီးနားချင်းများသည် လန့်၍ နောက်ကိုဆုတ်သွားကြပြီး သစ်သားရနံ့ ပွဲ့လျက်ရန့်သင်းနေသော သစ်သားခေါင်းအသစ်ကြီးကို ကြည့်လိုက်၊ ကျွန်ုပ်မျက်နှာကိုကြည့်လိုက် လုပ်ကာ စကားတိုးတိုးလုပ်ရင်း တုန်လှုပ် သလို ဖြစ်နေကြ၏။

"လှရဲ့လား ဘကြီးသောင်းရ။ ပြောပါဦး"

"မလုပ်ကောင်း၊ မပြောကောင်း၊ မကြံစည်ကောင်းကွယ်"

"အိုဗျာ … ဘကြီးသောင်းကလည်း သေသွားမှ သူများ ဖြစ်သလိုစီစဉ်တဲ့ခေါင်းနဲ့ သချိုင်းကုန်း သေပြေးရှင်ပြေး ဒုန်းစိုင်းပြေး





ချရတာနဲ့စာရင် ကိုယ့်စိတ်ကြိုက်ခေါင်းကလေးနဲ့သေရတာ စိတ်ချမ်းသာ ပြီး ဘဝကူးပိုကောင်းတာပေါ့ဗျာ။ ကိုင်း … မောင်ဥက္ကာတို့၊ ကိုသွေးရှင့် တို့ … အိမ်ထဲကို ဝိုင်းကူသယ်ပေးကြပါဦးကွ"

မောင်ဥက္ကာနှင့် ကိုသွေးရှင့်တို့သည် ကျွန်ုပ်စကားဆုံးသည် နှင့် ကျွန်ုပ်နှင့် ခေါင်းအသစ်အနီးမှသည် အဝေးသို့ အလန့်တကြား ပြေးကြလေ၏။

သို့နှင့် ကျွန်ုပ်လူများဖြစ်သော ကိုသောင်းယဉ်၊ အံ့မွှားနှင့် လှိုင် မင်းကြည်တို့ကို အကူအညီတောင်းကြည့်ပါသော်လည်း ထိုလူအားလုံး က ကျွန်ုပ်ကို အရူးတစ်ယောက်လို ဝိုင်းကြည့်ပြီး မြည်တွန်တောက်ဆို ကာရင်း အနီးမှထွက်သွားကြလေ၏။

ယခု ကျွန်ုပ်အနီးဝန်းကျင်မှာ မည်သူမျှမရှိတော့။

ခွေးငါးကောင်သည် ကျွန်ုပ်၏ သစ်သားခေါင်းအသစ်ကျပ် ချွတ်ကြီးကိုကြည့်ပြီး အူကြ၊ ဟောင်နေကြ၏။

အူသည်မှ ဆွဲဆွဲငင်ငင်အူနေကြ၏။ မကောင်းဆိုးဝါးပူးကပ် နေသည်ကိုမြင်၍ အူသည့်အနည်းမျိုးနှင့် သံရှည်ဆွဲပြီး အူနေကြ၏။

ဒါနှင့်အတူ သရက်ပင်ပေါ်မှ ကျီးကန်းအုပ်ကြီးကလည်း ဝေါခနဲ ဝုန်းခနဲ ထပျံပြီး ခွေးအုပ်နှင့်အတူ ပြိုင်တူအော်ဟစ်နေသံများကား ဝန်းကျင်တစ်ခုလုံး ဆူညံနေလေတော့၏။

ကူညီမည့်သူ မရှိသည့်အဆုံး ကျွန်ုပ်သည် သံပိုက်လုံးတစ်ခု ခေါင်းအောက်မှထိုးခံပြီး ဖြည်းဖြည်းချင်းရွှေ့လိမ့်ကာ အိမ်ရှေ့ရှိ လှေထိုင် သော ခုံရှည်ပေါ်သို့ ခဲရာခဲဆစ် တင်ထားလိုက်ရပေသည်။



www.burmeseclassic.com

www.burmeseclassic.com

| ၂ |

❑

ပြီးနောက် ကျွန်ုပ်သည် ရပ်ကွက်ထိပ်ရှိ ဇေတဝန်ဘုန်းတော်ကြီးကျောင်းသို့ အမြန်ပြေးသွားလိုက်၏။ ငှက်ပျောအုန်းတစ်ပွဲလည်း ပါလေ၏။

အချိန်က သိပ်မကျန်တော့။

ခုပဲ ရှစ်နာရီထိုးပြီးပြီ။

ဇေတဝန်ဘုန်းကြီးကျောင်းမှာ ကျွန်ုပ်နှင့် ကျောင်းနေဖက် သူငယ်ချင်းဘုန်းကြီးရှိသည်။ သူ့ဘွဲ့အမည်က ဦးဇောသရဖြစ်၏။ ငယ်ဖြူ ဘုန်းကြီးဖြစ်၏။





တရားဟောအလွန်ကောင်းပြီး ရေစက်ချတရားပေးရာမှာ လူကြိုက်အလွန်များ၍ နာမည်ကြီးလေ၏။

ရွှေသံရွှံရွှံနှင့် ကျွန်ုပ်ရောက်သွားသောအခါ သူငယ်ချင်း ဦးဇင်း (ဘုန်းကြီး) က ...

"ရွှေသံရွှံရွှံနဲ့ ဘယ်လိုဖြစ်လာရတာတုံး ... ဒကာကြီး"

"အရေးကြီးလို့ပါ ကိုယ်တော်"

"ဘာအရေးကြီးလို့လဲ ဒကာကြီးရဲ့"

"အရှင်ဘုရား ..."

"ပြော ... ကိုတာဝတီ"

"လူဟာ မသေခင်ကတည်းက သာရေးဇာဂုံကြိုတင်ရင် ရပါသလားဘုရား"

"ဟေ ... ဘယ်လို ... ဘယ်လို ..."

"လူဟာ မသေခင် ကိုယ့်ကိုယ်ကိုယ် ကြိုပြီးသရေဇာဂုံတင်ထားရင် ရသလားလို့ မေးတာပါဘုရား"

သည်မှာ ကိုယ်တော်က ရိုးရိုးသားသားမေးသည်ထင်၍ ဖြေ၏။

"ရတာပေါ့ ... ဒကာကြီး။ သရေဇာဂုံဟာ နေ့စဉ်တည်လေ၊ ကုသိုလ်ကြီးစွာရလေပဲ။ မသေခင် သရေဇာဂုံတည်ထားရင် ဘယ်လိုအကြောင်းနဲ့သေသေ သေရင် ဘုန်းကြီးပင့်ပြီး သရေဇာဂုံတင်စရာ မလိုဘူး။ ဥပမာ ရေနစ်သေပြီး အလောင်းရှာမရသူ၊ အမြောက်ဗုံးဆံမှန်ပြီး အလောင်းအစအန ရှာမရသူများအဖို့ သရေဇာဂုံကြိုတည်ထားရင် ဘယ်လိုအကုသိုလ်ကံ အသေဆိုးနဲ့သေသေ သေပြီးရင် ကောင်းရာသုဂတိဘုံကို ဘဝကူးရော၊ အပါယ်လေးဘုံနဲ့ ဝေးရောပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒါဆို ... ကျွန်တော့်ကို ... အဲလေ ... တပည့်တော်ကို ကြိုပြီး သရဏဂုံတင်ပေးပါဘုရား"

"ဟော ..."

ဘုန်းကြီးဦးကေသရသည် ကျွန်ုပ်ကိုကြည့်၍ ပါးစပ်ဟသွား၏.

"ဟ ... ဒကာမောင်တာဝတီရ ..၊ ဒကာကြီးက ဘာကိစ္စနဲ့ သရဏဂုံကြိုတင်ချင်ရတာတုံးဟ"

သည်မှာ ကျွန်ုပ်က သည်နေ့ (၁၂) နာရီမှာ သေမည့်အကြောင်း ပြောပြလိုက်လျှင် အတင်းတားမည်ကိုသိနေသဖြင့် နားကြားကောင်းအောင်၊ ညာတာလည်းမမည်အောင် လျှောက်တင်လိုက်၏။

"ခရီးဝေးတစ်ခု သွားစရာရှိလို့ပါဘုရား"

"ဘယ်လိုခရီးဝေးတုံး မောင်တာဝတီရဲ့။ ရှင်းပါဦး"

"ပြန်လမ်းရှိချင်မှရှိမယ့် ခရီးမို့လို့ပါဘုရား"

"ဟုတ်ရဲ့လား ငါ့လူရာ"

"ဟုတ်ပါတယ် ဘုရား။ အသက်ရှင်လျက်နဲ့ ပြန်လာချင်လည်း ပြန်လာရပါလိမ့်မယ်။ ဒါက အလွန်ကိုကံကောင်းမှပါ။ ပြန်လမ်းမရှိဖို့က ရာခိုင်နှုန်းများပါတယ်ဘုရား။ ဒါကြောင့် အကယ်၍ သေသွားခဲ့ရင် သရဏဂုံ ကြိုတင်တည်ပြီးသားဖြစ်တော့ တပည့်တော် ဘဝကူးပိုကောင်းအောင်လို့ပါဘုရား"

"အင်း ... တစ်မျိုးကြီးပဲ။ အေးလေ ... သရဏဂုံကြိုတင်တာရော၊ ကြိုတည်တာရော ကုသိုလ်သုစရိုက် ကောင်းမှုအလုပ်ဉစ္စာကိုင်း ... ဒါဆို အသင့်ပြင်"

သို့နှင့် ကျွန်ုပ်သည် ဝမ်းသာအားရ ဘုန်းကြီးဦးကေသရရှေ့





မှာ ပြားဝပ်စွာထိုင်ပြီး အုန်းငှက်ပျောပွဲကို ရှေ့တိုးပေးလိုက်၏။

"လိုက်ဆိုနော် ... ဒကာကြီး။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ..."

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ..."

"ဓမ္မံ သရဏံ ဂစ္ဆာမိ ..."

"ဓမ္မံ သရဏံ ဂစ္ဆာမိ ..."

"သံဃံ သရဏံ ဂစ္ဆာမိ ..."

"သံဃံ သရဏံ ဂစ္ဆာမိ ..."

"ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ..."

"ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ..."

"ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ..."

"ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ..."

"ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ...

"ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ..."

"တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ..."

"တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ ..."

"တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ..."

"တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ ..."

"တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ..."

"တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ..."

ကျွန်ုပ်သည် မသေခင် ကြိုပြီး သရဏဂုံတင်ပြီးပြီမို့ သေရမှာကို အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေ၏။ နောက်လူများ ဒုက္ခမရောက်တော့။ အမေလည်း စိတ်ချမ်းသာဖွယ်ရှိနိုင်၏။

လိုအပ်ပါက အမေသည် ကျွန်ုပ်အားရည်းစူးပြီး ရေစက်ချ



www.burmeseclassic.com

www.burmeseclassic.com



တရားနာ၍ အမျှပေးဝေရုံသာ ကျန်ရှိတော့သည်။

"ကိုယ်တော် ..."

"ဘာတုံး ... ဒကာကြီး"

"အကယ်လို့များ တပည့်တော် အမှန်တကယ်သေသွားခဲ့ရင် ..."

"ပြောပါ.. ကျုပ်ဘာလုပ်ပေးရမလဲ"

"သက်ပျောက်ဆွမ်းကိစ္စအတွက် အမေ့ကို ကူညီပေးလိုက်ပါကိုယ်တော်။ အခြားဘုန်းကြီး မပင့်စေချင်ဘူး။ ဒါလည်း တပည့်တော် အမေ့ကို ကြိုပြောမှာထားခဲ့ပါ့မယ်"

သူငယ်ချင်းဘုန်းကြီးသည် ကျွန်ုပ်မျက်နှာကို အတန်ကြာစူးစိုက်၍ ကြည့်နေ၏။

သူ့မျက်လုံးထဲမှာ ထူးဆန်းနေပုံရ၏။

မသေခင် ကြို၍သရဏဂုံတင်သူမှာ ကျွန်ုပ်တစ်ဦးတည်းသာ သူတွေ့ဖူးမြင်ဖူးပုံရ၏။

မသက်သာသလို စိုက်ကြည့်နေ၏။

ကျွန်ုပ်ကား ဘယ်လိုပဲသူကြည့်ကြည့် တစ်စက်လေးမျှ ဣန္ဒြေမပျက်။ ပျော်လို့ပင်နေလိုက်သေး၏။

"တာဝတီ ..."

"ကိုယ်တော် ..."

"ဒကာကြီး စိတ်မှန်ကန်ပါတယ်နော်"

"မှန်ကန်ပါတယ် ... ကိုယ်တော်။ ဘာဖြစ်လို့ပါလဲဘုရား"

"ကျုပ် သက်န်းဝတ်ဘဝနဲ့နေလာတာ ကာလအတန်ကြာခဲ့ပါပြီ။ ကိုရင့်လို ခရီးသွားခါနီး နိမိတ်မရှိ နမာမရှိ သရဏဂုံကြိုတင်သူ၊





သက်ပျောက်ဆွမ်းကိစ္စ ကြိုတင်မှာကြား စီစဉ်ဆောင်ရွက်သူမျိုး တစ်ယောက်မှမတွေ့ဖူးသေးဘူး"

"ခုတွေ့ပြီမဟုတ်လား ဘုရား..။ ဘာများကော ဆန်းလို့ပါလဲဘုရား။ ကြိုလုပ်သွားတာနဲ့ အရေးပေါ် ဖုတ်ပူမီးတိုက်လုပ်ရတာပဲ ကွာခြားသမို့လားဘုရား။ အရေးမကြီးပါဘူး။ တပည့်တော်ကို ပြုံနဲ့ခွင့်ပြုပါဦးဘုရား။ စီစဉ်စရာလေး ရှိနေ၊ ကျန်နေသေးလို့ပါဘုရား"

ကျွန်ုပ်သည် သူငယ်ချင်းဘုန်းကြီးကို ရိုသေစွာ ဦးသုံးကြိမ်ချလိုက်ပြီး ထိုင်ရာမှ ထလိုက်၏။

"အင်း ... သာဓု ... သာဓု ... သာဓု ...။ သွားလေရာ၊ လာလေရာ ခလုတ်မထိ၊ ဆူးမငြိပါစေနှင့်။ ကူညီစောင့်ရှောက်မည့် သူတော်ကောင်းများနှင့် ဆုံတွေ့ပါစေ။ ဒကာကြီး ..."

"ဘုရား ..."

"ရသ့မျှအချိန်တိုင်းမှာ သရဏဂုံကို ထုံအောင်ရွတ်သွား။ ဘဝကူးကောင်းလိမ့်မယ်။ ကြားလား ..."

"မှန်ပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

❑

ဆရာနိုကြီးကျောင်းမှ ပြန်လာပြီးနောက် ကျွန်ုပ်သည် သူငယ်ချင်း သူရိန်မင်းတို့ ကွန်ပျူတာစာစီဆိုင်သို့ဝင်ပြီး နာရေးဖိတ်စာအပ်လိုက်၏။

"ဘယ်သူဆုံးလို့လဲ ကိုတာဝတီ၊ ခင်ဗျားအမေလားဟင်"

"မဟုတ်ဘူး။ ကျုပ်ကိုယ်တိုင်ဗျ"

"ဘာ ..."

"ကျုပ်သေမှာမို့လို့ပါ"

"နေပါဦး ...။ ခင်ဗျား ... ဒါ ... နောက်စရာမဟုတ်ဘူး ကိုတာဝတီ။ နာရေးဖိတ်စာဆိုတာ သေပြီးမှ ရက်ကိုအတိအကျတွက်ပြီးရိုက်ရတာ သူငယ်ချင်း။ မောင်ရင်က မောင်ရင့်နာရေးဖိတ်စာကို ကြိုရိုက်ထားရအောင် မောင်ရင်သေမယ့်နေ့ကို ကြိုသိလို့လား"

"သိတယ်"





"ဒါဆို ဘာရောဂါနဲ့ သေမှာမို့လို့လဲ"

"သေချင်းဆိုးရောဂါနဲ့"

"ဘယ်နေ့သေမှာလဲ ကိုယ့်လူရယ် ... ဟင်"

"ဒီနေ့ (၁၂) နာရီ"

"ဘုရားရေ ... သူငယ်ချင်းကိုတာဝတီ၊ ... မင်း ... မင်း စိတ်မှန့်သေးရဲ့လားကွာ ... ဟင်။ သူငယ်ချင်း ... နေမကောင်းဘူးလား"

"ကောင်းပါတယ်။ အားလုံး ဒေါင်ဒေါင်မြည်ပဲ"

"ဒါဆို ဘာလို့သေရမှာလဲ။ သေမယ့်နေ့ကို ဘယ်သူမှ ကြိုမသိကြဘူးလေ"

"ငါက ကြိုသိပြီးသားပါ သူရိန်မင်း။ ကြိုသိလို့လည်း ခေါင်းလည်း ကြိုဝယ်ပြီးပြီ။ ဦးဇင်းကေသရထံမှာလည်း သရဏဂုံကြိုတင်ခံပြီ။ သက်ပျောက်ဆွမ်းကိစ္စပါ ကြိုတင်စီစဉ်ဆောင်ရွက်ပြီးပြီ။ မင်းလုပ်ပေးရမှာက ငါ့နာရေးဖိတ်စာ ရွက်ရေ (၁၀၀) ဒီနေ့ညနေ အပြီးရိုက်ပြီး အမေ့ကို ပေးပေးဖို့ပဲ။ ကြော် ... သူရိန်မင်း ..."

"ဘာလဲ"

"ဟိုဒင်းလေ ... ပလတ်စတစ်ယပ်တောင် စောင်ရေတစ်ရာ ငါးဆယ်လောက်ပါ ကြိုလုပ်ပေးနော်။ တစ်ဖက်မှာ ငါ့အမည်ရယ်၊ အသက်ရယ်ရိုက်။ ဟိုတစ်ဖက်မှာ (၂၄) ပစ္စည်း ပဋ္ဌာန်းဒေသနာအကျဉ်း ရိုက်ပေးနော်။ အားလုံး ဘယ်လောက်ကျသလဲ။ တွက် ..."

"တာဝတီ ..."

"ဘာတုံးကွာ သူရိန်မင်းရာ ...။ အချိန်မရှိရတဲ့ကြားထဲ"

"မင်း ... မင်း ... ငါ့ကို နောက်တီးနောက်တောက်



www.burmeseclassic.com

www.burmeseclassic.com



အပြောင်အပျက်လုပ်နေတာမို့လား ဟင်''

''ဒီမှာကိုယ့်လူ ...ဒါ ...နောက်ရပြောင်ရမယ့်အလုပ်မဟုတ်ဘူး။ အတည်ပြောနေတာ ...အတည်ပြောနေတာ။ ကုန်ကျစရိတ်သာပြော။ တစ်ခါတည်း ငွေချေခဲ့မယ်''

ကျွန်ုပ်က ပိုက်ဆံအိတ်ကိုဖွင့်၍ တစ်ထောင်တန်ငွေစက္ကူများကို ရေတွက်သလိုလုပ်လိုက်စဉ် ...

''တာဝတီ ...''

''ဘာတုံး''

''ငါ ...ငါ ...မရိုက်ပေးချင်ဘူး''

''ဘာ ...ဘာဖြစ်လို့ မရိုက်ပေးချင်ရတာလဲ သူရိန်မင်း''

''မင်း ...မင်း ...တကယ်မသေသေးလို့ပဲ ကိုယ့်လူ''

''ဒီလိုလား ...။ ဒါဆို ငါစရံပေးခဲ့မယ်။ ငါသေပြီလို့ ကြားတာနဲ့ ချက်ချင်း နေ့စွဲကိုတွက်ချက်ပြီး ရိုက်လိုက်။ ပြီးရင် ငါ့အမေဆီကိုပို့ပေး။ ရော ...စရံသုံးထောင်''

ကျွန်ုပ်သည် စရံငွေအဖြစ် တစ်ထောင်တန်သုံးရွက်ကို စားပွဲခုံပေါ်ချပေးခဲ့ပြီး လှည့်ထွက်လိုက်သည်။

ကျိန်းသေပါသည်။

ဒီကောင်သူရိန်မင်း ကျွန်ုပ်ရဲ့နောက်ကျောကို ငေးကြည့်ပြီး လွန်စွာအံ့ဩနေပါလိမ့်မည်။

သူသာမဟုတ် ...။

ကြားရသူ၊ မြင်ရသူတိုင်း လွန်စွာအံ့ဩကြရပါလိမ့်မည်။ သေမည့်နေ့ကို ကြိုမသိဘူးတဲ့။ မဖြစ်နိုင်တာရယ်။ အချို့လူနာများ ဘယ်အချိန်သေမည်ကို ဆရာဝန်များ၊ သမားတော်ကြီးများကလွဲရင် မိနစ်





ပိုင်းမျှသာရှိမည့် ကြိုတင်ဟောကိန်းထုတ်နိုင်ပေ။

ဥပမာ အဆိပ်သောက်သေမည့်သူ၊ ကိုယ့်နားထင်၊ ပါးစပ်ထဲ သေနတ်ပြောင်းထည့်၍ ခလုတ်ဖြုတ်သူ၊ ကြိုးဆွဲချသေဆုံးသူ၊ ကြိုးမိန့်ပေးခံရသူ၊ လျှပ်စစ်ကုလားထိုင်ပေါ်မှာ သေဒဏ်ခံရသူ။ ကိုင်းဗျာ ...အဲဒီလိုလူတွေ သေရမည့်နေ့ကို ကြိုမသိရဘူးလားဗျာ။ ဟင် ...။

အချို့က သေရမှာကို ကြိုသိပြီး ကြောက်လန့်ကြရဲ့။

အချို့က သေရမှာကို ကြိုသိပြီး ကျေနပ်ကြရဲ့။

ကျေနပ်သူများစာရင်းက ကျွန်ုပ်က ထိပ်ဆုံးက ပါဝင်နေတယ်။

ကျွန်ုပ် လူ့လောကဝန်းကျင်အသိုင်းအဝန်းမှာ မနေချင်တော့။ နေရမည့်ရက်များနေသည်ကို မလိုချင်တော့။

ဘဝမှာ ချိုမြိန်ခြင်းနှင့် ခါးသီးခြင်း နှစ်ခုအနက် ...

ပျော်ရွှင်ကြည်နူးခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်း နှစ်ခုအနက်..

ကျွန်ုပ်ဘဝမှာ ကြေကွဲဝမ်းနည်းရခြင်း၊ အရှက်ကြီးစွာရခြင်း၊ ရင်နာရခြင်း၊ အသည်းနှလုံးကြေမွရခြင်းတို့က များနေ၍ လူ့ဘဝ၊ လူ့လောကကြီးမှာ အသက်မရှည်ချင်တော့။

သံသရာလည်ချင် လည်ပလေ့စေ။

သည်ဘဝမှာ ဝဋ်ကြွေးကို အကြေသဘောမျိုး ခပ်ပျော်ပျော်ပဲ ပေးဆပ်လိုက်ချင်သည်။

သေခြင်းတရားသည် စိုးရွံ့သူများအတွက် ကြောက်မက်ဖွယ်ဖြစ်ပြီး သေခြင်းကို နှစ်ခြိုက်စွာလိုအပ်သူအတွက် ဝေဒနာချုပ်ငြိမ်းရာ နောက်ဆုံးစက္ကန့်များဖြစ်ပေသည်။

www.burmeseclassic.com

| ၄ |

□

အချိန်ကြည့်လိုက်တော့ နံနက် (၁၀) နာရီထိုးနေပြီ။ အချိန်က သည်နေ့ကျမှ အကုန်မြန်နေ၏။ အချိန်ကို ခဏလေးဆွဲလို့ရလျှင် ကောင်းမည်ဟု ကျွန်ုပ်မျှော်လင့်မိသော်လည်း နာရီလက်တံသုံးခုက သူ့ခွန်အားအာဟာရနှင့် သူ့ခရီးကို သူနှင်နေ၏။

ဒေါင်းယာဉ်ပျံရှင်နေမင်းကလည်း သူ့အပူရှိန်စွမ်းအင်အာဟာရနှင့် မွန်းတည့်မျဉ်းကို ဂါရဝပြုဖို့ အားပြုကြိုးစားနေ၏။

ကျွန်ုပ် အချိန်ကိုလု၍ စာတစ်စောင်ကို အမြန်ရေးလိုက်သည်။ လက်နှိပ်စက် မရိုက်တော့ပါ။

ကျွန်ုပ်ပျုတာ စာမစီတော့ပါ။

ဒီစာကို အင်တာနက်မှတစ်ဆင့် ပေးပို့လိုပါသော်လည်း အချိန်မရတော့၍ လက်ရေးနှင့်အသော့ရေးလိုက်ပြီး စာအိတ်တစ်အိတ်မှာ ထည့်ကာ မရွှေမင်းဂံထံလိပ်မူပြီး သူမရဲ့သူငယ်ချင်း ပွင့်ဝေထံပေးလိုက်သည်။





"ပွင့်ဝေ ..."

"ရှင် ...အစ်ကို ...။ ဘာကိစ္စလဲဟင်"

"တစ်နေ့နေ့တစ်ချိန်ချိန်မှာ ရွှေမင်းဂံများ ညည်းထံရောက်လာခဲ့ရင် ဟောဒီစာကို အစ်ကိုပေးသွားတယ်လို့ ပြောလိုက်ပါ ညီမရယ်။ နော် ..."

"အစ်ကိုက ဘယ်သွားမှာမို့လို့လဲဟင်။ ရွှေမင်းဂံ တစ်နေ့အစ်ကို့ဆီကို ပြန်လာမှာပါအစ်ကို။ အစ်ကို သူ့ကို မစောင့်တော့ဘူးလားဟင် ...လို့ ..."

"စောင့်ခဲ့ရတဲ့ရာသီတွေ သိုးကုန်ပါပြီ ညီမရယ်။ စောင့်ရင်းကျခဲ့ရတဲ့ မျက်ရည်နဲ့အသည်းဟာ တစ်စစီပဲ့ကြွေပြီး အမြှုပ်ထလို့ ပုပ်စော်နံနေပါပြီ။ သူ့ကို အစ်ကို မမျှော်လင့်တော့ပါဘူး။ ငါ့ရင်ထဲမှာ အလွမ်းတွေပြည့်လျှံပြီး ဒဏ်ရာတွေနဲ့ ပြိုလဲနေပါပြီ။ ဒီစာသာ လာရင်ပေးလိုက်ပါ"

"အစ်ကို ..."

ပွင့်ဝေက တုန်ခါသောအသံ၊ ကရုဏာသက်သော မျက်လုံးအစုံနှင့် ကျွန်ုပ်ကိုငေးကြည့်ရင်း နှုတ်ခမ်းများလှုပ်နေ၏။

"ဘာလဲ ညီမ"

"အစ်ကို ဘယ်အရပ်ကို သွားမှာလဲ"

"အစ်ကိုသွားမယ့် အရပ်အကြောင်း ဒီညနေ သတင်းစောင့်နားထောင်ပါ ညီမ။ အစ်ကိုသွားမယ်နော်"

"အစ်ကို ..."

"အစ်ကိုဝတီ ..."

ခေါ်သံများက နောက်မှ အပြေးလိုက်လာနေ၏။ ကျွန်ုပ်မူည်



www.burmeseclassic.com

www.burmeseclassic.com



မကြည့်။ ရည်မှန်းချက်ရှိရာကို ဦးတည်၍ လှမ်းလာခဲ့လိုက်သည်။

ဆယ့်တစ်နာရီခွဲတော့ ကျွန်ုပ်သေဆုံးရမည့်နေရာကို ရောက်လာခဲ့သည်။

ရောမရေကန်ကြီးသုံးကန် ...။

သည်မြို့ကလေးရဲ့ အထင်ကရရေကန်ကြီး ...။

သည်ရေကန်ရဲ့ရေပြင်မှာ ကြာဖြူ၊ ကြာနီ၊ ကြာညို လုံးဝမရှိ။ ဆရာဇော်ဂျီရေးဖွဲ့ခဲ့သည့် ဗေဒါလည်းမရှိ။ ကျူရိုးရှင်လည်းမရှိ။ လှိုင်းကြက်ခွပ်များသာ ခေါင်းချင်းဆိုင်၊ ပခုံးချင်းပြိုင်တိုက်နေကြသည်။ ယူကလစ်ပင်တောအုပ်မှ တိုက်ခတ်လာသည့် လေပြည်လေညင်းက ကန်ရေပြင်ကို တို့နမ်း၍ ကျီစယ်သွားကြသည်။

ဤကန်ရေပြင်မှာ လင်နှင့်စိတ်ညစ်လာသူများ ခုန်ချစတေး၍ သေသွားခဲ့ကြ၏။

ချစ်သူနှင့် အကြောင်းမညီညွတ်၍ အသည်းကွဲခဲ့သူများ ရေထဲခုန်ချ သေဆုံးသွားခဲ့ကြ၏။

အိမ်တွင်းရေးအဆင်မပြေသူများ၊ စီးပွားရေးချွတ်ခြုံကျသူများ သူတို့ဘဝကို ဤကန်ရေပြင်မှာ ဝိညာဉ်မြှုပ်နှံ၍ စခန်းသိမ်းသွားကြသည်။

ဤရေကန် ရေနက်ကွင်းက အလွမ်းရင့်ရာသီ ကုန်ဆုံးချင်သူများကို လိုလားစွာပွေ့ပိုက်၍ လိုရာခရီးကို အခကြေးငွေမယူဘဲ ပို့ဆောင်ပေးနေ၏။

ကျွန်ုပ် ကန်ဘောင်မြင့်ပေါ် တက်လိုက်သည်။

ပြီး ...အသက်ကို အောင့်လိုက်သည်။

ဩော် ...မေ့မလို့။ တော်ပါသေးရဲ့ ...။





ဘဝကူးကောင်းအောင် သရဏဂုံကိုးခေါက်ကို ရွတ်ဆိုလိုက်သည်။ ပြီး ...ရေနက်ရှိရာသို့ ခုန်ချလိုက်တော့သည်။

မိုက်မဲသူတို့အလုပ် ...။

ပညာမဲ့သူတို့အလုပ် ...။

ဆင်ခြင်တုံတရားမဲ့သူတို့အလုပ် ...။

လူ့အနွတို့အလုပ်မှန်း ကျွန်ုပ်သိပါသည်။

အလွန်တရာသေချင်သူတို့အတွက်မူ ဤအလုပ်သည် အလွန်လွယ်ကူပြီး ကုန်ကျစရိတ်နည်းသော အလုပ်ဖြစ်၏။ ကျွန်ုပ်သေလွန်ပြီးသောအခါ ကျွန်ုပ်၏အမည်အား လူ့အနွစာရင်းမှာ သွင်းလိုက သွင်းကြစေတော့။ အားလုံးကို ကျွန်ုပ်ခွင့်လွှတ်နိုင်ပါ၏။

ကျွန်ုပ် အသက်ဝဝရှူပြီး ခုန်ချလိုက်သည်။

"ဝုန်း ..."

ကျွန်ုပ်တစ်ကိုယ်လုံး ဟိုးရေအောက်သို့ ရောက်သွား၏။ ကျွန်ုပ်လုံးဝရေမကူးတတ်ပါ။ ရေကြောက်သူစာရင်းမှာ ကျွန်ုပ်၏အမည် ထိပ်ဆုံးက အစဉ်ပါရှိနေပါသည်။

ရေအောက်ကြမ်းခင်းဆီသို့ တစိမ့်စိမ့် တဝိဝိနှင့် ကျွန်ုပ်ကျဆင်းသွားသည်ကို သိလိုက်ရသည်။

ကျွန်ုပ်သေရတော့မည်။

သေခြင်းတရားကို အမြန်လိုချင်၍ သေခြင်း၏နောက်ဆက်တွဲကိစ္စများကို ကြိုတင်စီစဉ်နိုင်ခဲ့သောကျွန်ုပ် ...။ ကျေနပ်နှစ်ခြိုက်စွာ သေခြင်းနှင့် ဖက်ရမ်းနမ်းရှုပ် နှုတ်ဆက်နေပါပြီ။

သည်အချိန်မှာပဲ ကျွန်ုပ်၏ကိုယ်လုံးကို ရေအောက်မှ ပင့်တွန်းတင်လိုက်သလို ခံစားရပြီး ကျွန်ုပ်၏ကိုယ်ခန္ဓာတစ်ခုလုံး ရေပေါ်သို့ပြန်



www.burmeseclassic.com

www.burmeseclassic.com



ကြွတက်လာသည်ကို ကျွန်ုပ် ထူးဆန်းစွာ ခံစားလိုက်ရသည်။

မကြာခင် ကျွန်ုပ် ရေပြင်ပေါ်မှာ ပြန်ပေါ်လာခဲ့၏။

ဟူး ... မွန်းကျပ်လိုက်ပါဘိ။ မူးဝေလိုက်ပါဘိ။ ကျိန်းစပ်လိုက်ပါဘိ။ ကြည့်စမ်း ...။ ကျွန်ုပ် ရေအောက်ကိုမနစ်ဘဲ ရေပေါ်မှာ ပေါ်နေ၏။ ငါရေမကူးတတ်ပါဘူး။ ဘယ့်နှယ်ကြောင့် ရေပေါ်ကိုပြန်ပေါ်ရပါလိမ့်။

နောက်တစ်ကြိမ် ကန်ဘောင်ပေါ်သို့ ပြန်တက်လိုက်ပြီး ဦးခေါင်းကိုစိုက်၍ ထိုးဆင်းလိုက်သည်။

အရှိန်နှင့်ထိုးစိုက်ကျသွားသော ဦးခေါင်းသည် ရေလယ်သားကိုထိုးခွဲပြီး ဝမ်းဗိုက်ထဲ ရေများတိုးဝင်လာကာ ရေအောက်ကြမ်းခင်းသဲပြင်၊ နံပြင်နှင့် ပွတ်တိုက်သွားခဲ့သည်။

မျက်လုံးနှင့်ပါးစပ်ထဲသို့ နံ့နှံများ အတားအဆီးမရှိ တိုးဝင်လာပြီး အသက်ရှူကျပ်လာခဲ့သည်။

လူလည်း ဘယ်ညာလူးလိမ့်ကာ ဝမ်းဗိုက်ကြီးပြည့်ဖောင်းလာသလို၊ နားနှစ်ဖက်အူလာသလို ခံစားလိုက်ရသည်။

ဘုရားရေ ...

သည်လို ရေမွန်းကျပ်ခြင်းဝေဒနာကို သည်းထန်စွာခံစားနေရချိန်မှာပဲ ကျွန်ုပ်ရဲ့ပါးစပ်နှင့်နှာခေါင်းကို လက်ဝါးလိုအရာမျိုးနှင့် ပိတ်ပြီး ဆွဲတင်လိုက်သလိုမျိုး ခံစားလိုက်ရပြန်သည်။

ရေပြင်ပေါ် ဘွားခနဲ ပြန်ပေါ်လာပြန်၏။

အသက်ရှူလို့ ရလာ၏။ ရေများကို ထိုးအန်လိုက်၏။ ပါးစပ်မှ နံ့ရည်များ ပြန်အန်ကျလာ၏။

ဘယ်သူများ ကျွန်ုပ်ကို ဆွဲတင်လိုက်ပါလိမ့်။ အန်လို့ဝတော့





နံဘေးနံဘီကို မျက်စိလည့်ကြည့်လိုက်တော့လည်း အနီးဝန်းကျင်မှာ ဘယ်သူမှမရှိ။

ထူးဆန်းလိုက်တာ ...။

ကျွန်ုပ်ရဲ့ သေခြင်းကိစ္စကို ဘယ်လိုလူများ ရှာရောက်ကန့်ကွက်နေပါလိမ့်။ နှောင့်ယှက်နေပါလိမ့်။

သူတို့နှင့် ဘာဆိုင်လို့လဲ။

ရေအောက်မှာ သူတို့နေကြလို့လား။

မြင်လည်းမမြင်ရ ...။

နောက်ဆုံးအကြိမ်အဖြစ် ကျွန်ုပ် ကုန်းမြင့်မြင့်ပေါ် အားယူတက်လိုက်ပြီး ...

"ကန်စောင့်ပုဂ္ဂိုလ်အပေါင်းတို့ ခင်ဗျား ... ဒီနေ့မွန်းတည့်ချိန်မှာ ကျွန်ုပ်အား လိုလားစွာသေခွင့်ပြုပါရန် တောင်းပန်ပါသည် .. ခင်ဗျာ"

ပါးစပ်မှ သို့ကလို သုံးကြိမ်သုံးခါပြောလိုက်ပြီး ရေအောက်သို့ တတိယအကြိမ်မြောက် ခုန်ချလိုက်သည်။

ခပ်မြင့်မြင့်ကမ်းပါးပေါ်မှ ခုန်ချလိုက်သည်မို့ ကျပုံက အရှိန်ပြင်းလှသည်။ ဦးစိုက်ကျွမ်းပြန်ကျသွားသည်။ ရေများ ပါးစပ်ထဲဝင်လာသည်။ မြန်မြန်သေစေရန်အတွက် အသက်ကို ရှူပစ်လိုက်သည်။ ရေလုံးများ နှာခေါင်း၊ လည်ချောင်းမှသည် ဝမ်းဗိုက်အတွင်းသို့ ပန့်နှင့်မောင်းသွင်းလိုက်သလို ဝင်သွားပြီး ကျွန်ုပ် လုံးဝကို သတိလစ်သွားခဲ့သည်။

www.burmeseclassic.com

[ ၅ ]

❑

ကျွန်ုပ်သတိရလာသောအခါ လူကြီးတစ်ဦးက ကျွန်ုပ်ကို ပခုံးနှင့်ထမ်း၍ ဦးစိုက်ပြောင်းပြန်ထမ်းရင်း ကန်ဘောင်တစ်ရိုး၌ ပြေးလွှားနေတယ်။

ကျွန်ုပ်ပါးစပ်မှ ရေများအန်ကျလာပြီး လူကြီးရဲ့ပုခုံးမှာ၊ အကျီ်ပေါ်မှာ ရွှဲရွှဲစိုနေ၏။

လူကြီးသည် မမောနိုင် မပန်းနိုင် ကျွန်ုပ်ကိုယ်လုံးကိုထမ်း၍ ပြေးနေတယ်။ သည်လိုနှင့် ဝမ်းဗိုက်ထဲရှိရေများ ကုန်လေသောအခါ ကျွန်ုပ်ကို မြေပြင်မှာ ပက်လက်လှန်ပြီး ခေါင်းတစ်ဖက်စောင်းစေ၍ ကျွန်ုပ်ပါးစပ်ကို သူ့ပါးစပ်နှင့်တေ့ပြီး မှုတ်ပေး၏။ ရှေးဦးသူနာပြုစုနည်းနှင့် လုပ်ပေးနေပါကလား။

ပြီး ကျွန်ုပ်ရင်ဝကိုလည်းကောင်း၊ ဘယ်ဘက်ရင်အုံကိုလည်းကောင်း ဖိ၍ တွန်း၍ပေးပြီး ကျွန်ုပ်၏ပါးနှစ်ဖက်ကို ပုတ်နှိုးနေတယ်။





"ဟော့ကောင် ..."

"ဟော့ကောင် ..."

"ဟော့ကောင် ... သတိရပြီလား"

"သတိရပြီလား ..."

"အင်း ... ဟင်း ... ဟင်း ... ဟင်း ..."

"သတိရရင် မျက်လုံးဖွင့်ကြည့်စမ်း"

ကျွန်ုပ် မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ အပြာရောင်အလွှာကြီးကို ဦးစွာမြင်ရသည်။ ပြီး ... အပြာရောင်ကောင်းကင်ကို မြင်ရသည်။

နေရောင်က မျက်လုံးကိုထိုးနေသဖြင့် မျက်စိကို မှိတ်ထားလိုက်သည်။

"အသက်ကို မှန်မှန်ရှူစမ်း ... ရှူလိုက်စမ်းဟော့"

လူကြီးရဲ့အသံက အမိန့်ပေးသံ၊ ဩဇာသံပါလွှမ်းလှ၍ ကျွန်ုပ်ငြင်းဆန်လို့မရ။ အသက်ကို နှာခေါင်းနှင့်ရော၊ ပါးစပ်နှင့်ပါ မှန်မှန်ရှူလိုက်သည်။

ကျွန်ုပ် လက်လှုပ်၍ ရလာ၏။

ပြီး ... ခြေထောက်လှုပ်၍ ရလာ၏။

မကြာခင် လူကြီးရဲ့ပွေ့ထူပေးချက်ကြောင့် ငုတ်တုတ်ထ၍ထိုင်နိုင်လာလေ၏။

သည်မှာပဲ လူကြီးကို အနီးကပ်မြင်ခွင့်ရခဲ့လေ၏။ အလို .. လူကြီးက ကတုံးပြောင်ကြီးနှင့်။ ဦးခေါင်းကတုံးပြောင်ပြောင်ပေါ်မှာ ဆေးမင်နှင့်ရေးထိုးထားသည့် 'အရဟံ' ဆိုသော စာလုံးမည်းမည်းကို အထင်းသား မြင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီး ... နဖူးမှာ 'ဗုဒ္ဓ' ဟု အမည်းနှင့် ရေးထိုးထားသည်ကို လည်း မြင်ရပြန်၏။

ရင်ဘတ်တစ်ခုလုံးမှာလည်း ဂါထာလိုလို၊ မန္တန်လိုလို၊ အင်း စ၊ မလက္ခဏာလိုလိုအရာများ တရကြမ်း စုံစုံတွေ့ရပြန်သည်။

လက်ဖျံနှစ်ဖက်မှာလည်း ဘုရားစာလိုလို၊ ဂါထာလိုလို စာတန်း များနှင့်အတူ မြွေဆေးထိုးထားသလို အနက်စက်များကို တန်းစီတွေ့ရ ၏။ နှုတ်ခမ်းမွေးက ကားကားမြူမြူကြီး။

ပုဆိုးအမြူကွက်နှင့် ...။

အနားမှာ ဖျင်ကြမ်းတိုက်ပုံအကျီက ချွတ်ထားလျက် ...။

"ဟေ့ကောင် ... မင်းကိုယ်မင်း ဘာလုပ်နေတယ်ဆိုတာ သိရဲ့လား"

"သိ ... ပါ ... တယ်"

"ဘာလုပ်တာလဲ"

"သတ်သေနေတာ"

"အခု သေလို့ရလား"

"မရဘူး"

"ထပ်သေဦးမှာလား"

"သေဦးမယ်"

"ဘာ ... သေဦးမယ်။ ဒီမှာ ဟေ့ကောင် ... မင်း ဒီနေ့ လည်းသေလို့မရဘူး။ နက်ဖြန်လည်း သေလို့မရဘူး။ နောင်နှစ်လည်း သေလို့မရဘူး။ ကုန်ကုန်ပြောလိုက်မယ်။ မင်း အသက်ခုနစ်ဆယ်အထိ ဘယ်လိုမှသေလို့မရဘူး ကိုယ့်လူ"

"ဗျာ ... ကျွန်တော် သေလို့မရဘူး"





"ဟုတ်တယ်"

"အသက်ခုနစ်ဆယ်အထိ သေလို့မရဘူး ... ဟုတ်လား"

"ဟုတ်တယ်"

"ဘာကြောင့် အဘက ပြောနိုင်ရတာလဲဟင်"

"မင်းလက်ဝါးနှစ်ဖက်ကို ဖြန့်လိုက်စမ်း"

ကျွန်ုပ်က လက်ဝါးနှစ်ဖက်ကို ဖြန့်ပြလိုက်သည်။ လူကတုံး ကြီးက ကျွန်ုပ်လက်ဝါးပေါ်က လက္ခဏာအရေးကြောင်းများကို သူ့ လက်ညှိုးတုတ်တုတ်ကြီးနှင့် ထိုးထောက်ပြပြီး ...

"မင်းရဲ့လက်ဝါးပြင်ပေါ်က လက္ခဏာအရေးအကြောင်းတွေ ပေါ်မှာ ရေသော။ မီးသေ။ ဓားလှံလက်နက်၊ သားရဲတိရစ္ဆာန်ဘေးဆိုး နဲ့သေရမယ့်ကိန်း တစ်ခုမှမပါဘူး။ အဲဒါအပြင် အသက်လမ်းကြောင်း က ရှည်လျားဖြောင့်စင်းပြီး ဉာဏ်လမ်းကြောင်းပေါ်ကို ကောက်နေတဲ့ အတွက် မင်း အသက်ရှည်ရှည်နေရမှာ။ အနည်းဆုံး အသက်ခုနစ်ဆယ် ထိ နေရမယ်။ ပြီး ... ထီးရိုးလမ်းကြောင်းလည်း ဖြောင့်ပြီး အား ကောင်းမပြုလာလို့ မကြာခင် မင်း သူဌေးတစ်ဦးလို ခံစား စံစားရ လိမ့်မယ်။ နှလုံးသားလမ်းကြောင်းမှာ ကျွန်းခံနေလို့ အချစ်ရေး လတ် တလောကံဆိုးနေပေမင့် ဒီကျွန်းသောင်ထွန်းပြီး မြေပြင်လိုအသားကျ သွားရင် အလွန်ချောမောလှပ၊ ချမ်းသာတဲ့မိန်းမနဲ့ ညားဦးမယ်။ အဲဒီ မိန်းမဟာ ချောမောလှပ၊ ချမ်းသာပေမယ့် နားလုံးဝမကြားတဲ့မိန်းမ ဖြစ်နေလိမ့်မယ် ကိုယ့်လူ"

"ဘကြီးက ဗေဒင်လက္ခဏာတတ်လို့လား"

"အိမ်း ..."

"ဘကြီး ကျွန်တော့်ကို ရေထဲက ကယ်သိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း ..."

"ဘကြီး ရေကူးတတ်တယ်ပေါ့"

"အိမ်း ..."

"အခု ဘကြီးပြောတာတွေ တကယ်ဖြစ်မှာလားဟင်"

"အိမ်း ..."

"အနှေးလား၊ အမြန်လား ဘကြီး"

"အမြန်ပဲကွ"

"အမြန်ဆိုရင် ကျွန်တော်က ခုချက်ချင်းသေချင်နေတာဗျ"

"ငါပြောတာမယုံရင် နောက်ထပ် ရေထဲခုန်ဆင်းကြည့်ကွာ။ မင်း လုံးဝမသေရဘူး။ အဆိပ်သောက် သေကြောင်းကြံရင်တောင် ငါ့လူကို ဆေးရုံက ဆရာဝန်များက အရကယ်ပြီး အသက်ရှည်အောင် လုပ်ကြဦးမှာ။ ဒါနဲ့ နေပါဦး ... ငါ့လူရာ၊ ငါ့လူက ဘာကြောင့်များ အားချင်း အလျင်စလို သေချင်နေရတာလဲ ငါ့လူရာ။ ပြောပါဦး"

ကျွန်ုပ်က လုံးဝမပြော။ လူကြီးက ထပ်ခါတလဲလဲမေးနေ၏။

သူမေးပုံက ဖခင်က သားငယ်ကို ကြင်နာစွာမေးနေသည့် ကရုဏာပုံစံနှင့်။

"ပြောပါ သေသင့်ရင်လည်း သေပေးမလို့ပါ။ ဘာကြောင့်"

"အချစ်ရေးကိစ္စကြောင့် ..."

"ဘာ ... အချစ်ရေးကိစ္စကြောင့် ..."

"ဟုတ်တယ်"

"ဟား ... ဟား ... ဟား ... ဟား ... ဖြစ်မှဖြစ်ရပလေ ငါ့လူရာ။ ဟား ... ဟား ... ဟား ... ဟား ... အချစ်ရေးကြောင့်များ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်ရတယ်လို့ ... ငါ့လူရာ။ ပြောပါဦး။





ဘယ်လိုအချစ်ရေးကြောင့်များ ဒီလောက် သေချင်းဆိုးနဲ့ သေချင်ရတာတုံးဗျ"

"ကျွန်တော့်မှာ အလွန်ချစ်မြတ်နိုးရတဲ့ မယားတစ်ယောက် ရှိပါတယ်"

"နာမည်ကရောကွာ"

"မရွှေမင်းဂံတဲ့"

"လှသားပဲ ...။ လူကရော ချောရဲ့လား"

"သူ့လောက်ချောတဲ့လူ ပေါ်ဒီမြန်မာပြည်မှာရှိမယ်လို့ လုံးဝ မထင်ဘူး"

"လုပ်လှချည်လား ငါ့လူရာ။ ငါတောင် တွေ့ချင်လှသကွာ။ ဒါနဲ့ ..."

"ရွှေမင်းဂံကို ချစ်မြတ်နိုးလွန်းလို့ ရွှေပေါ်မြတင် မှုံးမှုံးမှုတ်ပြီး လိုလေသေးမရှိထားခဲ့ပါတယ် အဘရယ်။ ဒါပေမင့် ရွှေမင်းဂံက ခြေမငြိမ်ဘူး။ ကျွန်တော့်သူငယ်ချင်းနဲ့ ဖောက်ပြန်တယ်။ ကျွန်တော် သိသွားတော့ ကွာချင်ရင်ကွာပါလို့ပြောတယ်။ ကျွန်တော်မကွာနိုင်ဘူး။ ချစ်လွန်းလို့လေ။ ဒါနဲ့ သည်းခံခွင့်လွှတ်လိုက်တယ်။ သိပ်မကြာဘူး။ ကျွန်တော့်ဆရာနဲ့ ဖောက်ပြန်တယ်။ ဒါကိုသိတော့ ကွာချင်ကွာလို့ပဲ သူမ ပြောတာပဲ။ ကျွန်တော်မကွာရက်နိုင်ဘူး အဘရယ်။ သူမကို ချစ်ရလွန်းလို့ သည်းခံခွင့်လွှတ်ခဲ့တယ်။ နောက်တစ်ခါ ကျွန်တော့်အိမ်က ဒရိုင်ဘာနဲ့ဖောက်ပြန်တယ်။ သုံးကြိမ်သုံးခါမှာ ကျွန်တော် သည်းမခံနိုင်တော့ဘူး။ ဒရိုင်ဘာကို အလုပ်ကဖြုတ်ပြီး သူမကို အခန်းတံခါး ပိတ်လှောင်ထားလိုက်တယ်။ သူမက နောင် ... ဒါမျိုးမလုပ်တော့ပါဘူးလို့ဝန်ခံတော့မှ အခန်းတံခါးဖွင့်ပေးပြီး မူလအတိုင်း ပြန်နေစေခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ရွှေမင်းဂံဟာ သူမထက် အသက်ဆယ်နှစ်ငယ်တဲ့ လူရွယ်တစ်ဦးနဲ့ ဖောက်ပြန်လိုက်ပြေးသွားခဲ့တယ်။ ကျွန်တော်လေ ချစ်စိတ်၊ ရက်စိတ်၊ နာကြည်းစိတ်နဲ့ အိပ်ရာထဲ ဘုန်းဘုန်းလဲခဲ့ပြီး သူမကို နေ့စဉ်တမ်းတနေခဲ့တယ်။ ဒီလိုနဲ့ ကျန်းမာအောင်လုပ်ပြီး သူမကို ရှာပုံတော်ဖွင့်ခဲ့ပေမင့် ဒီနေ့အထိ ရှာလို့မတွေ့ခဲ့ဘူး။ နောက်ဆုံး သူမကို ချစ်လွန်းတဲ့စိတ်နဲ့ သူမမရှိရင် ကိုယ့်ဘဝလည်း အသက်ရှင်နေတာ အလကားပါပဲလို့ ဆုံးဖြတ်ပြီး ...''

သည့်နောက် ကျွန်ုပ်က ကျွန်ုပ်သေရန် ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ပုံများအကြောင်းကို ပြောပြလိုက်သောအခါ လူကြီးက ကျွန်ုပ်ကို ဆောင့်ကန်ပြီး ခွက်ထိုးခွက်လန်ရယ်လေ၏။

ရယ်ရင်းမှ ဆောင့်ကန်ပြန်၏။ လိမ့်ကန်ပြန်၏။

ကျွန်ုပ်မှာ ရှောင်လို့လည်းမရ။ လူက အားနည်းနေ၍ ဟိုက်နေ၏။ လူကြီးက ကန်လို့၊ ရယ်လို့ ဝမှ ပြော၏။

''ကိုယ့်လူ ... မောင်ရင့်နာမည် ဘယ်သူ ...''

''ကိုတာဝတီပါ အဘ''

''ဒီမှာမောင်တာဝတီ ...။ အကယ်လို့များ ခုနေ မောင်ရင့်မယား ရွှေမင်းဂံဟာ ပုံပျက်ပန်းပျက်ကြီး ဝဖိုင့်နေမယ်။ ဒါမှမဟုတ် ပိန်ချုံးပြီး အရိုးခြောက်ရုပ်လို ဖြစ်နေမယ်ဆိုပါစို့။ အဲဒီလိုမြင်ရင်၊ ပြန်တွေ့ရင် ငါ့လူ သူ့ကို ယူနိုင်၊ ပေါင်းနိုင်ရဲ့လား''

''ပေါင်းနိုင်ပါတယ်အဘ''

''သေချာရဲ့လားဟ''

''သူမနဲ့သာ ပြန်ပေါင်းခွင့်ရရင် အသက်တစ်ရာကျော်နေနိုင်မှာလို့တောင် ယုံကြည်ပါရဲ့ခင်ဗျာ''





''ဟား ... ဟား ... ဟား ... အချစ်ရူး၊ သမုဒယရူး၊ မယားတ,ရူးစစ်စစ် ရေမရောတဲ့လူပဲကိုးကွ။ ဒီမှာ မောင်တာဝတီ ... မင်း ... မင်းရဲ့ ပထမမယားကြီးနဲ့ပြန်ပေါင်းခွင့် ဒီတစ်သက် ကြုံကိုမကြုံရဘူး''

''အဘ ဘယ်လိုလုပ်သိလို့လဲဗျ''

''ဟ ... ဒါ ... ငါ့ပညာပိုင်းကွ။ ဒီမှာ ... ငါ့လူရာ၊ သစ္စာမရှိတဲ့ မိန်းမတစ်ယောက်ကြောင့် ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်တယ်ဆိုတာ လူ့ဗာလန်၊ လူ့အနူ၊ လူ့ငနွား၊ လူ့ငကြောင်၊ လူရူးတွေ၊ အသိပညာမဲ့သူတွေရဲ့ အလုပ်ပဲကွ။ အဲဒါကို မျက်ကန်းအချစ်လို့ခေါ်တယ်။ ဒီလိုအလုပ်မျိုးကို ဘုရားရော၊ နတ်ရော၊ လူရော မကြိုက်ဘူး။ ပစ္စုပ္ပန်လည်း မကောင်းသလို သံသရာမှာလည်း အကျိုးရှိမှာမဟုတ်ဘူး။ ဒီမှာမောင်တာဝတီ ... ဒီနေ့ မင်း သုံးကြိမ်သုံးခါ ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံစည်တာတောင် ဘာကြောင့်မင်းမသေရတာလဲဆိုတာ သိရဲ့လား။ သိရဲ့လား ... ကိုယ့်လူရဲ့။ ပြော ...''

''သေနေ့မစေ့သေးလို့ပဲပေါ့''

''ဒါဆို လူဟာ သေချင်တိုင်း သေလို့ရလား''

''မရဘူး''

''ဒါဖြင့် မင်းသေဖို့ ကြိုစီစဉ်ခဲ့တာတွေ မှန်သလား။ မှားသလား''

ကျွန်ုပ် ပြန်မဖြေခဲ့။ လူထူးဆန်း စကားပြောကောင်းသူဦးကတုံးကြီးရဲ့မျက်နှာကိုသာ စူးစူးစိုက်စိုက်ကြည့်နေမိသည်။

''ပြောလေကွာ''

''ဒီလောက်ပဲ ကျွန်တော်ပြောတတ်တယ်ဗျ''



www.burmeseclassic.com

www.burmeseclassic.com



"မှတ်ထားငါ့လူ ...။ ဒီနေ့ မင်းအသက်မသေရတာသည် မင်းပြောသလို သေနေ့မစေ့လို့ မသေတာမှန်သော်လည်း ကံကိုယုံပြီး ဆူးပုံမနင်းရဘူး။ သေနေ့စေ့ရင် သေမယ်၊ သေနေ့မစေ့ရင် မသေရဘူးဆိုပြီး မိုင်းဖုံးကိုတက်နင်းလို့ မရဘူး။ ကြွက်သတ်ဆေးတို့၊ စိန်နဲ့ သံပုရာတို့ ဖျော်သောက်လို့မရဘူး။ နင်းရင်၊ သောက်ရင် အဲဒီဒုက္ခဆင်းရဲ နောက်ဆက်တွဲဆိုးကျိုးကို ရုပ်ပျက်ဆင်းပျက် ခံစားရမှာပဲ။ ဗုဒ္ဓအလိုကျပြောရရင် ဒီနေ့ မင်းမသေရခြင်းဟာ သရဏဂုံတည်ခဲ့သည့် အကျိုးနဲ့ ရှေးဘဝ ပါရမီကုသိုလ်ကောင်းမှုကြောင့်ပဲ ကိုယ့်လူ"

"ဗျာ ... သရဏဂုံအကျိုးကြောင့် ..."

"ဒါပေါ့ ...။ ငါ့လူက ဘဝကူးကောင်းအောင် သရဏဂုံကြိုတင်၊ ကြိုတည်လိုက်တော့ အဲဒီ ဘုရား၊ တရား၊ သံဃာ ဂုဏ်တော်ကျေးဇူးက ငါ့လူကို ပစ္စုပ္ပန်မှာ၊ အနာဂတ်မှာ ဘဝကူးပိုကောင်းအောင် ဖယ်ရှားကယ်တင် ကူညီလိုက်တာပဲ။ ကိုင်း ... ငါ့လူ ... ဒီနေ့က စပြီး သရဏဂုံကိုဆက်တည်ပေရော့။ မကြာမီ လူချမ်းသာပြီး မြန်မာမှာသာမက ကမ္ဘာမှာပါ အချောအလှစာရင်းဝင်တဲ့ မိန်းမနဲ့ညားပြီး စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာပါလိမ့်မယ်ဗျာ။ ကိုင်း ... ထ ..."

စောစောတုန်းက ကျွန်ုပ်ကို ခြေနင့်ဆောင့်ကန်ပြီး အကြီးအကျယ်ဝေဖန်ခဲ့သော အသက်ကယ်တင်ရှင် ဦးကတုံးကြီးသည် ကျွန်ုပ်ပခုံးကို ဖခင်က သားငယ်အား ကြင်နာပြသကဲ့သို့မျိုး အမူအရာနှင့် ဖေးမ၍ တွဲထူလိုက်လေသည်။

"ဘကြီး ..."

"ဘာတုံး ..."

"ဘကြီးဟာ အလွန်ကိုထူးဆန်းပြီး ပညာဗဟုသုတ၊ အကြား





အမြင်နဲ့ ပြည့်စုံသူဆိုတာရော၊ နှလုံးသားလှသူဆိုတာရော ကျွန်တော် အကဲခတ် သိလိုက်ရပါပြီဗျာ"

"ဒါဆို ငါ့လူ ဒီည (၁၂) နာရီမှာရော သေချင်သေးသလား"

"လုံးဝမသေချင်တော့ပါဘူးဗျာ"

"သာဓု ... သာဓု ... သာဓု ... ငါ့လူ ... ကောင်းပေစွ"

"ဘကြီး ..."

"ပြောပါ မောင်တာဝတီ ..."

"ဘကြီးရဲ့နာမည် ဘယ်လိုခေါ်သလဲဟင်"

"လိုအပ်လို့လား ငါ့လူရာ"

"သိပ်လိုအပ်တာပေါ့ဗျာ။ ဘကြီးဟာ ကျွန်တော်ရဲ့ အသက်သခင်ကျေးဇူးရှင်ပါ။ ပြီး ... ကျွန်တော့်ဘဝကို ဉာဏ်အလင်းမျက်စိဖွင့်ပေးသူပါ။ ဘကြီးအမည်လေး ပြောပါဦးခင်ဗျ"

"မှတ်ထားကွ ... ငါ့အမည်က ဦးရေချမ်းအိုးတဲ့"

"ဗျာ ... ဦးရေချမ်းအိုး"

"အိမ်း ..."

"ထူးဆန်းလှချည်လားဗျ။ ဦးရေချမ်းအိုး ... ဦးရေချမ်းအိုး"

"မင်းနာမည်တောင် တာဝတီဖြစ်သေးရင် ငါရေချမ်းအိုးဖြစ်နေတာ ဘာမှမဆန်းပါဘူး ... ငါ့လူရာ။ အရေးကြီးတာက မင်းရဲ့ရှေ့အနာဂတ်ခရီးမှာ ရေချမ်းအိုးပိုက်ပြီး တာဝတီသာနတ်ပြည် ခြောက်ထပ်အရောက်တက်ဖို့ ဖွဲလုံ့လကောင်းကောင်းနဲ့ သရဏဂုံအားကိုးပြီး ကြိုးစားလိုက်စမ်းပါ ... ငါ့လူရာ ... နော်"

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

ကျွန်ုပ်နှင့် ဦးရေချမ်းအိုးတို့ တွေ့ဆုံပြီးနောက်ပိုင်း ကျွန်ုပ်သည် ကြိုဝယ်ထားသည့် ခေါင်းတလားကြီးကို သချိုင်းကုန်းမှာ သွားစွန့်ပစ်လိုက်၏။

"နှင်နေခဲ့ ...။ ငါအသက်ရှင်တော့မယ်"

ဟုလည်း ပါးစပ်မှ ကြွေးကြော်ခဲ့၏။

ပြီးနောက် ကိုသူရိန်မင်းတို့ ကွန်ပျူတာစာစီသို့ ရောက်သွားခဲ့ပြီး ကျွန်ုပ်၏နာရေးဖိတ်စာကို ပြန်တောင်းခဲ့လိုက်၏။

"တာဝတီ ...မင်းမသေဖြစ်ဘူးလားဟ"

"အေး ...မသေဖြစ်သေးဘူး သူရိန်မင်းရေ"





"ဟ ...ငါက စာတောင်စီပြီးပြီဟ။ မင်း စာကြမ်းဖတ်ပြီး ပြင်ချင်တာပြင်လို့ရအောင် ပရုဖ်ထုတ်ထားတယ်ဟ"

သူရိန်မင်းကပြောရင်း စာစီစာမူကြမ်းကို ထုတ်ပေး၏။ ကျွန်ုပ်က ကျွန်ုပ်၏နာရေးဖိတ်စာ စာမူကြမ်းကိုဖတ်ကြည့်ပြီး အပိုင်းပိုင်းဆွဲဆုတ်ပစ်လိုက်၏။

"ဟ ...တာဝတီ ...။ ဘယ်လိုဖြစ်ရပြန်တာတုံး"

"အသစ်ပြန်ရိုက်မယ်"

"မရိုက်နဲ့လေ။ မင်းတကယ်သေသွားရင် နေ့စွဲပဲထည့်ရုံဥစ္စာ"

"ရော့ ...ဒီဖိတ်စာကို ပြန်ရိုက်"

ကျွန်ုပ်က အသင့်ရေးထားသည့် ဖိတ်စာကြမ်းစာရွက်ကို သူရိန်မင်းအား ပေးလိုက်သောအခါ သူက ခေါင်းစီးကို အသံထွက်၍ ဖတ်လိုက်သည်။

"ဘုရားအနေကဇာတင်"

"အလို ...ငါ့လူက နာရေးဖိတ်စာပြောင်းပြီး ဘုရားအနေကဇာတင် လုပ်တော့မယ်ပေါ့။ နေပါဦး ...ကိုယ့်လူရ၊ ဘယ်လိုဖြစ်ပြီး ဖိတ်စာပုံစံ ပြောင်းသွားရတာလဲကွာ။ ရှင်းပါဦးဟ။ ငါတောင် ရူးချင်သလိုလို၊ သွပ်ချင်သလိုလိုဖြစ်နေပြီ တာဝတီရာ"

သို့နှင့် ကျွန်ုပ်က ကယ်တင်ရှင် ဦးရေချမ်းအိုးဆိုသူ လူထူးဆန်း လက္ခဏာဆရာကြီးနှင့် မမျှော်လင့်ဘဲကြုံခဲ့ပြီး သေတွင်းမှလွတ်မြောက်ခဲ့ရသည့် ဇာတ်လမ်းအစုံအလင်ကို ပြောပြလိုက်သောအခါ သူရိန်မင်း အံ့သြ၍သွားခဲ့သည်။

"အခု ငါ နိမိတ်မရှိနမာမရှိ သေမယ့်ကိစ္စကို မလုပ်တော့ဘူး။ ရှင်မယ့်ကိစ္စကို ဆက်လုပ်မယ်။ အိမ်မှာ ဘုရားအနေကဇာတင်



www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဘုန်းကြီးဆွမ်းကပ်ပြီး အသီမိတ်ဆွေတွေကို ထမင်းဖိတ်ကျွေးမယ်။ အဲဒါ ဖိတ်စာနှစ်ရာရိုက်ပေး။ ဘယ်လောက်ကျမလဲ ... ပြော"

သည်မှာ သူငယ်ချင်းသူရိန်မင်းက ကျွန်ုပ်ကို စေ့စေ့ကြည့်ပြီး တစ်ခွန်းပဲပြောလိုက်သည်။

"တစ်ပြားမှ မယူဘူး။ ငါလည်း ကုသိုလ်ပါဝင်တဲ့အနေနဲ့ အလကားရိုက်ပေးမယ် ကိုယ့်လူ"

... ဟူသတည်း။

[ ၇ ]

❑

ဤသို့ အမြင်မှန်ရလာ၍ ကျွန်ုပ်၏ အိမ်နီးနားချင်းများကလည်း လွန်စွာဝမ်းသာကြ၏။ ကျွန်ုပ်၏မိခင်ကြီး ဒေါ်ချက်ဝန်းကလည်း မျက်ရည်လည်ရွဲနှင့် ဝမ်းသာလေ၏။

ကျွန်ုပ်သည် ဘုရားကိုးဆူပူဇော်၏။

အန္တရာယ်အပေါင်း ရန်ခပ်သိမ်းမှ ကင်းဝေးရန် ဆုတောင်း၏။

ပြီး ... သထုံရွှေစာရံဘုရားမှာ ကိုးရက်အဓိဋ္ဌာန်စခန်းဝင်၏။

ကေလာသတောင်မှာ ကျေးဇူးရှင် အဘဦးရေချမ်းအိုးနှင့် တရားစခန်း ခုနစ်ရက်ဝင်ခဲ့၏။

---

ဖိတ်ကျူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြီး . . . အဘရဲ့ သွန်သင်ပြသမှုနှင့် သမထ၊ ဝိပဿနာ ကျင့်စဉ်များလည်း ကြိုး၍ သင်ကြားဆည်းပူးခွင့်ရခဲ့၏။

တစ်နေ့သောအခါ ကျွန်ုပ်၏တိုက်အိမ်ရှိရာသို့ နောက်ဆုံးပေါ် ကားတစ်စီးနှင့် အမျိုးသမီးတစ်ဦး ရောက်ရှိလာခဲ့၏။

ကျွန်ုပ်သည် သူမကိုကြည့်ပြီး ကြက်သေသေသလို ဖြစ်သွား၏။ အကြောင်းကား သူမသည် ရက်ရက်စက်စက် လှလွန်းသောကြောင့် တည်း။

ကျွန်ုပ်သည် ကျွန်ုပ်၏ဇနီး မချွေမင်းဂံကို မြန်မာပြည်တစ်ပြည်လုံးမှာ ပြိုင်ဘက်မရှိ အလှဆုံးဟုယူဆထားခဲ့သည်မှာ ယခု သူမကိုမြင်ရတော့မှ တက်တက်စင်လွဲခဲ့လေပြီ။

အသားအရေက ဥနှစ်နေ၏။

မျက်တောင်ရှည်များပေါ်မှာ ခဲတံပင် တင်လို့ရနိုင်၏။

နှာတံလေးစင်းနေပုံမှာ ကိုက်စားချင်စရာ။

နှင်းဆီဖူး နှုတ်ခမ်းနှစ်လွှာကား ကြွေကျသွားလုလု ဖူးနုအိစိနေ၏။

ကိုယ်လုံးကိုယ်ပေါက်အလှကား နာမည်ကျော် ခေါ်မကျောက်ဆစ်ဆရာကြီးများ စုပေါင်းထုဆစ်ထားသည့် အလှလက်ရာ အဆီအနှစ်တို့ စုပေါင်းနေသကဲ့သို့ရှိ၏။

"ဂမ္ဘီရစာရေးဆရာ ဆရာတာဝတီ ဆိုတာပါလားရှင်"

"ဟုတ်ပါတယ်။ ဘာကိစ္စရှိလို့ပါလဲ"

သေသေချာချာကြည့်လိုက်တော့ သူမရဲ့ညာဘက်နားထဲမှာ နားကြားကိရိယာအသေးစားလေးကို မြင်လိုက်ရပြီး ကျွန်ုပ် အံ့ဩသွားခဲ့ရ၏။

စိတ်ကူးသစ်စာပေ



ဘရေချမ်းအိုးရဲ့ ကြိုတင်ဟောချက် မှန်ချင်လေရော့သလား။ သို့နှင့် သူမနှင့်ကျွန်ုပ်တို့ ညေ့်ခန်းမှာ ထိုင်စကားပြောဖြစ်ကြလေ၏။ သူမသည် နားစွင့်ထောင်ပြီးမှ စကားပြောနိုင်လေ၏။

"ကျွန်မနာမည်က စောဥမ္မာတဲ့"

"ရာဇဝင်ထဲက သတိုးမင်းဖျားရဲ့မိဖုရား စောဥမ္မာလား"

"ရှင် . . . ဘာဖြစ်လို့လဲဟင်"

"စောဥမ္မာ ချောသလို၊ လှသလို ချောလှလွန်းလို့ပါ"

"ဟင်း . . . ဟင်း . . . ဟင်း . . . ဟင်း . . . ဆိုပါစို့ရှင် . . . ။ ခေတ်သစ်ရာဇဝင်ထဲက စောဥမ္မာလို့ သဘောထားလိုက်ပါ။ ခုလာရင်း ကိစ္စက ကျွန်မနဲ့ကျွန်မတို့မိသားစုဘဝရဲ့ ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ် အကြောင်းကို ဆရာတာဝတီက ဖြစ်ရပ်မှန်ဇာတ်လမ်းအဖြစ် ရေးပေးစေချင်လို့ လာရောက်အကူအညီတောင်းပြီး ဆွေးနွေးရတာပါရှင်"

"စာအုပ်ထုတ်ဖို့လား မစောဥမ္မာ"

"မဟုတ်ပါဘူး။ မိသားစုဘဝ ဖြစ်ရပ်ဆန်းကြယ်ကို အထွေးပွတ္တိ မှတ်တမ်းလို သိမ်းထားခဲ့ချင်လို့ပါ"

"ဒါဆို ပြောပြပါဦး မစောဥမ္မာ"

သည်မှာ သူမ သူတို့မိသားစုဆွေမျိုးဆက်ရဲ့ အံ့ဩစရာကောင်းသည့် ဖြစ်ရပ်ဆန်းကြယ်ဇာတ်လမ်းကို ကျွန်ုပ်အား အစမှအဆုံး ပြောပြရကား . .

ဇာတ်လမ်းမှာ စိတ်ဝင်စားစရာ၊ အံ့ဩစရာ၊ ကြက်သီးထစရာ၊ ဆန်းကြယ်လွန်းရာများနှင့် ရောပြွမ်းနေ၍ ကျွန်ုပ် ဂမ္ဘီရစာရေးဆရာပင် လွန်စွာအံ့ဩ ငေးမောနားထောင်ခဲ့ရ၏။

(မှတ်ချက် ။ ။ ၎င်းစောဥမ္မာ၏ ဘဝဇာတ်လမ်းကို ဖခင်နေ့

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သောအခါ လုံးချင်းဝတ္ထုရှည်ကြီးအဖြစ် ရေးသွားမည်ဖြစ်ပါကြောင်း ကြို တင်၍ တဖတ်သူများကို အသိပေးအပ်ပါသည်။)

"မစောညွှာ ..."

"ရှင် ... ဆရာ"

"ခင်ဗျားတို့မိသားစုရဲ့ ဇာတ်ကြောင်းက အရမ်းကို အံ့ဩစရာ ကောင်းပါတယ်ဗျာ။ ရေးလို့ကောင်းတဲ့ ဇာတ်ကြောင်းပါပဲ။ ဒါပေမင့် ဒီဇာတ်ကြောင်းကို ဖြစ်ရပ်မှန်အတိုင်း ရေးရမယ်ဆိုရင် ကျွန်တော်ကိုယ် တိုင် အဲဒီနေရာဒေသများကို ကိုယ်တိုင်ကိုယ်ကျလေ့လာပြီးမှ အသက် ဝင်အောင် ရေးလို့ရပါ့မယ် မစောညွှာ"

"စိတ်ချပါဆရာ။ အဲဒီနေရာဌာနအားလုံးကို ကျွန်မကိုယ်တိုင် လိုက်ပြပါမယ်။ ဆရာ အေးအေးလူလူလေ့လာပြီး စိတ်တိုင်းကျမှ ရေး သားပါ။ ဒါနဲ့ဆရာ ... ဆရာ ဒီအတ္ထုပ္ပတ္တိကိုရေးရင် ညာဏ်ပူဇော်ခ ဘယ်လောက် ကျွန်မပူဇော်ရပါမလဲရှင်"

ကျွန်ုပ်သည် သူမ၏ ချောမွတ်နုစင်သည့် ရွှေမျက်နှာတော် ကို ငေးမောကြည့်ရင်းမှ ညာဏ်ပူဇော်ခကို ပြောချလိုက်သည်။

"မစောညွှာ ... ညီမရဲ့ဘဝအတ္ထုပ္ပတ္တိကို ကျွန်တော် ညာဏ်ပူ ဇော်ခ ငါးပြားစေ့တစ်စေ့မယူဘဲ နှလုံးသားနဲ့ ရေးသားအပ်နှံမေးပါ့ မယ်လို့ ကတိပြုလိုက်ပါပြီခင်ဗျာ"

■■■

[ ၅ ]

❑

မကြာခင် ကျွန်ုပ်ခရီးထွက်ဖြစ်ခဲ့၏။ ကျွန်ုပ်နှင့် မိန်းမချောလေး မစောညွှာတို့ မစောညွှာတို့ မိသားစုဘဝဖြစ်စဉ် ဖြစ်တည်ခဲ့ရာ တောင် တန်း၊ တောတန်း၊ မြို့ပြဝန်းကျင်များသို့ နှစ်ဦးသား အတူသွားရောက် ခဲ့ရ၏။

စေတီဆန်းများရှိရာကို ရောက်ခဲ့၏။

လှို့ဏ်ဂူကြီးများရှိရာကို ရောက်ခဲ့ရ၏။

အသားစားပုရွက်ဆိတ်ကြီးများရှိရာ နေရာများကို ရောက်ခဲ့ ၏။

ရွှေသိုက်ကို တွေ့ခဲ့ရ၏။

ငွေဒင်္ဂါးသေတ္တာကြီးများကို မြင်ခဲ့ရ၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



ရှေးခေတ်စားလုံလေးမြားများကို မြင်ခဲ့ရ၏။

ရာဇဝင်ခေတ်သုံး ကြေးအမြောက်ငယ်အချို့ကို မြင်ခဲ့ရ၏။

ထူးဆန်းသောပုတီးများ၊ အသံမြည်နေသော ငှက်ကြီးတောင်ဓားဆန်းများကို အံ့ဖွယ်မြင်ခဲ့ရ၏။

သည်လိုနှင့် အချိန်တစ်လခန့်ကြာခဲ့၏။ ကျွန်ုပ်သည် လှေလာမေးမြန်း၍ ရသည်များကို မစောဥမ္မာတို့ စံအိမ်တော်ကြီးမှာ နေ့ရော ညပါ ထိုင်၍ ကြိုးစားရေးဖွဲ့ခဲ့၏။

စားရေးသောက်ရေး၊ ကျန်းမာရေးမှသည် ရေပူရေချမ်းကိစ္စအဝဝကို မစောဥမ္မာက အနီးကပ်၍ ကိုယ်တိုင်ပြုလုပ်ပေး၏။

ညဘက် လသာသာမှာ ထင်းရှူးပင်အောက်က ခုံရှည်မှာ ထိုင်ပြီး စကားများ အကြာကြီးပြောဖြစ်ကြ၏။

တစ်ခါတစ်ရံ စောဥမ္မာက စောင်းကိုတီးပြီး 'ညဥ့်သုံးယံခါ' သီချင်းကို ကိုယ်တိုင်ဆိုတီးသောအခါ ကျွန်ုပ်က တယောနှင့် ဝိုင်းကူအားဖြည့်ပေးရ၏။

ကျွန်ုပ်က 'ပပဝင်းဝင်း' မိန်းမလှအဖွဲ့သီချင်းကို တယောနှင့်ဆိုတီးပြသောအခါ သူမက ကျွန်ုပ်ကိုငေးမောကြည့်ရင်း စည်းနှင့်ဝါးကို လိုက်ပေးလေ၏။

မစွမ်းရင်းကလည်းရှိ ...

ကြာတော့ ကန့်စွန်းနွယ်ချင်း ငြိခဲ့ကြ၏။

သမုဒယသံယောဇဉ်မြစ်နှစ်စင်း ရင်ချင်းအပ်သွား၏။ စွယ်တော်တစ်ရွက် အသက်ချင်းဆက်သွား၏။

အချစ်၏ချိုမြိန်သောရနံ့များသည် ရင်ချင်းကူးစက်ကာ အချစ်ကမ္ဘာသစ်တစ်ခုကို အချိန်တိုအတွင်း မွေးဖွားဖြစ်ခဲ့ကြလေသည်။





မကြာခင် ကျွန်ုပ်နှင့် မိန်းမချောမိန်းမလှလေး ဥစ္စာပေါ်၊ ရုပ်ချောတို့ သိင်္ဂါရရသမြို့သစ်မှာ လက်ထပ်ဖြစ်ခဲ့ကြလေသည်။

ကျွန်ုပ်တို့သည် အကြင်လင်မယားဖြစ်သွားသည့်အချိန်မှစ၍ သိင်္ဂါရရသမြို့သစ်မှာတစ်လှည့်၊ သန်လျင်တိုက်အိမ်မှာတစ်လှည့် နေထိုင်ကြရင်း ရင်ချင်းဖွဲ့အချစ်သီချင်းများဆို၍ အချစ်ပျားရည်မြစ်မှာ စီးမျောနေချိန် ...။

တစ်နေ့ ...

ပွင့်ဝေရောက်ရှိလာခဲ့သည်။

"အစ်ကိုတာဝတီ ..."

"ပွင့်ဝေ ... လာလေညီမ ...။ အထဲကိုဝင် ... လာ ... ပြော ... ဘာကိစ္စရှိလို့လဲ။ မတွေ့တာကြာပြီနော်"

ပွင့်ဝေက ကျွန်ုပ်ရဲ့အိမ်အခြေအနေကို အကဲခတ်ပြီးနောက် –

"အစ်ကို ..."

သူ့အသွင်က အရေးတကြီးအသွင် ဖြစ်နေသည်။

"ပြော ... ညီမ"

"ဟို ... ဟို ... ဟိုဒင်းရောက်နေတယ် အစ်ကို"

"ဘယ်သူတုံး ပွင့်ဝေ"

"မရွှေမင်းဂံ ရောက်နေတယ်"

"ဟင် ... ရွှေမင်းဂံရောက်နေတယ်။ ဘယ် ... ဘယ်မှာလဲဟင် ... ဟင် ... လို့ ...။ မြန်မြန်ပြောစမ်းပါ ... ညီမရယ်။ ပြောပါ"

"ကျွန်အိမ်မှာ အစ်ကို။ အဲဒါ ရွှေမင်းဂံက အစ်ကိုနဲ့တွေ့ချင်လို့တဲ့။ အမြန်လိုက်ခဲ့ပါ အစ်ကို။ အချိန်သိပ်မရှိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေးနော် မွှင့်ဝေ"

ကျွန်ုပ်သည် အဝတ်အစားပင်မလဲတော့ဘဲ မွှင့်ဝေနှင့်အတူ လိုက်ခဲ့လိုက်သည်။ တော်ပါသေးရဲ့၊ အိမ်မှာ စောဉမှာမရှိလို့။ စောဉမှာ သိင်္ဂါရရသမြို့သစ်သို့ ခဏပြန်သွားနေလို့။

ကျွန်ုပ်တို့ မွှင့်ဝေအိမ်သို့ရောက်သောအခါ ကျွန်ုပ်လွန်စွာချစ်မြတ်နိုးခဲ့ရသော ပထမဇနီးသည် မရွှေမင်းဂံကို တန်း၍တွေ့လိုက်ရသည်။

ရွှေမင်းဂံသည် အရိုးပေါ်ကဂက်၊ မျက်တွင်းဟောက်ပက်နှင့် ခုတင်ပေါ်မှာ ဖုတ်လှိုက်ဖုတ်လှိုက်ဖြစ်နေသည်။

သူမရဲ့ပုံစံက နောက်ဆုံးထွက်သက်ကို စောင့်မျှော်ငံ့လင့်နေသည့်ပုံသွင်..။

ဦးခေါင်းမှာ ဆံပင်များမရှိတော့ ...။

တစ်ကိုယ်လုံး အနာများနှင့် ညှီစော်နံနေ၏။

တစ်ချိန်တုန်းက တကျောယောကျ်ားသားတိုင်း ငွဲလမ်းမက်မောရူးသွပ်ခဲ့ရသည့် အလှအပရုပ်ပြမျှား သူမခန္ဓာကိုယ်ပေါ်မှာ တစ်စိုးတစ်စေ့မျှ မရှိတော့။

"ရွှေ ... မင်း ... ဂံ ..."

"အစ်ကို ... ရောက် ... လာ ... ပြီ ... လား"

"ရောက်လာပါပြီ ရွှေမင်းဂံ။ မင်း ... မင်း ... ဘယ်လိုဖြစ်သွားရတာလဲ ရွှေမင်းဂံရယ် ... ဟင် ..."

"မော ... မော ... လိုက်တာ ... အစ်ကိုရယ် ...။ ကျွန်မလက်ကို ... ကိုင် ... ကိုင်ထား ... ပေး ... ပေး ... ပါနော် ... အစ်ကို ..."





ကျွန်ုပ် အရိုးချည်းမျှသာကျန်ရစ်ခဲ့သည့် သူမရဲ့ညာလက်ကို ကြင်နာစွာကိုင်ရင်း မျက်လုံးအိမ်မှာ မျက်ရည်ဝဲလာခဲ့၏။

"ကျွန်မ သိပ်ကိုမှားခဲ့ပါတယ် ... အစ်ကိုရယ်။ အမိုက်မကို ခွင့်လွှတ်ပါနော် အစ်ကို။ သစ္စာရှိတဲ့ ချစ်လင်၊ ကိုယ့်အပေါ်မှာ သည်းခံခွင့်လွှတ် ကြင်နာလှရှိတဲ့ ချစ်လင်ကိုစော်ကားပြီး ကာမဂုဏ်နောက် ကောက်ကောက်ပါအောင် လိုက်မိခဲ့တဲ့ အမိုက်မ ...။ အခုနောင်တနဲ့ နေဝင်ချိန်ရောက်ခဲ့ပါပြီ ... အစ်ကို။ အစ်ကိုပေးခဲ့တဲ့စာကိုဖတ်ရချိန်မှာ ကျွန်မ ကာမရောဂါသည်းပြီး သေရမယ့်အချိန် ..."

"ရွှေမင်းဂံ ... မပြောပါနဲ့ ညီမရယ် ... မင်းမပြောပါနဲ့တော့"

"ပြောပါရစေ ... အစ်ကို။ အားရပါးရ လက်အုပ်ချီကန်တော့ပြီး နောက်ဆုံးစကားလုံးတွေ အစ်ကို့အပါးမှာ ထားခဲ့ပါရစေ။ ကျွန်မအချစ်စစ်ရဲ့တန်ဖိုးကို ဥပေက္ခာပြုခဲ့ရတဲ့ ဘဝကိုရောက်မှ နားလည်ခံစားခဲ့ရတယ်။ ကျွန်မကြုံခဲ့ရတဲ့ ယောကျ်ားတိုင်းဟာ ကျွန်မရဲ့အသွေးအသားကို အားရပါးရဝါးမျိုပြီး နောက်ဆုံး ကျွန်မကို ကျောခိုင်းသွားခဲ့ကြတယ်။ အမိုက်မ နှောင်းလွန်နောင်တများနဲ့ အစ်ကို့ကိုကန်တော့ပြီး နောက်ဆုံးစကားတစ်ခွန်း ပြောခဲ့ပါရစေ။ ကျွန်မ ... အစ်ကို့ကို ... ချစ်တယ်။ အစ်ကိုဟာ ယောကျ်ားကောင်း ယောကျ်ားမြတ်တစ်ဦး ... အင့် ..."

"ရွှေမင်းဂံ ..."

"ရွှေမင်းဂံ ..."

"ညီမလေး ... ရွှေ ... မင်း ... ဂံ ..."

ရွှေမင်းဂံသည် ပြောရင်း လက်အုပ်ချီလျက်မှ ဇက်ကျိုး၍



www.burmeseclassic.com

www.burmeseclassic.com



ကျသွားသည်။ ကျွန်ုပ် သူမရဲ့ဦးခေါင်းကိုမ,၍ ခန္ဓာကိုယ်ကိုလှပ်၍ သူမရဲ့အမည်ကို အကြိမ်များစွာ ခေါ်ခဲ့ပါသော်လည်း မျက်ရည်စီးကြောင်းများ ပါးပြင်ပေါ်ပြည့်လျှံနေသည့် သူမ လုံးဝမကြားနိုင်တော့။

ခုတော့ ...

သမုဒ္ဒယပါးပြင်ပေါ်မှာ နှစ်ပါးခွင်က,ချင်တဲ့ည ...

လောကဓံမိုးဖျက်၍ ပွဲပျက်ခဲ့ပါပြီကောလေ ...။ ။

မောင်ညိုမှိုင်း (သန်လျင်)



www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းလူတိုင်းသည် Diary ခေါ် နေ့စဉ်မှတ်တမ်းကို ထားရှိသင့်သည်။ အချိန်ကုန်မခံနိုင်သူများအတွက် Gist ခေါ် အတိုချုံးရေးသားနည်းဖြင့် မှတ်တမ်းပြုရေးသားသင့်သည်။ နေ့စဉ်မှတ်တမ်းဖြစ်သောကြောင့် (၂၄) နာရီအတွင်း ဖြစ်ပျက်ခဲ့သမျှကို မှတ်တမ်းတင်သော ကိုယ်ပိုင်မှတ်တမ်းပင်ဖြစ်သည်။ လုပ်ငန်းခွင်အတွက်သာမက နောင်လာနောက်သားတို့အတွက်လည်း အလွန်အကျိုးများစေသော နိုင်မာသည့် မှတ်တမ်းမှတ်ရာလည်း ဖြစ်ပေသည်။ နေ့စဉ်မှတ်တမ်းဟူသည်မှာ နေ့တိုင်း (၂၄) နာရီအတွင်း ဖြစ်ပျက်ခဲ့သော မှတ်တမ်းပင်ဖြစ်ပေရာ မိမိအကြောင်း၊ မိသားစုအကြောင်း၊ အလုပ်အကိုင်အကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို စိတ်ဝင်စားသည့်အလျောက် အကျဉ်း၊ အကျယ် ရေးဖွဲ့နိုင်လေသည်။





(၂၄) နာရီအတွင်း ဖြစ်ပျက်ခဲ့သမျှ အကြောင်းအရာတို့သည် မိမိလက်လှမ်းမီသမျှ ရေးသားရခြင်းဖြစ်သဖြင့် ရိုးရိုးရှင်းရှင်းလေးဖြင့် အဓိပ္ပာယ်ရှိလှသည်။ မရေမတွက်နိုင်အောင် ကုန်ဆုံးပျက်ယွင်းခဲ့သည့် (၂၄) နာရီ အကြိမ်ပေါင်းများစွာတို့ကို ကျောခိုင်းမှတ်တမ်းတင်ခဲ့ပြီး ဖြစ်ထွန်းလာအံ့သော မခန့်မှန်းနိုင်သည့် (၂၄) နာရီများကိုလည်း ရင်ဆိုင်ကြုံတွေ့ရဦးမည်ဖြစ်သော ကျွန်ုပ်တို့သည် ထို (၂၄) နာရီတစ်ကြိမ်၊ တစ်ကြိမ်အတွင်း၌ မည်သို့သောအဖြစ်အပျက်များ ကြုံတွေ့ခဲ့ရသနည်း။ အကျိုး၊ အပြစ်၊ အမြတ်၊ အရှုံး အဘယ်သို့ရှိသနည်း။ ထို (၂၄) နာရီများသည် ကျွန်ုပ်အတွက်၊ ကျွန်ုပ်လူမျိုးအတွက်၊ တိုင်းပြည်အတွက်၊ ကမ္ဘာကြီးအတွက် မည်သို့သောအပြုလုပ်ငန်းများကို ဖြစ်စေပါသနည်း။ မိမိဖြတ်သန်းဆောင်ခဲ့သည့် (၂၄) နာရီအတွင်း အလုပ်များအား သေချာစွာ ပြန်လည်စိစစ်၍ အကောင်းအဆိုးတို့ကို သုံးသပ်ဝေဖန်နိုင်လျှင် အလွန်ကောင်းမွန်သောအကျိုးကျေးဇူးကို ခံစားနိုင်မည်ဖြစ်ပေသည်။ လူဆိုသည်မှာ အမှားပြုတတ်သော သတ္တဝါဖြစ်ပေရာ မိမိ၏ (၂၄) နာရီ နေ့စဉ်မှတ်တမ်းများကို ပြန်လည်ဖတ်ရှုခြင်းဖြင့် အမှားကို ပြန်လည်ပြင်ဆင်နိုင်မည်ဖြစ်ပေရာ ဤသည်မှာ နေ့စဉ်မှတ်တမ်းရေးခြင်း၏ အကျိုးကျေးဇူးဖြစ်ပေတော့သည်။

ကျွန်ုပ် ပဉ္စမတန်းကစ၍ နေ့စဉ်မှတ်တမ်းရေးသည်။ အစ်ကိုကြီးက ရှေ့ဆောင်လမ်းပြ၍ ရေးနိုင်ခြင်းကြောင့်ဖြစ်သည်။ ကျွန်ုပ်ကလည်း ဝါသနာပါသည်။ မြန်မာစာ စာစီစာကုံးကို နေ့စဉ်ရေးဖွဲ့၍ စာရေးသားခြင်းအတတ်ပညာကို လေ့ကျင့်ခြင်းဖြစ်သည်။

နဝမတန်း၊ ဒသမတန်းရောက်တော့ အင်္ဂလိပ်ဘာသာဖြင့် တတ်သလောက်မှတ်သလောက် ရေးသည်။ နေ့စဉ်လေ့ကျင့်နေခြင်းဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စာ ဝါကျအထားအသိုနှင့် စကားလုံးသစ်များအား အဘိဓာ
တွင် ရှာဖွေရင်း အင်္ဂလိပ်စာတိုးတက်လာခဲ့သည်။

မိမိ၏ နေ့စဉ်အဖြစ်အပျက်များအား မိမိတတ်သိနားလည်
သလောက် မှတ်တမ်းပြုခြင်းဖြစ်သည်။ မှားလျှင်လည်း ကိစ္စမရှိ၊ မိမိ
သောစာကို မိမိနားလည်သဘောပေါက်ဖို့သာ အရေးကြီးသည်။ နေ့စဉ်
ရေးတော့လည်း ကျွမ်းကျင်လာသည်။ စာဖတ်ချင်စိတ်လည်း နိုးသော်
ဖြစ်ထွန်းလာသည်။ ကျွန်ုပ်ငယ်စဉ်ကပင် မြန်မာဝတ္ထုများကို ဖတ်သည်
အပြင် ဒေါက်တာထင်အောင်၏ ကျောင်းသုံးပြဋ္ဌာန်းသော အင်္ဂလိပ်ပုံပြင်
ဝတ္ထုများမှအစ နိုင်ငံခြားထုတ် Reader's Digest မဂ္ဂဇင်းများအထိ
ဖတ်သည်။ တက္ကသိုလ်ကျောင်းသားဖြစ်တော့ ကျွန်ုပ် အင်္ဂလိပ်ဝတ္ထုကြီး
တော်တော်များများကို ဖတ်နိုင်နေပြီဖြစ်သည်။

ကျွန်ုပ်ဆိုလိုချင်သည်မှာ 'Pritice is Perfect' ဟူသော
စကားပုံအတိုင်း ဆရာများက သင်ပေးခြင်း၊ အင်္ဂလိပ်၊ မြန်မာ အဘိဓာန်
စာအုပ်ကြီးများအကူအညီ၊ မိမိနေ့စဉ်မှတ်တမ်းရေးသော အလေ့အကျင့်
အကူအညီများကြောင့် ပြည့်စုံလာသော အသိပညာရှင်၊ အတတ်ပညာရှင်
တစ်ဦးဘဝကို ရရှိလာနိုင်ကြောင်း ညွှန်ပြလိုခြင်းသာ ဖြစ်ပါသည်။ လူဆို
သည်မှာ မွေးကတည်းက ပညာတတ်လာခြင်းမဟုတ်။ မိဘ၊ ဆရာသမား
ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ အကူအညီ၊ အထောက်အပံ့များကြောင့်
သာ စာတတ်ပေတတ်၊ ပညာရှင်တစ်ဦး ဖြစ်လာခြင်းဖြစ်သည်ဟု ဆိုချင်
ပါသည်။ မသေမချင်း ဘဝတက်လမ်းကို ကြိုးစားရှုန်းကန် ရှာဖွေကြရ
သည်မှာ လူ့ထဲက ဘဝ၊ ဘဝထဲက လူသားများဖြစ်ကြသော ကျွန်ုပ်တို့၏
တာဝန်ပင်မဟုတ်ပါလား။

ကသာမြို့သည် ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင်ရှိသော





သာယာလှပသည့် မြို့ကလေးဖြစ်သည်။ ပုဂံအနော်ရထာဘုရင်တည်
ခဲ့သည့် ရှေးဟောင်းမြို့တစ်မြို့လည်း ဖြစ်သည်။ ဂန့်ဂေါတောင်တန်း
ကြီးနှင့် ဧရာဝတီမြစ်ကြားတွင် တည်ရှိပြီး အလွန်လှပသာယာသော
ဆိပ်ကမ်းမြို့တစ်မြို့လည်း ဖြစ်သည်။

ကသာမြို့၏သင်္ကေတ၊ ကသာမြို့၏အလှသည် ဧရာဝတီမြစ်
ကြီး၊ ဂန့်ဂေါတောင်တန်းနဲ့ မြစ်ကမ်းတစ်လျှောက်မှာ တည်နေတော်မူ
ကြသော စေတီတော်များပဲဖြစ်သည်။ မြစ်လယ်ကနေ ကြည့်လိုက်လျှင်
မြို့မြောက်ဘက်မှာ ရွှေဂူကြီးစေတီတော်၊ အလယ်မှာ မြစေတီနှင့် တောင်
ဘက်မှာ တာဝတိံသာမဟာစေတီတော်တို့ကို သပ္ပာယ်စွာ ဖူးတွေ့နိုင်ပါ
သည်။

ကသာမြို့ရဲ့ နောက်ခံသမိုင်းကလည်း အလွန်စိတ်ဝင်စားဖို့
ကောင်းပါသည်။ ရှေးရှေးတုန်းက တောင်ပေါ်ကချင်လူမျိုးများ မြေပြန့်ကို
ဆင်းလာကြပြီး ကောက်သစ်စားပွဲလုပ်ကြသည်။ ကောက်သစ်စားပွဲကို
ကချင်ဘာသာအရ 'ကပ်ဆာ' ဟုခေါ်ပြီး ကပ်ဆာကမှ ကသာမြို့ဖြစ်လာ
ကြောင်း သီပေါမင်းလက်ထက် ဝန်စာရေးလုပ်သွားဖူးသည့် ဘိုးလှကျော်
က ပြောခဲ့ကြောင်း ကြားသိရဖူး၏။

တချို့ကလည်း ဧရာဝတီမြစ်ကမ်းပေါ်က မြို့ကလေးဖြစ်၍
ကမ်းသာဟုခေါ်ကြောင်း၊ ကမ်းသာမှ ကသာဖြစ်လာကြောင်း သိရပြန်
သည်။ ရှမ်းဘာသာနှင့်လည်း ကဒ်ဆာဟုခေါ်ကြောင်း။ ကဒ်ဆာဆိုသည်
မှာလည်း သာယာလှပသော ဆိပ်ကမ်းမြို့ဟု အဓိပ္ပာယ်ရကြောင်း သိရ
ပြန်သည်။ ကသာမြို့ဟာ စည်ပင်ဖွံ့ဖြိုးတဲ့ စစ်ကိုင်းတိုင်းရဲ့ ခရိုင်အဆင့်
ဆိပ်ကမ်းမြို့ကြီးဖြစ်သည်။

ကသာမြို့သည် သဘာဝသစ်တောကြီးနှင့် စိမ်းလန်းစိုပြည်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး စိမ့်ကြီးမြိုင်ကြီးဖြစ်သည်။ ကသာမြို့၏ အနောက်မြောက်ဘက်တွင် မိုးတားသစ်တောကြိုးဝိုင်း၊ အနောက်ဘက်တွင် ကလုံကြိုးဝိုင်းနှင့် ဖက်ဆွတ်ကြိုးဝိုင်း၊ အရှေ့ဘက်တွင် ယင်းခဲသစ်တောကြိုးဝိုင်းနှင့် အင်တိုင်း၊ ကျောက်တော်ကြိုးဝိုင်းတို့ ရှိကြသည်။ အပတောများကလည်း မြို့ကိုဝန်းရံနေသေးသည်။ ကသာမြို့သည် သစ်နှင့် ဆန်စပါး၊ ပဲအမျိုးမျိုးထွက်ရှိပြီး ချမ်းသာကြွယ်ဝစည်ပင်သည့် မြို့တစ်မြို့လည်းဖြစ်သည်။

ကသာမြို့သည် မြို့ကလေးဖြစ်ပေမယ့် ရေလမ်း၊ မီးရထားလမ်း၊ ကားလမ်းတွေရှိသဖြင့် အသွားအလာလွယ်ကူပါသည်။ အရေးပိုင်ရုံးစိုက်ထားသည်။ ဌာနအသီးသီးက ခရိုင်ရုံးများလည်း ရှိသည်။ ရဲဌာန၊ ထောင်နှင့် စစ်တပ်လည်း ရှိသည်။ မြို့ကိုတစ်ပတ်ပတ်လျှင် တစ်နာရီလောက်နှင့် ပတ်မိပါသည်။

ကသာမှာ အင်္ဂလိပ်ခေတ်က ယခု အ.ထ.က (ယခင် Govt.A.V. High School) ကျောင်းနှင့် ဆရာကြီးဦးဖိုးဟန်၏ မြူနီစီပယ်အလယ်တန်းကျောင်း၊ ဆရာကြီးဦးစိုးပိုင်၏ မူလတန်းစာသင်ကျောင်း၊ တရုတ်စာသင်ကျောင်းနှင့် မွတ်စလင်ဘာသာသင်ကျောင်းတွေပဲ ရှိခဲ့ပါသည်။

ကျွန်ုပ်အမည်မှာ ဇော်မင်းဖြစ်သည်။ ရှေ့နေလည်း လုပ်ခဲ့ဖူးသည်။ ယခုတော့ ဒုရဲအုပ်ဇော်မင်းဖြစ်သည်။ ကျွန်ုပ်တွင် အ.ထ.က၌ ကျောင်းတက်စဉ် ငယ်ပေါင်းများရှိခဲ့သည်။ သစ်ကုန်သည်၏သား ကျော်စိန်ဝင်း၊ မီးရထားဂါတ်ဗိုလ်၏သား ပီတာ၊ သစ်တောအုပ်ကြီးဦးခင်မောင်၏သား နီတာနှင့် ထောင်ပိုင်ကြီးဦးတင်မောင်၏သား မြင့်ဆွေတို့ ဖြစ်ကြသည်။ အတန်းတူ၊ အခန်းတူ၍ တစ်ခုံတည်းထိုင်ကြသည်။

(၁၀)တန်း နှစ်တွင် A နှင့် B အခန်းခွဲရာ ပီတာနှင့် နီတာက





B တန်း၊ ကျွန်ုပ်နှင့် ကျော်စိန်ဝင်း၊ မြင့်ဆွေတို့က A တန်းဖြစ်၍ သူငယ်ချင်းများ ကွဲသွားကြသည်။ ယခင်ကလောက် ရောရောနှောနှောမရှိကြတော့။ ပီတာမှာ လူစွန့်စားလေးဖြစ်သည်။ အမြဲတမ်း အတွေးအခေါ်ဆန်းသစ်ကြံဆနေလေ့ရှိသည်။ အတန်းထဲ၌ စာလည်းတော်သည်။ သူက ငယ်စဉ်ကပင် အင်္ဂလိပ်ဥပဒေ၊ ဂျပန်ခေတ်ဥပဒေ၊ ပါလီမန်ခေတ်ဥပဒေတို့ကို လေ့လာလိုက်စား၍ ဝေဖန်ဆန်းစစ်နေလေ့ရှိသည်။

(၁၀) တန်းအောင်တော့ ကျွန်ုပ်တို့လူစု ကွဲသွားသည်။ ပီတာနှင့် နီတာက မန္တလေးတက္ကသိုလ်သို့ တက်သည်။ ကျွန်ုပ်နှင့် ကျော်စိန်ဝင်းက ရန်ကုန်တက္ကသိုလ်သို့ တက်သည်။ မြင့်ဆွေကတော့ ကသာတွင် ကျန်ခဲ့ပြီး သစ်ကုန်သည်လုပ်နေသည်။ ပီတာက မန္တလေးတက္ကသိုလ်တွင် ဥပဒေကျောင်းသားဖြစ်သည်။ နီတာကတော့ မြန်မာစာ။ ကျွန်တော်ကလည်း ဥပဒေကျောင်းသားပင်။ ကျော်စိန်ဝင်းကတော့ သင်္ချာကျောင်းသားဖြစ်သည်။

ကျောင်းပိတ်ရက်များတွင်တော့ ကျွန်ုပ်တို့ ကသာမြို့တွင် ပြန်ဆုံကြလေ့ရှိသည်။ တက္ကသိုလ်တက်၍ ပညာသင်ကြားကြရာတွင် အတန်းပညာတော့ ထူးချွန်သည်၊ မထူးချွန်သည် မသိရသော်လည်း ကျွန်ုပ်တို့ အရက်သောက်တတ်လာသည်ကတော့ အမှန်ပင်ဖြစ်သည်။ ကျော်စိန်ဝင်းက ပိုသည်ကတော့ ဖဲရိုက်တတ်ခြင်းပင်ဖြစ်သည်။ တစ်နေ့တွင် ကျွန်ုပ်တို့သူငယ်ချင်းတစ်သိုက် ကမ်းနားလက်ဖက်ရည်ဆိုင်တွင် မနက်ပိုင်း ဆုံကြသည်။ စားရင်းသောက်ရင်း တက္ကသိုလ်အတွေ့အကြုံချင်း ဖလှယ်ကြသည်။

ပီတာ ...

"မင်းတို့ရန်ကုန်တက္ကသိုလ်ကတော့ ဘယ်လိုနေတယ် ဟေ့



www.burmeseclassic.com

www.burmeseclassic.com



ဘူးဟေ့ ... ငါတို့မန္တလေးတက္ကသိုလ်ကတော့ အလွန်အိုက်ပြီး ခြင်ကလည်း ကိုက်သေး။ ငါတို့ကသာမြို့နဲ့တော့ တခြားစီပဲ။ ဘာပဲဖြစ်ဖြစ် ငါကတော့ ကျောင်းပြီးတာနဲ့ ကသာမှာပဲ အခြေချတော့မယ်ကွာ။ ဒီမှာက လုပ်ကိုင်စားရတာ လွယ်ကူတယ်။ ရာသီဥတုမျှတတယ်။ အပေါင်းအသင်းမိတ်ဆွေပေါတယ်"

နီတာ ...

"ဟုတ်တယ်ဟေ့ ... ပီတာပြောတာ မှန်တယ်။ ဘာလဲကွာ။ ဒုတိယမြို့တော်ဆိုပြီး ပူချက်က တအားပဲ။ ဆောင်းတွင်းအေးတော့လည်း ကမ်းကုန်တယ်ဟေ့။ လူတွေများပြီး အိမ်တွေ၊ တိုက်တာတွေ ပေါတာပဲ ရှိတာပါကွာ။ အစားအသောက်မှာလည်း ငါတို့ကသာမြို့ကို မမီပါဘူး။ သား၊ ငါး၊ ပုစွန်လည်း ရှားတယ်။ ဟင်းသီးဟင်းရွက်ကလည်း ငါတို့ကသာကို မမီပါဘူး။ ရေကလည်း ရှားသေး။ ပြီးတော့ ငါတို့ကသာလောက် ရေမကောင်းဘူးကွ"

ကျော်စိန်ဝင်း ...

"ငါတို့ရန်ကုန်ကတော့ ကသာထက် သာတယ်ဟေ့။ စားချင်ရာ၊ သောက်ချင်ရာ အချိန်မရွေးရတယ်။ ခြင်လည်း မကိုက်ဘူး။ ရေလည်းကောင်းပြီး ပေါတယ်။ ဇော်မင်းဆိုရင် ရေတစ်ခါချိုးရင် သီချင်းဆိုရင်း တစ်နာရီလောက်ကြာအောင် ချိုးတာ။ နောက်ပြီး ငါသဘောအကျဆုံးက အဆောင်တွေမှာလည်ပြီး ဖဲရိုက်ရတာပဲ။ ငါ့အနေနဲ့ကတော့ ရန်ကုန်မှာနေရတာ ငွေအလွန်ရှင်တယ်"

ဇော်မင်း ...

"အေးကွ ... ကျော်စိန်ဝင်းပြောတာ မှန်တယ်။ ရန်ကုန်ကတော့ ငါတို့မြို့ ကသာထက်သာတာ အမှန်ပဲဟေ့။ စားချင်ရာ၊ သောက်





ချင်ရာအကုန် အချိန်မရွေးရတယ်။ ပေါင်းသင်းဆက်ဆံရေး၊ အသွားအလာ အကုန်ကောင်းတယ်။ ဆရာတွေကလည်း တော်တယ်။ လိုအပ်တဲ့ စာအုပ်စာတမ်းဆိုရင်လည်း အကုန်ဝယ်လို့ရတယ်။ ဘာပဲဖြစ်ဖြစ် ကြိုးစားရင်ကြိုးစားသလောက် ထွန်းပေါက်အောင်မြင်နိုင်တယ်"

မြင့်ဆွေ ...

"ငါကတော့ ငါ့အဖေနယ်ပြောင်းတိုင်း ကလေးဘဝကတည်းက လိုက်ခဲ့ရတာဆိုတော့ မန္တလေးလည်းနေဖူးတယ်။ ရန်ကုန် အင်းစိန်မှာ ငါ့ကိုမွေးတာဆိုတော့ ရန်ကုန်ကိုလည်း နှစ်ပါတယ်။ ဒါပေမဲ့ ငါကတော့ အထက်တန်းရောက်မှ ကသာကိုပြောင်းလာရပေမယ့် ကသာမြို့ကိုပဲချစ်တယ်။ ငါ့အဖေကလည်း ပင်စင်ယူတာနဲ့ ကသာမှာပဲ အခြေချနေမယ်လို့ပြောတယ်။ အခုလည်း ငါ အဖေ့ရဲ့အဆက်အသွယ်တွေနဲ့ သစ်အရောင်းအဝယ်လုပ်တာ သိန်းဂဏန်းစုမိနေပြီ။ နောက်ပိုင်း သစ်အရောင်းအဝယ်အပြင် ကျောက်အရောင်းအဝယ်ပါ တိုးပြီးလုပ်မယ်။ ပြီးရင် နိုင်ငံခြားပို့နိုင်အောင်အထိ ကြိုးစားမယ်။ ငါ ကုမ္ပဏီထောင်ပြီးရင် မင်းတို့ကဘွဲ့ရပြီး အလုပ်လက်မဲ့ဖြစ်နေမယ့်အချိန်နဲ့ အတော်ပဲ။ အဲဒီတော့မှ ငါ့ကုမ္ပဏီမှာ မင်းတို့ကိုလစာပေးပြီး ခိုင်းစားမယ်"

ကျော်စိန်ဝင်း ...

"နမပေး မြင့်ဆွေ။ ရွှေဉာဏ်တော်က ကြီးလိုက်တာ။ ငါတို့ကိုများ သူ့အလုပ်သမားအဖြစ် ခိုင်းစားဦးမတဲ့။ ဒီမှာ မြင့်ဆွေ ... မှတ်ထား။ အလုပ်မရရင်လည်း ငါက ဖဲရိုက်စားမှာ။ မပူနဲ့။ မင်းပေးမယ့်လစာလောက်ကတော့ ငါ့တစ်နေ့ဝင်ငွေကိုတောင် မီမှာမဟုတ်ဘူး။ ကျော်စိန်ဝင်းဆိုတာ ဆရာကြီးကွ။ နားလည်လား ..."

ပီတာ ...



www.burmeseclassic.com

www.burmeseclassic.com



"မြင့်ဆွေနဲ့နီတာပြောတာ မှန်တယ်။ ကသာမြို့ဟာ တောတွေ၊ တောင်တွေဝိုင်းပြီး ဧရာဝတီမြစ်ကမ်းဘေးမြို့ဖြစ်တော့ ရာသီဥတု မှုတပြီး သာယာတယ်။ အစားအသောက်ပေါတယ်။ ရေမြေကောင်းတယ်။ ငါလည်း ဥပဒေဘွဲ့ရတာနဲ့ ကသာမှာပြန်နေပြီး ရှေ့နေလုပ်မယ်။ သစ်သမားတွေ၊ ကျောက်သမားတွေ အရောင်းအဝယ်မှားပြီး အမှုအခင်းဖြစ်တာနဲ့ ရှေ့နေလိုက်ပြီး အပြတ်တောင်းမယ်။ သူငယ်ချင်းချင်းဆိုရင်တော့ အလကားရှေ့နေလိုက်ပေးမယ်။ ဒါပေမဲ့ ထောင်တော့ ကျစေရမယ်။ ဟား ...ဟား ... ဟား ..."

မြင့်ဆွေ ...

"ခွေးကောင်ပီတာ ...ငါ့ကို စောင်းပြောတာပေါ့လေ။ ငါ့အဖေက ထောင်ပိုင်ကြီးကွ။ ထောင်ကျတော့ရော ဘာဖြစ်သလဲ။ ထောင်ထဲမှာ အနားယူနေရုံပဲရှိတယ်။ မင်းဖတ်ဖူးမှာပါ။ ဆရာဦးကိုယုရဲ့ 'တရားခံဖြစ်သွားသောရှေ့နေ' ဝတ္ထုလေ။ အေး ...အဲဒါ မင်းသတိထား။ မင်းက ဥပဒေကို အရည်ကျိုသောက်နိုင်တယ်ဆိုပြီး ကရော်ကမယ်လုပ်ရင် အရိုးစူးတတ်တယ်။ ငါ့အဖေ အမြဲတမ်းပြောတာ မှတ်မိသေးတယ်။ 'ရှေ့နေပေးငွေ ကြက်သောက်ရေ' ...တဲ့လေ။ ရှေ့နေကို အမှုလိုက်ခပေးရတဲ့ငွေဟာ အမှုနိုင်နိုင်၊ ရှုံးရှုံး ဘယ်တော့မှ ပြန်မရတော့ဘူး။ ကြက်တွေလည်း ဒီအတိုင်းပဲတဲ့။ ရေသောက်ပြီး သေးပေါက်တယ်မှမရှိတာ။ ရေပြန်မထွက်တဲ့ သဘောပေါ့လေ။ ဟား ...ဟား ဟား ..."

နီတာ၊ ကျော်စိန်ဝင်း ...

"ဟား ...ဟား ...ဟား ...ဒီအချက်ကတော့ ဥပဒေသမား ရှေ့နေတွေ ခံရပြီပေါ့။ မြင့်ဆွေက ဒါတွေတော်တာ။ ဟိုဟာတွေ





ရှော်တာ။ ဟား ...ဟား ...ဟား ..."

မြင့်ဆွေ ...

"ငါက ဘာတွေရှော်နေလို့လဲ။ အေး ...မင်းတို့မှတ်ထား။ ငါတို့အပေါင်းအသင်းတွေထဲမှာ ဘယ်ကောင်အရင် သူဌေးဖြစ်မလဲဆိုတာ စောင့်ကြည့်လိုက်။ မြင့်ဆွေတို့က ဘွဲ့တွေဘာတွေကို မလိုချင်လို့ မယူတာ။ လောကမှာ အရေးကြီးဆုံးက ငွေပဲကွ။ မှတ်ထား။ ငွေရှိရင် ဘာမဆိုလုပ်လို့ရတယ်။

ငွေ ××× ငွေ ××× ငွေ ××× ငွေကိုသာ ××× ရအောင်ရှာမယ် ×××

လောကမှာ ××× ငွေသာလေ ××× လူတန်းစားအထက်တန်းရောက်အောင် ××× ဖန်တီးနိုင်ခဲ့သလား ×××

လူမှာသာ ××× ငွေမရှိရင် ××× သေမိတာ ××× နာတယ် ထင်တယ် ××× ယောက္ခမအိမ်တက် ××× သမက်မှာ ××× မျက်နှာငယ်

ငွေ ××× ငွေ ××× ငွေ ××× ငွေကို ××× ရအောင်ရှာမယ်။ သောက်မယ် ××× စားမယ် ××× ပျော်မယ် ××× ပါးမယ် ××× အချစ်ကိုလည်း ××× ကစားပြမယ် ×××

လူမှာသာ ××× ငွေရှိရင် ××× ယောက္ခမကြီးက ××× မျက်နှာချိုတယ် ××× ကိုယ့်မယားက ××× သဒ္ဓါတွေပိုတယ် ×××

လူ့ဘဝပင် ××× ကုန်ဆုံးစေတော့ ××× တစ်သက်လုံးပဲ သုံးဖြုန်းပါတော့မယ် ×××"

မြင့်ဆွေက ရုပ်ရှင်မင်းသားကြီး ခင်မောင်ရင်စတိုင်ဖြင့် တတ်သမျှ မှတ်သမျှ သီဆိုရင်း သရုပ်ဆောင်ပြနေရာ အားလုံးသဘောကျ၍ ဝိုင်းရယ်ကြ၊ လက်ခုပ်တီးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေလောင်း ဥပဒေကျောင်းသား ဖိတာကတော့ ရယ်လည်း မရယ်၊ လက်ခုပ်လည်းမတီးပါ။ တစ်ခုခုကို နက်နက်နဲနဲစဉ်းစားနေပုံမျိုးဖြင့် ငြိမ်နေသည်။ ကျွန်ုပ်ကတော့ ထိုနေ့ကအကြောင်းကို ညအိပ်ရာဝင်ခါနီးတွင် မှတ်မှတ်ရရ နေ့စဉ်မှတ်တမ်းတွင် ရေးသွင်းလိုက်သည်။ လူငယ်တို့စရိုက်သဘာဝဖြစ်သော်လည်း ရှေ့ရေးကိုထင်ဟပ်နေသော အကြောင်းတရားဟု ကျွန်ုပ်၏မသိစိတ်က နှိုးဆော်နေသောကြောင့်လား တော့ မသိပါ။

ထိုနေ့က ကျွန်ုပ်တို့၏ ပထမနှစ်ဝက်ကျောင်းပိတ်ရက်ဖြစ်၍ အလွန်ပျော်ကြပါသည်။ နောင်နှစ်များတွင်တော့ အတန်းကြီးလာသည်နှင့်အမျှ နှစ်ဝက်တွင် ကသာမြို့သို့မပြန်ဘဲ ကျောင်းကြီးပိတ်မှသာ ကသာမြို့သို့ ပြန်လေ့ရှိပြီး ငယ်ပေါင်းများ ပြန်ဆုံကြရတော့သည်။

နောက်ဆုံးနှစ်ကျောင်းပြီးတော့လည်း ကျွန်ုပ်အိမ်မပြန်နိုင်ပါ။ Chamber ဆင်းခြင်း၊ အလုပ်သင်ရှေ့နေအဖြစ် ဆရာသမားကောင်းရှာရခြင်းဖြင့် အလုပ်ရှုပ်နေ၏။ အိမ်ကိုသာ ငွေမှာ၍ ရန်ကုန်တွင် သောင်တင်နေသည်။ သူငယ်ချင်းကျော်စိန်ဝင်းကလည်း ကသာမပြန်ဘဲ ရန်ကုန်မြို့တွင်း၌ လှည့်လည်၍ ကြေးကြီးဝိုင်းများတွင် လိုက်၍ဖဲရိုက်နေကြောင်း သိရသည်။ ကျော်စိန်ဝင်းမှာ လောင်းကစားဖြင့်တော့ အကျိုးပေးပုံရ၏။ သူ့တွင် ငွေမပြတ်။ အပေါင်းအသင်း၊ တပည့်တစန်းများဖြင့် ပျော်ပျော်ပါးပါး သောက်စားမူးယစ်နေသည်။ တက္ကသိုလ်ကျောင်းထွက်တစ်ယောက်ဖြစ်ရာ ဆင်ခြင်ရန်တော့ သည်တစ်ခါတွေ့မှ ပြောရပေဦးမည်။ ကျော်စိန်ဝင်းမှာ ကျွန်ုပ်တို့အပေါင်းအသင်းထဲမှာ ဆရာကြီးဖြစ်၍ သူက ကျွန်ုပ်ပြောသည်ကို လက်ခံမည်တော့ မထင်ပေ။ သို့သော် အစွန်းမရောက်ရန်တော့ သူငယ်ချင်းကောင်း။ အပေါင်းအသင်း





တစ်ယောက်အနေဖြင့် သတိပေးရမည်မှာ ကျွန်ုပ်၏တာဝန်သာဖြစ်သည်။ လိုက်နာသည်၊ မနာသည်က သူ့တာဝန်ပင် ဖြစ်ပေသည်။

ကျွန်ုပ် L L.B ဘွဲ့ရပြီး တစ်နှစ်အတွင်း ဘာဝင်ငွေမှမရှိပါ။ အလုပ်သင်ခေါင်းဆောင်ဆရာ၏ ကျွေးတာ၊ မွေးတာတော့ စားရပါသည်။ စာအုပ်စာတမ်းနှင့် လမ်းစရိတ်ကလည်း အတော်ကုန်သည်။ ထို့ကြောင့် ကသာအိမ်သို့ ငွေမှာရသည်မှာလည်း ထပ်တလဲလဲဖြစ်နေသည်။ ကြာတော့လည်း မိဘကိုအားနာပြီး အလုပ်သင်ရှေ့နေဘဝကို ငြီးငွေ့လာမိသည်။ ရှေ့နေဖြစ်သော်လည်း နာမည်မပေါက်သေးသမျှ ဝင်ငွေရလိမ့်မည် မထင်ပေ။ ထိုခေတ်ကလည်း အမှုအခင်းရှားသည်။ ကြီးကြီးကျယ်ကျယ်ဖြစ်သော မှုခင်းကြီးများ၌လည်း ကျွန်ုပ်တို့လို ရှေ့နေပေါက်စကို ငှားလေ့မရှိ။ နာမည်ကြီးရှေ့နေကြီးများကိုသာ ငှားလေ့ရှိကြသည်။ ကျွန်ုပ် နာမည်ကြီးရှေ့နေဖြစ်ရန် နှစ်ပေါင်းမည်မျှကြာကြာ စောင့်ဆိုင်းရဦးမည်. မသိပါ။

ကျွန်ုပ် L.L.B ဘွဲ့ရပြီး နှစ်နှစ်ကျော်ခန့်အကြာ ရှေ့နေပေါက်စဘဝဖြင့် လုပ်ရှားနေစဉ် သတင်းစာမှ ထောင်မှူးလောင်းနှင့် ဒုရဲအုပ်လောင်းများ အလိုရှိကြောင်းကြော်ငြာကို တွေ့ရတော့သည်။ ကျွန်ုပ်စိတ်ဝင်စားမိသည်။ နာမည်မပေါက်သေးသော အပြင်ရှေ့နေထက် အစိုးရဝန်ထမ်း (အရာရှိ) လုပ်ရသည်မှာ ဘဝအာမခံချက်နှင့် တက်လမ်းရှိနိုင်သည်ဟု တွေးနေမိသည်။ မိဘများမှာလည်း အသက်ကြီးကြပြီဖြစ်၍ တစ်ပြန်တစ်လှည့် လုပ်ကိုင်ကျွေးမွေး ကျေးဇူးဆပ်လိုသောဆန္ဒလည်း ပါပါသည်။

တနင်္ဂနွေပိတ်ရက်တစ်ရက်၏ ညနေစောင်းတွင် ကျွန်ုပ်ငှားရမ်းနေသည့် လှည်းတန်းရှိ ဘော်ဒါဆောင်သို့ ငယ်ပေါင်းသူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကျော်စိန်ဝင်းရောက်လာသည်။ ကျွန်ုပ်နှင့်ကျော်စိန်ဝင်း မဆုံဖြစ်ကြသည်မှာ (၂) နှစ်ကျော်ခန့်ပင်ရှိချေပြီ။ ကျောင်းပြီး၍ ကသာသို့ ခွဲခွာပြီးကြပြီးနောက် ကွဲကွာသွားကြခြင်းဖြစ်ပေသည်။

"ဇော်မင်း ... မင်းဘာတွေလုပ်နေသလဲ။ ရှေ့နေလုပ်ရတာရော အဆင်ပြေရဲ့လား သူငယ်ချင်း"

"နာမည်မပေါက်သေးတော့ ဘယ်အဆင်ပြေပါ့မလဲ သူငယ်ချင်းရာ။ အဲဒါ သတင်းစာထဲကခေါ်တဲ့ ထောင်မှူးနဲ့ဒုရဲအုပ် တစ်ခုခု လျှောက်ရရင် ကောင်းမလားလို့ စိတ်ကူးနေမိတာ။ မင်းရော အဆင်ပြေရဲ့လား"

"ငါတို့ ဖိသမားလောကက အဆင်မပြေတာ မရှိပါဘူး။ အရနည်းတာနဲ့များတာပဲ ရှိပါတယ်။ လောဘကြီးတဲ့လူတွေ ရှိနေသမျှ အဆင်ပြေနေမှာပါပဲ။ ငါကတော့ အစိုးရဝန်ထမ်းလုပ်ဖို့ ဝါသနာမပါဘူး။ မလွတ်လပ်ဘူး။ စည်းနဲ့ကမ်းနဲ့နေရတာ။ ရဲတို့၊ ထောင်မှူးတို့ဆိုတော့ ပိုတောင်ဆိုးသေး။ ယူနီဖောင်းဝတ်ရမှာ။ (၂၄) နာရီ ဂျူတီပဲ။ မင်း အဲဒီလောကထဲကို တကယ်ဝင်တော့မလို့လား ဇော်မင်းရယ်၊ စဉ်းစားပါဦးကွာ"

"ငါစဉ်းစားပြီးပြီ ကျော်စိန်ဝင်းရေ ...။ ငါ့မိဘတွေကလည်း မခံနိုင်ရှိပေမယ့် ချမ်းသာကြတာမဟုတ်ဘူး။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသားဘဝကနေ တက္ကသိုလ်ကဘွဲ့ရတဲ့အထိ မိဘတို့ဝတ္တရားရှိသည့်အတိုင်း ပြုစုပျိုးထောင်ပေးခဲ့ကြပြီးပြီ။ အခု ဘွဲ့ရပြီး အလုပ်ဝင်တော့လည်း နာမည်မပေါက်သေးလို့ အိမ်ကို ငွေမှာရတုန်းပဲ။ သူတို့ဘက်က တာဝန်ကျေပြီး ငါ့ဘက်က တာဝန်ပျက်နေတာ။ ကြာတော့ ငါစိတ်ပျက်လာတယ်။ နာမည်ပေါက်အောင်လည်း နှစ်အတော်ကြာကြာ ကြိုးစားရဦးမှာ။ ဒီကြားထဲ စားဝတ်နေရေးက မိဘအိမ်ကိုသာ မှီခိုနေရ





သေးရင် ငါ့အလုပ် မဟုတ်တော့ဘူးလေကွာ။ အဲဒါကြောင့် အစိုးရဝန်ထမ်းဘဝက တည်ငြိမ်လို့ ဒုရဲအုပ်လျှောက်ရင် ကောင်းမလားလို့ စဉ်းစားနေတာပါ"

"ငါနဲ့လက်တွဲစမ်းပါကွာ။ မင်းနေ့စဉ်အသုံးစရိတ်အပြင် လစာလိုချင်ရင်လည်း Officer Scale နဲ့ ငါပေးပါမယ်။ ဘယ့်နှယ်လဲ"

"တော်ပါ ... ကျော်စိန်ဝင်းရယ်။ ငါက ဥပဒေသမား။ ဥပဒေအပြင်ဘက်က ဘယ်လောက်ရရ ဘာအလုပ်မှ မလုပ်ချင်ဘူး။ ငါက တသမားပေသမား၊ ဥပဒေသမား။ နောင် ... မင်း ငါ့ကို အဲဒီစကားနဲ့ မစည်းရုံးနဲ့တော့။ ဒါ ... နောက်ဆုံးဖြစ်ပါစေ"

"ဟုတ်ကဲ့ပါ ... ဥပဒေပညာရှင်ကြီးရယ်။ နောင် ... စည်းရုံးရေးစကား မပြောတော့ပါဘူး။ အခုညနေစာလေးတော့ လိုက်စားပါ။ ဘီယာသောက်ရင်း ငယ်ပေါင်းတွေအကြောင်း သတင်းပေးချင်လို့ပါ။ မြင့်ဆွေတို့၊ ပိတာတို့၊ နီတာတို့အကြောင်းလေကွာ"

ငယ်ပေါင်းများအကြောင်းဟု သိရသည်နှင့် သံယောဇဉ်ကြောင့် ကျွန်ုပ်ခေါင်းထောင်သွားမိပြီး ...

"အဲဒီကောင်တွေ ဘာဖြစ်လို့လဲ။ မြန်မြန်ပြောစမ်းပါဦး"

"ကြားချင်ရင် နားဆင်ရမှာပေါ့။ လာ ... ဇော်မင်း။ သုခလမ်းက သဟာယဘားကို သွားကြမယ်။ အဲဒီကျမှ အေးအေးဆေးဆေး ပြောမယ်"

လှည်းတန်းမှ သုခလမ်းသို့ သုံးမှတ်တိုင်ကျော်ခန့်သာဝေးရာ အမှတ် (၈) ဟိုးနိုးကားကြီးစီး၍ သွားနိုင်ပါလျက် ကျော်စိန်ဝင်းက ငွေရှင်နေဟန်တူသည်။ Taxi လေးဘီးကားကို ငှား၍ စီးသည်။ သဟာယဘားမှာ ကျွန်ုပ်တို့တက္ကသိုလ်ကျောင်းသားဘဝက ထိုင်နေကျဆိုင်ဖြစ်သည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲရောက်၍ နေရာယူကြပြီး ကျော်စိန်ဝင်းက အမြည်းများမှာလိုက်ပြီးနောက် ...

"ဇော်မင်း ... အပြင်းလား၊ အပျော့လား။ ကြိုက်တာပြော"

"အပျော့ပဲလုပ်ပါကွာ။ ငါ တာဝန်ရေး၊ စာရေးစရာတွေ ရှိသေးတယ်။ မူးလို့မဖြစ်သေးဘူး"

"အဲဒါဆိုရင်တော့ အပြင်းနဲ့အပျော့ ကြားထဲကဟာကို မှာမယ်ကွာ။ မန္တလေးဘီယာ Palae မဟုတ်ဘူး။ Strongale"

ကျွန်ုပ်တို့သူငယ်ချင်းနှစ်ဦး စားကြသောက်ကြရင်း စကားပြောကြသည်။ ငယ်ပေါင်းများအကြောင်းအရောက်တွင် ...

"ဇော်မင်းရေ ... မြင့်ဆွေကြီးကတော့ ကသာမှာ နာမည်ကြီးသစ်ကုန်သည်ဖြစ်လို့ အတော်ထောနေပြီ။ သူ့အဖေကလည်း ပင်စင်ယူလိုက်ပြီ။ မြို့လယ်ခေါင် ဈေးနားမှာ တိုက်ဆောက်ပြီးနေတယ်။ တိုက်ကြီးက နှစ်ထပ်တိုက်ကြီး။ ဟီးနေတာပဲ။ GMC သစ်တိုက်ကားနဲ့ သူ့စီးဖို့ ဂျစ်ကားတောင် ရှိနေပြီ။ အားကျစရာပဲ"

ကျွန်ုပ် ...

"ဒါနဲ့ ပီတာနဲ့နီတာကရောကွာ။ အခြေအနေ ဘယ်လိုလဲ"

"ပီတာကတော့ မန္တလေးမှာ ရွှေနေလိုက်နေတယ်။ မင်းထက်တော့ အခြေအနေကောင်းပုံရတယ်။ သူတို့က နဂိုကတည်းက ပိုက်ဆံရှိတော့ အခြေအနေကောင်းပုံရပါတယ်။ နီတာကတော့ ကျောင်းပြီးတာနဲ့ ကျောင်းဆရာပြန်လုပ်နေတယ်။ ကသာ အမှတ် (၁) ကျောင်းကြီးမှာပါပဲ။ အခုတော့ အလယ်တန်းပြဆရာ ထင်ပါရဲ့။ သင်တန်းတက်ပြီးရင်တော့ အထက်တန်းပြဆရာ ဖြစ်မှာတဲ့"

"အေးကွာ ... အခုလိုကြားရတာ ဝမ်းသာပါတယ်။ ငါ့မှာသာ





ရန်ကုန်မှာနေရပြီး အဆင်မပြေတာ။ အစိုးရအလုပ်ပဲလုပ်လို့ ငါဆုံးဖြတ်လိုက်ပြီကွာ။ ငါက စည်းနဲ့ကမ်းနဲ့နေတတ်တော့ အစိုးရအလုပ်ပဲ ငါ့အတွက် အကောင်းဆုံးဖြစ်မှာပါ။ မင်းလည်း သတိထားပါ ကျော်စိန်ဝင်း။ အခု ရန်ကုန်မှာ စစ်ဆင်ရေးတွေလုပ်ပြီး နာမည်ကြီးစီးပွားရေးသမားတွေနဲ့ လောင်းကစားသမားတွေကို ဖမ်းနေတယ်ကြားတယ်"

"ခေါက်ထားစမ်းပါ ဇော်မင်းရာ။ ကိုယ်တို့က တစ်နေရာတည်းလုပ်တာမှ မဟုတ်ဘဲ၊ တကယ်လုံခြုံရေးကောင်းတဲ့ နေရာတွေမှာ ဝိုင်းကြီးရင် ကြီးသလို လုပ်ကြတာပါ။ လုပ်တဲ့သူတွေကလည်း ကြမ်းပိုး သူခိုးတွေ မဟုတ်ဘူး။ မျက်နှာကြီးတွေပါ၊ မပူစမ်းပါနဲ့ကွာ"

"အေးပါ ... အေးပါ ... ငါက ဥပဒေနဲ့မလွတ်ကင်းတဲ့ စီးပွားရေးမှန်သမျှ ဘာမှမလုပ်ဖူးတော့ မင်းကို စိုးရိမ်လို့ သတိပေးတာပါ။ မင်းလည်း မကြာခဏ ငါ့ဆီလာခဲ့ပါဦး။ တိုင်ပင်စရာဆိုလို့ မင်းတစ်ယောက်တည်း ရှိတာပါ"

ကျွန်ုပ်တို့ စားသောက်ပြီး ပြန်ကြတော့ ည (၉) နာရီခန့်ရှိပေပြီ။ ကျော်စိန်ဝင်းက စမ်းချောင်းတွင် တိုက်ခန်းတစ်ခန်းငှားနေကြောင်း တိုက်ခန်းလိပ်စာပေးသွားသည်။ ကျွန်ုပ် အဆောင်ပြန်ရောက်ရောက်ချင်း ဒုရဲအုပ်လျှောက်လွှာနှင့် လိုအပ်သော စာရွက်စာတမ်း၊ ဓာတ်ပုံ၊ ထောက်ခံချက်များကို ပြင်ဆင်သည်။ ကျွန်ုပ် စိတ်ကို တုံးတုံးချလိုက်ပြီဖြစ်သည်။ ဥပဒေသမား ကျွန်ုပ် ... တရားဥပဒေစိုးမိုးရေးကို တာဝန်ယူရသော ရဲအရာရှိ လုပ်တော့မည်။ မကောင်းသူကိုပယ်၊ ကောင်းသူကို ကယ်မည်။ ရဲအလုပ်သည် လက်နက်လည်း ကိုင်ရသေးသဖြင့် တိုင်းပြည်အတွက် အရှုံအင်အားလည်း ဖြစ်သည်။ ယောကျ်ားတို့ဘတ်အပ်သော ကိုယ်ခံပညာပေါင်းစုံကိုလည်း သင်ကြားရမည်ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



တနင်္လာနေ့မနက်တွင် ကျွန်ုပ် ဘားလမ်းရှေ့နေရုံးသို့ ခေတ္တဝင်ပြီးနောက် ခြောက်ထပ်ရုံးရှိ ရာထူးဝန်အဖွဲ့တွင် လျှောက်လွှာတင်သည်။ ခေါ်စာနောက်ဆုံးနေ့ဖြစ်၍ လူအတော်များသည်။ ကျွန်ုပ်ကဲ့သို့ အဆင်မပြေသူ များဟန်တူသည်။

ပြီးနောက် ဘားလမ်းပြန်၍ ဆရာရှေ့နေကြီး၏ အလုပ်များအား ဝိုင်းဝန်းလုပ်ကိုင်ပေးနေလိုက်သည်။ တစ်ပတ်ခန့်အကြာတွင် စာမေးပွဲဖြေရန် အကြောင်းကြားစာ ရောက်လာသည်။ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ရေးဖြေစာမေးပွဲဖြေရန် ဖြစ်သည်။ စာစစ်ဌာနမှာ ကမ္ဘာအေး ဆွမ်းစားဆောင်များဖြစ်သည်။ နောက်တစ်ပတ်အကြာတွင် ရေးဖြေစာမေးပွဲဖြေရသည်။ ထောင်မှူးလောင်းများနှင့် ရောရှ၍ဖြေရခြင်းဖြစ်သည်။ ကျွန်ုပ် ကောင်းစွာဖြေနိုင်သည်။ တစ်လခန့်အကြာတွင် ရေးဖြေအောင်မြင်သဖြင့် အောင်ဆန်းကွင်းတွင် ကိုယ်ကာယကြံ့ခိုင်ရေး စစ်ဆေးရသည်။ ရေးဖြေတုန်းကထက် လူနည်းသွားသည်။ တာဝေး၊ တာလတ် ပြေးရသည်။ အလျားခုန်၊ အမြင့်ခုန် လုပ်ရသည်။ အရပ်တိုင်းပြီး ကိုယ်ခန္ဓာအလေးချိန် ချိန်ရသည်။ ကျန်းမာရေးအတွက်လည်း ဆရာဝန်များက အသေးစိတ်စစ်ဆေးသည်။ ကျွန်ုပ်အောင်မြင်ပြန်ပါသည်။

မှတ်မှတ်ရရ ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ကျွန်ုပ်အား ဒုတိယရဲအုပ်အဖြစ် စတင်ခန့်ပြီး မန္တလေးဆပ်ကျောင်းတွင် လစာအပြည့်ဖြင့် သင်တန်းတက်ရသည်။ လစာမှာ ၂၁၀ စကေးအပြင် ရိက္ခာငွေပါ ရမည်ဖြစ်သည်။ သင်တန်းတက်နေစဉ်တော့ ရိက္ခာငွေ မရပါ။ သင်တန်းကျောင်းက ကျွေးသည်။

တကယ်လုပ်တော့လည်း အဟုတ်ဖြစ်ပါသည်။ ကျွန်ုပ် ပင်ပန်းသော်လည်း သင်တန်းတွင်ပျော်သည်။ ကိုယ်ခံပညာ၊ ရုံးလုပ်ငန်း၊ လက်





နက်ငယ်ပညာများကို လက်တွေ့သင်ယူရသည်။ မိတ်ဆွေသစ်များလည်း တိုးသည်။ ယူနီဖောင်းနှင့် ကျွန်ုပ်မှာ အလွန်လိုက်ဖက်သည်ဟု ထင်မြင်မိသည်။ လမ်းလျှောက်သည်ကအစ ယူနီဖောင်း၏အရှိန်အဝါကြောင့် ခပ်မတ်မတ်၊ ခပ်တောင့်တောင့်၊ စနစ်တကျ လမ်းလျှောက်တတ်လာသည်။ ထိုင်လျှင်လည်းကောင်း၊ အိပ်လျှင်လည်းကောင်း အမြဲတမ်း သတိရှိနေသည်။ သတိရှိနေသဖြင့် မိမိကိုယ်မိမိ အမြဲတမ်း သုံးသပ်ဆင်ခြင်နိုင်သည်။

ဒုရဲအုပ်ဖြစ်၍ (၂၄) နာရီ တာဝန်ရှိလာရာမှ ကျွန်ုပ်မှာ တောင့်တင်းသန်မာလာသည်။ ယခင် ရှေ့နေပုံစံ မဟုတ်တော့။ အအိပ်အနေ၊ အစားအသောက် စနစ်ကျလာ၍ဖြစ်သည်။ လူအများတို့လည်း အမြဲတမ်း လေ့လာနေ၍ လူတစ်ဦး၏ မျက်နှာမြင်ရုံ၊ သွားဟန်လာဟန်ကို မြင်ရုံနှင့် အကဲခတ်သောပညာ (အင်္ဂဝိဇ္ဇာပညာ) ကိုလည်း နားလည်သဘောပေါက်လာသည်။ လူတွေကို လေ့လာသောပညာမှာ ကျယ်ပြန့်လှကြောင်း ကျွန်ုပ် ယခုမှ သဘောပေါက်လာသည်။ 'ရဲမျက်လုံး' ဟူပင် ခေါ်ဆိုမလားမသိပါ။ ကျွန်ုပ်၏ဘဝ စာတွေ့တင်မက လက်တွေ့ပါတိုးတက်လာသည်ဟု ဆိုချင်ပါသည်။

၁၉၇၆ ခုနှစ်တွင် ကျွန်ုပ် ဖောင်ကြီးဗဟိုသင်တန်းကျောင်းတွင် သူရ (၁၀) သင်တန်းကို တက်ရသည်။ ကိုးလတိတိကြာသည်။ ဥပဒေနှင့် လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်မှုပညာအပြင် လက်နက်ငယ်ပညာများ၊ ကိုယ်ခံပညာများကို သင်ယူရသည်။ ထိုအချိန်၌ ထောင်မှူး၊ တရားရေးဝန်ထမ်း၊ ကျောင်းဆရာ၊ အင်ဂျင်နီယာများပါဝင်သော ဖေယျ (၃၀) သင်တန်းနှင့်ဆုံသည်။ သူတို့က လေးလခွဲသာတက်ရသော သင်တန်းဖြစ်ပြီး ကျွန်ုပ်တို့သင်တန်းထက် လွတ်လပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသင်တန်းတွင် တက်ရောက်နေသော ငယ်ပေါင်းသူငယ်ချင်း ကျောင်းဆရာနီတာနှင့် တစ်နေ့တွင် ဆုံသည်။ နီတာမှာလည်း သင်တန်း ဓါတ်ကျေးဇူးကြောင့်ဟု ထင်ပါသည်။ တောင့်တင်းသန်မာ ဝပြိုးနေသည် ယခင် ကျောင်းနေစဉ်ကလို ကချွဲကလျနီတာ မဟုတ်တော့ပါ။ အပြာ ရောင် ဖောင်ကြီးသင်တန်းကျောင်းဝတ်စုံဖြင့် ကော့နေသည်။ သင်တန်းမှာ ပင်ပန်းသော်လည်း စနစ်ကျနလှသော လေ့ကျင့်မှုကြောင့် ကျန်းမာရေး ကောင်းမွန်နေကြသည်။

စနေတစ်နေ့ ညနေပိုင်းတွင် နီတာ ကျွန်ုပ်တပ်ခွဲသို့ လာလည် သည်။

"လာဟေ့ နီတာ ... မင်း ဒီနေ့ Out Pass မထွက်ဘူးလား"

"မထွက်ပါဘူး သူငယ်ချင်းရယ် ..။ ရန်ကုန်မှာက မိတ်ဆွေ အပေါင်းအသင်း နည်းတယ်။ ပွစည်းအနည်းအပါးလိုတာ ဘုရားလေး ဈေးဘက် သွားဝယ်မလားလို့။ အညောင်းပြေ လမ်းလျှောက်ရင်း မင်း ဝင်ခေါ်တာ"

"ဒါနဲ့ နီတာ ... မင်း ငယ်ပေါင်းတွေနဲ့ ပြန်ဆုံသေးသလား"

"မန္တလေးမှာတုန်းကတော့ ဝီတာနဲ့ မကြာခဏဆုံဖြစ်ပါတယ်။ အဲဒီကောင်လည်း အရင်ကလို မဟုတ်တော့ဘူးဟေ့။ နည်းနည်းပြော တောင်တောင်ဖြစ်နေတယ်။ သူ့လုပ်ငန်းက အောင်မြင်တယ်လို့တော့ ပြောတာပဲ။ သူ့ကိုသွားတွေ့ရင်လည်း အမြဲတမ်း ဥပဒေစာအုပ်ကြီးတွေ နဲ့ တကုပ်ကုပ် အလုပ်ရှုပ်နေတတ်တယ်။ အပေါင်းအသင်းလာတာ တောင် ဟက်ဟက်ပက်ပက်စကားပြောဖော်မရဘူး။ အပြင်ခေါ်ထုတ် တော့ ဝေးရောပဲ"

"အဲဒါ သူ့ဝသီပါကွာ။ ဘာထူးဆန်းလို့လဲ။ ဝီတာက စာကြိုး





ပိုး။ အောင်မြင်ကာစ ရှေ့နေဆိုတော့ ဥပဒေစာအုပ်ကြီးတွေနဲ့ အလုပ် ရှုပ်နေမှာပေါ့"

"ရှုပ်စမ်းပါစေ သူငယ်ချင်းရယ်။ အပေါင်းအသင်း အရင်း အချာတွေလာရင်တော့ ဝမ်းသာအယ်လဲ ကြိုဆိုရမယ်၊ စကားပြောရမယ် မဟုတ်လား။ အခုတော့ ဒီကောင်က မပွင့်တစ်ပွင့်နဲ့။ အပေါင်းအသင်း ညှိသည်လာတာကိုပဲ မကြိုက်သလိုလို။ ဒါကြောင့် ကိုယ်လည်း နောက် သူ့ဆီမသွားတော့ဘူး။ ဒါနဲ့ မြင့်ဆွေကတော့ ကသာမှာ သစ်ကုန်သည် ကြီးဖြစ်ပြီး ကြီးပွားနေတာတော့ မင်းသိမှာပါ။ ဟိုကောင် ဖဲသမား ကျော်စိန်ဝင်းရော ဘယ်လိုလဲ။ ဒီကောင်လည်း ကသာပြန်မလာပေမယ့် သူ့အိမ်ကို ငွေပို့နိုင်တယ်လို့ သိရတယ်။ ငါနဲ့မတွေ့တာတောင် အတော် ကြာပြီ"

"နီတာ ... မင်း ကျော်စိန်ဝင်းကို တွေ့ချင်လို့လား။ သူက စမ်းချောင်း ပုသိမ်လမ်းမှာ တိုက်ခန်းငှားနေတာ။ ငါလည်း သူနဲ့မတွေ့ တာကြာပြီ။ သင်တန်းစတက်ကတည်းကပဲ။ ဒီနေ့ မင်းရော၊ ငါပါ Night Pass ရတာပဲ။ တစ်ညအိပ်သွားကြမလား"

"အေး ... ကောင်းတယ်ဖော်မင်း။ ငါတို့ သွားကြရအောင်"

ကျွန်ုပ်နှင့်နီတာ ဖောင်ကြီးဂိတ်ဆုံအထိ လမ်းလျှောက်ပြီး ဖောင် ကြီးမှလှည်းကူးသို့ ကားစီးပြီး လှည်းကူးမှ ကြုံရာကားဖြင့် ရန်ကုန်မြို့တွင်း သို့ ထွက်ခဲ့ကြသည်။ မြေနီကုန်းရောက်မှ ကားပေါ်ကဆင်း၍ စမ်းချောင်း ဘက်သို့ လမ်းလျှောက်ပြန်၏။ ကျော်စိန်ဝင်းကို သူ့အိမ်ခန်းက အထွက် တွင် လက်မတင်ကလေး မီလိုက်သည်။

"ဟာ ... အတော်ပဲ မင်းတို့လာတာ။ ငါ အပြင်ထွက်ပြီး ညစာစားတော့မလို့။ နီတာလည်း ပါလာတာကိုး။ မင်းတို့ ဖောင်ကြီး

www.burmeseclassic.com



သင်တန်းကျောင်းမှာ အတူတူပဲမဟုတ်လား”

ကျွန်ုပ် ...

“ဩော် ...မင်းက သိနေတာကိုး။ ဒီနေ့ ပိုင်းမရှိဘူးလား ကျော်စိန်ဝင်း”

“စီမံချက်တွေ ရှိတယ်ကွ။ ညပိုင်း ငါတို့နားတယ်။ နေ့ပိုင်းပဲ ပိုင်းလုပ်ပြီး ညပိုင်း နားတယ်။ လာကွာ ...အပေါင်းအသင်းတွေဆုံ တုန်း သဟာယဘား သွားကြမယ်။ မင်းတို့ ငါ့အိမ်မှာ ညအိပ်ကြမှာ မဟုတ်လား”

နီတာ ...

“မင်းအိမ်မှာမအိပ်လို့ ငါတို့က ဘယ်မှာအိပ်ရမှာလဲ။ မင်းနဲ့ စကားပြောချင်လို့ သက်သက်လာကြတာ”

“Welcome ပါ သူငယ်ချင်းတို့ရယ်။ ငါ့အိမ်မှာ အဆင်ပြေပါတယ်။ ငါတစ်ယောက်တည်းပဲ နေတာ။ လွတ်လပ်ပါတယ်။ ကြိုက်သလိုနေ၊ ကြိုက်သလိုစား။ ကြိုက်သလိုအိပ်။ သဘောရှိပဲ ...။ မင်းတို့ အပတ်အိုင်းလာနိုင်ရင်တော့ အလွန်ပျော်စရာကောင်းမှာပဲ။ ငါမျှော်နေမှာပါ”

ကျွန်ုပ် ...

“မမျှော်နဲ့ ကျော်စိန်ဝင်းရေ။ သင်တန်းတွေ ဆင်းခါနီးတော့ အလုပ်က အရှုပ်သား။ စာကျက်ရုံတင်မက သင်တန်းဆင်း လက်တွေ့ပါ လေ့ကျင့်နေရတော့ နောက်အပတ်တွေမှာတောင် လာနိုင်မှာမဟုတ်တော့ဘူး။ သင်တန်းဆင်းပြီးတော့လည်း Posting တွေ ခွဲဦးမှာဆိုတော့ ဘယ်ရောက်လို့ ဘယ်ပေါက်ဦးမယ် မသိဘူး။ အဲ ...ဒါပေမဲ့ သင်တန်းဆင်းပြီးလို့ တာဝန်ကျရာနေရာ မသွားခင် Joining Time ရတော့လည်း ခရီးမထွက်ဖြစ်ရင် မင်းအိမ်မှာလာတည်းမယ်။ အဲဒီတော့မှ ဆုံကြတာပေါ့ ကွာ”





ကျော်စိန်ဝင်း ...

“မင်းတို့က တစ်နေ့တည်းသင်တန်းဆင်းမှာမို့လို့လား”

ကျွန်ုပ် ...

“ဟ ...သူရနဲ့ဖေယျ ဘယ်တူမလဲ။ ငါတို့က ကိုးလအောင် တက်ရတာ။ ဖေယျက လေးလခွဲတည်းရယ်။ ဒါပေမဲ့ ငါတို့ကစောရောက် နေတော့ သင်တန်းဆင်းမယ့်ရက်က တစ်လတည်း သွားတူနေတယ်။ သူရက စောလို့ လဆန်းပိုင်းမှာ ဆင်းမယ်။ ဖေယျက လကုန်ပိုင်းမှာ ဆင်းမှာ။ နှစ်ပတ်၊ သုံးပတ် ကွာတယ်”

ကျော်စိန်ဝင်း ...

“အေး ...အေး ...သင်တန်းဆင်းတဲ့နေ့ လာကြကွာ။ ငါ့အိမ်မှာတည်း။ ငါအကုန်တာဝန်ယူပါတယ်။ ကဲ ...အခုတော့ လေးသီးကားလေးနဲ့ သဟာယဘား လစ်ကြစို့ သူငယ်ချင်းတို့ရေ”

ထိုညကလည်း ဥပဒေဘက်တော်သား ကျွန်ုပ်တို့ ဥပဒေပြင်ပ မှဝင်ငွေရှာသည့် ဖဲသမားကျော်စိန်ဝင်း၏ အလျှုံပယ်ကျွေးမွေးပြုစုမှုကို အားရပါးရ စားသောက်ကြရပြန်ပါသည်။ ထိုညက ဆိုင်၌လည်း ယယ်ပေါင်းများပြန်ဆုံ၍ စကားကောင်းကြသည်။ ကျော်စိန်ဝင်းအိမ်ခန်း ပြန်ရောက်တော့လည်း ညဥ့်သန်းခေါင် (၁၂) နာရီအထိ စကားကောင်းကြသည်။ ထူးခြားသည်မှာတော့ ကျွန်ုပ်တို့တွင် ယခုအချိန်အထိ ရည်းစားသနာမရှိကြသေး။ မန္တလေးက ရှေ့နေပီတာကတော့ မြာမွေသူအဖြစ် နာမည်ကြီးနေကြောင်း နီတာပြော၍ သိကြရသည်။ စကြမ်းပိုး လိုင်းပြောင်းသွားဟန်တူပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင်လည်း လက်ဖက်ရည်ဆိုင်ထိုင်ရင်း စကားကောင်းကြပြန်သည်။ မနက် (၁၀) နာရီခန့်တွင် ကျော်စိန်ဝင်းက လေးသီးကားငှား၍ အင်းစိန်ပန်းခြံအနီးမှ ဒေင်ဥယျာဉ်စားသောက်ဆိုင်တွင် နေ့လယ်စာကျွေးပြီးမှ ကျွန်ုပ်တို့ လှည်းကူးကားစီး၍ မောင်ကြီးသို့ ပြန်ခဲ့ကြသည်။

နောက်လဆန်းတွင် ကျွန်ုပ်တို့ သူရ (၁၀) သင်တန်းဆင်းသည်။ နီတာတို့ ဖေယျ (၃၀) က လကုန်ခါနီးမှ ဆင်းရမည်ဖြစ်သည်။ ကျွန်ုပ်ကံကောင်းထောက်မစွာ မန္တလေးမြို့မရဲစခန်းတွင် ဒုရဲအုပ်အဖြစ် တာဝန်ကျသည်။ ဝိတာနှင့် ပြန်လည်တွေ့ဆုံရန် အခွင့်အလမ်းဖြစ်စေ၍ ကျွန်ုပ်ပျော်ပါသည်။ သင်တန်းဆင်းတော့လည်း စမ်းချောင်းမှ ကျော်စိန်ဝင်းအိမ်ခန်းတွင် တည်းခိုရပြန်သည်။ ထုံးစံအတိုင်း ကျော်စိန်ဝင်းကလည်း ကျွန်ုပ်အား ကောင်းစွာပြုစုဧည့်ခံပါသည်။ ကျွန်ုပ် ကျော်စိန်ဝင်းအိမ်တွင် နှစ်ရက်သုံးရက်နေရင်း ရဲရုံးချုပ်သို့သတင်းပို့၍ မန္တလေးသို့ ပြောင်းရွှေ့ခဲ့တော့သည်။ မန္တလေးမြို့မှာ ကျွန်ုပ်တို့၏မွေးရပ်မြေ ကသာနှင့်နီးသဖြင့် ကျွန်ုပ် ပျော်ရွှင်ရခြင်းဖြစ်သည်။ ကျော်စိန်ဝင်းကလည်း လိုက်ပို့မည်ဆိုသဖြင့် ကျွန်ုပ်တို့ မန္တလေးအမြန်ရထားဖြင့် ခရီးထွက်ခဲ့ကြတော့သည်။

မန္တလေးမြို့မရဲစခန်းတွင် သတင်းပို့ရာ ကျွန်ုပ်အား ဒုရဲအုပ်အိမ်ခန်းတစ်ခန်းကို နေရာပေးသဖြင့် အဆင်ပြေလှသည်။ လုပ်ငန်းတာဝန်မဝင်ရောက်မီ နားရက်ရသဖြင့် ကျွန်ုပ်တို့ ရွှေနေဝိတာအား ရှာကြသည်။ ဝိတာမှာ တော်ဝင်ရုပ်ရှင်ရုံအနီးတွင် နေထိုင်သူဖြစ်၍ ရှာရလွယ်သော်လည်း အိမ်ကိုသာတွေ့ရပြီး လူကိုမတွေ့ရ။ ဘေးအိမ်ကိုစုံစမ်းကြည့်ရာ ကသာသို့ပြန်သွားကြောင်း သိရသည်။ ကျွန်ုပ်လည်း





Joining Time နားရက်ကလေး ရသေးသဖြင့် မြို့မစခန်းမှူးအား ခွင့်တောင်းပြီး ကျော်စိန်ဝင်းနှင့်အတူ ကသာမြို့သို့ ရထားခရီးဖြင့် ထွက်ခဲ့ကြသည်။ မွေးရပ်ဌာနီပြန်ရောက်၍ ပျော်ပါသည်။ မိဘများနှင့် ပြန်ဆုံကြရသဖြင့်လည်း လွန်စွာ ဝမ်းသာရသည်။ ထိုညက အပေါင်းအသင်းများကို သစ်ကုန်သည်ကြီးမြင့်ဆွေက ရွှေကမ်းသာဟိုတယ်တွင် ဧည့်ခံသည်။

ကျောင်းဆရာနီတာတစ်ယောက်မှလွဲ၍ အားလုံးသောငယ်ပေါင်းများ ပြန်ဆုံကြသည်။ ရွှေနေဝိတာ့ကတော့ စကားနည်းနေသည်။ ယခင်ကလို ရွှင်မြူးသွက်လက်ခြင်းမရှိ။ ငယ်ပေါင်းများ ကြုံတောင့်ကြုံခဲဆုံရသော်လည်း စကားနည်းလှသည်။ ထိုညပိုင်းကိုတော့ မြင့်ဆွေနှင့် ကျော်စိန်ဝင်းတို့က ဦးဆောင်သည်။

မြင့်ဆွေ ...

"နောက်လဆန်းမှာ ငါ့မင်္ဂလာဆောင်ရှိတယ်။ မန္တလေးဟိုတယ်မှာလုပ်မှာ။ မင်းတို့နဲ့ နီးပါတယ်။ ရက်နီးတော့ ဖိတ်စာပို့လိုက်မယ်။ ဆက်ဆက်လာခဲ့ကြကွာ"

ကျော်စိန်ဝင်း ...

"ဘယ်သူနဲ့လဲကွ။ ငါတို့ကသာကပဲလား"

"မဟုတ်ဘူးကွ။ မန္တလေးက သစ်ကုန်သည်ဦးဘတူရဲ့သမီးကလျာတဲ့ကွ။ မန္တလေးတက္ကသိုလ်ကျောင်းထွက်ပဲ"

ကျွန်ုပ် ...

"အေးကွာ ... မန္တလေးမြို့မှာဆိုတော့ ငါတို့လာနိုင်မှာပါ။ ကသာမှာဆိုရင်တော့ လာနိုင်မယ်မထင်ဘူး။ မြင့်ဆွေကြီးက ပညာရဲ့ဥစ္စာလည်းပြည့်စုံ၊ ကြင်ယာပါစုံတော့ ဟန်ကျသပေါ့။ ငါတို့မှာတော့



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားတောင် မရှိသေးဘူး''

မြင့်ဆွေ ...

''အဲဒါ မင်းတို့ကောင်တွေ ညံ့တာပေါ့။ ပညာတွေသင်၊ ဘွဲ့တွေရ၊ ရာထူးတွေရပြီး ငါ့လောက်မှမဖွံ့ကြဘဲ။ အခုတော့ မင်းတို့ပညာတွေဘာလုပ်မှာလဲ။ အချိန်ကုန်ရုံပဲ အဖတ်တင်တယ်''

ပီတာ ...

''အဲဒီလိုတော့ ငါတို့ပညာကို မထိခိုက်နဲ့ကွာ။ ငါတို့လည်း ငါတို့ပညာနဲ့ ငါတို့ဘဝ ရပ်တည်နိုင်တာပဲ။ မင်းက ပစ္စည်းရှိပြီး အပေါင်းအသင်းဆံ့၊ ကံလေးကလည်းကောင်းလို့ သူဌေးဖြစ်တာပါ။ အပြောမကြီးပါနဲ့''

မြင့်ဆွေ ...

''ဟ ... ငါက ဘာပြောနေလို့လဲ။ မင်းတို့က တက္ကသိုလ်က ဘွဲ့ရပညာတတ်တွေ။ ငါ့ထက် သာရမှာပေါ့။ ငါ့လိုပဲ ကြီးပွားချမ်းသာပြည့်စုံစေချင်လို့ ပြောရတာပါ''

ငယ်ပေါင်းချင်း အရက်ဝိုင်းတွင် အခြေအနေတင်းမာလာသဖြင့် ကျွန်ုပ်က ဝင်ထိန်းရတော့သည်။

''တော်ကြပါတော့ကွာ။ ငယ်ပေါင်းချင်းပြန်ဆုံတာ ပျော်ပျော်ရွှင်ရွှင်ရှိရမှာ။ အခုတော့ မင်းတို့ဘာက ရည်းစားလုဘက်တွေကျနေတာပဲ။ ငါတို့က အဝေးကြီးကလာကြရတာ။ အားနာကြပါဦးဟ''

ထိုညက ကျွန်ုပ်ထိန်းလိုက်၍ ဝိုင်းငြိမ်သွားသော်လည်း ပီတာနှင့်မြင့်ဆွေမှာ ဟက်ဟက်ပက်ပက်မရှိကြတော့။ ကျွန်ုပ်တို့ တက္ကသိုလ်တက်စဉ် ပထမနှစ်ဝက်က ကသာမြို့သို့ပြန်လာစဉ် ကမ်းနားလက်ဖက်ရည်ဆိုင်တွင် အပေါင်းအသင်းများဆုံကြခိုက် မြင့်ဆွေနှင့်ပီတာ အချီအချ





ပြောသောစကားများကို ကျွန်ုပ်၏နေ့စဉ်မှတ်တမ်းတွင် ရေးသွင်းထားသဖြင့် အမှတ်တရဖြစ်နေမိသည်။ ထိုစဉ်ကတည်းက မြင့်ဆွေနှင့်ပီတာ ငြိုနေကြခြင်းဖြစ်သည်။

ကျွန်ုပ်တို့ ကသာတွင်နှစ်ညအိပ်ပြီး ပြန်လာခဲ့ကြသည်။ မန္တလေးတွင် ကျော်စိန်ဝင်းက တစ်ညအိပ်ပြီး ရန်ကုန်ပြန်သည်။ ပီတာနှင့်ကျွန်ုပ်က မန္တလေးတွင်ကျန်နေ၍ အသီးသီး အလုပ်ဝတ္တရားများ ထမ်းဆောင်နေရသည်။ ကျွန်ုပ်တို့၏ ရဲလုပ်ငန်းမှာ အတော်များသည်။ အမှုလိုက်ရသည်။ စစ်ဆေးရသည်။ တရားခံဖမ်းရသည်။ တရားရုံးတွင် သက်သေခံရသည်။ ထောင်ပို့ရသည်။ ရုံးထုတ်ရသည်။ ညပိုင်းတွင်လည်း ကားဖြင့်လည်းကောင်း၊ စက်ဘီးဖြင့်လည်းကောင်း ပတ္တရောင်ကင်းလှည့်ရသေးသည်။ အပတ်စဉ် တစ်ပတ်နှစ်ကြိမ် တာဝန်မှူးတာဝန်လည်း ထမ်းဆောင်ရပါသေးသည်။ (၂၄) နာရီတာဝန်ရှိသူများဖြစ်၍ နေ့မနား၊ ညမအားကြရပါ။

လကုန်ပိုင်းတွင် ကသာမြို့ရှိ မြင့်ဆွေကြီးထံမှ ဖိတ်စာ နှင့်အတူ တာတစ်စောင်ရောက်လာသည်။ လဆန်း (၃) ရက်နေ့တွင် သူ မန္တလေးရောက်၍ မန္တလေးဟိုတယ်တွင် တည်းခိုမည်ဖြစ်ပြီး လဆန်း (၅) ရက်တနင်္ဂနွေနေ့တွင် မင်္ဂလာဆောင်ရှိ၍ ဆက်ဆက်လာပါရန် ဖိတ်ကြားခြင်းဖြစ်သည်။

လဆန်း (၃) ရက်နေ့ညတွင် ကျွန်ုပ် ကင်းလှည့်ရင်း မန္တလေးဟိုတယ်တွင် သွားတွေ့သည်။ မြင့်ဆွေကြီးမှာ စီစဉ်စရာများရှိ၍ တစ်ဦးတည်း စော၍ရောက်လာခြင်းဖြစ်သည်။ သူ၏မိသားစုက နောက်တစ်နေ့(၄) ရက်နေ့မှ လိုက်လာကြမည်ဖြစ်သည်။ မြင့်ဆွေကြီးမှာ ဟိုတယ်အိပ်ခန်းထဲတွင် တစ်ဦးတည်းသောက်စားနေခြင်းဖြစ်သည်။ ကျွန်ုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်တော့ အတော်ဝမ်းသာရှာသည်။

"သူငယ်ချင်း ... လာကွာ ... ငါ့ရဲ့လူမျိုးဘဝ နောက်ဆုံးညတွေမှာ အပေါင်းအသင်းတွေနဲ့ ဆုံချင်လွန်းလို့ လွတ်လွတ်လပ်လပ် စောထွက်ပြီး ဒီဟိုတယ်မှာတည်းတာ။ (၈၄) လမ်းက အမျိုးသမီးအိမ်မှာ တည်းရင်လည်း ရပါတယ်။ သူတို့အိမ်ကလည်း အကျယ်ကြီးပါ။ ဒါပေမဲ့ ဒီဟိုတယ်လောက် လွတ်လပ်မှာမဟုတ်ဘူးလေ။ ငါတို့က အသောက် အစားလေးပါမှ ဖြစ်တာမဟုတ်လား။ ကဲ ... လာ ... ချကွာသူငယ်ချင်း။ နီတာလည်း ကသာမှာ အထက်တန်းကျောင်းဆရာအဖြစ် ပြန်ရောက်နေပြီ။ မနက်ဖြန် ငါ့မိဘဆွေမျိုးတွေနဲ့အတူ လာလိမ့်မယ်။ ဟိုကောင် ဖဲသမားကျော်စိန်ဝင်းလည်း မရောက်သေးဘူးထင်တယ်။ ရှေ့နေပီတာကိုလည်း ငါဖိတ်ထားတယ်။ ခုထိတော့ ရောက်မလာသေးဘူး"

ကျွန်ုပ် ...

"မြင့်ဆွေရေ ... ငါမသောက်တော့ဘူး။ ဒီနေ့က ငါတာဝန်မှူးကျတယ်။ မင်းရောက်၊ မရောက် လာကြည့်တာ။ ငါ ကင်းပတ်ဖို့တာဝန် ရှိသေးတယ်။ ပြန်ဦးမယ်။ တစ်ယောက်တည်းလည်း စွတ်သောက်မနေနဲ့ဦးနော်"

"ဖော်မင်း ... မင်းကလည်းကွာ ... တစ်ခွက်လောက်တော့ ချသွားပါဦး။ ငါ့ရဲ့ လူပျိုဘဝ နောက်ဆုံးညပါလို့ ဆိုနေမင့်ဟာကို .."

"မဖြစ်ဘူး ... သူငယ်ချင်း၊ ငါက အဖွဲ့ခေါင်းဆောင်၊ မှူးနေလို့မရဘူး။ မင်းရဲ့မင်္ဂလာဆောင်ည တနင်္ဂနွေညကျတော့ ငါအားတယ်၊ အဲဒီတော့မှ အပြတ်ချတော့မယ်။ ဂွတ်နိုက် ... သူငယ်ချင်း"

ကျွန်ုပ်တို့ ကင်းလှည့်ပြီး ည (၁၂) နာရီခန့် တာဝန်မှူးအစီရင်ခံ





တရေးနေစဉ် ဖုန်းဝင်လာသည်။ မန္တလေးဟိုတယ်မှ ဖြစ်သည်။ အခန်းအမှတ် (၁၃) တွင် လူသတ်မှုဖြစ်ပွားကြောင်း သတင်းပို့ခြင်းဖြစ်သည်။ မြင့်ဆွေတည်းခိုနေသောအခန်းဖြစ်သည်။

ကျွန်ုပ်တို့ကင်းအဖွဲ့ မန္တလေးဟိုတယ်သို့ ရဲကားဖြင့်ပြေးရတော့သည်။ အခန်းအမှတ် (၁၃) ရောက်တော့ နောက်ကျောတွင် ဓားဒဏ်ရာ တစ်ချက်၊ ဘယ်ရင်အုံတွင် ဓားဒဏ်ရာတစ်ချက်ဖြင့် မြင့်ဆွေကြီးမှာ သေဆုံးနေပြီဖြစ်သည်။ မှုခင်းဆရာဝန်၏ ဆေးစစ်ချက်အရ ဘယ်ရင်အုံမှ ဓားဒဏ်ရာမှာ နှလုံးကိုတိုက်ရိုက်ထိ၍ လွန်ခဲ့သောနှစ်နာရီအချိန်ခန့်က သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။ ကျွန်ုပ် ဟိုတယ်မှပြန်လာသောအချိန်မှာ ည (၉) နာရီဖြစ်၍ ည (၁၁) နာရီခန့်က လုပ်ကြံခံရခြင်းဖြစ်ကြောင်း၊ သိရသည်။ ရဲလုပ်ငန်းအရ သက်သေခံရှာဖွေခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ စစ်ဆေးခြင်းအမှုတို့ကို ပြုရတော့သည်။

သက်သေခံအဖြစ် ဖိနပ်ရှာရာတော့ ကျန်သည်။ ဓားဒဏ်ရာရှိသော်လည်း သက်သေခံဓားကို ပြန်ယူသွားဟန်တူသည်။ လက်အိတ်အသုံးပြုဟန်တူသည်။ လက်ဗွေရာမကျန်ခဲ့၊ ဖိနပ်ရှာရာမှာ လေးငါးမျိုး ဖြစ်နေသည်။ သက်ဆိုင်သူများကို ခေါ်ယူစစ်ဆေးတော့ မန်နေဂျာနှင့် စိတ်တာခြေရာအပြင် ကျွန်ုပ်၏ဖိနပ်ခြေရာ၊ ကျန်ခြေရာကတော့ ဖုကလေးများပါသော Walking shoes ဖိနပ်ခြေရာဖြစ်သည်။ တရားခံ၏ဖိနပ်ရှာရာဖြစ်ဖို့ သေချာသဖြင့် တိုင်းတွာစစ်ဆေး၍ ပုံစံယူရသည်။

ဧည့်ကြိုဌာနတွင် စုံစမ်းရာ အခန်းအမှတ် (၁၃) မြင့်ဆွေထံသို့ ကျွန်ုပ်တစ်ဦးတည်းသာ လာမေးကြောင်း အစစ်ခံကြသည်။ ခြေရာရှင်လက်သည်တရားခံ ပျောက်နေသည်။ အခန်းနံပါတ် (၁၃) မြင့်ဆွေတည်းခိုနေသောအခန်းကို လူသတ်သမားကသိရှိ၍ မစုံစမ်းခြင်းဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ယနေ့မှရောက်ရှိတည်းခိုသူ၏အခန်းကို သိရှိသူမှာ ဟိုတယ်ဝန်ထမ်းမှလွဲ၍ မဖြစ်နိုင်။

သို့သော် ... သို့သော် ... ကျွန်ုပ် တစ်ချက်စဉ်းစားမိ၍ ကြက်သီးထမိသွားသည်။ ကျွန်ုပ်ဟိုတယ်တွင် မြင့်ဆွေအခန်းအား လာရောက်မေးမြန်းစုံစမ်းစဉ် ကျွန်ုပ်အားသိနေသူက နောက်ယောင်ခံပြီး ကျွန်ုပ်ပြန်မှ မြင့်ဆွေကြီးအား ဝင်ရောက်သတ်သွားခြင်းဖြစ်နိုင်ပေရာ လူသတ်တရားခံ မည်သူဖြစ်မည်ကို တွေးခေါ်စဉ်းစားရပေတော့မည်။ မြင့်ဆွေကြီး၏ လူပျို့ဘဝ နောက်ဆုံးညပါဟု ပြောဆိုခြင်းမှာလည်း စကားနောက်တရားပါ ဖြစ်ခဲ့ရလေပြီ။

ကျွန်ုပ်တို့ မြင့်ဆွေကြီးအလောင်းအား ဆေးရုံပို့ပြီးနောက် ဟိုတယ်ဝန်ထမ်းသက်သေများအား စစ်ဆေးရသည်။ ပြီးနောက် မိုးလင်းပိုင်းတွင် စခန်းသို့ပြန်ပြီး စခန်းမှူးအား သတင်းပို့၍ ကျွန်ုပ် အလေးအနက် စဉ်းစားရတော့သည်။

မြင့်ဆွေကြီးမှာ မန္တလေးမှမဟုတ်။ ညောင်သည်ဖြစ်သည်။ ကသာမှလာ၍ လဆန်း (၃) ရက်နေ့တွင် မန္တလေးဟိုတယ်၌ တည်းခိုမည်ဖြစ်ကြောင်း ကျွန်ုပ်နှင့် ကျော်စိန်ဝင်း၊ ရွှေနေပီတာတို့ကိုသာ ဖိတ်စာပို့ပြီး အကြောင်းကြား ဖိတ်ကြားခဲ့သည်။ အပြင်လူမဖြစ်နိုင်တော့။ တွေးရင်းတွေးရင်း ခေါင်းမှာ ကျဉ်းလာသည်။

ရုတ်တရက် သတိရသဖြင့် ကျွန်ုပ်၏နေ့စဉ်မှတ်တမ်းများအား ပြန်လည်ဖတ်ရှုမိသည်။ ကျွန်ုပ်တို့ငယ်ပေါင်းများ ကသာမြို့တွင် ပထမနှစ်ဝက် ကျောင်းပိတ်ချိန် ပြန်လည်တွေ့ဆုံခြင်း၊ ကျွန်ုပ် မန္တလေးပြောင်းလာ၍ အလုပ်မဝင်ခင် ကသာပြန်၍ မိတ်ဆွေဟောင်းများနှင့် တွေ့ဆုံခြင်း၊ မြင့်ဆွေကြီး မိန်းမယူမည်ဟုကြော်ငြာစဉ် နာမည်ကြားသည်နှင့် ပီတာ





မျက်နှာပျက်သွားပုံ၊ သူတို့စကားများကြပုံများကို တရေးရေးပြန်လည်မြင်ယောင်လာသည်။

မိုးလင်းသည်နှင့် ကျွန်ုပ်ဆုံးဖြတ်ချက်ချပြီး ရဲအဖွဲ့အား အရပ်ဝတ် ဝတ်စေ၍ မြင့်ဆွေကြီး၏ဇနီးလောင်းနေထိုင်ရာ (၈၄) လမ်းဘက်သို့ထွက်ခဲ့သည်။ ထိုအနီးတွင် ကျွန်ုပ်၏မိတ်ဆွေ ကိုဘဦးရှိနေသည်။ ကလျာတို့နေထိုင်သောရပ်ကွက်နှင့် ရွှေနေပီတာတို့နေထိုင်သောရပ်ကွက်မှာ တစ်ရပ်ကွက်တည်းဖြစ်သည်။ ကိုဘဦးအားစုံစမ်းရာ ပီတာနှင့်ကလျာမှာ ရည်းစားများဖြစ်ကြကြောင်းသိရသဖြင့် ကျွန်ုပ်၏ထင်မြင်ယူဆချက်သေချာသွားပြီဖြစ်သည်။

ကျွန်ုပ် စခန်းမှူးအားသတင်းပို့ပြီး ရပ်ကွက်လူကြီးများအားခေါ်၍ ရွှေနေပီတာအိမ်သို့ ဝင်ရတော့သည်။

ကျွန်ုပ် ...

"ပီတာရေ ... ဟေ့ ... ပီတာ ... တံခါးဖွင့်ပါဦးကွ။ ငါပါ ဇော်မင်းပါ'

ကျွန်ုပ်တို့အုပ်စုအား မြင်သည်နှင့် ပီတာမှာ မျက်နှာပျက်သွားပြီးနောက် ...

"ဘာကိစ္စလဲ ... ဇော်မင်း။ စောစောစီးစီး ရှုပ်ရှုပ်ယှက်ယှက်ကွာ"

ကျွန်ုပ် ...

"သည်းခံပါကွာ .... မင်းကို မေးစရာလေး နည်းနည်းရှိလို့ပါ"

"မေးစရာရှိလည်း မြန်မြန်မေးတော့။ ညက ငါအိပ်ရေးပျက်လို့ စိတ်မကြည်လင်ဘူးဖြစ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ... အဲဒီ အိပ်ရေးပျက်တဲ့ကိစ္စကို လာမေးတာပါ"

"ဘာကွ ..."

ကျွန်ုပ် အိမ်ပေါ်တက်ကာတည်းက ဖိနပ်စင်တွင် ယိုးဒယား ဘက်မှလာသည့် ခွာတွင်အဖုကလေးများပါသည့် Pan Walking Shoes ဖိနပ်တစ်ရံအား လှမ်းမြင်လိုက်ပြီးဖြစ်သဖြင့် သက်သေများရှေ့တွင် တိုင်းထွာစေရာ ကျွန်ုပ်၏မှတ်စုထဲမှအတိုင်း ကွက်တိဖြစ်နေသည်။

ကျွန်ုပ် ...

"ကဲ ... သူငယ်ချင်း။ ဘာပြင်းချင်သေးသဲ။ စိတ်တော့ မကောင်းပါဘူးကွာ။ မင်းနဲ့မြင့်ဆွေ အဆင်မပြေတာကိုလည်း ငါသိတယ်။ မြင့်ဆွေကြီးလက်ထပ်မယ့် ကလျာဟာ မင်းရဲ့ရည်းစားမှန်းလည်း ငါသိတယ်။ လူသတ်သမားရဲ့ဖိနပ်ဟာ ဖုကလေးတွေပါတဲ့ ဖိနပ်။ အတိုင်းအထွာကလည်း ဒီဖိနပ်နဲ့တစ်ပုံစံတည်းဆိုတော့ မင်းငြင်းဦးမှာလား"

"မငြင်းတော့ပါဘူး သူငယ်ချင်း။ မင်းတော်ပါပေတယ်။ ငါက ရဲတွေကို လျှော့တွက်ထားမိတာ။ ဖိနပ်ကို မဖျောက်ဖျက်ခဲ့တာလည်း ငါ့အမှားပေါ့။ မင်းအလာစောလို့ပဲ။ ဒီနေ့ည ငါ့သားကောင်က ကလျာပဲ။ သစ္စာဖောက်မ ...။ မသတ်လိုက်ရတာ နှမြောသကွာ"

ဖြစ်မှုလုပ်တိုင်း သက်သေကျန်ခဲ့တတ်ပါသည်။ ရဲအုပ်အသစ်ဖြစ်သော်လည်း ဥပဒေပညာရှင်၊ တွေးခေါ်စဉ်းစားဉာဏ်ရှိသူ၊ နေ့စဉ်မှတ်တမ်းရေးတတ်သော ဇော်မင်း၏ ပထမဆုံးစုံထောက်သောအမှု ဖြစ်ပေတော့သတည်း။ ။

ထောင်မှူးကြီးသိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

❏

"ဒိုင်း ..."

"ရှူး ..."

ငန်းမြွေကြီးသည် သစ်ကိုင်းကြီးမှဆင်းကာ ကျွန်တော့်အား ပေါက်ရန် ချိန်လိုက်စဉ် ကျွန်တော်က လက်ဦးသွားသောကြောင့် သစ် ကိုင်းမှပြုတ်ကာ ဘုတ်ခနဲ အောက်သို့ကျသွားတော့သည်။

ငန်းမြွေနှင့် မြွေဟောက်မြွေဆိုးများမှာ မတူပါ။ ငန်းမြွေမှာ လူတစ်ဦးအား ပေါက်သတ်ရန် ဟန်ပြင်နေရသောကြောင့် လူက ဦးသွား တတ်ပါသည်။ မြွေဟောက်နှင့် မြွေဆိုးများကမူ ပေါက်ရာတွင် လျင်မြန် လှ၏။





မှန်ပါ၏။ မြွေဆိုးသည် ယင်တစ်ကောင်နားသည့်ကိုပင် ထိမှန် အောင်ပေါက်နိုင်သည်ဟု ဆိုကြပါ၏။ ထို့ကြောင့် စစ်သားဘဝ၊ မုဆိုး ဘဝများတွင် အမြဲတမ်း တောစီးဖိနပ်များကို စီးထားရ၏။ မြွေဆိုး အပေါဆုံးဒေသကို ဖော်ပြပါဆိုမူ ကျွန်တော့်အတွေ့အကြုံအရ ပြည်မြို့ နယ်၊ အကောက်တောင် ထုံးဘိုဒေသရှိ ကျေးရွာဝန်းကျင်နှင့် မကွေးတိုင်း ချောက်မြို့နယ်အတွင်း ဖြစ်ပါသည်။

ကျွန်တော်ပစ်လိုက်သော ငန်းမြွေကြီးသည် ထုံးဘိုမြို့နယ်ခွဲ တောမရွာအနောက်ဘက် တောအုပ်ထဲတွင် တွေ့ရှိရခြင်းဖြစ်သည်။

ကျွန်တော်တို့တပ်ခွဲသည် တောမရွာအနောက်ဘက် တောင် ကုန်းတွင် နယ်မြေရှင်းလင်းရေးနှင့် ရပ်ရွာဒေသလုံခြုံရေးအတွက် ကင်း စခန်းထိုင်တပ်ခွဲအဖြစ် တာဝန်ပေးအပ်လာသဖြင့် စခန်းကို ပြုပြင် မွမ်းမံခြင်း၊ စခန်းပတ်လည်၌ ကတုတ်ပစ်ကျင်းများတူးခြင်း ပြုလုပ်ရာ၌ မြွေဆိုးမြွေဟောက်အသိုက် တောင်ကုန်းများကို အများဆုံးတွေ့ရသည့် အပြင် ညဘက် တာဝန်အရ ကင်းပုန်းဝပ်ရာ၌ မြွေဟောက်များက ခြေသလုံးတွင်ပတ်၍ ပါလာတတ်ပါသည်။

ကျွန်တော်တို့ ကင်းပုန်းတစ်စုမှာ ဒူးဖုံးသားရေလည်ရှည်ဖိနပ် များ စီးထားသောကြောင့်သာ သက်သာရာရခြင်းဖြစ်ပါ၏။

တစ်နေ့တွင် ကျွန်တော်တို့စခန်းထိုင်တပ်ခွဲမှ အမဲလိုက်ချေး ခွေးကြီးတစ်ကောင် ပျောက်သွားသောကြောင့်-ကျွန်တော်နှင့် တပ်ကြပ် ခင်မောင်ဝင်းသည် ဘန်ကာကျင်းအနောက်ဘက် တောအုပ်ထဲသို့ လာ ခဲ့ကြ၏။ ထိုနေရာတွင် ဒဟတ်ပင်၊ ကျူးမပင်၊ သန်းပင်၊ ဘန့်ဘွေးပင်၊ ဆူးချုံ၊ တောင်ကမူနှင့် လိုဏ်ခေါင်းကြီးများရှိသောနေရာပင် ဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာတွင် ကျွန်တော်တို့တပ်ခွဲမှ ခွေးကြီးအသံ ပေါ်ထွက်လာသဖြင့် လိုက်လံရှာဖွေကြည့်ခဲ့၏။ အသံလာရာသို့ရောက်သည်နှင့် ဘန့်ဘွေးပင်ကြီးအောက်တွင် ကျွန်တော်၏တပ်ခွဲမှ အမဲလိုက်ချင်းခွေးကြီး လဲကျနေသည်ကို တွေ့ရ၏။

ကျွန်တော်နှင့် တပ်ကြပ်ခင်မောင်ဝင်းတို့ ပြေး၍ကြည့်လိုက်စဉ် ရုတ်တရက် ရှူးခနဲမြည်သံကြီးနှင့်အတူ ဘန့်ဘွေးပင်၏အကိုင်းမှ ကျွန်တော်တို့ထံ ထိုးဆင်းလာသော ငန်းမြွေကြီးကို တွေ့လိုက်ရ၏။ ကျွန်တော်က ပါလာသော ကာဘိုင်သေနတ်ဖြင့် ပစ်ချလိုက်ရ၏။

ငန်းမြွေကြီးသည် ခြေသလုံးခန့်တုတ်ပြီး အလျား (၁၅) ပေခန့်ရှိ၏။

ထိုအခိုက် သေနတ်သံကြောင့် ပတ်ဝန်းကျင်တစ်ခုလုံး တရှူးရှူးမြည်သံများ ဆူညံစွာပေါ်ထွက်လာလေတော့သည်။

"ဗိုလ်ကြီး ... မြွေ ... မြွေ ... မြွေတွေ ..."

"ဒိုင်း ... ဒိုင် ... ဒိုင်း ..."

ကျွန်တော်နှင့်ပါလာသော တပ်ကြပ်ခင်မောင်ဝင်းက ဂျီ-၃ ရိုင်ဖယ်ဖြင့် ပစ်ချလိုက်လေသည်။

မှန်သည်။ မြေတွင်းလိုဏ်ခေါင်းများထဲမှ တောကြီးမြွေဟောက်ကြီးများနှင့် ဘန့်ဘွေးပင်၊ ပျဉ်းမပင်၊ သန်းပင်များပေါ်မှ ငန်းမြွေဆိုးကြီးများ အကောင်သုံးဆယ်ခန့် တွေ့လိုက်ရသလို ပေါင်လုံးခန့်ကြီးမားသည့် ငန်းမြွေကြီးတစ်ကောင် ဆူးချုံများအတွင်းမှ တိုးထွက်လာသောကြောင့် ကျွန်တော်နှင့် တပ်ကြပ်ခင်မောင်ဝင်းမှာ ပစ်ရင်း ဆုတ်ရင်း နောက်သို့ပြေးရတော့သည်။

ကျွန်တော်၏ ကာဘိုင်ကျည်ဆန်နှင့် တပ်ကြပ်ခင်မောင်ဝင်း





၏ ဂျီ-၃ ကျည်ဆန်များကြောင့် မြွေဆိုးဆယ်ငါးကောင်ခန့် သေဆုံးကျန်ရစ်ခဲ့၏။

ကျွန်တော်တို့၏သေနတ်သံများကြောင့် ဘန်ကာထျူင်းမှ ဗမ်ကြပ်ကြီးထွန်းဖန်နန်နှင့်အဖွဲ့ ရောက်လာရာ ကျွန်တော်တို့ ပြန်၍ ထိုမြွေဆိုးများနေထိုင်ရာသို့ ရောက်ခဲ့ပြန်၏။ တပ်ကြပ်ကြီးထွန်းဖန်နန် မွေးထားသော အမဲလိုက်ချင်းခွေးကြီး သေဆုံးနေပြီး မြွေဆယ့်ရှစ်ကောင် သေဆုံးလျက်ရှိပါသည်။

ကြပ်ကုန်းလိုဏ်ခေါင်းများအတွင်းမှ မြွေအော်သံများ ဆူညံစွာ ကြားနေရသေးသဖြင့် လက်ပစ်ဗုံးနှစ်လုံးပစ်သွင်းရန် တပ်ကြပ်ကြီးထွန်းဖန်နန်းအား အမိန့်ပေးလိုက်၏။

"ဝုန်း ... ဝုန်း ..."

လိုဏ်ခေါင်းအတွင်းမှ ပေါက်ကွဲသံကြီးနှင့်အတူ မီးခိုးလုံးကြီးများ တထောင်းထောင်းထွက်လာ၏။ မီးခိုးများစဲသွားသောအခါတွင် မြွေဆိုးများအော်သံမှာ ငြိမ်သက်သွားတော့သည်။

ထိုနေရာမှ အလျင်အမြန် မထွက်ခွာမီလေးမှာပင် ခပ်စောစောက ကျွန်တော်နှင့် တပ်ကြပ်ခင်မောင်ဝင်းအား ဒုက္ခပေးရန် ချုံများအတွင်းမှထွက်လာသော ပေါင်လုံးခန့်မြွေကြီးသည် တရှူးရှူးအော်မြည်လျက် မီးရထားကြီးတစ်စင်းပမာ ပြေးလာနေသည်ကို တွေ့လိုက်ရ၏။ ကျွန်တော်သည် တုံ့ဆိုင်းမနေတော့ဘဲ ရုတ်တရက် ကာဘိုင်ထိုးချိန်ပြီး ငန်းမြွေကြီး၏ဦးခေါင်းကို ပစ်ချလိုက်၏။

"ဒိုင်း ..."

ယမ်းငွေ့များ ထောင်းခနဲထသွားသကဲ့သို့ ငန်းမြွေကြီးသည် လိမ့်ထွက်သွားကာ ငြိမ်သက်သွားလေတော့သည်။ ထို့နောက် ငန်းမြွေ

www.burmeseclassic.com



ကြီးကို နွယ်ကြိုးရှာပြီး ချည်နှောင်ကာ စခန်းသို့ ပြန်လာခဲ့ကြ၏။

ကျွန်တော်တို့အား ထိုဒေသမှ လူများက ပြောပြသည်မှာ ကြပ်
တီးလိုက်ခေါင်းများအတွင်း မြွေဆိုးများ ရာနှင့်ချီ၍ နေထိုင်ကြသဖြင့်
ထိုနေရာသို့ရောက်သွားသော တောတွင်းတိရစ္ဆာန်များနှင့် နွား၊ ဆိတ်၊
ခွေးများ သေဆုံးကုန်ကြောင်းပင် ဖြစ်ပါသည်။

| ၂ |

❑

အလှန်ပူပြင်းပြီး ခြောက်သွေ့နေသော နွေရာသီဖြစ်သည့် ဇြို
လဆန်းရက်တစ်ရက်တွင် ကွမ်းစဲရွာမှ ဆလိုင်းချင်းလူမျိုး ဒေသခံမုဆိုး
ကြီးဆလိုင်းအောင်စံ ကျွန်တော်တို့စခန်းသို့ ရောက်လာလေသည်။ ကြို
တင်ချိန်းဆိုထားသောကြောင့် ကျွန်တော်နှင့် တပ်ကြပ်ကြီးထွန်းဖန်နန်
တို့လည်း အသင့်ပြင်ဆင်ထားသည်မို့ မုဆိုးကြီးဆလိုင်းအောင်စံရောက်
သည်နှင့် ကျွန်တော်နှင့် တပ်ကြပ်ကြီးထွန်းဖန်နန်တို့ သေနတ်ကိုကောက်
လွယ်ပြီး စခန်းတောင်ကုန်းနှင့် တစ်ကြောတည်းဖြစ်သော တောင်ကြော
အတိုင်း အမဲပစ်တောလည်ရန် ထွက်လာခဲ့ကြတော့၏။

ဝါသနာကို မစွန့်နိုင်၍သော ဤမျှပူပြင်းသောရာသီတွင် သွား
နိုင်ကြခြင်းဖြစ်ပါသည်။ မုဆိုးကြီးဆလိုင်းအောင်စံမှာ လိုင်စင်ဖြင့် ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခွင့်ရထားသော နှစ်လုံးပြူးသေနတ်ကို ထမ်း၍ အမဲသားကောင်ပေါသော လယ်ကျင်းတဲစုဘက်သို့ ရှေ့မှလမ်းပြရင်း ခပ်သုတ်သုတ်သွားနေပါသည်။

နေပွကျဲကျဲတွင် ကျွန်တော်၊ တပ်ကြပ်ကြီးထွန်းဖေနန်း၊ မုဆိုးကြီးဆလိုင်းအောင်စံတို့သည် တောင်ကြောလမ်းအတိုင်း ခြေကျင်ခရီးဖြင့်ထွက်ခဲ့ကြရာ ညနေငါးနာရီခန့်တွင် လယ်ကျင်းရှိ လယ်တဲစုကလေးအား လှမ်းမြင်ရ၏။ ရေခန်းခြောက်နေသော ချောင်းတစ်ခုကို ဖြတ်ကျော်နေစဉ်မှာပင် ချောင်းကမ်းဘေးတွင် တဲဆောက်နေသော ကိုဆာမိသည် တဲအတွင်းမှထွက်လာပြီး ...

"ဟော ... ဗိုလ်ကြီးတို့ပါလား။ အတော်ပဲ ...။ တဲထဲဝင်ပြီး နားရင်း ရေနွေးကြမ်းသောက်ပါဦး။ အမောပြေပေါ့ ဗိုလ်ကြီး"

ဖိတ်ခေါ်သဖြင့် မုဆိုးကြီးဆလိုင်းအောင်စံ၊ ကျွန်တော်နှင့်တပ်ကြပ်ကြီး ထွန်းဖေနန်းတို့ တဲထဲဝင်ထိုင်ကြရင်းက မုဆိုးကြီး ဆလိုင်းအောင်စံက ...

"ကိုဆာမိ ... ခင်ဗျား ဗိုလ်ကြီးတို့ကို ရေနွေးကြမ်းသောက်ဖိတ်တာ ဘာအမြည်းရှိလို့လဲ"

"ဗိုလ်ကြီးက စား၊ မစားတော့ မသိဘူး။ ခင်ဗျားကတော့ အကြိုက်ဖြစ်မှာပဲ။ နေ့လယ်က ဓားလည်သွားတာ လိပ်နှစ်လုံးရတယ်။ ကျုပ်နဲ့ ကျုပ်သားတင်ဝင်းက တစ်လုံး၊ ထွန်းအောင်နဲ့ခွေးနီတို့က တစ်လုံး ဝေပုံရလို့ ချက်ထားတယ်။ ကြီးတယ်ဗျ ...။ တစ်ပိဿာကျော်တယ် ဆလိုင်းကြီး ..."

ပြောပြီး သူ၏မိန်းမအား လှမ်း၍ ...

"ဟေ့ ... မိပုရေ။ လိပ်သားဟင်းတစ်ပန်းကန် ခပ်ခဲ့ပါဟ"





ကျွန်တော်တို့လူစု ရေနွေးကြမ်းထိုင်သောက်နေစဉ် ကိုထွန်းအောင်နှင့် ကိုခွေးနီတို့သည်၊ ရောက်လာကြ၏။

"ကို ... ကို ... ဆာ ... ဆာမိ။ ဟို ... ဟို ... ဗိုလ် ဗိုလ်ကြီးတို့"

"ဟေ့ကောင် ... မင်းအသာနေစမ်း။ ဗိုလ်ကြီးတို့မောလာတယ်။ မင်းစကားထစ်နေတာနဲ့ ငါပါ မောလာတယ်။ ဗိုလ်ကြီးကို ငါပဲ ပြောပြလိုက်မယ်။ မင်းပြောရင် ဒီနေ့ည ပြီးမှာမဟုတ်ဘူး"

ကိုဆာမိက စကားပြောလျှင် ထစ်နေသော ကိုထွန်းအောင်အား ပြောလိုက်သဖြင့် ကျွန်တော်က ကိုဆာမိဘက်သို့လှည့်ပြီး ...

"ခင်ဗျားကလည်းဗျာ ... သူ့ခမျာ ပြောချင်လို့ပြောနေတုန်းတန်းလန်းကို။ ဘာအကြောင်းများလဲ ... ဆိုစမ်းပါဦး"

ကျွန်တော်ကမေးလိုက်ရာ ကိုဆာမိသည် လက်ဖက်ရည်ကြမ်းအိုးမှ ပန်းကန်သို့ငှဲ့ထည့်ရင်း ...

"ဒီလိုပါဗိုလ်ကြီး ... ဒီနေ့မနက် (၁၀) နာရီလောက် ထမင်းစားသောက်ပြီး ကျွန်တော်ရယ်၊ ကျွန်တော့်သားတင်ဝင်းရယ်၊ ထွန်းအောင်၊ ခွေးနီတို့နဲ့ ဖွတ်လည်ရှာရင်း၊ ဒေါင်းပစ်ရင်းပေါ့။ ကျွန်တော်က ဒူးလေးတစ်လက်၊ ထွန်းအောင်က ဒူးလေးတစ်လက်နဲ့ ခွေးသုံးကောင်၊ ချင်းရွာသွားတဲ့လမ်းအတိုင်းသွားပြီး ငန်းမြောင်ရောက်တော့ မြောင်အဖျားဘက်ကို သွားကြတယ်။ ရည်ရွယ်တာကတော့ နေ့ခင်းမှာ ဖွတ်တွေရေသောက်ဆင်းရင် ခွေးနဲ့တွေ့မယ်။ နောက်ပြီး မြောင်အဖျားရောက်ရင် တောင်ကြောပေါ်တက်ပြီး အင်တိုင်းတောမှာ ဒေါင်းတွေ့လိုတွေ့ငြားပေါ့ဗျာ။ အဲဒီလိုသွားရင်းနဲ့ ရင်ငန်းမြောင်ထဲမှာ လိပ်နှစ်လုံးရတယ်။ မြောင်အဖျားရောက်တော့ နေစောင်းစပြုနေပါပြီ။ ဒါနဲ့ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့ တောင်ကြောပေါ်တက်ပြီး ရွာဘက် အပြန်ကြောလမ်းအတိုင်း ခေါင်းရှာရှင်း ပြန်လာကြတယ်။

ညနေနစ်နာရီလောက်မှာ ကျွန်တော်တို့ရှေ့က သွားနေတဲ့ခွေးတွေ ဟောင်သံ၊ အစ်သံ ကြားရတာပဲ။ အဲဒီတော့ ကျွန်တော်တို့လေးယောက် ခွေးတွေတော့ ခေါင်းနဲ့တိုးပြီဆိုပြီး ခွေးဟောင်သံဆီကို မှန်းပြီး ပြေးလိုက်သွားကြတာပေါ့ဗျာ။ ကျွန်တော့်ဦးလေးက ကျွန်တော့်သားတင်ဝင်းကိုပေးထားတော့ ကျွန်တော်နဲ့ခွေးနီ ရှေ့ဆုံးကရောက်နေတာပေါ့။ တောင်ကြောရဲ့ညာဘက်စောင်းမှာ ခွေးတွေက ဟောင်နေတယ်။ တောမီးလောင်ထားတာကလည်း ရှင်းနေတာပဲ။ အဲ . . . ခပ်လှမ်းလှမ်းက မြင်နေရတာကတော့ ကားတာယာပုံကြီးလို့ ကျွန်တော်ထင်လိုက်မိတယ်။ ကျွန်တော့်စိတ်ထဲမှာလည်း သစ်ထုတ်ရေးကကားတွေ သစ်လုံးတွေတိုက်နေတော့ ကားတာယာထားခဲ့တာပဲလို့ ထင်လိုက်မိတယ်။

အဲဒီအချိန်မှာပဲ ကျွန်တော့်ခွေးကြီးအော်သံကြားရပြီး ကျွန်တော်လည်း အတောင်နစ်ဆယ်လောက် အနီးကပ်ရောက်မှ ကြည့်လိုက်တော့ မြွေကြီးတစ်ကောင်ဟာ ကျွန်တော့်ခွေးကြီးကို မြုပ်နေအောင် ပတ်ထားပြီး ဖြစ်နေတယ်။ ခွေးက အသံမထွက်တော့ဘူး။ ကျန်တဲ့ခွေးနစ်ကောင်ကလည်း ကျွန်တော့်ဆီပြေးလာပြီး လူနားက ထပ်ဟောင်နေတယ်၊ အဲဒီတော့မှ ကျွန်တော်လ ည်း ခွေးကိုကယ်ဖို့သတိရပြီး ကျွန်တော့်လက်ထဲကဓားနဲ့ နီးရာသစ်ပင်လေးတစ်ပင်ကိုခုတ်ပြီး တုတ်လုပ်ပစ်ရအောင် စိတ်ကူးပြီး တုတ်ခုတ်နေတုန်းမှာ မြွေကြီးဟာ ကျွန်တော်တို့ဘက်ကို ခေါင်းထောင်လာပြီး ခွေးကိုပတ်ထားတဲ့အပတ်ကို ဖြည်နေတယ်လေ၊ အဲဒီအချိန်မှာ ကျွန်တော်တို့လေးယောက် ပေါင်းမိပြီး ကျွန်တော်လည်း မြွေကြီးထိုးပြီး လိုက်လာတာလည်းမြင်ရော 'မြွေကြီး





လိုက်လာပြီ။ ပြေးကြ . . . ပြေးကြ' လို့အော်ပြီး ဦးတည်ရာ ပြေးတော့တာပဲ။ ကျန်တဲ့လူတွေလည်း မြွေကြီးလိုက်တာတွေ့ရတော့ သူတို့လည်း ပြေးကြတာပေါ့။

ပြေးတာကတော့ဗျို့ . . .။ တစ်ယောက်တကွဲစီပဲ။ ဘယ်လိုပြေးကြသလဲတော့ မသိဘူး။ တော်တော်လေးရောက်မှ တစ်ယောက်နဲ့တစ်ယောက် ဝူးသံပေးပြီး လူပြန်စုတော့မှ ခွေးနီတစ်ယောက် ပုဆိုးပြန်ပါမလာတော့ဘူး။ အကျီအောက်စကိုဆွဲစုပြီး လက်ဝါးအုပ်လို့ ကုန်းကွကွနဲ့၊ သူပြောတော့ ပြေးရင်း သတိရလို့ မြွေလိုက်ရင် ကိုယ့်နဲ့ပါလာတဲ့ ပစ္စည်းတစ်ခုခုချထားခဲ့ရင် ကိုယ့်ကိုမဲပြီး မလိုက်တော့ဘူး။ ပစ္စည်းကိုပဲ မဲနေတယ်ဆိုတာကြားဖူးလို့ ပုဆိုးကို မ,ပြီးအချွတ်မှာ နွယ်ရစ်ပင်နဲ့ငြိတာနဲ့ ထားခဲ့တယ်လို့ဆိုတာပဲ . . . မိုလ်ကြီး။ ဒါနဲ့ ခွေးနီက ကျွန်တော့်သားကို အတွင်းခံဘောင်းဘီပါရင် မင်းပုဆိုးချွတ်ပေးဦး။ ဒီအတိုင်းပြန်ရင်တော့ ခွေးတစ်စီနဲ့ နေတော့မှာပဲကွာတဲ့ . . .။

မိုလ်ကြီးနဲ့ ဆလိုင်းရေ . . . ကျွန်တော်တို့လူစု ဖြစ်ပုံကတော့ ရယ်ရမလို၊ ငိုရမလိုပဲ။ ဒါနဲ့ မိုလ်ကြီးကို ပြောဦးမယ်။ ကျွန်တော့်ခွေးကြီးတော့ အခုလောက်ဆိုရင် မြွေကြီးစားသောက်ပြီးလောက်ရောပေါ့။ ဒီခွေးဟာ ဆင်ပိုင်းကခွေးဗျ။ ဆတ်နဲ့ဝက်ကိုတောင် ရအောင်လိုက်တဲ့ခွေးဗျ။ ဆင်သမားတွေ နောက်တစ်နွေ ဆင်ကျောင်းစခန်းပြန်ဝင်လာမှ ပြန်ပေးရမှာ။ ကျွန်တော်တောလည်ဖို့နဲ့ ကျွန်တော့်ခွေးလေးနစ်ကောင်ကိုလည်း အမဲလိုက်သင်ရင်း ငှားထားတာ မိုလ်ကြီး။ ခုတော့ သေပြီပေါ့ဗျာ။

အဲဒါပဲ မိုလ်ကြီး။ ကျွန်တော်တို့လည်း ရွာကိုပြန်လာပြီး ဝေပုံကျရတဲ့လိပ်ကို ချက်နေတုန်း မိုလ်ကြီးတို့၊ ဆလိုင်းတို့ ရောက်လာတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို အကူအညီပေးပါ ဗိုလ်ကြီးရယ်။ ကျွန်တော့်ရွာကို သတ်မျိုတဲ့မြွေကြီးကို ကလဲ့စားပြန်ချေချင်တယ်။ ကျွန်တော်တို့ဆီမှာရှိတာက ဒူးလေးနဲ့ဓားပဲရှိတော့ သတ္တဝါနဲ့လက်နက်ကမမျှဘူး။ ဒါကြောင့် ဗိုလ်ကြီးနဲ့ဆလိုင်းတို့ရောက်လာတာ အတော်ပဲဆိုပြီး ဝမ်းသာနေတာပါ။ ဗိုလ်ကြီး ဘယ်လိုသဘောရသလဲ။ မနက်ဖြန် ကျွန်တော်တို့လိုက်ပြပါ့မယ်"

ကျွန်တော်သည် ခေတ္တစဉ်းစားပြီးနောက် ...

"ခင်ဗျားတို့မြွေက ဘာမြွေလဲ။ ဘယ်လောက်ကြီးသလဲ"

ထိုအခါ ကိုဆာမိက ...

"ကျွန်တော့်အမြင် ပြောရရင်တော့ လေးထွာဆိုင်ထက် မငယ်ဘူးထင်တယ်။ စပြီးမြင်မြင်ချင်း ထိတ်လန့်မှုန်ထူနေတော့ ငန်းကြီးလား၊ စပါးကြီးလားဆိုတာတော့ မခွဲခြားနိုင်ခဲ့ဘူး ဗိုလ်ကြီး"

"ကဲ ... ဒါဖြင့် ဒီလိုလုပ်၊ ကျွန်တော် ဒီမှာသုံးလေးရက်လောက် အမဲပစ်တောလည်ဦးမှာပဲ။ မနက်ဖြန် နံနက်စာစားပြီး ခုနစ်နာရီလောက် ထွက်ကြတာပေါ့ဗျာ။ ခင်ဗျားမြွေကြီးဟာ ရွာတစ်ကောင်မျိုထားပြီးပြီဆိုတော့ ဖိမ်နဲ့မှိန်းနေဦးမှာပါ။ ကျွန်တော်တို့ရောက်မှပဲ အခြေအနေကြည့်ပြီး စီစဉ်ကြတာပေါ့။ ကဲ ... အခုတော့ ညစာအတွက် ဆရာထွန်းဖန်နန်နဲ့ ဆလိုင်းကြီးက အိပ်တန်းတက်မယ့် ဒေါင်းတို့၊ ရစ်တို့ သွားချောင်းကြဗျာ"

ကျွန်တော့်စကားအဆုံးတွင် တပ်ကြပ်ကြီးထွန်းဖန်နန်နှင့် မုဆိုးကြီးဆလိုင်းအောင်စံတို့ သေနတ်ကိုယ်စီဆွဲ၍ တဲအနောက်ဘက် တောအတွင်းသို့ ဝင်သွားကြလေတော့သည်။

❖ ❖ ❖

| ၃ |

❑

လယ်ကျင်းတဲစု၏ အနောက်မြောက်ဘက်သို့ တစ်နာရီကျော်ကျော်လျှောက်ပြီး တောင်ကြောပေါ်တက်လိုက်၏။ တောင်ကြောလမ်းအတိုင်း နာရီဝက်ခန့်လျှောက်လာပြီးနောက် ကိုရွှေးနီ၏ပုဆိုးကို ဆူးချုံပေါ်ငြိပြီး တင်နေသည်ကိုတွေ့ရလိုက်၍ နီးပြီဟုသိလိုက်ရသဖြင့် ကိုဆာမိတို့လူစုကို ဒီနေရာမှာတင် ထိုင်စောင့်နေကြရန် လက်နှင့်အချက်ပြလိုက်ပြီးနောက် ကျွန်တော်၊ မုဆိုးကြီးဆလိုင်းအောင်စံ၊ တပ်ကြပ်ကြီးထွန်းဖန်နန်တို့ အစဉ်အတိုင်း ခြေသံတိတ်တိတ်ဖြင့် တဖြည်းဖြည်းတိုးသွားရာ မကြာမီ တစ်ဖက်ဆင်ခြေလျှောရှိ ဝါးရုံနှစ်ရုံကြား ချုံပုတ်တစ်ခုအောက်တွင် အမြီးပိုင်းတစ်ဝက်ခွေပြီး ခေါင်းပိုင်းကြီးမှာ စန့်စန့်ကြီးနှင့် ငြိမ်ပြီး မလှုပ်မယှက်နေသောမြွေကြီးကို တွေ့လိုက်ရ၏။

မြွေကြီးမှာ စပါးကြီးမြွေတစ်ကောင်ဖြစ်ပြီး ဝမ်းဗိုက်မှာ ပူဖောင်းနေသဖြင့် ကိုဆာမိ၏ရွှေးကြီးအား မျိုထားသည်မှာ သေချာနေ၏။ ကျွန်တော့်မှာ စစ်ဆင်ရေးသွားလေရာ နေရာဒေသတိုင်း၌ အသေခံ



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးများနှင့် ပူးပေါင်း၍ တောတောင်အနှံ့အပြားတွင် အမဲပစ်မုဆိုးတစ်ပိုင်းသွားလာခဲ့ပြီး မြွေအမျိုးမျိုးတွေ့ခဲ့ဖူးသော်လည်း ဤမျှကြီးမားရှည်လျားသော မြွေကြီးမျိုးကို မတွေ့ဖူးသဖြင့် အံ့သြနေမိ၏။ ကိုဘာမိတို့လူစု ထွက်ပြေးရသည်ဆိုသည်မှာ အဆိုးမဆိုသာချေ။ လူကိုပတ်မိပါကလည်း လူကိုမျိုမည်မှာ အမှန်ပင်ဖြစ်၏။

ကျွန်တော်သည် မုဆိုးကြီးဆလိုင်းအောင်စံနှင့် တပ်ကြပ်ကြီးထွန်းဖန်နန်တို့အား အချက်ပြလိုက်ပြီး ကာဘိုင်သေနတ် မောင်းထိန်းခလုတ်ကို ဖွင့်လိုက်၏။ သုံးယောက်သား အသင့်အနေအထားဖြင့် သေနတ်ကိုယ်စီဖြင့် ဝါးရုံတစ်ရုံခြားစီ အကာအကွယ်ယူ၍ ခြေသံမကြားအောင် တဖြည်းဖြည်းကပ်ပြီး မြွေကြီးနှင့်ဆယ်ကိုက်အကွာခန့်လောက်တွင် ရပ်လိုက်ကြပြီးနောက် ကျွန်တော်က လည်ပင်းဖော်မိုးနေရာကို ကာဘိုင်နှင့် အသေအချာချိန်ပြီး သေနတ်မောင်းခလုတ်ဖြုတ်လိုက်ရာ ပဲ့တင်သံဖြင့် တစ်တောလုံးညံသွား၏။ သေနတ်သံတစ်ချက်ထွက်ပေါ်လာသည်နှင့်တစ်ပြိုင်နက် အမြီးဖျားဘက်တွင် ဟိုယမ်း၊ သည်ရိုက်ဖြင့် ဝုန်းဒိုင်းကြဲယမ်းခါပတ်ရိုက်သဖြင့် ခြေကျင်းဝတ်ခန့်ရှိသော ကျွန်းပင်၊ အင်ပင်ငယ်များ ပြတ်သတ်ကျိုးထွက်ကုန်တော့၏။ ဦးခေါင်းမှာ နှုတ်ခမ်းနှင့်ထိသမျှ မြင်ရာရာ အရမ်းလျှောက်ကိုက်ခဲလေတော့၏။ တဖွီးဖွီးအသံလည်း ဆူညံစွာထွက်နေ၏။

ကျွန်တော်သည် နောက်သို့အသာဆုတ်ပြီး မုဆိုးကြီးဆလိုင်းအောင်စံနှင့် တပ်ကြပ်ကြီးထွန်းဖန်နန်တို့အား ခေါင်းတစ်ချက်ဆတ်ပြလိုက်၏။ ငါးမိနစ်ခန့်ကြာသော်လည်း မြွေကြီးသည် မသေသေးဘဲ နာမှုတ်သံ တဖွီးဖွီးနှင့်အော်နေပြီး အမြီးမှာ လှုပ်ယမ်းနေသေးသဖြင့် တပ်ကြပ်ကြီးထွန်းဖန်နန်အား ပွဲသိမ်းကျည်ပစ်ခတ်ရန် ထပ်မံအချက်ပြလိုက်သဖြင့်





တပ်ကြပ်ကြီးထွန်းဖန်နန်သည် ဂျီ-၃ ရိုင်ဖယ်ဖြင့် အလယ်ပိုင်းရှိ ခါးဆစ်အား ပစ်ချိုးလိုက်လေတော့သည်။ ဒုတိယ ဂျီ-၃ ရိုင်ဖယ်သံ ဟိန်းထွက်ပြီးသည်နှင့် ...

"ဗိုလ်ကြီး ... ဗိုလ်ကြီး ... ဆရာထွန်းဖန်နန် ... ဟိုမှာ တစ်ကောင်လာနေပြန်ပြီ။ မြန်မြန်နောက်ဆုတ်လိုက်"

မုဆိုးကြီးဆလိုင်းအောင်စံသည် သူ၏နှစ်လုံးပြူးကို ထိုးချိန်လိုက်သည်ကို ကျွန်တော်မြင်လိုက်သဖြင့် လှမ်းကြည့်လိုက်ရာ တောင်ကမ်းပါးယံအတိုင်း တရွေ့ရွေ့လာနေသော စပါးကြီးမြွေကြီးတစ်ကောင်ကို ထပ်မံတွေ့ရပြန်ပါသည်။ မုဆိုးကြီးဆလိုင်းအောင်စံက ကျွန်တော့်ကိုကြည့်နေသဖြင့် ကျွန်တော်က ခေါင်းညိတ်ပြလိုက်သဖြင့် မုဆိုးကြီးဆလိုင်းအောင်စံသည် သူ၏နှစ်လုံးပြူးသေနတ်ဖြင့် လာနေသောမြွေကြီးအား အသေအချာချိန်ထားလေ၏။ ရှင်းလင်းနေသော မီးလောင်ပြင်တွင် ကိုက်ငါးဆယ်လောက်မှ လှမ်းမြင်နေရသော မြွေကြီးသည် ဆယ်ကိုက်အကွာခန့်လောက်အရောက်တွင် မုဆိုးကြီးဆလိုင်းအောင်စံသည် ဦးခေါင်းနှင့် လည်တိုင်တစ်ပိုက်ကိုချိန်ပြီး မောင်းခလုတ်ဖြုတ်လိုက်သည်ကို တွေ့လိုက်ရ၏။

မြွေကြီးသည် အနိမ့်ပိုင်းဘက်သို့ ဦးခေါင်းလှည့်ဆင်းပြီး တွန့်လိမ်၍ အမြီးပိုင်းမှာ ဟိုယမ်း၊ သည်ရိုက်ဖြင့် ချုံနွယ်များနှင့် သစ်ပင်ငယ်များ ကျိုးကြေသွားတော့၏။ မုဆိုးကြီးဆလိုင်းအောင်စံသည် မြွေကြီးလိမ့်ဆင်းသွားသော အနိမ့်ပိုင်းဆီသို့ လိုက်ဆင်းသွားပြီး ကျန်သော သူ၏ ကိုးလုံးကျည်တစ်တောင့်ဖြင့် လုံးထွေးနေသော ခါးလယ်ပိုင်းကို ထပ်မံပစ်လိုက်သည်ကို တွေ့ရ၏။

မုဆိုးကြီးဆလိုင်းအောင်စံသည် ကျွန်တော်နှင့် တပ်ကြပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထွန်ဖန်နန်တို့ရှိရာ ပြန်တက်လာရင်း သေနတ်ပြောင်းထဲသို့ ကျည်နှစ်တောင့်ထည့်နေ၏။ မှဆိုးကြီးဆလိုင်းအောင်စံ ကျွန်တော်တို့အနားသို့ ရောက်သည်နှင့် နောက်ကျန်နေသော ကိုဆာမိတို့အဖွဲ့ လူစုံစုမိနေပြီဖြစ်၏။ ‐မြွေကြီးနှစ်ကောင်မှာလည်း ငြိမ်သွားပြီဖြစ်ပါသည်။

"သေနတ်သံလေးချက်ကြားလို့ ကျွန်တော်တို့လည်း မနေနိုင်တော့ဘူး။ ဒါကြောင့် ကျွန်တော်တို့ ဗိုလ်ကြီးတို့မခေါ်ဘဲ တက်လိုက်လာကြတာပဲ"

ကိုဆာမိက ဦးအောင်ပြောလိုက်ရာ ...

"ဟော့ ... တစ်ကောင်တည်းမှ မဟုတ်ဘဲကွ။ နှစ်ကောင်ဖြစ်နေတယ်။ ငါတော့ အံ့ရောပဲ"

မှဆိုးကြီးဆလိုင်းအောင်စံက ပြောလိုက်၏။

နောက်ကျန်အဖွဲ့အားလုံးက ...

"ဟင် ... နှစ်ကောင်တောင်လား ဆလိုင်းကြီး"

ကျွန်တော်က ...

"ကဲ ... ကျွန်တော်တို့အလုပ်တော့ ပြီးပြီ။ ခင်ဗျားတို့အလုပ်ပဲ ကျန်တော့တယ်။ ပထမအကောင်ဟာ အမ။ ဒုတိယအကောင်က အထီးနဲ့တူတယ်။ နည်းနည်းငယ်တယ်ထင်တယ်။ ကဲ ... ကိုဆာမိ လုံးပတ်တိုင်း ကြည့်စမ်းဗျာ"

ကိုဆာမိသည် နီးရာနွယ်ပင်တစ်ပင်ကို ဖြတ်ယူပြီး မြွေ၏ ခါးလယ်လုံးပတ်ကို တိုင်းကြည့်ရာ ဒုတိယကောင်သည် လေးလက်မခန့်ငယ်သည်ကို တွေ့ရသဖြင့် ကိုဆာမိက ...

"ဟုတ်တယ် ... ဗိုလ်ကြီး၊ ဒုတိယအကောင်က နည်းနည်းငယ်တယ်။ ပထမအကောင်ရဲ့ အတိုင်းအထွာက ဒါပဲဗိုလ်ကြီး"

စိတ်ကူးသစ်စာပေ



"လုံးပတ် ဘယ်နှပေ၊ ဘယ်နှလက်မလဲ ကိုဆာမိ"

"ဟာ ... ဗိုလ်ကြီးကလည်း၊ တောထဲမှာပေတံမှမရှိဘဲ။ ရွာရောက်မှပဲ ကျွန်တော် သစ်ထုတ်ရေးက ပေကြိုးအပြတ်နှစ်လံလောက် ယူထားတာရှိတယ်။ အဲဒါနဲ့ တိုင်းရမှာပဲ"

"ခင်ဗျားတိုင်းထားတဲ့ နွယ်ကြိုးအရှည်ကို အကြမ်းအားဖြင့် တိုင်းလို့ရပါတယ်။ ကျွန်တော့်ကာဘိုင်ပြောင်းက ၂၂ လက်မရှိတယ်။ ဆလိုင်းကြီးရဲ့နှစ်လုံးပြူးက လက်မ ၃၀ ရှိတယ်။ ဆလိုင်းကြီးနှစ်လုံးပြူးပြောင်းနဲ့တိုင်းရင် ရပါတယ်ကိုဆာမိ"

ပြောပြောဆိုဆိုပင် ဆလိုင်းကြီး၏ နှစ်လုံးပြူးသေနတ်ပြောင်းနှင့် နွယ်ကြိုးကိုတိုင်းကြည့်ရာ ပထမမြွေကြီးသည် လက်မ ၃၀ ကျော်ခန့်ရှိပြီး ဒုတိယမြွေကြီးသည် ၂၈ လက်မခန့်ရှိသည်ကို တွေ့ရလေသည်။

"ကဲ ... ကျွန်တော်တို့သုံးယောက် ဆက်သွားမယ်။ ခင်ဗျားတို့လူစု ဒီမြွေကြီးတွေရဲ့ အရေခွံခွာရင် မပေါက်မပြဲစေနဲ့။ ကျွန်တော်ကတော့ အရေခွံနဲ့သည်းခြေပဲယူမယ်။ ကျန်တာတော့ ခင်ဗျားတို့သဘောကျသလိုလုပ်ပါ။ ကဲ ... သွားကြရအောင်"

ကျွန်တော်က ပြောပြောဆိုဆို ကာဘိုင်သေနတ်ကို ပခုံးပေါ်တင်၍ ထွက်သွားရာ ကိုဆာမိက ...

"ဗိုလ်ကြီး ... ကျွန်တော်တို့ ဒီနေရာကပဲ စောင့်နေရမှာလား"

"မစောင့်နဲ့။ ခင်ဗျားတို့ ကိစ္စပြီးရင် ပြန်ကြပါ။ ကျွန်တော်တို့ သားကောင်ခြေရာခံကြည့်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com

| ၄ |

❑

နံနက်ခင်းမြောက်ပြန်လေက မျက်နှာသို့ ခပ်ကြမ်းကြမ်းကလေး ပွေ့ဖက်ထိတွေ့လာလေ၏။ တောင်မြောက်ဘေးရှိ ဝါးရုံပင်များအကြားရှိ ပညောင်ပင်က တရှဲရှဲအော်သံပေး၍ ရွက်ဟောင်းတို့ကို စွန့်ခွာစေ၏။

နမ့်စကျင့်ရွှေတွင်းတောင်ချောင်းဘေးသို့ ရောက်သောအခါ ရွှေကဲ့သို့ ကျင်ယူရန်မလိုဘဲ အတုံးအခဲလိုက် ရွှေဝါရောင်တောက်သည့် ဓာတ်သတ္တုတစ်မျိုးကို တွေ့ရလေသည်။ တောင်ကြောမှ ချောင်းကို ဖြတ်ဆင်းပြီး တစ်ဖန် တောင်ကုန်းကိုတက်မိလျှင် သစ်ထုတ်လုပ်ရေး လမ်းဟောင်းအတိုင်း ကျွန်တော်တို့သုံးယောက် အရှေ့မြောက်အရပ်သို့ ဦးတည်၍ သွက်သွက်လျှောက်လာကြ၏။ အစာစားနေသော ချေယ် တစ်ကောင်သည် ကျွန်တော်တို့ကိုမြင်သည်နှင့် အလန့်တကြားထွက်ပြေးကာ ဟောက်သံပေး၍ တောကိုလှုပ်နိုးလေသည်။ ထိုအခါ မျောက်





လွဲကျော်တစ်အုပ်ကလည်း အားကျမခံ ဆူညံစွာအော်ကြပြန်၏။ သစ်ပင်ထက်မှသစ်ရွက်များကို လက်နှစ်ဖက်ဖြင့်အုပ်ကာလျက် သူတို့အား အန္တရာယ်ပေး၊ မပေးချောင်းကြည့်နေကြ၏။

ဝါးရုံပါး၍ ကျွန်း၊ ကညင်နှင့် ပျဉ်းကတိုး၊ တမလန်းပင်လတ်များပေါက်ရောက်ရာ ကျောက်တောင်ဆင်ခြေလျှောအရောက်တွင် မုဆိုးကြီးဆလိုင်းအောင်စံက ...

"ဒီနေရာကို တိုက်ပိုင်ချော်လဲကုန်းလို့ ခေါ်တယ် ဗိုလ်ကြီး"

"ဘာဗျ ..."

"ဟိုးရှေးရှေးတုန်းကတော့ ပန်းထိမ်ကုန်းလို့ ခေါ်တာပေါ့လေ။ ကျောက်ပါးစပ်ရွှေတွင်းဟောင်းကို လာလေ့လာတဲ့ ပုလိပ်တိုက်ပိုင်ကြီးတစ်ယောက် ဒီကုန်းစောင်းမှာ ချော်လဲလို့ တိုက်ပိုင်ချော်လဲကုန်းလို့ တွင်သွားတာပါ"

ကျွန်တော်တို့သည် တောဝန်းကျင်ကို သတိထားလေ့လာကာ နက်သောချောင်းကုန်းအား ကျွန်းပင်ခြောက်သစ်လုံးပေါ်မှ ဖြတ်ခဲ့ကြ၏။

"ဖလပ် ... ဖလပ် .. ဖီး ... ဟီး ... ဝိုး ..."

ပန်းထိမ်ကုန်း၊ ကျောက်ပါးစပ်တောင်စောင်းတွင် ပေါက်နေသည့် ကညင်ပင်ထီးထီးကြီးဆီမှ လင်းယုန်မောင်နှံတို့သည် အသံစုံပေးကာ လေဟုန်စီး၍ ကျွန်တော်တို့သုံးယောက်၏ ညာဘက်ယွန်းယွန်းသို့ ပျံသွားသည်ကို တွေ့ရ၏။

တပ်ကြပ်ကြီးထွန်းဖန်နန်က လေသံဖြင့် ...

"ဘာကောင်မြင်လို့လဲမသိဘူး ဗိုလ်ကြီး။ အနည်းဆုံးတော့ မြွေလား၊ တောကြောင်လား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှဲ ...ရှဲ ...ရှဲ ...ဖြောင်း ...ဖြောင်း ..."

တောတိုးသံ ကြားလိုက်ရသည်။ လေးကိုင်သူဗွာန်ဝိုက်၌ သေနတ်သုံးလက် အသင့်ချိန်ထားလိုက်ကြသည်။

ချုံပုတ်၏ ညာအစွန်းမှ တောဝက်နစ်ကောင်က ဝက်ခေါင်းထိုး စွတ်ပြေးလာသည်။ ထိုအတူ ချုံပုတ်၏ဘယ်အစွန်းမှ မည်းပြာပြာ ဝက်ဝံပေါက်တစ်ကောင် လေးဘက်ထောက်ပြေးလာရာမှ မတ်တတ်ရပ်လျက် ချုံအကွယ်မှ နောက်ပြန်ငဲ့စောင်းအကြည့်တွင် ...

"ဒိုင်း ...ဒိုင်း ..."

"ဒိုင်း ...ဒိန်း ..."

ဂျီ-၃ ရိုင်ဖယ်သံ၊ ကာဘိုင်သေနတ်သံနှင့် နှစ်လုံးပြူးသေနတ်ပစ်သံတို့ ပြိုင်တူမြည်ဟိန်းသွားတော့၏။

တောဝက်ပေါက်နှစ်ကောင် တုံ့ခနဲလဲကျသွားသကဲ့သို့ ဝက်ဝံပေါက်လည်း သုံးလေးလှိမ့်မျှလှိမ့်ကာ ကျွမ်းပစ်လဲကျသွားလေတော့သည်။

မနီးမဝေးဆီမှလည်း ...

"ဂီး ...ဂဲ ..."

"ရှီး ...ဖြန်း ...ဖြန်း ..."

လင်းယုန်မောင်နှံတို့၏ သားကောင်သုတ်ဟန်။

သားကောင်၏ ကုတ်ကပ်ရှန်းကန်သံ၊ တောင်ပံဖြန့်သံတို့ဖြင့် ဆူညံနေတော့၏။

တောဝက်ပေါက်နှစ်ကောင်မှာ မလှုပ်မယှက်တော့။ တပ်ကြပ်ကြီး ထွန်းဇန်နန်၏ ဂျီ-၃ ရိုင်ဖယ်ကျည် ထိထားသည့် ဝက်ပေါက်နှစ်ကောင်။





ကျွန်တော်၏ ကာဘိုင်ကျည်ဆန်နှင့် မုဆိုးကြီးဆလိုင်းအောင်စံ၏ နှစ်လုံးပြူးကျည်ထိထားသော ဝက်ဝံပေါက်ကို ခဲနှင့်ထုကြည့်၏။ လှုပ်ရှားမှုမရှိ။ ပက်လက်လှန်လိုက်ကြ၏။ ကြာဖြူပွင့်ကဲ့သို့ ရင်ဘတ်အဖြူကွက်ပေါ်တွင် သွေးရောင်ဖုံးလွှမ်းသွားသည်။ နားထင်တွင် ကျွန်တော်၏ကာဘိုင်ကျည် ဖောက်ဝင်သွားရာကို တွေ့ရ၏။

"တို့ ကိုဆာမိဖြစ်ဖြစ်၊ ထွန်းအောင်ဖြစ်ဖြစ် တစ်ယောက်လောက်ခေါ်လာခဲ့ရင် အကောင်းသားကွာ။ သူတို့ကို ပြန်ခေါ်ဖို့ဆိုတာလည်း မလွယ်ဘူး။ ဒီတော့ တစ်ယောက်တစ်ကောင်စီ ထမ်းပြန်ကြတာပေါ့ကွာ။ သိပ်လေးမယ်မထင်ပါဘူး။ ဘယ့်နှယ်လဲ"

ကျွန်တော်က နီးရာကျွန်းမင်ငုတ်တွင် သေနတ်ထောက်ထိုင်ချရင်း ပြောလိုက်၏။

မုဆိုးကြီးဆလိုင်းအောင်စံနှင့် တပ်ကြပ်ကြီးထွန်းဇန်နန်တို့က နွယ်ကြိုးများရှာဖြတ်ပြီး ဝက်ပေါက်နှစ်ကောင်နှင့် ဝက်ဝံပေါက်ခြေလက်များကို တုပ်နှောင်နေကြလေသည်။

စောစောက လင်းယုန်နှစ်ကောင်၏ တောင်ပံခတ်သံ၊ မြွေ၏ ရုန်းကန်သံ၊ သေနတ်သံတို့ဖြင့် ဆူညံနေသည့်တောသည် ရုတ်ခြည်း တိတ်ဆိတ်ငြိမ်သက်သွားတော့၏။

သံသရာရစ်ဘီး၏ အလှည့်အပြောင်းကြောင့် သတ္တဝါသားကောင်တို့ ရစ်ပတ်နှောင်ဖွဲ့ကာ ဘဝပြောင်းကြရ၏။ ငှက်မုဆိုးနှင့် လူမုဆိုး ကျွန်တော်တို့မှာ သံသရာခရီးကို မညည်းသာအောင် လျှောက်ကြရပေလိမ့်ဦးမည်။ ။

အောင်ခင်မိုး

www.burmeseclassic.com

www.burmeseclassic.com



❑

"ဟိတ် ... နေမျိုး။ ငါဒီမှာ ..."

"ဟော ... ပွင့်ဖြူ။ နင် ငါ့ကို ဘာလို့မစောင့်တာလဲ။ ကျောင်းအပ်ဖို့ Form တွေကော ဖြည့်ပြီးပြီလား"

"အေး ... ဖြည့်ပြီးပြီ။ ငါ ဓာတ်ပုံပါမလာလို့ သွားရိုက်ရဦးမှာမို့ အရင်ထွက်လာခဲ့တာ။ ငါအမြန်သွားရိုက်လိုက်ဦးမယ်။ ဟိုကျောင်းပေါက်ဝမှာ ဓာတ်ပုံဆိုင်ရှိတယ်။ နင့်ရဲ့ Form ကိုဖြည့်ရင်း ငါ့ကိုစောင့်နေနော်"

ဟု ပြောပြောဆိုဆို ပွင့်ဖြူတစ်ယောက် ပုသိမ်တက္ကသိုလ် Main လမ်းမပေါ်သို့ လျှောက်သွားပါတော့တယ်။ လမ်းရောက်တော့ ပွင့်ဖြူလိုပဲ First Year ကျောင်းသူနှစ်ယောက် မယောင်မလည်နဲ့။

"အစ်မ ... ဘယ်နေရာမှာ ကျောင်းအပ်ရမှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျောင်းအပ်လက်ခံတာ ဟို Main ဆောင်မှာ ညီမလေးတို့ရဲ့။ ညီမတို့က ဘာ Major လဲ"

"ညီမတို့က Law ပါ မမ"

"ဟုတ်လား . . . အစ်မလည်း First Year Law ကို အပ်ရမှာ။ ဓာတ်ပုံပါမလာလို့ သွားရိုက်မလို့"

ထိုအခါတွင် စိန်းကလေးနှစ်ယောက်ထဲမှ တစ်ယောက်က . .

"ဟုတ်လား . . . အစ်မ။ ဓာတ်ပုံက ဘယ်နှပုံလိုတာလဲဟင်။ သဲနုရေ . . . ငါလည်း ဓာတ်ပုံပါမလာဘူး"

"ဒါဆို အစ်မနဲ့ တစ်ခါတည်းလိုက်ရိုက်ပါလား"

"ကောင်းတယ်အစ်မ။ လိုက်ခဲ့မယ်"

ဟု ပြောပြောဆိုဆို နှစ်ယောက်သား ပွင့်ဖြူနောက်သို့ လိုက်သွားကြလေသည်။ ဒီလိုနဲ့ ဟသာ်ာတသူ ပွင့်ဖြူဦးရယ်၊ မြောင်းမြသူချောချောလှလှလေး သဲနုထွေးနဲ့ ဝင့်ဝါလှိုင်တို့ရယ် တက္ကသိုလ်နယ်မြေကို ခြေချစမှာပင် ခင်မင်ရင်းနှီးခဲ့ကြပါတယ်။ ဓာတ်ပုံဆိုင်ရောက်တော့ ပွင့်ဖြူက ဓာတ်ပုံအရင်ရိုက်ပြီး ဓာတ်ပုံဆိုင်က သောက်ချရေးဖို့ ဝင့်ဝါဘက်ကိုလှည့်ပြီး ညီမနာမည်လေး ပြောပါဆိုတော့ ဝင့်ဝါက တစ်ဖန်ပွင့်ဖြူဘက်လှည့်ပြီး . . .

"ဟိတ် . . . ဟိတ် . . . နာမည် . . . နာမည် . . ."

လို့ ပြောလိုက်ပါတယ်။ ဒီတော့ ဓာတ်ပုံဆိုင်က ဓာတ်ပုံရိုက်တဲ့ကောင်လေးတွေက ရယ်ရင်းနဲ့ . . .

"ဟော . . . ကိုယ့်သူငယ်ချင်းရဲ့ နာမည်ကိုတောင် မေ့နေတယ်ထင်တယ်"

လို့ ဆိုလိုက်ပါတယ်။ ပွင့်ဖြူတို့ကတော့ ဘာမှပြန်မပြောဘဲ





ရယ်လျက် ဓာတ်ပုံဆိုင်မှ ထွက်လာခဲ့ကြပါတယ်။ တကယ်တော့ ပွင့်ဖြူတို့တစ်တွေ တစ်ဦးနဲ့တစ်ဦး Major ကိုသာ မေးမြန်းကြပြီး တက္ကသိုလ်ရဲ့သဘာဝအတိုင်း Major တူတာနဲ့ အမည်တောင်မသိသေးဘဲ တန်းပြီးခင်မင်ခဲ့ကြရသည်မဟုတ်ပါလား။ ဒီလိုနဲ့ တက္ကသိုလ်ရဲ့ ပထမဦးဆုံးနေ့သစ်မှာ ရယ်စရာ၊ ပြုံးစရာ၊ ကြည်နူးစရာလေးတွေနဲ့ တွေ့ခဲ့ကြရသည်ပေါ့။ ပြီးတော့မှ သုံးယောက်သား ရယ်မောရင်း . . .

"ပြောပါဦး ညီမနာမည်လေး"

"ညီမနာမည်က ဝင့်ဝါလှိုင်ပါ။ မြောင်းမြက . . .။ သူငယ်ချင်းတွေကတော့ ဝါဝါလို့ပဲ ခေါ်ကြတယ်။ သူ့နာမည်က သဲနုထွေးလို့ခေါ်တယ်။ ဝါတို့ကတော့ သဲနုလို့ပဲ ခေါ်ကြတယ်လေ"

"သြော် . . . ဟုတ်လား။ မြောင်းမြသူတွေပေါ့"

"ဟုတ်တယ် . . . အစ်မ၊ အစ်မကကော . . ."

"အစ်မက ဟသာ်ာတကပါ။ နာမည်ကတော့ ပွင့်ဖြူဦးလို့ ခေါ်ပါတယ်။ သူငယ်ချင်းတွေက ပွင့်ဖြူလို့ ခေါ်တယ်လေ"

"အစ်မနာမည်က ချစ်စရာလေးနော်။ ဝါတို့လည်း ပွင့်ဖြူလို့ပဲ ခေါ်မယ်နော်"

"ကောင်းတယ် . . . ဝါ . . . ကောင်းတယ်၊ ဒါနဲ့ ဝါဝါရေ . . အမြန်သွားကြစို့။ ဟိုမှာ ပွင့်ဖြူသူငယ်ချင်းနေမျိုးလည်း စောင့်နေတယ်။ သူကလည်း Law ပဲလေ။ ပွင့်ဖြူတို့မြို့ကပဲ။ ငယ်သူငယ်ချင်းတွေပေါ့"

ဒီလိုနဲ့ နေမျိုးအပါအဝင် သူငယ်ချင်းလေးယောက်သား လိုအပ် သောစာရွက်စာတမ်းတွေဖြည့်ပြီး ပွင့်ဖြူနဲ့ဝင့်ဝါတို့ ဓာတ်ပုံမပါသေးသောကြောင့် နောက်တစ်နေ့မှ အားလုံး အတူကျောင်းအပ်ရန် သဘောတူလိုက်ကြပါတယ်။ ဒါကြောင့်မို့ အဲဒီနေ့အတွက် စိတ်အေးလက်



www.burmeseclassic.com

www.burmeseclassic.com



အေးနဲ့ Main ဆောင်အပြင်ဘက်ကို လျှောက်လာကြပါတယ်။ လမ်းလျှောက်ရင်း အရင်ဆုံး သဲနုက ...

"ဝါဝါရေ ... ဒီမှာကြည့်စမ်း။ စိန်ပန်းတွေ လမ်းပေါ်မှာ ပြန့်ကြဲနေတာ။ ဒါ ... ပန်းခင်းတဲ့လမ်းပေါ့"

လို့ ပြောလိုက်တော့ နေမျိုးက ...

"အင်း ... ပန်းခင်းလမ်းတော့ ပန်းခင်းလမ်းပေါ့ကွာ။ ကျောင်းဖွင့်တဲ့ရာသီဆိုရင်လည်း စိန်ပန်းတွေ မြေမှာပြန့်ကြဲနေတာ သဘာဝပါ။ မေဆွိသီချင်းလေးကိုကော ကြားဖူးကြလား။

စိန်ပန်းကြွေတိုင်း xxx မျက်ရည်ဝိုင်း xxx ရေလှိုင်းတွေ xxx
ဘောင်ဘင်ခတ်ပြီလေ xxx"

လို့ ခပ်ဆွေးဆွေးလေးဆိုပြလိုက်ပါတယ်။ ဒီတော့ ပွင့်ဖြူက..

"ကြားဖူးတယ်လေ ...။

အမိတက္ကသိုလ် xxx ရောက်ခဲ့ကြရင် xxx ရင်ခုန်စရာ xxx
ရင်မှာလွမ်းစရာ xxx အသည်းလေးတွေ xxx ပန်းခင်းလမ်းမှာကြွေကြ
ဖဏ္ဏာရီလေးများ xxx ရှိခဲ့ပေ xxx"

လို့ ဆက်ပြီးဆိုပြလိုက်ပါတယ်။ ဒီအခါမှာတော့ ဝင့်ဝါက..

"ဝါလည်း ဆိုတတ်ပါတယ်။

မိစိန်ပန်း xxx နှင် xxx ငါ့ သည်းပန်း xxx လမ်းလှိုင်းဆွဲပေ
ကုံ့ကော်ရိပ်မှာ xxx ကြင်စဦးတို့ xxx ရယ်မောဟားတိုက်နေ xxx
စိန်ပန်းတို့ရေ xxx မင်းတို့ဘဝက xxx ပန်းချင်းတူသော်လည်း xxx
လူ့တာကာနင်းဖို့ xxx ပွင့်ဝေရသလား xxx တစ်ဆင့်ကြွေရသလားလေ"

လို့ ဆက်ပြီးဆိုပြလိုက်ပါတယ်။ ဒီတော့ နေမျိုးက ...

"ဝါဝါ့အသံ ထကယ်ကောင်းပါလား။ ဆွေးစရာလေးပဲနော်"

စိတ်ကူးသစ်စာပေ



လို့ ပြောလိုက်ပါတယ်။ ပွင့်ဖြူကတော့..

"ပုသိမ်တက္ကသိုလ်ကြီးက သိပ်လှတာပဲနော်။ စိန်ပန်းတွေပွင့်ရုံတင် မကဘူး။ ငုဝါပန်းတွေကလည်း ဝင်းထိန်နေတာပဲ။ ရဲရဲတောက်တဲ့ စိန်ပန်းတွေရယ်၊ ဝင်းဝါနေတဲ့ငုပန်းတွေရယ် ဒီတစ်ရာသီတည်းမှာ အပြိုင်ပွင့်နေပုံက ပုသိမ်တက္ကသိုလ်ရဲ့ ထူးခြားတဲ့အလှတစ်ပါးပဲနော်။ ဒီပန်းတွေကိုကြည့်ရင်း တို့အားလုံး ဟိုနားကထိုင်ခုံမှာ ခဏထိုင်ပြီး စကားပြောကြမယ်နော်"

ဒီတော့ နေမျိုးက ...

"ကောင်းသားပဲ ပွင့်ဖြူ။ ဝါဝါတို့ကော ထိုင်ချင်တယ်မဟုတ်လား"

လို့ မေးလိုက်ပါတယ်။ ဝင့်ဝါက ...

"ဟုတ်တယ် ... ဝါလည်း ဒီပန်းတွေကို အားရပါးရထိုင်ကြည့်ချင်နေတာ။ အတော်ပဲ"

ဆိုပြီး လေးယောက်သား ခုံတန်းရှည်ပေါ်မှာ ထိုင်ချလိုက်ကြပါတယ်။ ပြီးတော့ ကျောင်းတက်ရင် အတူတူတက်ကြဖို့ ဘယ်သွားသွား မခွဲတမ်း အတူသွားကြဖို့ကိုပါ အားလုံးသဘောတူလိုက်ကြပါတယ်။ နေမျိုးနဲ့ပွင့်ဖြူတို့က ကန်သုံးဆင့်နောက်ဘက်မှာရှိတဲ့ သရက်ပင်မောင်နှမဘက်ခြမ်းမှာ နေဖို့စိစဉ်ကြပြီး ဝင့်ဝါနဲ့သဲနုတို့က လမ်းမတန်းဘက်မှာ စီစဉ်ပြီးကြောင်းတွေပါ ပြောဆိုကြပါတယ်။ ပြီးတော့ ပွင့်ဖြူက စိန်ပန်းပင်ကြီးကို မော့ကြည့်ပြီး ...

"ငါလေ အနီရောင်ဆိုရင် ယယ်ယယ်ကတည်းက မကြိုက်ဘူး။ အနီရောင်မြင်ရင် ကြောက်စိတ်တွေဝင်လာမိသလိုပဲ။ ဒါပေမဲ့ ဒီစိန်ပန်းပင်ကြီးကိုတော့ ငါ့စိတ်ထဲမှာ မြတ်နိုးနေမိတယ်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



လို့ ဆိုလိုက်တော့ နေမျိုးက . . .

"ပွင့်ဖြူ . . . နင် စိန်ပန်းပုံပြင်ကို ကြားဖူးလား"

"ဟင့်အင်း . . . ငါမကြားဖူးဘူး။ ပြောပြလေ နေမျိုး"

"အရင်တုန်းက စိန်ပန်းက နှင်းနာမည်လိုပဲ"

"ဘာလဲ . . . ငါ့နာမည်က ပွင့်ဖြူလေ။ စိန်ပန်းကို အရင်က ပွင့်ဖြူလို့ခေါ်သလား"

"မဟုတ်ပါဘူးဟာ . . ."

"ဒါဆို ဘာလဲ"

"စိန်ပန်းက အရင်တုန်းက အဖြူရောင်တဲ့။ အဲဒီအဖြူရောင် ပွင့်တဲ့ စိန်ပန်းပင်ကြီးအောက်မှာ ချစ်သူနှစ်ဦး အမြဲလာတွေ့ကြတယ် တဲ့လေ။ ဒါပေမဲ့ သူတို့နှစ်ယောက် ပေါင်းဖက်ခွင့်မရတော့တဲ့ အခြေအနေမှာ ရင်ကွဲတော့အကွဲမခံဘူးဆိုပြီး စိန်ပန်းပင်အောက်မှာ နှစ်ယောက်သား သတ်သေခဲ့ကြတယ်တဲ့လေ။ ချစ်သူနှစ်ဦးရဲ့သွေး စွန်းသွားတဲ့ စိန်ပန်းပင်ကြီးဟာ နောက်ထပ်ပွင့်လာတော့ အဖြူရောင်မဟုတ်တော့ဘဲ အနီရောင်တွေ ပွင့်လာတာတဲ့လေ"

"အဲဒါ တကယ်လား နေမျိုး"

"ပွင့်ဖြူကလည်းဟာ . . .။ ပုံပြင်ပါဆိုမှ"

"ဒါပေမဲ့ ရင်နာစရာပဲနော်"

"ပုံပြင်က မဆုံးသေးဘူး ပွင့်ဖြူရဲ့။ ဆက်နားထောင်ဦး"

"အေးပါ။ ဆက်ပြော . . ."

"ချစ်သူနှစ်ဦးရဲ့ သစ္စာကို အသိအမှတ်ပြုတဲ့အနေနဲ့ အနီရောင် စိန်ပန်းပွင့်ရဲ့ ပွင့်ဖတ်တစ်ဖတ်စီမှာ အဖြူရောင်အကြောင်းအစက်ကလေးတွေ ပါနေတာတဲ့လေ"





"တကယ်လား နေမျိုးရယ်"

"အဲဒါတော့ မယုံရင် စိန်ပန်းပွင့်တွေ သွားကောက်ကြည့်ပါလား"

"ဒါဆို ဝါသွားကောက်မယ်"

ဟု ပြောပြောဆိုဆို ထွက်သွားပါတယ်။ ပြီးတော့ . . .

"ဟုတ်တယ် သဲနုနဲ့ပွင့်ဖြူရေ။ ဒီမှာ . . . ဒီမှာ . . ."

ဟုဆိုကာ စိန်ပန်းပွင့်တစ်ပွင့်ကိုကောက်ရင်း ဝင့်ဝါပြန်ပြေးလာပါတယ်။ ဝင့်ဝါလက်ထဲက စိန်ပန်းပွင့်ကို အသေအချာကြည့်တော့မှ ပွင့်ဖြူရော၊ သဲနုပါ အံ့ဩကြရပါတော့တယ်။ တကယ်တော့ နေမျိုးမှလွဲ၍ ဝင့်ဝါတို့သုံးယောက်လုံးသည် စိန်ပန်းပွင့်ကို အနီရောင်သက်သက်အဖြစ် မြင်ခဲ့ကြသော်လည်း ပွင့်ဖတ်တစ်ဖက်တွင် အဖြူရောင်အစင်းအကြောင်းလေးများ ပါဝင်နေခြင်းကို ယခုမှ လက်တွေ့ကျကျတွေ့ခဲ့ရသည် မဟုတ်ပါလား။

ဒီလိုနဲ့ • ပထမနှစ်တစ်နှစ်လုံး သူတို့လေးယောက် ကင်တင်းထိုင်ရင်လည်း အတူတူ၊ ကျောင်းပြေးရင်လည်း တတွဲတွဲ၊ စာသင်ခန်းထဲမှာလည်း မခွဲကြပေ။ တက္ကသိုလ်မြေရဲ့ ပန်းခင်းလမ်းမှာလည်း ဆိုင်ကယ်လေးစီး အပြိုင်မောင်းရင်း ပျော်ရွှင်ခဲ့ကြပါတယ်။ တဖြည်းဖြည်းပို၍ပို၍ နီးစပ်လာတော့ တစ်ဦးနဲ့တစ်ဦး အပျောက်မခံကြ။ ဒို့ထက်ပိုပြီး မြောင်းမြသူ လှပကေးဝင့်ဝါကို နေမျိုးတစ်ယောက် ချစ်မိခဲ့ပေပြီ။ ဝင့်ဝါကတော့ သူငယ်ချင်းဘာဝနှင့်ပင် ပျော်ပျော်ရွှင်ရွှင်ကျောင်းတက်ချင်သည်ဟု ဆိုခဲ့လေသည်။ စိတ်ထဲမှာတော့ နေမျိုးအပေါ်ကို ခစ်ယိုင်ယိုင်ပင်။ ဒါပေမဲ့ နှစ်ယောက်တည်းတော့ ဘယ်နေရာမှမသွားခဲ့။ ဘယ်နေရာမှာမဆို လေးယောက်အတူတူပင်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးထဲမှာတော့ ပွင့်ဖြူက အစ်မကြီးတစ်ယောက်လိုပင် ဖြစ်ခဲ့ပါတယ်။ သဲနုနဲ့ဝင့်ဝါ စိတ်ကောက်နေရင်လည်း ပွင့်ဖြူကပင် ဖျောင်းဖျပေးရသလို ဝင့်ဝါနဲ့နေမျိုး စိတ်ကောက်ရင်လည်း ပွင့်ဖြူကပင် ဖျောင်းဖျပေးသူ ဖြစ်ခဲ့ရပါတယ်။

ပထမနှစ်ကျောင်းပိတ်လို့ ခွဲခွာကြရမည့်အချိန်မှာတော့ အမြဲတတွဲတွဲ မခွဲမခွာနေခဲ့ကြတဲ့ သူငယ်ချင်းလေးယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ စကားပင်မပြောနိုင်ကြချေ။ ခံစားချက်ကိုယ်စီနဲ့ 'ပြန်ကြမယ်' ဟုသာဆိုပြီး ဆိုင်ကယ်ကိုယ်စီနဲ့ ထွက်ခွာခဲ့ကြပါတယ်။ နေမျိုးနဲ့ပွင့်ဖြူတို့က သူတို့ရဲ့အဆောင်ရှိရာ ကန်သုံးဆင့်အနောက်ဘက်ရှိ သရက်ပင်မောင်နှမဘက်သို့ ထွက်ခွာခဲ့ကြသလို သဲနုနဲ့ဝင့်ဝါကလည်း လမ်းမတန်းဘက်ကို ထွက်ခွာခဲ့ကြပါတယ်။ ခါတိုင်းဆိုလျှင် လမ်းတစ်လျှောက် ဆိုင်ကယ်ကိုဖြည်းဖြည်းမောင်းရင်း ဖားပလုံးဖိတ်အောင် စကားများပြောဆိုခဲ့ကြသော နေမျိုးနှင့်ပွင့်ဖြူတို့လည်း လမ်းတစ်လျှောက် နှုတ်ဆိတ်လျက်သားနဲ့ပေါ့။ နွယ်သာကီဆောင်အလွန်ရောက်တော့ နေမျိုးက ...

"ပွင့်ဖြူ ..."

လို့ လေးတွဲ့တဲ့အသံနဲ့ ခေါ်လိုက်ပါတယ်။ ပွင့်ဖြူကလည်း ဆို့နင့်ကြေကွဲသံနဲ့ ...

"ဘာလဲ နေမျိုး"

ဟု ရင်မောစွာ ပြန်မေးလိုက်ပါတယ်။ ဒီအခါမှာတော့ နေမျိုးက ...

"တို့ ဝင့်ဝါတို့နောက် လိုက်သွားကြမယ်လေ"

"အေး ... သွားမယ်"





ဆိုပြီး ပွင့်ဖြူလည်း တစ်ခါတည်းသဘောတူပြီး ဆိုင်ကယ်ကို ပြန်လှည့်ခဲ့ကြပါတယ်။ တကယ်တော့ ဝင့်ဝါကို နေမျိုးမခွဲနိုင်သလို ကျန်သူအားလုံးကလည်း တစ်ယောက်ကိုတစ်ယောက် မခွဲနိုင်ကြပါပေ။ နေမျိုးက ဝင့်ဝါကို မေတ္တာသက်ဝင် ချစ်ခင်ပါသည်ဆိုသော်လည်း ငယ်သူငယ်ချင်းပွင့်ဖြူမပါဘဲ ဘယ်နေရာမှမသွားဖူးခဲ့ပေ။ သဲနုနှင့်ဝင့်ဝါတို့လည်း သူတို့ကဲ့သို့ပင်။ ပွင့်ဖြူကလည်း အစ်မကြီးတစ်ယောက်ပမာ မည်သူ့ကိုမှစိတ်မချနိုင်ပါပေ။ ခုတော့လည်း လမ်းအခွဲမှာ အားလုံး ဝမ်းနည်းနေကြရပြီပေါ့။ ဒါပေမဲ့ နောင်နှစ်ကျောင်းပြန်ဖွင့်ရင် သူတို့လေးယောက် ဆုံတွေ့ရဦးမည်ပဲ။ နည်းနည်းတော့ ဖြေသာကြပါတယ်။

နေမျိုးနဲ့ပွင့်ဖြူတို့ ပြန်လှည့်လာတော့ ဝင့်ဝါတို့ ကျောင်းအပြင်ပင် မရောက်သေးပေ။ ဝင့်ဝါဆိုင်ကယ် ဘာဖြစ်မှန်းမသိ။ မောင်းမရတော့လို့ လမ်းလျှောက်ပြန်ခဲ့ရသောကြောင့်ပင်၊ နေမျိုးက ကြည့်ပေးပြီး ဟိုပြင်ဒီပြင်လုပ်လိုက်တော့ ဆိုင်ကယ်က အကောင်းပကတိဖြစ်သွားလေပြီ။ ပြီးတော့မှ သဲနုက ...

"ပွင့်ဖြူတို့ ဘာလို့ပြန်လှည့်လာကြတာလဲ"

"သဲနုတို့နောက်ကို ပြန်လှည့်လာချင်စိတ် ပေါက်တာနဲ့ နှစ်ယောက်သား ပြန်လှည့်လာကြတာပဲ"

ဟုဆိုကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြစဉ်မှာပင် ပွင့်ဖြူက ...

"တို့လေးယောက် ဟိုနဂါးဘုရားလေးကို သွားကြမယ်။ အဲဒီနဂါးဘုရားလေးက ဆုတောင်းပြည့်တယ်။ နောင်နှစ် ကျောင်းပြန်တက်ရင် ဒီနဂါးဘုရားလေးမှာ တို့လေးယောက် ပြန်ဆုံကြမယ်။ နောင် ... ကျောင်းပြီးသွားလို့ ပုသိမ်တက္ကသိုလ်ကို ပြန်ရောက်ခဲ့ရင်လည်း ဒီနဂါး



www.burmeseclassic.com

www.burmeseclassic.com



ဘုရားလေးမှာ ပြန်ဆုံတွေ့နိုင်ဖို့ ဆုတောင်းကြမယ်။ ခုတော့ ကန်သုံးဆင့် ရေပြင်အလှကိုကြည့်ရင်း တို့လေးယောက် စကားပြောကြတာပေါ့”

ဟုဆိုကာ လေးယောက်သား ထွက်လာခဲ့ကြပါတယ်။ မှောင်စ ပျိုးချိန်မှာ မိမိတို့အဆောင်အသီးသီးဆီသို့ ပြန်ခဲ့ကြပါတယ်။ ဒီလိုနဲ့ပဲ First Year ရဲ့ တစ်နှစ်တာကာလကို ဖြတ်ကျော်ခဲ့ကြပါတယ်။

Second Year ရောက်တော့လည်း ထို့အတူပင် လေးယောက်သား မခွဲမခွာနေခဲ့ကြပါတယ်။ Third Year ကျောင်းပြန်ဖွင့်တဲ့အချိန် ရောက်တော့ ပွင့်ဖြူက အိမ်ကိစ္စတွေရှိသေးသည်မို့ ကျောင်းဖွင့်ဖွင့်ချင်း တက္ကသိုလ်ကို ပြန်မလာနိုင်ခဲ့ပါချေ။ နေမျိုးကလည်း ပုသိမ်ကိုပြန်ရောက်တဲ့နေ့မှာပဲ နယ်မှ ညီမဝမ်းကွဲတစ်ယောက်ရဲ့ သူနာပြုသင်တန်း တက်ဖို့ကိစ္စလိုက်လုပ်ပေးရင်း မြို့ထဲမှာပင် အချိန်ကုန်ခဲ့ရပါတယ်။ ဒါပေမဲ့ အကြောင်းစုံကို အတိအကျမသိသူ ဝင့်ဝါတို့အဆောင်မှ သူငယ်ချင်းတစ်ယောက်က …

“ဝင့်ဝါ … နေမျိုးတော့ နောင်ရိုးမှာ ကောင်မလေးတစ်ယောက်နဲ့တွေ့ခဲ့တယ်”

လို့ ပြောလိုက်ပါတယ်။ အဲဒီအခါမှာ ဝင့်ဝါက ဆိုင်ကယ်ဆွဲပြီး နောင်ရိုးကို လိုက်သွားကြည့်ပါတယ်။ သဲနုကလည်း …

“ဝါဝါ … သဲနုလည်း လိုက်မယ်”

ဟုဆိုကာ ဝင့်ဝါဆိုင်ကယ်နောက်မှပင် တိုင်လိုက်သွားပါတယ်။ လမ်းတစ်လျှောက်မှာလည်း သဲနုက …

“ဝါဝါ … သတိထားမောင်းနော်။ သဲနုမောင်းရမလား”

“ရတယ် သဲနု”

ဟုဆိုကာ မိုးလေဝသနားရောက်တော့ …





“ဟာ …”

“ဂွမ်း …”

“အား …”

ဟူသော အသံများသည် ပတ်ဝန်းကျင်တစ်ခွင်လုံးတွင် ချောက်ချားဖွယ်ထွက်ပေါ်လာပြီး ဝင့်ဝါရော၊ သဲနုပါ လမ်းမပေါ်မှာ မြင်မကောင်းအောင်ပင် လွင့်စဉ်သွားလေပြီ။ လူတွေပိုင်းအုံရောက်လာကြပြီး တာဝန်ရှိသူတို့က ဆေးရုံတင်ဖို့ ပြင်ဆင်တော့ သဲနုက သတိမရတော့။ ဝင့်ဝါကတော့ထက်ပင် ပိုဆိုးခဲ့ပြီ။ ဝင့်ဝါတစ်ယောက် သူမြင်ချင်သော နေမျိုးကို ဒီဘဝ ဒီခန္ဓာနှင့် မြင်နိုင်စွမ်းမရှိတော့ပေ။

သဲနုတစ်ယောက်ကတော့ သတိမေ့မြောနေစဉ် ချစ်လှစွာသော ငယ်သူငယ်ချင်းဝင့်ဝါနဲ့ နယ်မြေသစ်တစ်ခုမှာ စကားပြောနေလေရဲ့။

“ဝါဝါ … ဝါဝါ … စိတ်အေးအေးထားပါ ဝါဝါရယ်။ နေမျိုးဝါတို့ဆီကို လာမှာပါ။ ပွင့်ဖြူရောက်ရင်လည်း တို့တွေ နဂါးဘုရားလေးမှာ ဆုံကြတာပေါ့ ဝါဝါရယ်”

ဟု ဖျောင်းဖျပြောဆိုနေလေသည်။ ဝင့်ဝါကလည်း …

“ဟုတ်တယ် … သဲနု။ နဂါးဘုရားလေးမှာ ဝါ သူတို့ကို စောင့်နေမယ်။ သဲနုလည်း ဝါနဲ့တစ်ခါတည်းလိုက်ခဲ့ပါ သဲနုရယ်”

“ဟင့်အင်း … ခုမသွားနဲ့ဦး ဝါဝါရယ်။ ငါမလိုက်နိုင်သေးဘူး”

ဟု အော်ဟစ်ရင်း သဲနုသတိရလာတော့ သဲနုဖေဖေနဲ့မေမေတို့ရောက်နေတာကို သဲနုမြင်တွေ့လိုက်ရပါတယ်။ ဒီအချိန်မှာ နေမျိုးကတော့ ပွင့်ဖြူကို အမြန်လာဖို့လှမ်းမှာပြီး ပုသိမ်ရောက်တော့မှ အကျိုးအကြောင်း ပြောပါတယ်။ ပွင့်ဖြူရောက်တော့ သဲနုက သတိရလိုက်၊



www.burmeseclassic.com

www.burmeseclassic.com



မရလိုက်နှင့်ပေါ့။ သတိရတဲ့တစ်ချိန်မှာတော့ နေမျိုးနောက်သို့ ဝင့်ဝါလိုက်ရင်း ဤသို့ဖြစ်ခဲ့ရကြောင်း အားယူပြီး ပွင့်ဖြူကိုပြောပြရပါတယ်။ သူ့မိဘတွေရှေ့မှာတော့ မဟုတ်ပါပေ။ သေလုမျောပါးဝေဒနာ ခံစားနေရသော်လည်း သူငယ်ချင်းဝင့်ဝါအပေါ် မိဘများစိတ်ခုမည့်အဖြစ်မျိုးကို သနရှောင်ရှားခဲ့သည်ပင်။ နောက်နှစ်ရက်ကြာတော့ အဖြူရောင်မေတ္တာဖြင့် အနစ်နာခံခဲ့သူ သနလည်း ပွင့်ဖြူနဲ့နေမျိုးတို့ကို အပြီးအပိုင်ခွဲခွာသွားပါတော့တယ်။

နေမျိုးနဲ့ပွင့်ဖြူကတော့ စိန်ပန်းကြွေတဲ့ ကျောင်းဖွင့်စ ရာသီမှာ အားလျော့နွမ်းပါးစွာဖြင့် ဆိုင်ကယ်ကိုပင် မမောင်းနိုင်တော့ပေ။ တစ်နေ့မှာတော့ လမ်းလျှောက်ရင်း ပွင့်ဖြူက ...

"နေမျိုးရယ် ... ငါ လမ်းမလျှောက်နိုင်တော့ဘူး။ ဟိုခုံတန်းလေးမှာ ထိုင်ကြရအောင်ဟာ"

"ထိုင်လေ ပွင့်ဖြူ"

ခုံတန်းရှည်မှာ နှစ်ယောက်သားထိုင်ရင်း စကားမပြောနိုင်ကြရှာပေ။ စိန်ပန်းကြွေနဲ့ ငုကြွေတွေကိုကြည့်ရင်း တစ်ချိန်ကပြောခဲ့တဲ့ စိန်ပန်းပုံပြင်၊ တစ်ချိန်ကဆိုခဲ့တဲ့ စိန်ပန်းသီချင်း ...

"အမိတက္ကသိုလ် ××× ရောက်ခဲ့ကြရင် ××× ရင်ခုန်စရာ ××× ရင်မှာလွမ်းစရာ ××× အသည်းလေးတွေ ××× ပန်းခင်းလမ်းမှာကြွေကြ ××× ဒဏ္ဍာရီလေးများ ××× ရှိခဲ့ပေ ××× မိစိန်ပန်း ××× နင် ××× ငါ့အသည်းပန်း ××× လမ်းလိုခင်းခဲ့ပေ ××× ကံ့ကော်ရိပ်မှာ ××× ကြင်စဦးတို့ ××× ရယ်မောဟားတိုက်နေ ××× စိန်ပန်းတို့ရေ ××× မင်းတို့ဘဝက ××× ပန်းချင်းတူသော်လည်း ××× လူတကာနင်းဖို့ ××× ပွင့်ဝေရသလား တစ်ဆင့်ကြွေရသလားလေ ×××"

စိတ်ကူးသစ်စာပေ



လို့ ဆိုခဲ့ကြတဲ့ သူငယ်ချင်းတို့ရဲ့ အသံနဲ့ဟန်က သူတို့ရဲ့အာရုံထဲတွင် ထင်ပေါ်လာတော့ နှစ်ယောက်သား ဆို့နင့်လို့နေကြရပြီလေ။ စိန်ပန်းကြွေတိုင်း မျက်ရည်ပိုင်းရတဲ့အဖြစ်ကို ခုမှ တကယ်ရောက်နေကြရပြီပေါ့။ ဒါပေမဲ့ လေးယောက်အတူဆုံတွေ့ကြမယ်ဆိုတဲ့ နဂါးဘုရားလေးဆီကိုတော့ သူတို့နှစ်ဦး ခြေဦးမလှည့်ခဲ့ကြတော့။ သွားလျှင်လည်း နှစ်ယောက်သား အသည်းကြွေရုံသာရှိတော့မည်ကို သူတို့သိထားကြသောကြောင့်ပင်။ ဒီလိုနဲ့ ရင်နာစွာကျောင်းတက်ရင်း နောက်ပိုင်းတော့လည်း သူတို့နှစ်ယောက် ဆိုင်ကယ်ကိုလက်လွှတ်မရလို့ ပြန်စီးကြရပြန်ပါတယ်။ တစ်နေ့မှာတော့ ...

"နေမျိုး ... နင် စာလည်းကျက်ဦးလေ"

"ငါ့အတွက်မပူပါနဲ့ ပွင့်ဖြူရယ်။ ငါ ဖြေနိုင်အောင်တော့ ကြိုးစားမှာပါ"

"နင်မလိုက်နိုင်တဲ့စာတွေ ငါရှင်းပြမယ်လေ"

"ငါလည်း နင့်ကို စာတွေမေးမလို့ပဲ"

"ဒါဆို နောက်နေ့ကစပြီး ငါ နင့်ကို စာတွေရှင်းပြမယ်။ နင် လိုက်နိုင်အောင် လိုက်နော်"

"အေးပါဟာ"

"ဒါနဲ့ နေမျိုး ... ငါ မြို့ထဲသွားစရာရှိတယ်"

"နင်သွားရင် ငါလိုက်ခဲ့မှာပေါ့"

"အေး ... ဒါဆို ကျောင်းကနေ ဆက်သွားမယ်နော်"

ဟုဆိုကာ ကျောင်းဆင်းချိန်ရောက်တော့ ဆိုင်ကယ်တစ်ယောက်တစ်စီးနဲ့ ထွက်ခဲ့ကြပါတယ်။ မြို့ထဲမှပြန်အလာ ညနေနေဝင်ရီတရောအချိန်တွင် မိုးလေဝသနားရောက်တော့ သရက်ပင်မောင်နှမဘက်ကို

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ရန် ကန်သုံးဆင့်ဘက်သို့ ချိုးအကွေ့တွင် ပွင့်ဖြူမျက်ဝန်းက ထိ တားတားဖြစ်လာကာ ဝဇ္ဇဝါနဲ့သဲနုတို့ပုံရိပ်လွှာများပေါ်လာပြီး သူတို့နှ ယောက်က ပွင့်ဖြူဆိုင်ကယ်ကို တားနေကြသလိုလို . . .။ ပွင့်ဖြူလည် သူတို့နှစ်ယောက်ကိုရှောင်ရင်း ဆိုင်ကယ်လမ်းကြောင်းမမှန်တော့ ဝှေယမ်းလို့နေချိန်မှာတော့ နေမျိုးက . . .

"ပွင့်ဖြူ . . . ပွင့်ဖြူ . . . ဘာဖြစ်တာလဲ။ သတိထား . . . သတိထား"

လို့ အော်နေသည့်ကြားမှ ပွင့်ဖြူတစ်ယောက် ပလက်ဖော နဲ့တိုက်မိပြီး သတိလစ်သွားပါတော့တယ်။ ဒါပေမဲ့ ပွင့်ဖြူတစ်ယော ဝဇ္ဇဝါနဲ့သဲနုတို့လောက်တော့ ကံမဆိုးခဲ့ပါချေ။ သုံးရက်နီးပါးတော့ မေ့မြော လို့နေပါတယ်။ သုံးရက်မြောက်တဲ့နေ့မှာတော့ ပွင့်ဖြူနှုတ်ဖျားမှ . . .

"နေမျိုး . . . နေမျိုး . . . နေမျိုးကို ငါစာတွေရှင်းပြရဦးမယ်"

ဟုဆိုကာ သတိရလာပါတော့တယ်။ ပွင့်ဖြူသတိရတော့ ပွင့် အနားမှာ နေမျိုးနဲ့ ပွင့်ဖြူရဲ့အမေ အန်တီချိုတို့ အနားမှာရှိကြပါတယ်

ပွင့်ဖြူတစ်ယောက် စိတ်ချရတဲ့အခြေအနေ ရောက်နေပေမယ့် အန်တီချိုကတော့ ဟသ်ာတသို့မပြန်သေးပေ။ ပွင့်ဖြူတို့စာမေးပွဲပြီးအော စောင့်နေခဲ့ပါတယ်။ စာမေးပွဲဖြေပြီးတဲ့နေ့မှာတော့ ပွင့်ဖြူနဲ့နေမျိုးတ ကင်တင်းမှာထိုင်ရင်း နေမျိုးက . . .

"ပွင့်ဖြူ . . . နင် ငါ့အတွက် တော်တော်စိုးရိမ်ခဲ့ရတာပဲနော်"

"ဘာကိုပြောတာလဲ နေမျိုး"

"နင် သတိလစ်ပြီး ကယောင်ကတမ်းတွေပြောနေတော့ ငါ့ကို စာတွေရှင်းပြရဦးမယ်လို့ အော်နေခဲ့တာလေ။ နင် ငါ့အတွက် စိတ်ပူရ ရတာကို အဲဒီတော့မှ ငါသတိထားလိုက်မိပြီး စိတ်မကောင်းဖြစ်မိတယ်





ပြီးတော့ ငါစာကျက်မှဖြစ်တော့မယ်ဆိုပြီး နင်နေကောင်းတာနဲ့ ငါ မဖြစ် မနေ စာကျက်ခဲ့တယ်။ ဒါကြောင့် အခု ငါ စာမေးပွဲကောင်းကောင်းဖြေ နိုင်ခဲ့တယ်။ နင်က ငါ့အတွက် ငယ်ငယ်ကတည်းက သူငယ်ချင်းကောင်း တစ်ယောက်ပဲ ပွင့်ဖြူ"

"နင်ပြောချင်တာတွေပြီးရင် ငါပြောချင်တာတွေ ပြောဦးမယ် နေမျိုး . . .။ ငါလည်း သတိလစ်သွားတုန်းကအကြောင်းပဲ ပြောမလို့။ ငါဆိုင်ကယ်တိုက်တုန်းက ဝဇ္ဇဝါနဲ့သဲနုကိုမြင်ပြီး တိုက်မိသွားတာ နင်သိ တယ်မဟုတ်လား"

"အေး . . . ဟုတ်တယ်လေ"

ဟု နေမျိုးက လေးတွဲ့စွာဖြေကြားလိုက်ပြီး ဘာမှဆက်မပြော နိုင်တော့ပါချေ။ အဲဒီအခါမှာ ပွင့်ဖြူက . . .

"ငါဆက်ပြောမယ် နေမျိုး။ ငါသတိလစ်နေတဲ့အချိန်မှာလေ ဝဇ္ဇဝါနဲ့သဲနုက ငါ့ကို သူတို့နဲ့အတူနေဖို့ ခေါ်တယ် . . . သိလား။ သူတို့ နဲ့လိုက်ခဲ့ပါတဲ့ဟာ။ ငါ့ကို သူတို့ တမ်းတမ်းတတခေါ်ရှာတယ်။ စိတ် မကောင်းလိုက်တာဟာ။ ဒါပေမဲ့ ငါကလည်း လိုက်လို့မရဘူး။ နေမျိုး ကို စာတွေရှင်းပြရဦးမယ်လို့ အတင်းငြင်းခဲ့တာ။ အဲဒါ အသံထွက်သွားလို့ နင်တို့ကြားရတာလေ"

"ဒါနဲ့ သူတို့ဘယ်မှာနေလဲလို့ နင်မမေးမိဘူးလား"

"မေးတာပေါ့ဟာ"

"ဒါဆို သူတို့ဘယ်မှာနေတာတဲ့လဲ"

နေမျိုးက သိလိုဇောနဲ့ ဆက်မေးနေသော်လည်း ပွင့်ဖြူတစ် ယောက် ဘာမှဆက်မပြောနိုင်တော့ချေ။ မျက်နှာပြင်ပေါ်မှာ ကြေကွဲရိပ် များက ဝိုင်းဝိုင်းထင်လာပြီး ပါးပြင်မှာမျက်ရည်ဥတို့ စီးကျလာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မငိုပါနဲ့တော့ ပွင့်ဖြူရယ်။ ငါဆက်မမေးတော့ပါဘူး"

ဟု နေမျိုးက ဆိုလေသည်။ သို့သော်လည်း ပွင့်ဖြူက ငိုရင်းမှအားယူပြီး ဆက်ပြောပြန်ပါတယ်။

"နင်မမေးလည်း ငါဆက်ပြောရမယ် ... နေမျိုးရယ်။ သူတို့လေ ... ဟို ... နဂါးဘုရားလေးမှာနေတယ်လို့ ငါ့ကိုပြောသွားတယ်။ ပြီးတော့ ငါနဲ့နင်နဲ့ကို အဲဒီနဂါးဘုရားလေးက အမြဲစောင့်နေတာတဲ့။ ဘာလို့မလာကြတာလဲ၊ နေနိုင်လိုက်ကြတာလို့ ကြေကြေကွဲကွဲပြောရှာကြတယ်။ ငါ့ကို သူတို့နဲ့နေဖို့ခေါ်တဲ့အခါမှာ ငါက နင့်ကို စာတွေရှင်းပြရဦးမယ်လို့ပြောတော့ မတားတော့ပါဘူးဆိုတဲ့ မျက်နှာထားတွေနဲ့ အားလျှော့လိုက်တဲ့ပုံတွေကို တွေ့ရတယ်ဟာ။ သူတို့ တကယ်ပဲ နဂါးဘုရားလေးမှာ ရှိနေကြသလား မသိဘူးနော်။ သူတို့မရှိကတည်းက တို့လည်း အဲဒီဘုရားကို မရောက်တော့တာ။ ဒီနေ့သွားကြမယ်လေ"

"နင့်သဘောပဲ ... သွားမယ်လေ"

ဟုဆိုကာ ထွက်လာခဲ့ကြပါတယ်။ ဘုရားလေးဆီသို့ ရောက်တော့လည်း လူသူတိတ်ဆိတ်ခြောက်သွေ့လို့ ဘာမှထူးထူးခြားခြားမတွေ့ရပေ။ မှောင်စပျိုးချိန်ရောက်လို့ ဘုရားဘက်ဆီမှ ပြန်အထွက်တွင် နောက်မှ 'ဘုတ် ... ဘုတ်' ဟူသော အသံနှစ်သံကိုကြားလို့ သူတို့လှည့်ကြည့်တော့ ဘာမှမတွေ့။ ပွင့်ဖြူကတော့ ..

"သစ်ပင်ပေါ်က ပုတ်သင်ညိုပြုတ်ကျတာနဲ့ တူပါတယ်"

ဟု ဆိုလေသည်။

ဒီလိုနဲ့ သီတင်းကျွတ်၊ တန်ဆောင်တိုင်ညမျိုးတွေမှာ ပုသိမ်တက္ကသိုလ်အတွင်း စုပေါင်းကျွေးမွေးပွဲ၊ မီးထွန်းပွဲတွေ ကျင်းပတဲ့အခါမှာတော့ ပွင့်ဖြူနဲ့နေမျိုးတို့က နဂါးဘုရားလေးဆီမှာ ဦးစီးပြီး လုပ်ဆောင်





ကြပါတယ်။ ဝင့်ဝါနဲ့သဲနုတို့အတွက်ပါ ရည်စူးလှူဒါန်းပြီး အမျှဝေကြပါတယ်။ ပုသိမ်တက္ကသိုလ်အတွင်း နဂါးဘုရားသာမက ပါမောက္ခများအိမ်ရာဘက်ရှိဘုရားနှင့် နယ်သာကီအဆောင်အနီးရှိ ဘုရားတို့တွင်လည်း ထိုအတူပင် ပွင့်ဖြူတို့ ဦးဆောင်လှုပ်ရှားပြီး အမျှပေးဝေကြပါတယ်။

နောက်ဆုံး လေးနှစ်တာကျောင်းပြီးလို့ ကျောင်းတော်ကြီးမှ ခွဲခွာရမည့်အချိန်မှာတော့ ပွင့်ဖြူနဲ့နေမျိုးတို့ နဂါးဘုရားလေးဆီသို့ ရောက်သွားပြီး ...

"သူငယ်ချင်း ဝင့်ဝါနဲ့သဲနုရေ ... တို့တစ်တွေ ကျောင်းပြီးလို့ တက္ကသိုလ်ကြီးကို အပြီးအပိုင်ခွဲရတော့မယ်။ ဒီနဂါးဘုရားလေးမှာ တို့ကိုမျှော်လင့်မနေတော့နဲ့နော်။ အဖြူရောင်သစ္စာနယ်မြေဖြစ်တဲ့ ဒီပုသိမ်တက္ကသိုလ်ကြီးမှာ တို့တစ်တွေဆုံခဲ့ရတာ လေးနှစ်တာအိပ်မက်ရှည်လိုပါပဲ သူငယ်ချင်းတို့ရယ်။ မခွဲခွာချင်ပေမယ့်လည်း တို့တစ်တွေ ဘဝလမ်းခရီးအသီးသီးကို ထွက်ခွာရတော့မယ်။ ဒီနေ့ပဲ မင်းတို့အတွက် ရည်စူးပြီး ရွှေမုဋ္ဌောဘုရားမှာလည်း အလှူပေးခဲ့တယ်။ ဌာနအတွက်လည်း အလှူငွေတွေ ပေးလှူခဲ့တယ်။ မင်းတို့သာဓုခေါ်ပါ သူငယ်ချင်းတို့ရယ်။ အမျှ ... အမျှ ... အမျှ ..."

ဟုဆိုကာ ပွင့်ဖြူနဲ့နေမျိုးတို့ အမျှပေးဝေလိုက်ကြပြီး အဆောင်အသီးသီးသို့ ပြန်ခဲ့ကြပါတယ်။

နောက်မနက် မိုးမလင်းမီ ဟသ်ာတသို့ ရထားနဲ့အပြန်ခရီးမှာတော့ လယ်ကွင်းပြင်ကို ဖြတ်သန်းတိုက်ခတ်လာတဲ့ လေပြည်လေညင်းကြောင့် အေးမြသောအရသာကို ခံစားကြရင်း ပွင့်ဖြူက ...

"နေမျိုး ... ငါ ညက အိပ်မက်မက်တယ်။ ဝင့်ဝါနဲ့သဲနုတို့ ငါ့ကိုလာနှုတ်ဆက်တယ် ... သိလား။ ပြုံးပြုံးရွှင်ရွှင်နဲ့။ သူတို့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း မွှေးရနံ့တွေသင်းလို့။ သူတို့က သွားတော့မယ်လို့ပြောပြီး ထွက်သွားတော့ ငါလည်း လန့်နိုးတာပဲ''

''ဟုတ်လား . . . ပွင့်ဖြူ၊ တိုက်တော့ တိုက်ဆိုင်နေပြီ။ ငါလည်း အဲဒီလိုအိပ်မက်မျိုး မက်တယ်။ သူတို့လည်း ကောင်းရာသွားပြီထင်တယ်နော်။ ဒီတက္ကသိုလ်ကြီးမှာ ငါတို့မရှိဘဲ သူတို့နှစ်ယောက်တည်းတော့ မကျန်ရစ်ခဲ့စေချင်ဘူးဟာ''

''သေချာပါတယ် . . . နေမျိုးရာ။ သူတို့လာတာ မွှေးရနံ့တွေပါလာတာပဲဥစ္စာ။ တို့အမျှဝေသံတွေကြောင့် သူတို့သာဓုခေါ်ပြီး ကျွတ်လွတ်သွားတာ ဖြစ်မယ်နော်''

ဟုဆိုရင်း ရထားအပြင်ဘက်ကို ကြည့်လိုက်တော့ ပတ်ဝန်းကျင်တစ်ခွင်လုံးကို အလင်းရောင်က လွှမ်းမိုးလာနေပြီ။

တကယ်တမ်းတော့လည်း နေမျိုးနဲ့ပွင့်ဖြူတို့နှစ်ယောက် ပုသိမ်တက္ကသိုလ်ကို လာရောက်စဉ်ကလည်း ငယ်သူငယ်ချင်းနှစ်ယောက်တည်း လာခဲ့ရသလို အပြန်ခရီးမှာလည်း သူတို့နှစ်ယောက်သာ အားပေးဖော် အားပေးဖက်အဖြစ် ပြန်ခဲ့ကြရပါတယ်။

စိန်ပန်းတွေ မြိုင်မြိုင်ပွင့်ပြီး ငုပန်း ဘွ ထိန်ထိန်ဝေတဲ့ ပုသိမ်တက္ကသိုလ်ကြီးကတော့ သူတို့အတွက် အိပ်မက်ပမာထားခဲ့ကြရပြီး အသစ်အသစ်သော ကျောင်းသူကျောင်းသားတွေကတော့ အိပ်မက်သစ်တွေနဲ့ ဆက်လက်ရှင်သန်နေကြဦးတော့မည်သာ . . .။ ။



နန်းမွေ့ရည်

www.burmeseclassic.com

[ ၁ ]

BURMESE CLASSIC .com

□

တစ်နေ့သောအခါ ကျွန်ုပ်သည် အလွန်အံ့ဖွယ်ကောင်းလှသော သိဒ္ဓိဝင်ပစ္စည်းတစ်ခု ရရှိလေ၏။

၎င်းပစ္စည်းကား အခြားမဟုတ်။

လွန်စွာချောမောလှပသော မိန်းမရုပ်တုကလေးဖြစ်၏။

ဆင်စွယ်နှင့်ထုထားသည့် ရုပ်တုကလေးဖြစ်ပြီး အရွယ်အစားမှာ လည်ပင်းမှာဆွဲသည့် ကြုတ်ထဲသို့ပင် ထည့်ထားနိုင်သည့်အရွယ်ဖြစ်၏။ မိန်းမချောရုပ်တုကလေးကို ဒေဝစ္ဆရာရုပ်တုဟုခေါ်သည်။

တစ်နေ့ ...

နံနက်ပိုင်းအချိန် ...။ ကျွန်ုပ် အိမ်မှာစာရေးနေခိုက် အသက်ခုနစ်ဆယ်ခန့်အဘိုးအိုတစ်ဦး ရောက်လာ၏။





အသားဖြူဖြူ၊ ဆံပင်ဖြူဖြူနှင့် တောင်ဝှေးကိုအားပြုပြီး လာခဲ့ခြင်းဖြစ်၏။

"စာရေးဆရာဆိုတာ လူကလေးလား"

"ဟုတ်ကဲ့ခင်ဗျ ...ဘာကိစ္စရှိလို့ပါလဲအဘ"

"ဂမ္ဘီရစာရေးဆရာ ဆိုတာပါနော်"

"ဟုတ်ပါတယ် ...အဘ။ အိမ်ပေါ်ကို ကြွပါခင်ဗျ"

"ဂမ္ဘီရစာရေးဆရာ နတ်လူဦးအိမ် ဘယ်နားမှာလဲလို့ မေးမြန်းပြီး လာခဲ့ရတာ။ ခုတော့ ရောက်ပြီ။ ဟူး ..."

"အဘ ...ရေနွေးသုံးဆောင်ပါ။ ကောက်ညှင်းပေါင်းစားပါ။ ဒါနဲ့ အဘလာရင်းကိစ္စလည်း အမိန့်ရှိပါဦးခင်ဗျာ"

"လူကလေး ..."

"ခင်ဗျာ ...အဘ"

လူကြီးသည် ကျွန်ုပ်၏မျက်နှာကို သေသေချာချာစိုက်ကြည့်ပြီးနောက် မေးခွန်းတစ်ခု မေးလိုက်လေ၏။

"လူကလေး ...သိဒ္ဓိဝင်အဆောင်ဆိုတာမျိုးကို ယုံကြည်သလား"

"သိဒ္ဓိဝင်အဆောင် ..."

"အေး ...ဟုတ်တယ်။ လူကလေးက ဂမ္ဘီရစာရေးဆရာမို့ မေးရတာပါ"

"ကျွန်တော်လေ့လာသိရှိရသလောက် ပြောရလို့ရှိရင် သိဒ္ဓိဝင်အဆောင်ဆိုတဲ့အဓိပ္ပာယ်က သိဒ္ဓိ=ပြီးမြောက်ခြင်း..၊ သိဒ္ဓိဝင်=ပြီးမြောက်သည့်စွမ်းအင်အာနိသင်များ ဝင်ရောက်နေသော. အဆောင်=ဆောင်ရာပစ္စည်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လိုက်လေ ... လူကလေးရယ်။ ကိုင်း ... ဆက်မေး ပါရစေကွယ်။ လူကလေး ... အဲဒီလိုမျိုး သိဒ္ဓိဝင်အဆောင်ပစ္စည်း ဘာများ ရှုမူး၊ ကြုံမူး၊ မြင်ဖူးသလဲကွဲ့"

"ကျွန်တော် အုန်းအမြုတေ၊ ချိုးအမြုတေ၊ ဝက်မာန်စွယ်၊ သံပုရာသီးအမြုတေ၊ ကျောက်အမြုတေ၊ ဝါးအမြုတေ၊ ကျောက်လက်ဝါး ကျောက်ခြေဖဝါး၊ ဂဝံရုပ်တု၊ ကိုးသချိုင်းသံတား၊ အစိမ်းသေအံသွား ရောကူးတဲ့လက်ဖွဲ့ ထခုန်သည့်ဓား.. အတော်များများကို တွေ့ဖူး၊ မြင်ဖူး ပါတယ် အဘ။ ကိုယ်ပိုင်တော့ ဘာပစ္စည်းမှ မရရှိသေးပါဘူး"

"ဒါဆိုရင် ရရင် ယူမှာလားကွယ်"

"အန္တရာယ်မရှိဘူးဆိုရင် လိုချင်၊ သိချင်ပါရဲ့ အဘရာ"

သည်မှာပဲ အဘိုးကြီးက သူ့အကျီအိတ်ကပ်ထဲမှ လက်ကိုင် ပဝါနှင့်ထုပ်ထားသော ပစ္စည်းတစ်ခုကိုထုတ်၍ ကျွန်ုပ်အား ပြသည်ပြလိုက် သည်။

ကျွန်ုပ်မြင်လိုက်ရသည်ကား ...

အဖြူရောင်မိန်းမရုပ်တုကလေး ...။

ပါးလွှာသောဝတ်ရုံကို ဆင်မြန်းထားသည့် ပခုံးပါး အတွင် မြင်ရလုနီးပါး အဖြူရောင်မိန်းမရုပ်တုကလေး ...။

လှလိုက်တာ ...။

နုရွ ဖုကြွ စိုအစ်နေ၏။ လက်ရာမြောက်လွန်းလှ၏။ မဒိုတ ကြည့်နေပာန်ကိုက ကျွန်ုပ်ရင်ထဲက အသည်းများ ဆွဲခါကိုင်လှုပ်ခံ သလိုမျိုး ခံစားရ၏။ မှန်ဘီလူးနှင့်ကြည့်လျှင် ပိုခံစားရ၏။

"ဆွဲဆောင်အားကောင်းလှချည်လား အဘရယ်။ ထုထားတဲ့ လက်ရာကလည်း ထိပ်တန်းပညာရှင်လက်ရာမျိုးပဲ"





"သိပ်ဟုတ်တာပေါ့ ... မောင်ရယ်။ ဒီပန်းပုရုပ်အသားက ဆင်စွယ်ကွယ့်။ ပန်းပုထုသူက ဟိုး မြန်မာပြည်အထက်ပိုင်းက နာမည် ကျော်ပန်းပုဆရာကြီးပဲ။ ပြီး ... ဒီဆင်စွယ်မိန်းမရုပ်တုကို သိဒ္ဓိဝင်အောင် ဂန္ဓာရနည်းပညာနဲ့ စီရင်ခဲ့သူကလည်း နာမည်ကျော် ဂန္ဓာရဆေးပညာရှင် တစ်ဦးပဲ"

"သူတို့ရော ရှိသေးလား အဘ"

"နှစ်ဦးစလုံး ကွယ်လွန်တာ ကြာပြီကွယ့်"

"ဆက်ပြောပါဦး အဘ"

"ဟောဒီရုပ်တုကို ကျွန်ုပ် ပန်းပုဆရာကြီးထံကနေ အင်္ဂလိပ် ခေတ်သုံး ရွှေဒင်္ဂါးငါးဆယ်နဲ့ ဝယ်ခဲ့ရတာ"

"စွမ်းလို့လား အဘရဲ့"

"စွမ်းတယ်"

"ဘယ်လိုစွမ်းလို့တုံးခင်ဗျ"

"ဒီရုပ်တုရဲ့အမည်က ဒေဝဋ္ဌရာတဲ့။ အဓိပ္ပာယ်က ဒေဝဋ္ဌရာ နတ်သမီးတမျှ လှပညို့အားကောင်းလို့ပဲ။ ပြောရရင် အဲဒီဒေဝဋ္ဌရာ ရုပ်တုကို အင်္ဂလိပ်ခေတ်တုန်းက ဂိုက်ဆံရှိ ပညာတတ်ကာလသားတိုင်း လိုချင်ကြတာပဲ။ ဈေးကောင်းပေးပြီးကို ဝယ်ကြတာ။ အဲဒီဈေးပြိုင်ကြား မှာ အဘရခဲ့တာပဲ။ သူက ဘာစွမ်းသလဲဆိုတော့ ပီယပဲ။ အဲဒီဒေဝဋ္ဌရာ ရုပ်တုကို နေ့စဉ် မနက်တိုင်း ရေချိုးပြီးရင် နံ့သာဖြူအရည်၊ ကရမက် အရည်နဲ့ လိမ်းကျံပေးရတယ်။ လိမ်းကျံပေးပြီး ခြောက်သွေ့အောင် နံ့သာယပ်တောင်နဲ့ ယပ်ခတ်ပေးရတယ်ကွယ့်။ နံ့သာယပ်တောင်နဲ့ ယပ်ခတ်လို့ ခြောက်သွားချိန်မှာပဲ ... အံ့ဩစရာပါ ... ငါ့လူရယ်။ အဘရဲ့ဆင်စွယ်ရုပ်တု ဒေဝဋ္ဌရာနတ်သမီးနဲ့ အလွန်ဆင်ဆင် ထပ်တူ



www.burmeseclassic.com

www.burmeseclassic.com



နီးပါးတူတဲ့ အမျိုးသမီးတစ်ဦး အဘရဲ့အိမ်ကို ရောက်လာပါရောဗျာ။

ငါ သူမကိုကြည့်ပြီး အရမ်းကိုအံ့သြနေတာ။

အသားဖြူဖြူ၊ ရင်ဖွံ့ဖွံ့၊ တင်စွင့်စွင့်၊ ခါးသေးသေးနဲ့ ...၊

ကြည့်လိုက်၊ ရယ်လိုက်ရင် ဒေဝစ္ဆရာမျက်လုံးနဲ့ ပါးစပ်၊ နှုတ်ခမ်းအတိုင်း ညှို့အားက အပြည့်ပဲ။

အဲဒီအချိန်တုန်းက အဘက အသက်နှစ်ဆယ်ကျော်ခါစ..၊

အလုပ်က မိဘလက်ငုတ် စပါးပွဲစားအလုပ် ...။

သူမက စပါးတင်းရေတစ်သောင်း လိုချင်လို့တဲ့။ သူမရဲ့အမည်က 'ရွှေဝင်းဝါချို' လို့ ခေါ်တယ်''

''ကဗျာဆန်လှချည်လား အဘရ''

''အိမ်း ...ပိုက်ဆံရှိ၊ ဂုဏ်သရေရှိအသိုင်းအဝိုင်းက မွေ တာကိုး။ သူ့ကိုမြင်မြင်ချင်း ငါ့ရင်ထဲမှာ ဒေဝစ္ဆရာရုပ်တု အသက်ဝ ကြီးပြင်းပြီး ငါ့ရှေ့မှာ လာရပ်နေတာလို့တောင် ထင်လိုက်ပါရဲ့ဗျာ။

အဲဒါ တိုတိုပြောရရင် စပါးဈေးစကားပြောပြီး မြစ်ဝကျွန်းပေ က စပါးအကောင်းစား တင်းတစ်သောင်းကို ငါ 'ရွှေဝင်းဝါချို' တို့ ပွဲရုံကို သွင်းပေးလိုက်တယ်။

သုံးခေါက်မြောက်မှာ မရွှေဝင်းဝါချိုနဲ့ အဘတို့ ချစ်သူဘဝ ရောက်သွားပြီး လက်ထပ်လိုက်ကြတယ်''

''အလို ...ဒေဝစ္ဆရာရုပ်တုရော အဘ''

''အဲဒီရုပ်တုလေးကို ငါက ငွေကြုတ်မှာထည့်ပြီး လည်ပ မှာ ငွေကြိုးနဲ့ ဆွဲဆောင်ထားတာ။ ငါ့မိန်းမ ရွှေဝင်းဝါချိုတောင် အဲ ဘာလဲမသိဘူး။ ငါကလည်း လုံးဝကိုမပြခဲ့ဘူး။ တစ်ခုတော့ရှိတယ်။ ငါ အဲဒီရုပ်တုကို ဟိုအလျင်တုန်းကလို နံ့သာဖြူ၊ ကရမက်နဲ့ ရေချိုးလိမ်း





သန့်စင် ယပ်ခတ်ပေးခြင်းမပြုခဲ့တာ ကာလအတန်ကြာပဲ။

ငါနဲ့ ရွှေဝင်းဝါချိုဟာ ချစ်စခင်စ ကြင်နာစ မိုးမမြင်လေမမြင် ချစ်ကြသပေါ့ကွယ်။

အဲဒါ ဆယ်နှစ်တိုင်တိုင် ပေါင်းသင်းခဲ့တယ်။

သားသမီးတစ်ယောက်မှ မရခဲ့ဘူး။

ဆယ်နှစ်ပြည့်တဲ့အချိန်မှာပဲ ငါ့ဇနီးချော ရွှေဝင်းဝါချို ခရီးသွားရင်း ရုတ်ခြည်းပျောက်သွားပါရောဟေ့။ သေသလား၊ ရှင်သလား လုံးဝ စုံစမ်းလို့မရဘူး။

ငါလိုက်စုံစမ်းတာတင် သုံးနှစ်ကြာတယ်။

လင်ငယ်နဲ့များ လိုက်သွားလို့လား ...၊

ပြန်ပေးများ ဆွဲခံရလို့လား ...၊

ဒါမှမဟုတ် မလိုသူက သတ်သွားလို့လား ...၊

လိုက်စုံစမ်းတယ်။ ဘာသဲလွန်စမှ မရဘူး။ နောက်ဆုံး လက်လျှော့လိုက်ရတယ်။ သူမရဲ့မိဘများလည်း သူတို့သမီးအတွက် ကြေကွဲလို့မဆုံးကြဘူး။ ငါ့တောင် မသက်သာနဲ့ အစစ်ဆေး၊ အမေးမြန်းခံလိုက်ရရဲ့။

သဘောက ငါ့မိန်းမကို ငါက အကြောင်းကိစ္စတစ်ခုကြောင့် သတ်ပြီး တစ်နေရာရာမှာ လက်စဖျောက်ထားသလားပေါ့''

www.burmeseclassic.com

| ၂ |

□

"အဲဒါ လူပျောက်လူသေစာရင်းသွင်းပြီး ငါ့မှာ ကောင်းမှုကုသိုလ်လုပ်၊ အမျှအတန်းပေးဝေခဲ့ရတယ်။

အိပ်မက်ထဲမှာ ငါ့မယား ရွှေဝင်းဝါချို က တစ်ညငါ့ကို အိပ်မက်ပေးပါလေရောဟော့။

ဘယ်လိုပေး မှတ်လို့တုံး။

အစ်ကို ... ညီမပြန်လာခဲ့မယ်တဲ့။

အို ... ငါ့နှယ် အိပ်မက်ကိုစဉ်းစားပြီး ဝမ်းသာလိုက်ရတာ လူကလေးရယ် ...။

နေ့စဉ်ကို ခြံဝကနေ မျှော်နေရတာရယ်။





နေ့များ ပြန်လာမှာလား၊ ညများ ပြန်လာမှာလားပေါ့။ ရွှေကိုးညိုသီချင်းဟာ ငါ့အတွက်စပ်ထားသလိုပါပဲ လူကလေးရာ ...။

အချိန်သာကြာရော၊ ရွှေဝင်းဝါချို က ပေါ်မလာနိုင်သေးဘူး။

ဒါနဲ့ ငါ ငွေကြုတ်ကိုဖွင့်လိုက်တယ်။ ဆယ်နှစ်နီးပါး မဖွင့်ဘဲထားတဲ့ ငွေကြုတ်ထဲမှာ ဒေဝဋ္ဌရာဆင်စွယ်ရုပ်တုဟာ ဘွားခနဲပေါ်လာတယ်။

ပြုံးညို့ညို့လေးပဲ။

ငါ ဒေဝဋ္ဌရာရုပ်တုကို ရေချိုးသန့်စင်ပွတ်တိုက်ပြီး နံ့သာဖြူကရမက်များ လိမ်းကျံလို့ နံ့သာယပ်တောင်နဲ့ လေသလပ်အောင် ယပ်ခတ်ပေးလိုက်ပြီး ငါရုပ်ရှင်သွားကြည့်တယ်။

ရုပ်ရှင်ရုံက ပလေဒီယံရုပ်ရှင်ရုံ။

ဘုရားရေ ...

ငါ့ရဲ့ဘယ်ဘက်ခုံမှာ ထိုင်နေတာ မိန်းမတစ်ယောက်။ မီးရောင်နဲ့ သူမရဲ့မျက်နှာကို ငါမြင်လိုက်ရရော အရမ်းကိုအံ့ဩဝမ်းသာဖြစ်သွားရပါရော့ စာရေးဆရာရေ"

"ဘာဖြစ်လို့လဲ အဘရဲ့"

"ဟာ ... ငါ့နံဘေးက မိန်းမက ဘယ်သူမှတ်လို့လဲ"

"ပြောပါဦးခင်ဗျာ"

"ငါ့မယား ရွှေဝင်းဝါချိုဟ"

"ဟင် ..."

"ဒါနဲ့ ငါက ဝမ်းသာအားရနဲ့ 'ရွှေဝင်းဝါချို' လို့ခေါ်ပြီး သူမရဲ့လက်ကို ကိုင်လိုက်ရော အဲဒီ ရေမွှေးနံ့တသင်းသင်းနဲ့မိန်းမချောကလန့်ဖျပ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မနာမည့် ရွှေဝင်းဝါချို မဟုတ်ပါဘူးရှင်'

'ဟော ... မင်း ... မင်း ... ရွှေဝင်းဝါချိုမှ ရွှေဝင်းဝါချိုပါ'

'အို ... ဒီက မောင်ကြီး လူချင်းတူလို့ နေပါလိမ့်မယ်''

'လူချင်းတူလို့ ...'

'ဟုတ်ကဲ့'

'ဒါ ... ဒါဆို ... ဒီက ညီမအမည်က ဘယ်လိုခေါ်လဲဟင်'

'မြတ်နိုးခင်လို့ ခေါ်ပါတယ်ရှင်'

'ဟုတ်ရဲ့လား ... ညီမရယ် ... ဟင် ...'

'ဟင်း ... ဟင်း ... ဟင်း ... ရော့ ... ဒီမှာ ကျွန်မရဲ့ မှတ်ပုံတင်'

မြတ်နိုးခင်ဆိုသူက ပိုက်ဆံအိတ်ထဲက သူမရဲ့မှတ်ပုံတင်ကို ငါ့ထံထိုးပေးလို့ ကြည့်လိုက်ရော ...

ဟုတ်ပ ...။

မမြတ်နိုးခင် ...၊ အဘ ဦးသိန်းဝင်းထွန်းလို့ ရေးထားတာကို တွေ့ရတယ်။

'သော့ရီး ... ညီမရယ်။ အစ်ကိုတောင်းပန်ပါတယ်။ ညီမရဲ့ အစ်ကို့ရဲ့ ရွှေဝင်းဝါချိုနဲ့က ရုပ်ချင်း၊ ကိုယ်လုံးကိုယ်ပေါက်ချင်း ထပ်တူ နီးပါးတူလွန်းလို့ပါ။ မယုံရင် ဒီမှာကြည့်ပါ'

ငါကလည်း သူမအထင်လွဲမှာစိုးလို့၊ အကြံအစဖန်သည်မားလို့ ထင် မှာစိုးလို့ အမြဲဆောင်ထားတဲ့ ဖနီးသည်ရွှေဝင်းဝါချိုရဲ့ဓာတ်ပုံကို ပြ လိုက်ရော သူမလည်း အံ့သြသွားပါရောလား ...။

'ဒီဓာတ်ပုံရှင်က အစ်ကိုနဲ့ ဘာတော်သလဲဟင်'

'အစ်ကို့ရဲ့ အချစ်ဆုံးဇနီးသည်ပါ'

---





'အခု သူက ဘယ်ရောက်သွားလို့လဲ'

ဒီမှာ ငါက ငါနဲ့ ဇနီးချောရွှေဝင်းဝါချိုတို့ရဲ့ ဆယ်နှစ်ကြာ အိမ်ထောင်ရေးအကြောင်း ပြောပြလိုက်ရော မြတ်နိုးခင်ဆိုသူ မိန်းမ ချောက ကြင်နာတဲ့မျက်လုံးနဲ့ ငါပြောသမျှကို လိုက်နားထောင်ပြီး စိတ် မကောင်းဖြစ် သွားလေရဲ့။

မြတ်နိုးခင်နဲ့ ရွှေဝင်းဝါချို ကွာဟတာ တစ်ချက်ပဲရှိတယ်။

ငါ့ဇနီးချော ရွှေဝင်းဝါချိုက ဆင်စွယ်လိုအသားဖြူပြီး သူမနဲ့ ရုပ်ချင်း၊ ကိုယ်လုံးကိုယ်ပေါက်ချင်းတူတဲ့ မြတ်နိုးခင်က အသားညိုနေ တာပဲကွာပါတယ်။

ရုပ်ရှင်မီးမှိတ်ပြီ။

အလံတော် ပေါ်လာပြီ။ ငါတို့အားလုံး အလေးပြုပြီး ပြန် ထိုင်ကြတယ်။ တို့နှစ်ဦးစလုံး ရုပ်ရှင်မှာ စိတ်မဝင်စားကြဘူး။ တစ်ယောက် အကြောင်း တစ်ယောက်မေးမြန်းပြီး ရုပ်ရှင်အပြီးမှာ အအေးဆိုင်ကို ထွက်ခဲ့လိုက်ကြတယ်။

နောင်အခါ ...

မြတ်နိုးခင်နဲ့ငါ ချစ်ကြိုက်ပြီး ညားသွားကြတယ်။

ရွှေဝင်းဝါချို အိပ်မက်ထဲမှာ ပြောသလိုပါပဲ ငါ့လူရာ။

'အစ်ကို ကျွန်မပြန်လာခဲ့မယ်' ... တဲ့။

အခုလည်း ရွှေဝင်းဝါချိုပြန်လာသလို ငါ့ရင်ဟာ ကြည်နူး ချမ်းမြေ့ခဲ့ရတယ်။

မြတ်နိုးခင်ဟာ ငါ့ကို သိပ်ချစ်ရှာတာပဲ။

ရွှေဝင်းဝါချို ကြင်နာမှုပေးသလိုမျိုး ငါ့ကို ကြင်နာမှုပေးတယ်။ ငါ့ရဲ့ဝေယျာဝစ္စမှန်သမျှ လိုလေသေးမရှိအောင် လုပ်ပေးရှာတယ်။ ငါလည်း

---



www.burmeseclassic.com

www.burmeseclassic.com



သူမကို တုန်နေအောင်ကို ချစ်တာ။

အဲဒါ ဆယ်နှစ်တိုင်တိုင် မခွဲမခွာ အတူနေကြတာ။

ငါ့လူရာ ... မေလ (၂) ရက်နေ့ဟာ ငါနဲ့ ဒုတိယမြောက်ဇနီးချော မြတ်နိုးခင်တို့ အိမ်ထောင်သက်ဆယ်နှစ်ပြည့်တဲ့နေ့။ ငါ့အသက်လေးဆယ်ပြည့်တဲ့နေ့။ သူမနဲ့ငါ ဆယ်နှစ်ကွာတယ်။

အဲဒါ ရွှေတိဂုံဘုရားမှာ ပန်း၊ ရေချမ်းကပ်၊ ဖြိုးပြတ်တိုင်နားမှာ ရှိခိုးပူဇော်၊ ပြီး ဘုရားပေါ်ကနေ အောက်ကိုပြန်အဆင်း၊ တံရွှာနဲ့သွားမလို့အလုပ်မှာ မြတ်နိုးခင်တစ်ယောက် ...

'အစ်ကို ...'

'ဘာလဲ ... မြတ်၊ ဘာဖြစ်လို့လဲ'

'မူး ... မူးလိုက်တာ အစ်ကို။ အား ...'

"အစ်ကို ... အစ်ကို ..."

"မြတ် ... မြတ် ... မြတ် ..."

"မူးတယ် ... မူးတယ် ..."

ယိမ်းထိုးနေတဲ့ သူမကို ပွေ့လှုပ်ခေါ်နေစဉ်မှာပဲ မြတ်နိုးခင်ဖက်ကျိုးကျပြီး ကားလမ်းနံဘေးမှာ အသက်ဆုံးသွားခဲ့ရတယ်။

ငါကွာ ... ယောက်ျားတန်မဲ့ ငိုလိုက်ရတာ။

ဇနီးချောလေးရဲ့မျက်နှာကို ငုံ့နမ်း၊ ပါးချင်းအပ်ပြီး ငိုလိုက်တာ ရျက်ရည်ကိုအိုင်နေတာပဲ။

တောက် ...

ပထမဇနီး ရွှေဝင်းဝါချိုတုန်းကလည်း ဆယ်နှစ်ပြည့်တဲ့နေ့မှာ အိမ်ကနေ ပျောက်ခြင်းမလှ ပျောက်သွားလိုက်တာ ဒီနေ့အထိ ပေါ်မလာဘူး။





ရွှေဝင်းဝါချိုနဲ့ ရုပ်ချင်းတူလှတဲ့ ဒုတိယမြောက်ဒေဝဿရာကို အစားထိုးဝင်စားသလို့ရပြီး ချစ်လို့မဝ ရှိသေးရဲ့။

မြတ်နိုးခင် ဦးနှောက်သွေးကြောပြတ်ပြီး ကွယ်လွန်ခဲ့ရတယ်။

အဲဒါလည်း အိမ်ထောင်သက်ဆယ်နှစ်ပြည့်တဲ့နေ့ပဲ။

ငါ တစ်ဂဏန်းနဲ့ အဲကျိုးမပေးဘူးနဲ့ တူပါရဲ့။

အမြဲတမ်း အထီးကျန်တစ်ယောက်တည်းပဲ နေရတယ်။ ခုတော့ကွာ ... ငါ့ရဲ့အိမ်မျက်နှာစာခန်းမှာ ရွှေဝင်းဝါချိုရဲ့ဓာတ်ပုံနဲ့ မြတ်နိုးခင်ရဲ့ ဓာတ်ပုံဓာတ်ပုံနှစ်ပုံကိုကြည့်ပြီး ငါ နေ့စဉ်၊ ညစဉ် ကြေကွဲဝမ်းနည်းသတိတရဖြစ်နေရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

[ ၃ ]

□

ဒါနဲ့ ငါ ဒေဝဋ္ဌရာဆင်စွယ်ရုပ်တုလေးကို သတိရပြီး မသက်
သလို ဖြစ်လာခဲ့ရတယ်။

ဒီရုပ်တုဟာ ဂန္ဓာရပညာနဲ့ စီရင်ထားတဲ့ ကညာရုပ်အဆော
ပဲ။ ဒီအဆောင်ကို ကိုယ်နဲ့မကွာထားခဲ့ရင် ပီယမှာစွဲတယ်လို့ ငါ့ကို
ရုပ်တုအဆောင်ရောင်းလိုက်တဲ့ ပန်းပုဆရာကြီးက ပြောဖူးတယ်။

အခုလည်း သူပြောသလို ဒေဝဋ္ဌရာကညာရုပ်တုနဲ့ ရုပ်ချ
အသွင်သဏ္ဍာန် ထပ်တူနီးပါးတူလှတဲ့ မိန်းမချောနှစ်ယောက်နဲ့ ငါအ
ထောင်ကျခဲ့တယ်။





ဆယ်နှစ်ပြည့်တဲ့အချိန်ရောက်ရင် ကွဲရင်ကွဲ၊ ဒါမှမဟုတ် အိမ်က ဆင်းသွားရင်သွား၊ ဒါမှမဟုတ် သေကွဲကွဲရတယ်။

ဒါ ဒီရုပ်တုမှာပါဝင်တဲ့ ကောင်းကျိုး ဆိုးကျိုးလား။ အင်္ဂလိပ်ဆေးလိုပြောရရင် ကွာ။ ဒီဆေးက အကိုက်အခဲရောဂါကို သက်သာပျောက်ကင်းမယ်။ ဒါပေမဲ့ အစာအိမ်ရောဂါကိုတော့ ဘေးထွက်ဆိုးကျိုးအဖြစ် သက်ရောက်ခံစားရမယ်။

ငါရထားတဲ့ ဒေဝဋ္ဌရာ ဂန္ဓာရကညာရုပ်တုက အဲဒီလို ကောင်းကျိုးနဲ့ဆိုးကျိုးကို ယှဉ်တွဲဖြစ်ပေါ်စေသလား။

အဲဒါ သိချင်တယ်။

ဒါနဲ့ မြန်မာပြည်အထက်ပိုင်းက ပန်းပုဆရာကြီး ဦးမိုးဒေဝါထံကို အရောက်သွားပြီး မေးရရော။

"ဆရာကြီးရယ် ... ဆရာကြီးရောင်းလိုက်တဲ့ ဒေဝဋ္ဌရာဆင်စွယ်ကညာရုပ်တုကို ကျွန်တော်ဆောင်ထားတဲ့အချိန်ကစပြီး ပီယမှာတော့ ကံကောင်းပါရဲ့။ ဒါပေမဲ့ ဆယ်နှစ်ပြည့်ပြီးတိုင်း ချစ်မယားနဲ့ သေကွဲ ရှင်ကွဲ ကွဲချ ခွဲရတာ နှစ်ကြိမ်ရှိပါပြီ ဆရာကြီး။ အဲဒါ ဘာကြောင့်ပါလဲ ခင်ဗျာ"

"အဲဒါ ဆရာကြီးမသိဘူး"

"ခင်ဗျာ ... ဒါ ... ဆရာကြီးထုတဲ့ ပန်းပုရုပ်တု မဟုတ်ဘူးလား"

"ပန်းပုထုခဲ့တာ ကျုပ်မှန်ပေမယ့် ဒီရုပ်တု အသက်ဝင်လွှမ်းလို့ ပညာနဲ့ ထပ်မံအသက်သွင်းပေးပါရစေဆိုပြီး စီရင်ခဲ့တာက ဂန္ဓာရဆေးဆရာကြီး ဦးကုသန္တာဘိုပဲ။ သူ့ကိုမေးမှ သိရမှာပဲ"

"အဲဒီ ဂန္ဓာရဆရာကြီး ဦးကုသန္တာဘို ဘယ်မှာနေပါသလဲခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အမရပူရမှာ"

ဒါနဲ့ ငါ အမရပူရကို ရောက်ခဲ့တယ်။ ဂမ္ဘီရဆေးဆရာကြီး ဦးကုန္တာဘိုကို၊ သူ့ရဲ့ဂမ္ဘီရပစ္စည်းပုံအကြားမှာ နှုတ်ခမ်းမွေးကားကားနဲ့ တွေ့ခဲ့ရတယ်။

တစ်အိမ်လုံးမှာ နတ်ရုပ်တုမျိုးစုံ၊ သုံးဆယ့်ခုနစ်မင်းအရုပ်စုံသာမက ထူးဆန်းအံ့ဖွယ်ပစ္စည်းပေါင်းစုံကို စာတန်းတွေရေးထိုးပြီးထားတာ တွေ့ရတယ်။

ဆရာကြီးဦးကုန္တာဘိုကို တွေ့ရရော ငါက ဆရာကြီးကိုယ်တိုင် စီရင်ပေးလိုက်တဲ့ ဒေဝဒ္ဒရာကညာရုပ်တုရဲ့ သိဒ္ဓိအကျိုးနဲ့ အပြစ်ကို ပြောပြပြီး မေးရရော။

"ဆရာကြီးခင်ဗျာ ... ဒီဒေဝဒ္ဒရာရုပ်တုကို ဆောင်ထားတဲ့ အချိန်ကစပြီး ကျွန်တော် အချစ်ရေးမှာ သူများထက်ပိုကံကောင်းသလို ချစ်လို့မဝသေးခင်မှာပဲ သေကွဲ၊ ရှင်ကွဲ ကွဲရတာ ဒီရုပ်တုကြောင့်များ ဟုတ်၊ မဟုတ် သိချင်လို့ပါခင်ဗျာ'

ပြောရင်းက ကျုပ်က ဒေဝဒ္ဒရာရုပ်တုကလေးကို ကြုတ်ထဲကနေဖွင့်ပြီး ထုတ်ပေးပြလိုက်တယ်။

ဂမ္ဘီရဆရာကြီး ဦးကုန္တာဘိုဟာ ဆင်စွယ်ရုပ်တု ဒေဝဒ္ဒရာကညာရုပ်တုကို စေ့စေ့စပ်စပ်ကြည့်ပြီး ...

"အင်း ... သိပ်ကိုလက်ရာမြောက်စွာ လုပကြော့ရှင်းလွန်းလို့ မနေနိုင်မထိုင်နိုင် ကျုပ် ဂမ္ဘီရဆန်းကြယ်အစီအရင်နဲ့ ပီယစိတ်လွှမ်းခြုံအောင် စီရင်လိုက်တာပါ။ အင်း ... ခုတော့ ... ဆယ်နှစ် ဆယ်နှစ် ... ဆယ်နှစ် ... ဘာကြောင့် ဆယ်နှစ်ပဲ အချစ်ရေး၊ အိမ်ထောင်ရေး ခံစား တည်မြဲရသလဲ။ အင်း ... နေဦး ... ကျုပ်အာရုံခံလိုက်ဦးမယ်။ ဪ ... ဒီလိုကိုး ... ဒီလိုကိုး ...။ ဦးမိုးဒေဝါ ပြောခဲ့သလို သံသရာပဋ္ဌာန်းဆက်အရှိန်က ပိုင်းခြားသတ်မှတ်သလို ဖြစ်နေတာကိုး"





ဆရာကြီးဦးကုန္တာဘိုက ရုပ်တုကို ညာလက်နှင့်ဆုပ်ကိုင်ပြီး အာရုံခံ၍ ခေါင်းတညိတ်ညိတ်လုပ်နေ၏။

"မောင်ဒေါင်းညိုဦး ..."

မှတ်ထား ... လူကလေးရေ၊ အဘရဲ့နာမည်က 'ဒေါင်းညိုဦး' လို့ ခေါ်သကွ။ ဆရာကြီးက ငါ့အမည်ကို ခေါ်လိုက်တယ်။

"ခင်ဗျာ ... ဆရာကြီး"

"အဖြေရပြီ"

'ဟုတ်ကဲ့ ... အမိန့်ရှိပါ"

"ဒါ ... ဒေဝဒ္ဒရာကညာရုပ်တုကို ဆင်မတစ်ကောင်ရဲ့အစွယ်နဲ့ထုဆစ်ခဲ့တာ"

"ဟုတ်ကဲ့ ... ပြောပါဆရာကြီး"

"ဒီဆင်စွယ်ကလည်း နောက်ခံသမိုင်း ရှိသေးတယ်။ မုဆိုးတွေ ဆင်ဆိုးမတစ်ကောင်နောက်ကို လိုက်ကြတယ်။ ဆင်ပအရိုင်းက အတော်ကို ဆိုးသတဲ့။ သူ့ချစ်သူ ဆင်ဖိုကိုထောင်ချောက်မိပြီး ဖမ်းသွားကြလို့ နာကြည်းပြီး ဆိုးသွမ်းနေတဲ့ ဆင်ရိုင်းမလို့ဆိုကြတယ်။ ဆယ်ရက်မြောက်တဲ့နေ့ကစပြီး သစ်ခုတ်လုပ်သားများ၊ သစ်ညသစ်ဖုရှာသူများကို လိုက်ဒုက္ခပေးတာ အသေအပျောက် ကိုးယောက်ရှိခဲ့သတဲ့။ သူ့ကို မုဆိုးများက လိုက်ရှင်းကြရင်း သေနတ်နဲ့ဆယ်ချက်ပစ်မှ ရတယ်။ ဆင်မဟာ သေခါနီးမှာ ဆယ်ကြိမ်ရှုးရှူးနှစ်နှစ်အော်ဟစ်ပြီး ဆယ်ကြိမ်ခြေလှမ်းအပြီးမှ လဲကျအသက်ထွက်သွားတယ်တဲ့။ အဲဒီဆင်မရဲ့ အစွယ်တစ်စိတ်တစ်ဒေသကို



www.burmeseclassic.com

www.burmeseclassic.com



ပန်းပုဆရာကြီးရှိခဲ့ပြီး ဒေဝဿရာကညာအရုပ်ကို ထုဆစ်ခဲ့တာပဲ။ ကြည့်ရတာ သူမဆင်စွယ်ဝိညာဉ်ဟာ လင်ချစ်စိတ်ပြင်းပြစွဲလမ်းပါသော်လည်း ကြမ္မာဝိဘက် အရှိန်မသေ၊ မကျေလို့နဲ့ တူပါရဲ့။ ဆယ်ရက်၊ ကျည်ဆန် ဆယ်တောင့်၊ နာကြည်းချက်အော်သံဆယ်ကြိမ်နဲ့ ခြေလှမ်းဆယ်လှမ်း လှမ်းပြီးမှ လဲကျသေဆုံး။ အင်း ... ငါ့ရဲ့ဗီယအစီအရင် အချစ်ကြီးမာတ် သိဒ္ဓိဝင်ပေမယ့် နဂိုဓာတ်သားရင်းခံ ဆင်မရဲ့ သေခြင်းကံကြမ္မာဆိုးလှတဲ့ ကြမ္မာဝဋ်က ဒီနေ့အထိ စီးနင်းလိုက်ပါနေတုန်းပဲ။ ဒါကြောင့် ဆယ်ဂဏန်းကျတဲ့ အချိန်တိုင်းဟာ ဒီရုပ်တုရဲ့ ကြမ္မာဆိုးသက်ရောက်ချိန် ဖြစ်ဖြစ်သွားရတာပဲလို့ ယူဆရမှာပဲ''

''အဲဒါ ရှင်းလို့မရဘူးလား ဆရာကြီး''

''အဲဒီရုပ်တုကို မလိုချင်ရင် လွှင့်ပစ်လိုက်ပါ။ ကံကြမ္မာဆိုးနဲ့ ဝေးသွားပါလိမ့်မယ်''

''နမြောစရာကြီးခင်ဗျာ''

''ဘာဖြစ်လို့လဲ''

''လက်ရာအလွန်ကိုမြောက်လွန်းလို့ လွှင့်မပစ်ရက်ဘူး။ မရောင်းပစ်ရက်ဘူး ဆရာကြီး''

''ဒါဆို မောင်ရင့်သဘောပါ။ မောင်ရင့်ကို တစ်ခုမှာလိုက်ချင်တာက ဒီရုပ်တုသည် ဗီယသိဒ္ဓိဝင် အဆောင်ပစ္စည်းတစ်ခု ဖြစ်မှန်းမသိဖြစ်သွားတာ မှန်ပေသော်ငြားလည်း မောင်ရင်တို့ရဲ့အချစ်ရေးကံကောင်းမှု အချစ်ရေးကံဆိုးမှု အကြောင်းအကျိုးတရားများ ရှိလာတိုင်း ဒီဒေဝဿရာဆင်စွယ်ကညာရုပ်တုအပေါ် အလုံးစုံအပြစ်ပုံမချပါနဲ့။ နောက်တစ်ချက် ဒါ ကျုပ်တို့ မြန်မာ့ဂန္ဓာရီပညာရဲ့ အစွမ်းပါပဲလို့လည်း တရားသေမယူသလိုက်ပါနဲ့။ ဒါနဲ့အတူ မူလဆင်မကြီးရဲ့ သေခြင်းရက်ချိန်းဝိညာဉ် ခိုဝင်လာ





နား ကံကြမ္မာဆိုင်သွားတာပါလို့လည်း ပုံသေ၊ တရားသေ အစွဲအလမ်းမကြီးပါနဲ့။ လူဟာ အစွဲအလမ်းကြီးရင် အစွဲအလမ်းပယောဂ ဝင်ရော။ အယူသည်းလွန်းရင်လည်း ဒုက္ခရောက်ရော။ မောင်ရင်က ဒီဆင်စွယ်ကညာရုပ်တုကို အရမ်းသဘောကျလို့ ဆက်ဆောင်ထားချင် ဆောင်ထားပါ။ ကံကောင်းရင် ဆင်စွယ်ကညာရုပ်တုကြောင့်လို့ သဘောထားပြီး ကံဆိုးရင် အဲဒီရုပ်တုရဲ့ ဘေးထွက်ဆိုးကျိုးကြောင့်လို့ ပြောရင် မောင်ရင် တစ်ကိုယ်ကောင်းသမားဖြစ်သွားမယ်။ လူ့ဘဝဆိုတာ ဖြစ်ချိန်တန် ဖြစ်ပြီး ပျက်ချိန်တန်ရင် ပျက်ကြတာ။ အနိစ္စဝရ သခါရသဘောပဲလေ။ အဲဒါပဲ''

ကျုပ် ဆရာကြီးဦးဣန္ဒာဘိုဆီက ပြန်လာခဲ့ပြီး ဒီဒေဝဿရာကညာရုပ်တုကို လွှင့်ပစ်ရင် ကောင်းမလား၊ ပြတိုက်ကိုလှူရင် ကောင်းမလား၊ ဒီအတိုင်းသိမ်းထားရင် ကောင်းမလားလို့ ဝေခွဲမရဖြစ်နေချိန်မှာပဲ ...

ကျုပ် တတိယအကြိမ် လက်တွေ့စမ်းသပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဒီဒေဝဿရာကညာရုပ်တုဟာ ပညာပိုင်အစီအရင်အရ ဗီယသိဒ္ဓိမှာ ထပ်စွမ်းမှာလား ...၊

သေကွဲ၊ ရှင်ကွဲရော ကွဲဦးမှာလား ...၊

ကျုပ်မိန်းမတွေရော ကျုပ်ရှိရာကို ထူးခြားတိုက်ဆိုင်မှုအနေနဲ့ ပြန်ရောက်လာကြမှာလား ...။

ဒါကို သိချင်နေတယ်။

တတိယအကြိမ်မြောက် ရှင်ကွဲ၊ သေကွဲ ကြုံရရင်တော့ ...။

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

အလွန်ကို အံ့သြစရာကောင်းတယ် စာရေးဆရာ။

ကျုပ် အိမ်ပြန်ရောက်ပြီးနောက် ဒေဝဠ္ဍရာဆင်စွယ်ကညာရုပ်တု လေးကို ရေချိုး၊ ကြေးညှော်များ ပွတ်တိုက်သန့်စင်ပေးလိုက်တယ်။

မွေးဉသွားတာပဲ။

ဒါနဲ့အတူ အလှအပ၊ အမှိုအဖောင်း ကောက်ကြောင်းများ လည်း ကြွကြွရွရွ လှလှပပ ပေါ်လာခဲ့သလို ရှိလာတယ်။

ပြီး ...ကရမက်နဲ့ နံ့သာရည်စိမ်ပြီး နံ့သာယပ်တောင်နဲ့ ယပ်ခတ်လို့ အခြောက်ခံလိုက်တယ်။

မွှေးကြိုင်နေတာပဲ။





ကြည့်လိုက်ပုံမဝဘူး။ မျက်လုံးထဲမှာ ရွှေဝင်းဝါချိုလိုလို၊ မြတ်နိုးခင် ရပ်နေ၊ ညို့နေသလို ခံစားနေရတယ်။

ဒါနဲ့ ကညာရုပ်ကလေးကို လှမ်းယူလိုက်ပြီး ကညာရုပ်ရဲ့ပါးနှစ်ဖက်ကို ချစ်ဖနိုးနှစ်ဦးရဲ့ ပါးနှစ်ဖက်အမှတ်နဲ့ ကြင်နာစွာနမ်းပစ်လိုက်တယ်။

ကျုပ် အချစ်ရူး ရူးနေတာဲ မဟုတ်ဘူး။

အချစ်ဦးများကို မုန်းမေ့လို့မရ၊ ချစ်လို့မဝလို့ ...။

ဟော ...

တစ်နေ့ ...

မြစ်ဝကျွန်းပေါ်ကနေအပြန် ဝေန်မြစ်ထဲမှာ မိုးသက်လေပြင်းနဲ့ ကျုပ်တို့စီးလာတဲ့မော်တော် မှောက်ပါရောလား။

အို ...ရေလုံးရေလှိုင်းကြားမှာ ကယ်ပါယူပါအော်သံတွေ ကမ္ဘာပျက်သလိုပဲ။

လှိုင်းလုံးနဲ့ မျောပါသွားတာ 'ကြောက်စရာ၊ ကြေကွဲစရာပဲ၊

ငါလည်း အသက်စွန့်ပြီး ကူးနေရတယ်။ ဒီမှာပဲ ငါ့ရှေ့မှာ မြုပ်ချည်၊ ပေါ်ချည်နဲ့ ဆံပင်ဖားလျားဦးခေါင်းတစ်လုံးကို ရေပြင်လှိုင်းကြားမှာ မြင်လိုက်ရပါရောလား။

ပထမတော့ ငါ့အသက်ကိုပဲ ငါဦးစားပေးပြီး ကမ်းခြေအရောက် ကူးမယ်လို့ ပိုင်းဖြတ်ပြီး ကမ်းခြေကို ဦးတည်ကူးနေတာ။

ဒါပေမဲ့ ရေပြင်ပေါ်က ဆံပင်ဖားလျား မြုပ်လိုက်ပေါ်လိုက်ကို ကရုဏာသက်သွားတယ်။ ကြည့်ရတာ မိန်းမသားတစ်ဦး ခြေကုန်လက်ပန်းကျနေပုံရယ်။

ဒါနဲ့ ရင်ထဲမှာ ကရုဏာတရားဖြစ်ပေါ်လာပြီးနောက် ...



www.burmeseclassic.com

www.burmeseclassic.com



သူမရဲ့နံဘေးကို ကူးခတ်သွားလိုက်တယ်။

ရေနစ်သူတွေဟာ တွေ့မိတွေ့ရာကို ဆွဲတတ်တယ်။ အဲဒီလို လူမျိုးကို မြန်းစားကြီးသွားဆွဲရင် သူလန့်ဖက်ရင် ကိုယ်ပါနစ်ပြီး သေရော ကွ။

ဒါကြောင့် ...

အသာ သူ့အပါးကို ကပ်သွားပြီး သူမရဲ့နားရင်းကို လက်ဝါး နဲ့ အုပ်ရိုက်ပစ်လိုက်တယ်။

ဖောင်းခနဲမြည်ပြီး လည်အသွားမှာ သူမရဲ့ဆံပင်များကို လှမ်း ကိုင်ဆွဲယူရင်း သူမရဲ့လက်မောင်းကို မေးထိန်းကိုင်လို့ ကမ်းခြေကို ကူးလာခဲ့လိုက်တယ်။

ဟူး ...

ဝေန်မြစ်ရဲ့ လေပြင်းနဲ့လှိုင်းကြား ငါတို့ ကံကောင်းလို့ အသက် မသေရတာ။

ငါလည်း မြစ်ကမ်းပါးမှာ မောဟိုက်ပြီး မှောက်နေပြီ။

ဟိုမိန်းမလည်း သေသလား၊ ရှင်သလား မသိဘူး။ မှောက်ခုံ ကြီး ...။

ငါ အသက်ကို အားရပါးရရှူပစ်လိုက်ပြီး ကုန်းထလိုက်တယ်။ မိုးဖွားများကျနေဆဲပဲ။ အရှေ့ကို သိပ်မမြင်ရဘူး။ ငါကယ်လိုက်တဲ့မိန်း ရော ဘယ်လိုနေလဲ မသိဘူး။ သေများသေပြီလား။

ဒါနဲ့ သူမရဲ့မှောက်ခုံကိုယ်လုံးကို အသာလှန်လိုက်ရော ...

"ဟာ ..."

"ရွှေ ... ဝင်း ... ဝါ ... ချို ..."

"ရွှေ ... ဝင်း ... ဝါ ... ချို ..."

စိတ်ကူးသစ်စာပေ



"မချို ... မချို ... မချို ..."

ဘုရားရေ ... ကံတရားများ ဆန်းပြားလိုက်ပါဘိသနဲ့ ... ငါ့လူရာ။ အဲဒီမိန်းမရဲ့ကိုယ်လုံးကို ဆွဲလှန်လိုက်ရော ငါမြင်ရတာ အခြား သူစိမ်းမိန်းမ မဟုတ်ဘူး။

ငါ့ရဲ့ ပထမဦးဆုံး ဇနီးမယား၊ မိန်းမ မရွှေဝင်းဝါချို ...။

ဟုတ်ရဲ့လား ... ဟုတ်လား ငါ့လူရာ။ ငါ့မိန်းမအရင်းခေါက် ခေါက် ဆယ်နှစ်ပေါင်းခဲ့ရသူဥစ္စာ၊ ငါမမှားပါဘူးကွ။ သူမရဲ့ပါးပေါ်မှာ စပယ်တင်မှဲ့လေး ရှိနေသေးဥစ္စာ ...။

ပိုသေချာအောင်ကြည့်လိုက်တော့ နားရွက်နောက်မှာ အသားပို လုံးလေးကို တွေ့လိုက်ရတယ်။

ဟုတ်ပါ့ ... ငါ့လူရေ ... ဒါ ... ဒါ ငါ့မိန်းမ ရွှေဝင်းဝါချိုမှ ရွှေဝင်းဝါချိုအစစ်ကွ ...။

အနှစ်နှစ်ဆယ်လောက် ကွဲကွာပြီး အသက်လေးဆယ်ကျော်မှ ဝေန်မြစ်ထဲ မော်တော်မှောက်ပြီး မသေကောင်း မပျောက်ကောင်း။

မော်တော်ပေါ်မှာမဆုံဘဲ ရေထဲ၊ လှိုင်းထဲ သေမင်းခံတွင်းဝမှာ ဆုံရတဲ့အဖြစ် ...။

ငါကွာ ... သတိမရတရဖြစ်နေတဲ့ သူမရဲ့ကိုယ်လုံးကိုပွေ့ပြီး ဝေန်မြစ်ကမ်းပါးကနေ ဟိုး ... ရွာထဲအရောက် ပြေးလာလိုက်တာ မောလို့မောမှန်းမသိဘူး။ ဪ ... အချစ် ... အချစ် ... အချစ်။

www.burmeseclassic.com

www.burmeseclassic.com

[ ၅ ]

❑

ငါတို့နှစ်ဦး ပြန်ပေါင်းထုပ်ရပြီကွ လူကလေးရ ...။

အသက်မသေဘဲ ပြန်ရှင်လာခဲ့တဲ့ ရွှေဝင်းပါချိုဟာ ငါ့ကိုလည်း မြင်ရော အံ့ဩဝမ်းသာဖြစ်ပြီး ချုံးပွဲချ ဖက်ငိုပါရော ...။

"အစ်ကို ..."

"မချို ... မချိုရယ် ..."

ဒါနဲ့ ငါက မေးရရော ...။

"မချို ... မင်းဘာလို့ ငါ့အပါးကနေ ဆယ်နှစ်ကျော်ကျော် ပျောက်သွားခဲ့ရတာလဲဟင်"





"ဒီလိုပါ ... အစ်ကို။ ကျွန်မ အစ်ကိုသိတဲ့အတိုင်း အရောင်းအဝယ်ကိစ္စနဲ့ ခရီးထွက်ခဲ့တယ်။ ကံဆိုးချင်တော့ ကျွန်မတို့စီးတဲ့ကားကို လမ်းခရီးမှာ လက်နက်ကိုင်လူဆိုးများက တားပြီး တောထဲကို ခေါ်သွားခဲ့တယ်။ ပါသမျှပစ္စည်း အကုန်ယူကြတာပေါ့။ မိန်းမသားတွေကို တစ်ဖက်နိုင်ငံမှာ လက်နက်နဲ့လဲရောင်းစားလုပ်မလို့ ခေါ်အလာမှာ တပ်မတော်စစ်ကြောင်းနဲ့တိုးပြီး တကွဲတပြား လန့်ပြေးကြတာ ကျွန်မ ကရင်ပြည်နယ်က ကရင်ရွာတစ်ရွာကို ရောက်သွားခဲ့ရတယ်။ အဲဒီမှာ လန့်ဖျား၊ ပန်းဖျားဖျားပြီး ငှက်ဖျားနဲ့လဲခဲ့တာ ဘာကိုမှသတိမရတော့ဘူး။ အဲဒါ ကရင်လူမျိုးသားအဖကောင်းမှုကြောင့် တစ်နှစ်လောက် ရောဂါကို အပြင်းအထန်ကုလိုက်မှ ရောဂါသက်သာသွားခဲ့တယ်။ ဒီအချိန်ကျမှ အစ်ကို့ဆီပြန်လာရော အစ်ကိုက ကျွန်မဘဝကို ယုံကြည်လက်ခံတော့မှာတဲ့လား အစ်ကို။ အဲဒါနဲ့ပဲ ကရင်ရွာလေးမှာ သူတို့သားအဖနဲ့ ဆိုးတူကောင်းဖက် လုပ်ကိုင်စားသောက်နေကြတာ ဆယ်နှစ်နီးပါးပေါ့။ အခု သူတို့လည်း ကွယ်လွန်ကုန်ကြပြီ။ ကျွန်မ ဒီမြစ်ဝကျွန်းပေါ်မှာ အရောင်းအဝယ်လုပ်ရင်း ဒီမော်တော်ကိုစီးလို့ အပြန်မှာ မော်တော်မှောက်ပြီး အစ်ကိုနဲ့ပြန်ဆုံရတာပါပဲ အစ်ကိုရယ် ...။ အင့် ... ဟီး ... ဟီး ... ဟီး ..."

"ဘယ်လိုဘဝကိုရောက်ရောက် အစ်ကို မချိုကို ချစ်နေဆဲပါမချိုရယ် ... ယုံပါ။ အစ်ကိုနဲ့လိုက်ခဲ့တော့နော်"

"တ ... တကယ် ..."

"ဘုရားစူး ... ယုံပါအချစ်ရယ်"

"အို ... အစ်ကိုရယ် ..."

ကျုပ်တို့ ငယ်ချစ်ငယ်လင်မယားနှစ်ဦး ပြန်ပေါင်းထုပ် ချစ်ခဲ့ကြတယ်။ မိုးမမြင်လေမမြင်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်အနှံ့ ဘုရားတွေဖူးခဲ့ကြတယ်။

ရောက်ရာအရပ်မှာ ကောင်းမှုကုသိုလ်ပြုပြီး အသက်ရှည်ရှည် အနာကင်းကင်းနဲ့ သက်ဆုံးတိုင် အချစ်တွေခိုင်မြဲစွာ ပေါင်းဖက်နိုင်ကြဖို့ ဆုတောင်းခဲ့ကြတယ်။

အဲဒါ ဆယ်နှစ် နောက်ထပ် အချစ်သစ်တစ်ဖန် ပြန်လည်စိုက်ပျိုးနိုင်ခဲ့တယ်။ ကျုပ်အသက် ငါးဆယ်ပြည့်ချိန် ...။

သူမအသက် ငါးဆယ်ပြည့်ချိန် ...။

တစ်ညဲ ... သူမက ကျုပ်ကို ဦးသုံးကြိမ်ချရှိခိုးပြီး စကားဆန်းတစ်ခု ပြောခဲ့တယ်။

"အစ်ကို ..."

"ဘာတုံး ... မချို"

"အစ်ကိုနဲ့ ဘဝတိုင်း ခုလိုမျိုးပြန်ပြန်ဆုံချင်တယ် အစ်ကို"

"ခုလည်း ဆုံရပြီဥစ္စာ မချိုရယ်"

"အစ်ကိုလည်း ဆုတောင်းနော်"

"အင်းပါ ..."

"အစ်ကို့လို အကြင်နာကြီးပြီး သည်းခံခွင့်လွှတ်တတ်တဲ့ ယောကျ်ားမျိုးနဲ့ ဘယ်လိုဘဝမျိုးရောက်ရောက်၊ ဆင်းရဲဆင်းရဲ ချမ်းသာချမ်းသာ အတူပြန်ဆုံရရင် ဘဝဟာ နေပျော်၊ သေပျော်ပါပြီ အစ်ကို"

သူမဟာ အဲဒီလို ထူးဆန်းတဲ့စကားကိုပြောပြီး အိပ်ရာဝင်လိုက်တယ်။ ပြီး ... ကျုပ်ရဲ့လည်ပင်းကို ခါတိုင်းလိုပဲဖက်လို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့တယ်။

မိုးလင်းတော့ မချို မထသေးဘူး။

ခါတိုင်း သူအလျင်နိုးနေကျ။

---

စိတ်ကူးသစ်စာပေ



နိုးရင် ကျုပ်ပါးကို သူမနမ်းပြီး နှိုးနေကျ။

ခု ... မထသေးဘူး။ ဒါနဲ့ သူမရဲ့ပါးကို ကျုပ်က နမ်းပြီး နှိုးလိုက်ရော။

"ဟင် ..."

ပါးက မနွေးဘဲ ရေခဲတုံးလို အေးစက်စက်ကြီး ...။

"မချို ... မချို ..."

"မချို ... မချို ... မချို ... မချို ..."

ဘယ်လိုဖအော်ခေါ်ခေါ်၊ လှုပ်နှိုးနှိုး ကျုပ်ဇနီး မချို လုံးဝမနိုးတော့ပါဘူး။ သူမအိပ်ရာပေါ် ကျုပ်နံဘေးမှာ ငြိမ်းချမ်းစွာ အသက်ပျောက်သွားခဲ့ပါပြီ။

မှတ်မှတ်ရရ သူမကွယ်လွန်တဲ့နေ့ဟာ ကျုပ်နဲ့သူမ ပြန်ပေါင်းပြီး ဆယ်နှစ်နဲ့ဆယ်ရက်အကြာ ဗုဒ္ဓဟူးနေ့မနက်ပါပဲ စာရေးဆရာ။

www.burmeseclassic.com

www.burmeseclassic.com

| ၆ |

❑

နောက်ဆုံး ဒီဆင်စွယ်ဒေဝဗ္ဗရာကညာရုပ်တုဟာ ဝမ်းသာခြ
နဲ့ဝမ်းနည်းခြင်းကို တစ်လှည့်စီအကျိုးပေးနေမှန်း ရိပ်မိပြီး မိတ်ဆွေ
တစ်ဦးကို ပြောပြလိုက်တယ်။

"ခင်ဗျားရုပ်တုကြောင့် မဖြစ်နိုင်ပါဘူးဗျာ။ ဖြစ်ချိန်တန်ဖြ
ပျက်ချိန်တန်ပျက်။ တရားသဘော ကံစီရင်ချက်ကြောင့်ပါ"

"ကျုပ်ကတော့ သုံးကြိမ်တိုင်တိုင် ဆယ်နှစ်သုံးခါကြုံရလို့
ဒေဝဗ္ဗရာ ဂန္ဓီရကညာရုပ်တုဟာ ကျုပ်တို့ဘဝကို ကောင်းကျိုးရော
ဆိုးကျိုးရော ဆယ်နှစ်ပြည့်တိုင်းပေးတာယ်လို့ ယုံကြည်နေပြီ ...
ဦးကောင်းချွန်"





"ကျုပ်တော့ လက်မခံဘူးဗျာ"

"ဒါဆို ခင်ဗျားကို ကျုပ် ဒီဒေဝဗ္ဗရာရုပ်တုလေး ပေးလိုက်မယ်။ ခင်ဗျားသိမ်းထားပေးမလား"

"ပေးလေဗျာ ...။ လှသားညွှာ။ ဘာဖြစ်လဲ ... ပေး.."

ဒါနဲ့ ငါ့ရဲ့ဒေဝဗ္ဗရာ ကညာဆင်စွယ်ရုပ်တုကို ဒါမျိုး သိပ်လက်ခံ ယုံကြည်လေ့မရှိတဲ့ ဦးကောင်းချွန်လက်ထဲ ပေးအပ်လိုက်တယ်။

သူကလည်း ရုပ်တုရဲ့ လက်ရာမြောက်ချက်ကိုကြည့်ပြီး သဘောကျနေတာ။ အဲဒါ နေ့တိုင်း အဲဒီရုပ်တုလေးကို ကြည့်ကြည့်ပြီး လက်ရာရှင်ကို ချီးကျူးနေတာတဲ့။

ဘာကြာလဲဗျာ ...။

နှစ်ပတ်အတွင်း လူပျိုကြီးဦးကောင်းချွန်ထံကို အလွန်ကိုချောမောလှပပြီး သူ့ထက် အသက်ထက်ဝက်ငယ်တဲ့ မိန်းမချောတစ်ယောက် ရောက်လာပါရော။

စာတမ်းတစ်စောင်ကိစ္စအတွက် လာအကူအညီတောင်းတာတဲ့။ အဲဒါ ဘူမိဗေဒပညာရှင် ကိုကောင်းချွန်က ဘူမိဗေဒစာတမ်းကို ဝိုင်းဝန်းကူညီရင်း နောက်ဆုံး ဆရာနဲ့တပည့် ညားသွားကြပါရောဗျာ။

လူပျိုကြီးလည်း ပျော်လို့ ...။

မင်္ဂလာပွဲမှာ သွားကိုပြုံးနေတာပဲ။

"ကိုချွန် ... ရုပ်တုတော့ အကျိုးပေးပြီနဲ့ တူရဲ့ဗျ"

"အဟဲ ... ကျုပ်လက်ကျမြန်လို့ ဖွံ့တာပါဗျာ"

"ဟား ... ဟား ... ဟား ... ဟား ..."

"ဟုတ်တယ်ဗျ ...။ သူ့အဖေက လက်ဝှေ့သမား"

"ဟုတ်ပါဘူး ... ပန်းရံဆရာတဲ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ...ဟား ...ဟား ...ဟား ..."

မင်္ဂလာပွဲဟာ အပျော်နဲ့စပြီး အပျော်နဲ့သိမ်းခဲ့တာပါ။ ဒီလိုနဲ့ ဆယ်နှစ်ခန့်ကြာချိန် ဦးကောင်းချွန် ကျုပ်ဆီရောက်လာတယ်။

"ကိုဒေါင်းညိုဦး ..."

"ဟော ...ကိုချွန်၊ လာဗျာ ...။ ခင်ဗျားမိန်းမရော ...ကိုချွန်"

"မရှိတော့ဘူး ကိုဒေါင်းညို"

"ဟေ ...ဘယ်ရောက်သွားလို့တုံးဗျ"

"ဆုံးသွားပြီဗျာ"

"ဟာ ...ဘယ်လိုဖြစ်ရတာတုံး ကိုချွန်ရာ။ ဟင် ..."

"ဦးနှောက်အမေးရောင်ရောဂါပေါ့ဗျာ ...။ တောက် ..."

"ဖြစ်ရလေဗျာ ...။ အင်း ...အနိစ္စ ...ဒုက္ခ ..."

"ကိုဒေါင်းညိုဦး ..."

"ပြော ...ကိုချွန်"

"ခင်ဗျားပစ္စည်းလေး ခင်ဗျားကို ပြန်ပေးပါရစေဗျာ"

"ဗျာ ...ဘာပစ္စည်းများပါလိမ့် ကိုချွန်"

"ဒါလေးပါ"

"ဟင် ..."

ကြည့်စမ်း ...။ လွန်ခဲ့တဲ့ဆယ်နှစ်က ကျုပ် သူ့ကိုလက်ဆောင်ပေးလိုက်တဲ့ ဒေဝဏ္ဏရာ ဆင်စွယ်ကညာရုပ်တုကလေး။ သူ ဒီရုပ်တုလေး ရောက်ရှိလက်ခံပြီးချိန်ကစ၍ မျက်နှာပွင့်ခဲ့သည်ဟုဆို၏။

အမျိုးသားများထက် အမျိုးသမီးချောချောလှလှများ ပို၍ ကိုချွန့်ကို ချဉ်းကပ်ကြသည်တဲ့။





အဲဒီထဲကမှ နွေးနွေးထိန်ဆိုသူနှင့် လက်ထပ်ခဲ့ကြကြောင်း။ ၃ သူမကွယ်လွန်သွားပြီဖြစ်ကြောင်း၊ သူမ (နွေးနွေးထိန်) ကွယ်လွန်သည့်နေ့သည် တိုက်တိုက်ဆိုင်ဆိုင် သူတို့ရဲ့ မင်္ဂလာဆယ်နှစ်မြောက်နေ့ ဖြစ်နေပါကြောင်းကို ပြန်လည်ပြောပြသောအခါ ကျုပ် အလွန်ကိုအံ့သြခဲ့ရတယ်။

ကိုင်း ...စာရေးဆရာ။ ခင်ဗျားက ဂမ္ဘီရဖြစ်ရပ်ဆန်းကြယ်များကို ရေးသားနေသူဆိုတော့ ဆရာ့ကို ဒီရုပ်တုနဲ့ဆက်စပ်ကြုံတွေ့ခဲ့ရတဲ့ ကျုပ်တို့ဘဝကို ပြန်ပြောပြပြီးပါပြီ။ ဆရာလက်ခံနိုင်ရဲ့လား"

"ရုပ်တုကို ကြည့်လို့ရမလား ဦးဒေါင်းညိုဦး"

"ဒီမှာပါ ဆရာ"

ကျွန်ုပ်က ဦးဒေါင်းညိုဦးကမ်းပေးသည့် ဆင်စွယ်ဒေဝဏ္ဏရာရုပ်တုကို သေသေချာချာကြည့်လိုက်၏။

ဟုတ်ပါ၏ ...။

အလွန်လက်ရာမြောက်ပေ၏။

မျက်လုံးနှစ်လုံးက ညို့ဓာတ်ပါနေ၏။

ရင်သျှိုထားပုံမှာ ကြွရွနေ၏။

တင်ပါးလေးနှစ်ဖက်က မောက်ပြီး ကော့နေ၏။

ပေါင်လုံးနှစ်လုံးက ဖုဖုတင်းတင်း ...။

အင်း ...ရုပ်တုက ရုပ္ပကိုလည်းကောင်း၊ အချစ်ကိုလည်းကောင်း၊ သံယောဇဉ်ကိုလည်းကောင်း မွေးဖွားပေးမည့်ပုံ ပေါ်ပေါက်နေ၏။

"လှလိုက်တာဗျာ"

"ဆရာလိုချင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ပေးရမလဲ ဆရာကြီး"

"အလကားယူလိုက်ပါ ဆရာ"

"ဗျာ ... အလကား ... ဟုတ်လား"

"ဟုတ်ပါတယ် ...။ ကျုပ်တို့ အသက်ကြီးရင့်နေပါပြီ။ နောက် ထပ်လည်း ပီယသိဒ္ဓိအစွမ်းကြောင့် အချစ်သစ်ကို ထပ်မတွေ့ချင်တော့ ဘူး။ မျက်ရည်လည်း မကျချင်တော့ဘူး။ ဆရာက ဂန္ထဝင်စာရေးဆရာ ဆိုတော့ ဆရာ့အတွက် စာရေးဖို့ အထောက်အကူအတတ်လမ်းများ ရှိနိုင် လေမလားလို့ လာပြောရပြီး စမ်းကြည့်ဖို့ ပေးရတာပါ။ ဒါပေမဲ့ တစ်ခု တော့ ကြိုပြောပါရစေ ဆရာ။ ဆရာ့လက်ထဲ ဒီပီယသိဒ္ဓိ ဒေဝဿရ ကညာရုပ်တုရောက်ချိန်ကစပြီး စွံလာခဲ့ရင်၊ မျက်နှာပွင့်လာခဲ့ရင် မိန်း ကလေးတွေကို ဖျက်လိုဖျက်ဆီးမလုပ်ပါနဲ့။ နောက်တစ်ချက် ကိုယ်ချစ် ရမယ့်သူစစ်စစ်ကိုတွေ့လို့ လက်ထပ်တော့မယ်ဆိုရင် အဲဒီဒေဝဿရ ကညာရုပ်တုကို အိမ်မှာမထားပါနဲ့။ အခြားနေရာကို ပေးပို့စွန့်ပစ်လိုက် ပါ။ ဒါမှ ကံဆိုးမှုကင်းစင်ပြီး ကံကောင်းမှုတွေ ဝေဝေစည်ပါလိမ့်မယ် ဆရာ"

"ဟုတ်ကဲ့ခင်ဗျာ"

ယခုအခါ ဦးဒေါင်းညိုဦး လက်ဆောင်အဖြစ်ပေးအပ်သွား သော ဒေဝဿရာဆင်စွယ်ကညာရုပ်တုသည် ကျွန်ုပ်လက်ထဲမှာ ရောက် နေပါပြီ။

ကျွန်ုပ် သူမကို ရေချိုးမပေးပါ။

အမွှေးနံ့သာ မပက်ပေးပါ။ ယပ်ခတ်ခြင်း မပြုပါ။

ဒီအတိုင်း စားပွဲပေါ်မှာ အလှတင်ထားလိုက်ပါသည်။ ထူးခြား သည်ကား မိန်းမချောမိန်းမလှများ ကျွန်ုပ်ထံ ရောက်ရောက်လာကြ





သူတို့အားလုံးကို ယနေ့အချိန်အထိ နှမငယ်၊ ညီမငယ်၊ တပည့်များလို ကောင်းမွန်စွာ ဆက်ဆံခဲ့ပါသည်။ လက်ထပ်ရမည့်သူကို မတွေ့ရသေး။

အကယ်၍ လက်ထပ်ရမည့် ချစ်သူကို တွေ့ခဲ့ပါမူ ဦးဒေါင်းညိုဦး မှာခဲ့သလို ၎င်းဒေဝဿရာကညာဆင်စွယ်ရုပ်တုကို အဝေးတစ်နေရာသို့ ပေးပို့စွန့်ပစ်ရပေလိမ့်မည်။

အကြောင်းမှုကား ...

ကျွန်ုပ်သည် မျက်ရည်ခိုင်သူမဟုတ်။

အချစ်၊ အလွမ်းနှင့် ကြုံလာလျှင် ရင်ကွဲမတတ် ခံစားရသူ ဖြစ်သောကြောင့်တည်း။

နတ်လှဦး

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

❑

"သခင်ကြီး ..."

"သခင်ကြီးခင်ဗျာ ... သခင်ကြီး"

ခေါ်သံသဲ့သဲ့ကို ကြားလိုက်သလိုရှိသည်။ အာရုံကိုစုစည်းလျက် ပြောက်ထားသည့်ဂေါက်ရိုက်တံကို ကိုယ်နေဟန်ထားမပျက် ဝိုးခနဲ က်ထုတ်လိုက်၏။ ဂေါက်သီးလုံးဖြူဖြူကလေးက မကြာမတင်ကျင်းပ တော့မည့် ခေတ္တမြန်မာပြည်ဘုရင်ခံ ဆာရေဂျီအေမောင်ကြီး၏ 'ဒါဘာ င်းပွဲသဘင်ကြီး' သို့ တက်ရောက်လာကြမည့် ရပ်ဝေး၊ ရပ်နီး မင်းစိုး ဘာ လူကြီးလူကောင်းများကို အသုံးတော်ခံနိုင်ဖို့ အချိန်အများကြီး ၍ ဖိဖိစီးစီး ပြုပြင်မွေးမြူထားသည့် ဖဲယားဝေးမြက်ခင်းလွင်ပြင်



www.burmeseclassic.com

www.burmeseclassic.com



စိမ်းစိမ်းကလေးပေါ်သို့ မြားတစ်စင်းခွင်းသလို တန်းခနဲပြေးထွက်သွားသည်။ စိတ်ထဲကမှန်းထားသည့် အကွာအဝေးနှင့် နေရာဆီသို့ တိတိကျကျရောက်လိမ့်မည်ကို ဘာသာသိလိုက်၏။ နှစ်မြိုက်စွာပြုံးမိသည်။

"သခင်ကြီး ...သခင်ကြီးခင်ဗျာ ..."

သူ့အိမ်တော်ထိန်း ဘတ္တလာကြီး မစ္စတာကျိမ်းဒေါ့၏အသံ။

ကွင်းစပ်တောတန်းကလေးအရိပ်ဆီ မျက်စိအရွေ့၌ သူ့ရုံးအုပ်စာရေးကြီး မောင်လှကလေးနှင့် မစ္စတာကျိမ်းဒေါ့တို့ ရေကြီးသုတ်ပျာမပြေးရုံတစ်မည်သာသာဖြင့် ခပ်သွက်သွက်လျှောက်လာနေကြသည်ကို တွေ့လိုက်ရ၏။

'အလို ...ဖားရွှေကျော်ရွာသူကြီး ဦးထွန်းလှပါကလား' ဟု အသံမထွက်မိဘဲ ရင်တွင်းကပင် ရေရွတ်မိတော့သည်။

ပိုးပဝါကျေးဥစိမ်းကို အနားစအရှည် ဖားလျားချလျက် ခေါင်းပေါင်းထားပြီး နို့သာရောင်အပေါ်ဖုံးတိုက်ပုံ၊ အင်းမပိုးပုဆိုး ရွှေဖလားရောင်နှင့် ဖားရွှေကျော်သူကြီးမင်းသည် လာမည့်ဘုရင်ခံ၏ဒါဘာပွဲ၌ 'ကျက်သရေဆောင်ရွှေစလွယ်ရမင်း K.S.M' ဘွဲ့နှင့် နှစ်လုံးပြူးသေနတ် ချီးမြှင့်ခံရမည့်အပြင် ခုနစ်ရွာအုပ် တိုက်နယ်သူကြီးမင်းအဖြစ် တိုးမြှင့်မြှောက်စားခံရဦးမည့်သူဟု တစ်ပြေးနေသည့် ဗြိတိသျှကျေးတော်မျိုး ကျွန်တော်မျိုး လူယုံလူရင်း သစ္စာတော်ခံတစ်ဦးဖြစ်၏။

သူတို့လာနေပုံ ကြည့်ရသည်မှာ အတန်အရေးကြီးသည့် ကိစ္စတစ်ခုခု ရှိနေပုံရသည်။ ပျာယာခတ်ချင်ချင် မျက်နှာနေတွေကို သဘောမတွေ့ပါပဲလျက် အတိုင်းသားကြီး မြင်နေရ၏။

"ပလိစ် ...ခဏကလေးနော် မစ္စတာဗီးကလပ်"

အနီးတွင်ရှိနေသည့် သစ်တောအင်ကျင်နီယာ မစ္စတာဗီးကလပ်





ကို ခေါင်းငုံ့ခွင့်တောင်းလိုက်ပြီး အတူကစားဖော် စကော့တလန်ယာဒ်မှ အထူးစုံထောက် မစ္စတာဆင်းအိုဖာအိုလိန်း၊ ၃/၂၀ ဘားမားရိုင်ဖယ်တပ်မှ တပ်ရင်းမှူး ကာနယ်စပန်းကီးတို့ကိုလည်း မျက်နှာရိပ်ဖြင့်သာ ပန်ကြားခဲ့ရကာ ဘတ္တလာကြီးတို့အဖွဲ့ထံ ဟန်မပျက်လျှောက်လာလိုက်သည်။

"ဦးထွန်းလှ ...ရေကြီးသုတ်ပျာနဲ့ ဘာတွေဖြစ်လာပြန်တာတုံး"

သာယာလှသည့် သူ့နံနက်ခင်းကို ဖျက်ဆီးသူ ဖားရွှေကျော်ရွာသူကြီးအား သာယာဝတီအရေးပိုင် မစ္စတာကလပ်က မြင်လျှင်မြင်ချင်း ဆီး၍ မာန်မဲလိုက်မိတော့သည်။ မျက်ထောင့်မနီဘဲ နေနိုင်ပါ့မလား။ သည်နေ့ပွဲက သူနိုင်ရမည့်ပွဲ သေချာနေသည်မဟုတ်လား။

'ဒီသူကြီး ...ဘယ်လို မျက်နှာလိုအားရ လံကြုပ်သတင်းတွေ၊ မထော်မနန်းအလုပ်တွေကို အရည်မရ အဖတ်မရ ယူငင်လာဦးမလဲပဲ' ဟု မကျေမချမ်း တွေးနေမိ၏။

"သိပ်အရေးကြီးတဲ့သတင်းပါ အရေးပိုင်သခင်ကြီး ခင်ဗျာ။ သိပ်အရေးကြီးတဲ့သတင်း ပို့ချင်လို့ပါဘုရား"

"ကျုပ်တို့တစ်တွေ ဒီရက်ပိုင်း ဘယ်လောက်အလုပ်များခဲ့လဲ။ များနေသလဲ။ ဒါဘာပွဲကြီးအတွက်လည်း အစစအရာရာ လိုလေသေးမရှိအောင် ပြင်ဆင်နေရတယ်။ ဟိုအကောင် 'လူမိုက်ကံကောင်း' လို ဆူဆူပူပူ လူရှုပ်လူပွေတွေရဲ့ ဟိုက၊ ဒီက မတည်မငြိမ်ဖြစ်ခါမှ ရော့ လုပ်နေတာတွေကိုလည်း ပိတ်ရဲဆို့ရ။ ဒီကြားထဲ ဦးစိုးသိမ်း ဆိုဗီအေ 'ဝံသာနုအသင်း' တွေကလည်း တစ်မျိုးပေါ့။ အခွန်ငွေ ပေးရေး လှုံ့ဆော်မှုတွေကို တရစပ်တွန်းပြီးလုပ်နေလို့ စိတ်ညစ်ရ။



www.burmeseclassic.com

www.burmeseclassic.com



ဦးဝိစာရဆိုတဲ့ဘုန်းကြီး ထောင်ထဲမှာ ပျံတော်မူပြီးတဲ့နောက် လက်နက် ကိုင်တော်လှန်ရေးကြီးပဲ နေ့ချင်းညချင်း ထပြီးဖြစ်ဦးတော့မလိုလို ကောလာဟလသတင်း တလှုပ်လှုပ်တွေကိုလည်း ရင်တထိတ်ထိတ်နဲ့ နားစွင့်နေရ။ အဲဒီလိုကြားထဲက ရှားရှားပါးပါး ရတောင့်ရခဲ ဒီလိုအ လပ်ချိန်ကလေးကိုမှ ခင်ဗျားက ...''

''မှန်ပါ ... အရေးကြီးလွန်းလို့ပါ သခင်ကြီး။ ဒါကြောင့် ကျွ တော်မျိုး အရဲစွန့်ပြီး ပြေးလာခဲ့ရတာပါ''

''အင်း ... ဒီလိုပုံနဲ့ ခင်ဗျားပါးစပ်က ဘယ်လိုမှ ပိတ်ရမယ် ပုံမပေါ်တော့ဘူး။ ကိုင်း ... ပြောစမ်း ဦးထွန်းလှ။ ဘာတွေက အရေ ကြီးသတဲ့တုံး''

''ဒီလိုပါဘုရား ...။ သခင်ကြီး ... ဒီလိုပါ''

ဖားရွှေကျော်ရှာသူကြီးက ရှေ့သို့ မရွံ့မရဲတိုးကပ်လာပြီးနောက် နှစ်ကိုယ်ကြားသတင်းပို့လိုက်လေ၏။ သတင်းကိုကြားရလျှင်ပင် မစ္စတာ ကာလပ် မျက်လုံးပြူးသွား၏။ 'Oh! My God. God save me!' ဟု တိတ်တခိုး တဲ့တွေးသီးလုခမန်း တ,လိုက်မိရတော့သည်။

ဘုရားသခင် ကယ်တော်မူပါ ...။

''ဘာရယ် ... ဦးထွန်းလှ၊ ခင်ဗျားအုပ်ချုပ်ရတဲ့ ရွာက တွေက တောင်သူလယ်သမား ဆင်းရဲသားအောက်ခြေလူထုတွေက ဂုဏ်စည်းရုံးပြီး ကျုပ်တို့ဗြိတိသျှနေမင်းအင်ပါယာ ကောရီဘုရင်မ ရဲ့အစိုးရကို တော်လှန်ပုန်ကန်ဖို့ ကြံစည်နေတယ် ... ဟုတ်စ။ သေ အောင် တစ်ခေါက်လောက်ထပ်ပြောစမ်းပါဦး''

''မှန်ပါတယ် သခင်ကြီး။ ဦးစံရှားခေါ်တဲ့ လောကတော် ဆရာကြီး။ အင်္ဂရတ်ဆရာကြီး 'ဆရာစံ' ဆိုတဲ့ပုဂ္ဂိုလ်က ဘုန်းတော်





ဦးအာသဘလူထွက် ဆရာညဏ်နဲ့ ပူးပေါင်းလို့ 'ဂဠုန်တပ်' ဆိုတာ ဖွဲ့ နေကြသတဲ့ဘုရား။ အနုံဒါဘာပွဲကြီးမှာ အခွန်တော်မပေးရေးကိစ္စကို 'ဝံသာနုအသင်း' တွေနဲ့အတူ တင်ပြကြလို့ အောင်မြင်ရင်အောင်မြင်၊ ဘုရင်ခံက လက်မခံဘဲ ပယ်ချခဲ့မယ်ဆိုရင်တော့ သူပုန်ထကြဖို့ပဲတဲ့ ဘုရား။ တိတ်တဆိတ် လက်နက်လူသူစုဆောင်းပြီး ရိက္ခာတွေကိုပါ လျှို့ ဝှက်စုဆောင်းလို့ ဂဠုန်တပ်ဆိုတာကြီးကို ဖွဲ့နေကြပတဲ့ဘုရား''

''Bull ... Shit''

သာယာဝတီအရေးပိုင် မစ္စတာကာလပ်မှာ ကြားလိုက်ရသည့် သတင်းကြောင့် ရင်ထဲ၌ လောင်မီးကြီးဟုန်းခနဲကျလျက်ရှိ၏။ သို့သော် 'တန်ကိုယ်ဖို့၊ မာန်သူ့ဖို့' ပြုလျက် ရာဇက္ကူမြွေကို တစ်စက်ကလေးမျှ မပျက်စေရဘဲ အတွင်းသတင်းတွေ ရနိုင်သမျှရအောင် လိုက်၍နှိုက် ယူနိုင်ဖို့ တမင်သိရှိဆည်ကာ မပြုံးဘဲ ဝါးလုံးကွဲ ဟားတိုက်ရယ်မော ပြလိုက်ရသည်။ 'ဒီမလောက်လေးမလောက်စား နင်းပြားလူ့အနွ အကောင်တွေ ကများကွယ် ... ရာရာစစ' ဟုလည်း ရင်၌ တင်းခနဲ ခပ်စူးစူးခပ်မြက်မြက် ဖြစ်ချင်ချင်။

''ဟား ... ဟား ... ဟား ... ဟား ... ဖြစ်မှဖြစ်ရလေ သူကြီးရယ်။ K.S.M ရယ်၊ နှစ်လုံးပြူးသေနတ်ရယ်၊ နနစ်ရွာအုပ်တိုက် နယ်သူကြီးမင်းဆိုတာရယ်နဲ့တင် မလုံလောက်သေးလို့များ မထိတ်သာ မလန့်သာ မိုးမီးလောင်မယ့်သတင်းကြီးမျိုးတွေ ကျောပိုးလာပြန်တာ လားဗျာ။ ခင်ဗျားလာတိုင်း ဦးနှောက်စားပြီး ဆံပင်တွေကျွတ်ရလွန်း လို့ ကျုပ်တို့သာယာဝတီခရိုင်ရာဇဝတ်ဝန်ကြီး မစ္စတာရေးနိုးရဲ့ တစ်ခေါင်း လုံးလည်း ပြောင်သလောက်ဖြစ်နေပြီထင်ပါရဲ့ဗျာ။ တန်ပါတော့ ... တန်ပါတော့ ... ဟား ... ဟား ... ဟား ... ဟား ...''



www.burmeseclassic.com

www.burmeseclassic.com



"သခင်ကြီး . . . ကျွန်တော်မျိုး တကယ်ပြောနေတာပါ။ သူတို့ အသင်းသား ဂျွန်တပ်ဖွဲ့ဝင်တွေရဲ့ လက်မောင်းတို့၊ ပခုံးတို့မှာ ပြီးဆေး တွေ ထိုးနေတယ်။ ဘောင်းဘီပြာ၊ အင်္ကျီပြာတွေလည်း ချုပ်နေပါတယ်။ မကြာခင် သူပုန်ထကြပါလိမ့်မယ် သခင်ကြီး။ ဖားရွှေကျော်နဲ့ ရွာနီး ချုပ်စပ်ရွာကလေးတွေ ဆယ့်လေးငါးရွာမှာ သူတို့ ဂျွန်တပ်ဖွဲ့ထားတာ သုံးထောင်ကျော်နေပြီပဲဘုရား။ ဇီးဖြား၊ အင်းကောက်၊ ရေတိုက်၊ ဖား ရွှေကျော်၊ စီနစ်ခွ၊ လှည်းလမ်းကူး၊ စမ်းရေတွင်း . . . စတဲ့ ငွေးချောင်း ဂရဲ တစ်ဝိုက်မှာတော့ ဆရာစံရဲ့ ဂျွန်တပ်ဖွဲ့တွေ သူပုန်ထမယ့်သတင်း က တောမီးလောင်သလို လောင်နေပြီခင်ဗျာ အရေးပိုင်သခင်ကြီး။ တစ်ခုခုတော့ အမြန်လုပ်ကြမှ ဒီမီးကို စောစောကြီး ငြိမ်းနိုင်လိမ့်မယ် ထင်ပါတယ်ခင်ဗျာ။ အရေးကြီးနေပါပြီ"

"ဦးထွန်းလှ . . . ခင်ဗျား အစားများပြီး ရုတ်တရက် ချက် ချင်းကြီး ကောက်ကာငင်ကာရူးသွားပလား။ ခင်ဗျားကို စိတ္တဇဆေးရုံ ပို့ရလိမ့်မယ်ထင်တယ် . . . ဟုတ်စ။ ခြေဖဝါး၊ လက်ဖဝါး၊ ရင်ဘတ်ရဲ့ ကျောမွဲကြီးတွေကလွဲလို့ ဘာမှမရှိ၊ ဘာမှလည်း နားမလည်၊ ကုန် ကောက်စရာ နတ္ထိ၊ ဖွတ်ကျောပြာစုဖြစ်နေတဲ့ အဲဒီသနားစရာ ဆင်းရဲ သားသတ္တဝါ လယ်သမား၊ ယာသမားကလေးတွေက ကျုပ်တို့ ဗြိတိသျှ မင်းအစိုးရကို ပုန်ကန်ဦးမယ်ဆိုတာဟာ ယုံနိုင်စရာလားဗျာ။ 'Believe it or not' ဆိုတာမျိုးလို ဖြစ်နေပြီ"

"ဟိုလေ . . . သခင်ကြီး . . ."

"ကိုင်း . . . ကိုင်း . . . ခင်ဗျားပြန်ပေတော့။ အေးအေး ဆေးဆေးသာ ပြန်ပေတော့။ ဒီလောက် သာယာဝတီတစ်ခရိုင်လုံး ဒါဘာ ပွဲကြီးအတွက်နဲ့ အုံးအုံးကြွက်ကြွက် အလုပ်များ၊ အလုပ်ရှုပ်နေကြတာ





ကက်ထပ် ကောက်ရိုးပွေ့မလာနဲ့ဦး။ ပြီးတော့ ဒီလိုသတင်းမျိုးဆိုတာ ာ လက်ဆုပ်လက်ကိုင် ခိုင်ခိုင်မာမာမရှိဘဲ အထင်နဲ့ရမ်းကြိတ်လို့မရ ။ သူကြီးမင်းရဲ့။ ကိုယ့်ရှူးကိုယ်ပတ်ဖြစ်တတ်တယ်။ သိရဲ့မဟုတ် ား။ ကိုင်း . . . ပြန်တော့ . . . ပြန်တော့ . . ."

"ဟို . . . ဟို . . . ခဏကလေးပါ သခင်ကြီးခင်ဗျာ။ ကျွန်တော် ူယူလာတဲ့ ဟောဒီစာရွက်ကလေးနဲ့ ဟောဒီပစ္စည်းကလေးတွေကို ည်း တဆိတ်ကြည့်လိုက်စမ်းပါဦး သခင်ကြီး"

ဖားရွှေကျော်ရွာသူကြီး ဦးထွန်းလှကလည်း အလျှော့မပေး။ ကြာက်လွဲ၊ ရဲမင်းဖြစ်' စိတ်မွေးလျက် စိတ်နှလုံးတုံးတုံးချပြီးခါမှ ည်သတင်းကြီးကို ဗြိတိသျှမင်းများထံ ဆက်သပေးဖို့ မနည်းကြီး ကြိုး မျက်စိမှိတ် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ပေရာ သူ့လက်ရှိအခြေအနေမှာ ရှုတိုး ထမ်းပိုး၊ နောက်ဆုတ် လှည်းတုတ်' ဖြစ်နေပေပြီ။

ဗြိတိသျှသခင်ကြီးများအား ဤသို့ အလျားဖားလျား ပြေး၍ တော်ဦးတင်ခဲ့ကြောင်းကိုများ ကြမ်းကြားလေကြား နှုတ်လေပွေ့မှေ့၍ စ်စွန်းတစ်စပေါက်ကြားသွားခဲ့လျှင် . . .။

ဘုရား . . . ဘုရား . . .။

ဦးထွန်းလှ တွေးရုံမျှပင် ဆက်မတွေးဝံ့။ မတွေးရဲ . . .။

ဖက်ကြီးတွေယား၍ မသာစော်ပင် နံချင်သလို ဖြစ်၍လာ၏။

"ဟင် . . . လူကလေး . . . မောင်လူကလေး . . .။ ဒါ . . . ဒါ တစာရွက်ကြီးလဲကွယ့်။ သေသေချာချာကြီး Press လုပ်ထားတာက ် မှန်း . . . ဒါတွေကရော ဘာတွေလဲ။ သခင်ကြီးကို ရှင်းပြစမ်း . . . ကလေး။ Hurry up! Hurry up"

ရုံးအုပ်စာရေးကြီး ကိုလူကလေးက ဖားရွှေကျော်သူကြီး၏



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှ စာရွက်ကိုယူကြည့်ရင်း ရင်တွေပန်းတွေ ဖြိုးခနဲဖြတ်… ခုန်လာလျက် လက်တွေပင် တဆတ်ဆတ်တုန်လျက်ရှိသည်။

‘ဖိလွှန်းရင် ကြွ၊ နင်းလွှန်းတော့ ချ … သတဲ့။ ရင်ထဲ… ထားရတဲ့ဒေါသတွေ တားမရ၊ ဆီးမနိုင် ပေါက်ကွဲထွက်လာတော့မ… တကယ့်အရေးတော်ပုံကြီးပါကလား’ ဆိုသည်ကို ချက်ချင်းအတပ်သိလိုက်… သည်။

သူကြီးဦးထွန်းလှ၏လက်ထဲမှ ပစ္စည်းများကို မြင်လိုက်ရသည်… အခါ ရုတ်ခြည်းပင် သွေးပင်လယ်ဝေဦးတော့မည့် တိုက်ပွဲခေါ်သံကြ… ကို နားထဲ၌ ဝီဝီမြည်မြည် ဟိန်းဟိန်းညံညံကြီး ကြားလိုက်မိသ… သေချာသွားတော့၏။

“သခင်ကြီး … အမြန်ဆုံး ရုံးကိုပြန်ကြမှ တော်မယ်ထ… တယ်ခင်ဗျ။ ဒီပုံဆိုရင် …”

ကိုလူကလေးက သူ့ဆရာ အရေးပိုင် မစ္စတာကာလပ်ကို တိုး… ကပ်၍ပြောလိုက်သည်။ မစ္စတာကာလပ်က ဖားရွှေကျော်သူကြီး ဦးထွန်း… ကိုတစ်လှည့်၊ သူယူလာသည့် ပစ္စည်းများကိုတစ်လှည့် ကြည့်ရှုရင်း … လုပ်ရမည့် အစီအစဉ်များကို စိတ်တွင်း၌ တက်သုတ်ရိုက်၍ ဖောက်ကွ… ချနေမိလေသည်။

“ကဲ … သူကြီး၊ ပြန်ပေတော့။ ခင်ဗျား ဘာမှမသိသလို… ဘာမှမလုပ်ခဲ့သလို စိတ်အေးလက်အေးသဘောထားပြီး ပြန်ပေတော့… ပြန်ဆိုပေမယ့် ဒီအတိုင်းတိုင်း အချောင်းသားကြီး ကြောင်ကြမ်း ထ… တုတ်ထိုင်နေဖို့တော့ မဟုတ်ဘူး။ ခင်ဗျားယူလာတဲ့ သတင်းတွေရဲ့နော… ကို မီးနိုးကြွက်လျှောက်လိုက်ပေဦး။ အခုလိုပဲ တိကျသေချာတဲ့ အထော… အထားတွေ ခိုင်ခိုင်လုံလုံ၊ လက်ပူးလက်ကြပ်ရအောင် ဉာဏ်ကစား…





…တင်းစုဆောင်းပေတော့။ အဓိကက ဒီဂျွန်သူပုန်တပ်ကို ဘာကြောင့် …တာလဲ။ သူပုန်တပ်တွေက ဘာလုပ်ကြမှာတဲ့လဲ။ ဂျွန်တပ်ကို ဆရာစံ …မြင် ဘယ်သူတွေက ခေါင်းဆောင်နေသလဲ။ ဘယ်သူတွေက ကျော… …ကျာက်နောက်ခံ ထောက်ပံ့ပေးနေသလဲ။ အင်အားဘယ်လောက်ရှိနေ… …သလဲ။ ဘာလက်နက်တွေ တပ်ဆင်ထားသလဲ။ ဘယ်မှာစခန်းချနေသလဲ။ …ယ်တော့လောက်မှာ စပြီးသူပုန်ထကြမှာလဲ။ အခု မကြာခင် ကျင်းပ… …တော့မယ့် ဘုရင်ခံရဲ့ ဒါဘာပွဲကြီးနဲ့ ဆက်စပ်နေသလား။ ဒါဘာပွဲကြီး… …ို ဖျက်ဆီးဖို့၊ နှောင့်ယှက်ဖို့ အစီအစဉ်ရှိသလား။ ကိုင်း … သူကြီး၊ …င်ဗျားလုပ်ရမယ့် အလုပ်တွေ အပုံကြီး။ ခင်ဗျားတစ်သြဇာပါပဲဆိုတဲ့ …င်ဗျားလက်အောက်က သူကြီးတွေ၊ ရွာအုပ်တွေ၊ သူလျှိုဒလန်တွေနဲ့ …မြန်ဆုံး စုံစမ်းပေတော့။ ထူးရင်ထူးသလို ဟောဒီမောင်လှကလေးဆီ …တင်းပို့။ ခင်ဗျားအဖွဲ့ K.S.M နဲ့တင် လမ်းမဆုံးစေရဘူး။ ‘ကျက် …ရေဆောင် တံဆိပ်တော်ရမင်း (K.T,M)’ တို့၊ ‘တိုင်းကျိုးပြည်ကျိုး …ဆောင် (T.P.S)’ တို့လို ဘွဲ့တွေ၊ ဆံဆိပ်တွေ တစ်သီကြီး တစ်ထမ်း …စ်ပိုးရရစေမယ်လို့ ကျုပ်အာမခံတယ်ဗျာ။ ကြားလား … သူကြီး”

“မှန်ပ … သခင်ကြီး။ ကျေးဇူးကြီးလှပါ့ အရေးပိုင်သခင်ကြီး …ရား”

သူကြီးဦးထွန်းလှခမျာ တုန်တုန်ရင်ရင်ကြီးဖြစ်လျက် ပြန်လာ …သည်။

‘ကိုင်း … နောင်ခါလာ နောင်ခါချေးပဲဟ။ ပေါက်တဲ့နဖူး …ထူးတော့ပါဘူး။ ဝက်ဖြစ်မှတော့ မစင်ကြောက်နေလို့ ဘယ်ဖြစ်နိုင်ပ …ုံး။ တစ်တက်စားလည်းကြက်သွန်၊ နှစ်တက်စားလည်းကြက်သွန် …နေမင့် တစ်ယာတစ်ခင်းလုံး မြေလှန်ပစ်လိုက်တော့ အေးကရောပ’



www.burmeseclassic.com

www.burmeseclassic.com



ဟု မထူးစိတ်မွေးလျက် ရဲဆေးတင်ကာ ရွာသို့ သုတ်ခြေတင်ပြန်လာ ရသည့်တိုင် တမြန်နေ့က သူနှင့်သူ့တပည့် ရွာခေါင်းမှန်တို့အား ... မတတ်ဝါးမတတ် စိန်းစိန်းကြီး သရဲမင်းရဲစီးသလို စိုက်ကြည့်သွားသ... ရှမ်းဆေးဆရာ မောင်ဖုန်းကိုလည်း မျက်စိထဲက မထွက်။

"I Say gentlemen! Please, excuse me. အရေးကြ... ကိစ္စလေးတစ်ခု ကောက်ကာငင်ကာ ပေါ်လာလို့ဗျို့။ ချက်ချင်းလုပ်... ဖြစ်မှာမို့ ဒီကနေ့တော့ ကျုပ်ကိုခွင့်ပြုကြဦး။ နောက်နေ့များကျမှပဲ"

စကားကိုပင် အစမသတ်နိုင်ခဲ့ဘဲ ကသောကမျောပွဲသိမ်းသွာ... ခဲ့သည့် အရေးပိုင်ကြီးမစ္စတာကာလပ်ကိုကြည့်လျက် သူ့ကစားဖော် မစ္စတာ... ဖီးကာလပ်၊ ဆင်းအိုဖာလိန်းနှင့် ကာနယ်စပန္နားကီးတို့မှာ ရယ်ချင်ပက်... ဖြစ်ကြရသည်။

"ဘုရားသခင်ရဲ့ကျေးဇူးတော်နဲ့ ဗြိတိသျှဘုရင်မကြီးရဲ့ ဘု... ရိပ်ကံရိပ်ကို ခိုလှုံရင်း ရေခဲနှင်းဆောင်းနေကြရမယ့် အိန္ဒိယပဋိညာဉ်... ဝန်ထမ်း I.C.S တွေထဲမတော့ အတော်ဦးနှောက်ပွတတ်တဲ့ လူတ... တွေပဲဗျာ။ အဲဒါကြောင့် ကျုပ်ဦးကြီး မစ္စတာဝဲလ်ဘုန်း (Mr. Cyril ... Montfort Wellborne = ရဲမင်းကြီး၊ မီးရထားနှင့် စုံထောက်ဌာ... တာဝန်ခံ) က ကျုပ် မြန်မာပြည်ကို ပြောင်းရွှေ့အမှုထမ်းချင်တယ်... သူ့ဆီကို အကြံဉာဏ်တောင်းတုန်းက သူတို့ရဲ့ဘက်များတော့ မျက်စေ... တောင်မထိုးနဲ့လို့ ပြောခဲ့ဖူးတာကိုး။ ဟုက်လှချည့် ခင်ဗျာ။ ကြည့်ပါ... အဘိုးကြီးမစ္စတာကာလပ် ဖြစ်သွားပုံ။ နေ့ချင်းညချင်းပဲ ကမ္ဘာကြီး လော... မီးကျတော့မယ့်အတိုင်းပဲ"

"ဟုတ်ပ"

သာယာဝတီခရိုင် သစ်တောအင်ကျင်နီယာ မစ္စတာဖီးကာလ...

---

စိတ်ကူးသစ်စာပေ



မှာ မကြာမီရက်ပိုင်းအတွင်း ပဲခူးရိုးမတောင်ခြေ၊ ငွေးချောင်းဂရုံအတွင်းရှိ ဝဲရွာသစ်တောမိုလ်ရုံတွင် ဂျူနီအရေးတော်ပုံတပ်ဖွဲ့မှ 'နေသူရိန်နော်ရထာ' ဘွဲ့ရ မိုလ်ဖိုးချစ်၊ 'ရဲရဲကျော်ထင်' ဘွဲ့ရ မိုလ်ဘိုးဆောင်တို့တပ်ဖွဲ့များ၏ လက်ချက်ဖြင့် ကျဆုံးရမည့် သူ့ကြမ္မာဆိုးကြီးကို ရေးရေးမျှမတွေးမထင်မိ။

ကောင်းကင်ကြီးက အပြာကြီးပြာလျက် ...။

ဝန်းကျင်ပတ်လည် သစ်တောအုပ်ကြီးများက စိမ်းမြစိမ်းလျက် ...။

တောရနံ့၊ တောင်ရနံ့တွေဖြင့် ညင်းညှိလေက သင်းမြသင်းလျက် ...။

လတ်တလော သူအာရုံဝင်စားနေသည့် ဂေါက်သီးလုံးဖြူဖြူနှင့် ကျင်းစိမ်ရမည့် 'Putting Ground' ကလေးထက် ပို၍ မရထာတရား၏ခေါ်သံ၊ သေမင်း၏မြူသံတွေကို မကြားမိသေး။

"OH! Carry on man. Carry on"

မစ္စတာဖီးကာလပ် နှုတ်သွက်လျှာသွက်ဖြင့် ရွှင်ရွှင်မြူးမြူးပြောလိုက်ပြီးနောက် သူတို့တစ်တွေသည် ဖဲယားဝေးအထိုင်း မြက်ခင်းစိမ်းစိမ်းကို အရသာခံနင်းလျက် ပျော်ပျော်ကြီးလျှောက်သွားကြလေ၏။

"Carry on .... Carry on"

သည့်စကားသံက ဝန်းကျင်တစ်ကြောတွင် ချက်ချင်းကြေပျက်မသွားဘဲ လှုပ်လှုပ်ခတ်ခတ် ပဲ့တင်ထပ်လျက် ...။

www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

❑

"ငါ့ဆွေတွင် ကျင်လည်းကောင်း၊ ငါ့သခင်မင်း၏ အဆွေတွင် ကျင်လည်းကောင်း၊ ပြင်သူလည်းကောင်း၊ ရဟန်းလည်းကောင်း၊ လူ လည်းကောင်း၊ မိန်းမလည်းကောင်း၊ ယောကျ်ားလည်းကောင်း လုစား လတ်သော နိုင်ထက်မှုတတ်သောလူတွင် ဘုန်းမကြီးစေ၊ အသက်မရှည် စေသတည်း။

မင်းကြီးဘေးဘယ် ဒဏ်ကြီးသင့်စေသတည်း။

မီးဘေး၊ ရေဘေး၊ မိုးကြိုးပုဆိန်ဘေး၊ ဆင်ဘေး၊ မြင်းဘေး၊ မြွေဘေး၊ သစ် ကျား ဝက်ဝံဘေး၊ သမားကု၍ မရတတ်သော အနာဘေး ကြီးစွာလျှင်သင့်၍ ဖတ္တလတ်သေစေသတည်း။ သွေးဆဲအန်၍ သေစေ သတည်း။





သေသော်လည်း အဝီစိမည်သော ငရဲကြီးလျှင် ကျက်စေ သတည်း။

ဘုရားအဖြစ်ဖြင့်လည်း မဖူးစေသတည်း။

ကြမ္မာအားဖြင့် လူဖြစ်ငြားတုံ့သော်လည်း နူသော၊ ဝဲသော၊ ကျိုးသော၊ ကန်းသော၊ နားပင်းသော၊ အ,သော၊ ရူးသော၊ တုံ့ဖျော့သော၊ ခြေလက်တိုသော၊ နား နှာခေါင်းတိုသော၊ ပုဆိုးခြုံလည်း လျှင်ပတ်၍ ဖုန်းစားသော်လည်း မစားရတတ်သော၊ လူတွင် သူမခံသော၊ ကြမ္မာခံ သော လူပြိတ္တာလျှင် ဖြစ်စေသတည်း"

နီစွေးစွေးသစ္စာရေစင်သည် ဖွေးဖြူဝင်းလက်သည့် ငွေဖလား၌ တည်၏။ လက်ျာဘက်လက်မောင်းသွေးကိုဖောက်၍ ရအပ်သည့် 'သစ္စာ တော်သွေး' နှင့် ဆရာတော်ဘုန်းကြီးဘုရားကိုယ်တိုင် အထပ်ထပ်အပြန် ပြန် ကြိမ်ဖန်များစွာ ရွတ်ဖတ်သရဇ္ဈာယ် မှုမ်းထုံအပ်သော ပရိတ်တော် ရေစင် ...။ ထိုနှစ်ရပ်ကို အပေါင်းအစု သမ္ပဟာပြု၍ တည်လာသည့် ရေစင်ရေကောင်းအား 'စကားသစ္စာ၊ တည်သောခါ၌၊ ဩဇာလေးနက်၊ ပေါ်ဆိတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏' ဟူသိ ထုံးလေ့အတိုင်း မှန်ကန်သောသွေးသစ္စာ တိုင်တည်ပြီးခဲ့ပြီ။

သည်သစ္စာ မတည်ခဲ့လျှင် ...။

"ဒီပုံအတိုင်းဆို အဘဦးစံကျော် ဆရာကြီးတို့ရဲ့ ဂျွန်တပ် တွေက အရေးတော်ကြုံခိုက် သူပုန်ထကြဖို့ဆိုသဟာ သေချာသလောက် ဖြစ်ခဲ့ပြီပေါ့။ ဟုတ်စ ... အဘိုးလေး"

"ကွယ် ... လူကလေးနှယ်။ ကျားကိုက်ပါတယ်ဆိုမင့်ဟာ ကို အပေါက်ကလေးနဲ့လား လုပ်နေပြန်ပါပြီ။ အခု လူကလေး သွေး သစ္စာတိုင်ခဲ့သလို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းမှာ မြန်မာပြည်အရှင်



www.burmeseclassic.com

www.burmeseclassic.com



ရပ်၊ ဒေသအသီးသီး၊ နေရာဌာနအမျိုးမျိုးတွေမှာ ဂျွန်တာပ်ဖွဲ့ဝင် သွေးသောက်စုတွေလည်း သစ္စာရေစင်သောက်ပြီး အမျိုး၊ ဘာသာ၊ သာသနာအတွက် တာဝန်ထမ်းဖို့ သစ္စာပေးပြီးကြပြီ ... လူကလေးရဲ့ မင်းက အဘဦးစံကျော်လို့ ခေါ်နေ၊ သိနေတဲ့ ဆရာကြီးဦးစံရှား ... အဲ ... ဆရာစံပေါ့လကွာ။ အဲ ... အဲဒီဆရာစံရဲ့ ဦးစီးဦးဆောင်မှု အောက်မှာ ခရိုင်တစ်ခရိုင်ကို သွေးသောက်စုတစ်ရာနဲ့ ရဲမက်အင်အား ငါးထောင်ပါ ခရိုင် (၈) ခရိုင်တောင် ဖွဲ့စည်းပြီးခဲ့ပြီ ... လူကလေးရဲ့"

"ဟာ ... အားရစရာကြီးပါလား အဘိုးလေးရယ်။ ပျော်စရာကြီးပဲ"

" 'လိပ်ကို အခွံခွာမှ သေမယ်' ဆိုတဲ့ တဘောင်ပေါ်နေတာ လူကလေးကြားမိရဲ့ မဟုတ်လား။ ကုလားဖြူနှာခေါင်းရှည် အင်္ဂလိပ် မိစ္ဆာကောင်တွေရဲ့ အပေါ်ယံအရေခြုံထားတဲ့ အုပ်ချုပ်မှုယန္တရားအခွံ ကြီးကို သူတို့နယ်ချဲ့မိစ္ဆာဝါဒီ ကိုယ်ကောင်အတ္တဘောကြီးကနေ ခွာချ ပစ်နိုင်မှ သင်းတို့ရဲ့ဩဇာအာဏာ ဘုန်းဘုန်းလဲ ပြိုပျက်ကျဆုံးသွားမှာကွယ့်။ အရင်းလဲမှ အဖျားထင်းဖြစ်တတ်တာကလား"

"ဟုတ်ကဲ့ ... အဘိုးလေး"

"အိမ်း ... သာယာဝတီခရိုင်၊ ဖျာပုံခရိုင်၊ ပြည်ခရိုင်၊ ကသာ ခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ သရက်ခရိုင်နဲ့ အင်းစိန်ခရိုင် ... စတဲ့ ခရိုင် (၈) ခရိုင်မှာ ငါတို့ ဂျွန်တာပ်ဖွဲ့ဝင် (၄၀,၀၀၀) ကျော်ကို လျှို့လျှို့ ဝှက်ဝှက်၊ သိပ်သိပ်သည်းသည်း ဖွဲ့စည်းထားနိုင်ခဲ့ပြီကွယ့်"

"သာဓု ... သာဓု ... သာဓု ..."

ကံကောင်း၏ရင်တစ်ပြင်လုံး ပီတိဟုန်ဖောကြွလျက် ကြက်သီး မွေးညင်းတွေပင် ဖြန်းခနဲ ထိုးထိုးထောင်ထောင်ထလာတော့၏။ သည်





အထဲ 'တောင်မင်းကြီးတောရ' မှ ခေတ္တကြွလာတော်မူသည့် ဘုန်းတော်ကြီးဘုရား၏ သာဓုသံကာပါ အလှူမဏ္ဍပ်အတွင်း ရေစက်ချအပြီး ပြောကြီးခေါက်လိုက်သလို နှလုံးသည်းပွတ်ကို တိုးလျှိုပေါက်၊ ထုတ်ချင်းခတ် ဖြတ်ဖောက်သွားလေသေးရာ နှလုံးသွေးတို့ ပွက်ပွက်အန်ကျလာရတော့သည်သာ။

"ကံကောင်း ..."

"ခင်ဗျာ"

"တို့များ ဆရာ့တပည့်တစ်တွေဟာ လောကီအရေးကိစ္စတွေကို မျက်တောင်တစ်ခတ်စာမျှတောင် အရေးအရာမလုပ်ခဲ့တော့တာ အသိကြသား မဟုတ်လား"

"ဟုတ်ကဲ့"

"နို့ပေတဲ့ ဒီတစ်ခါမှာတော့ ကြောင့်ကြမဲ့ မျက်နှာလွှဲပြီးနေလို့ မဖြစ်တော့ဘူးကွယ့်။ အဲဒါကြောင့်လည်း ဒကာကြီးဦးစံကျော်ကို အမျိုး၊ ဘာသာ၊ သာသနာအတွက်ဖြင့် ဗောဓိအရေးတော်ပုံကြီးကို လုပ်ကိုလုပ်မှ ဖြစ်တော့မယ်ဖော့လို့ တို့များဆရာသခင် ဘုန်းဘုရားကြီးက အခါပေးခဲ့ရတာပ"

"ဟုတ်ကဲ့ ... အဘိုးလေး"

ဆရာတော်ဘုန်းကြီးဘုရား၏ မျက်နှာတော်သည် လောဘ၊ ဒေါသ၊ မာန၊ အတ္တ ... စသည့် လောကီအညစ်အကြေးတို့ ကင်းဆိတ်စင်ကြယ်လျက် ပကတိ တည်ကြည်ငြိမ်သက်လှသည့်တိုင် အသံတော်ကား ခက်မာလှဘိ။

အထက်အညာ ရွှေဘိုနယ်ဘက်ဆီမှသည် 'အလံတောင်တောရ' နှင့် 'မြစိမ်းတောင်ညိုတောရ' များဆီသို့ ရောက်ရှိသီတင်းသုံး



www.burmeseclassic.com

www.burmeseclassic.com



ခါစ ကနဦးကာလများကပင် ဤန္တြေတော်တည်ငြိမ်လွန်းလှလေ၍ တပည့်တကာ၊ တကာမများ ရိုကျိုးခန့်ညားခဲ့ကြရသည့် ဘုန်းတော်ကြီးဘုရားမှာ စကားကို အလွန်လိုအပ်လွန်းမှသာ မိန့်လေ့ရှိတတ်၍ အသံတော်ကလည်း ကြားရခဲမှူ။

"ဟော့ . . . လက်ရှိအချိန်၊ လက်ရှိခေတ်အခါကြီးမှာ 'မြန်မာ' ရယ်လို့ လူလုပ်နေကြတဲ့ လူရော၊ ရှင်ရော၊ ရဟန်းရော အားလုံးတွေမှာ အရေးအကြီးဆုံးပြဿနာက ဘာတဲ့လဲ လူကလေး"

"အမိန့်ရှိပါ အဘိုးလေးရယ်။ ကျွန်တော်လည်း သိချင်ပါရဲ့"

"တစ်မျိုးလုံး၊ တစ်ပြည်လုံး၊ တစ်သာသနာ၊ တစ်ဘာသာလုံးရဲ့ အကြွင်းမဲ့လွတ်လပ်ရေးကြီးပေါ့ဟယ် . . . လွတ်လပ်ရေးပဲပေါ့။ ဘာတဲ့ ဆီးဘန်နီဆရာတော်ဘုရားကြီးက 'ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသူညာ၊ သုဉ်းသုံးဝဖြင့်၊ သုဉ်းကြပြန်လစ်၊ သူညခေတ်ဝယ်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည်၊ သေသော်မှတည့်၊ ငြော် . . . ကောင်း၏' လို့ နာနာကျင်ကျင် ရေးဖွဲ့ခဲ့ဖူးသမို့လား။ တစ်ပါးကျွန်၊ ကျွန်ကမွေးတဲ့ သဘောက်ဘဝမှာ ချေးထဲကလောက်တွေလို ကြောင့်ကြမဲ့ပျော်နေကြလို့ တော်ရော့မလား"

"မသင့်မလျော်ပါဘူး အဘိုးလေး"

"အိမ်း . . . အများစုက တိုင်းပြည်လွတ်လပ်မှ ဘာသာ၊ သာသနာကြီးပွားမယ်လို့ ထင်ကြတယ်။ တချို့ကလည်း သာသနာကြီးပွားမှ တိုင်းပြည်ကောင်းစားမယ်လို့ မြင်တယ်။ ဘုန်းကြီးတို့ကတော့ ရှင်တော်ဘုရား မိန့်ကြားခဲ့သလို 'ရင်ဝမှာစူးနေတဲ့လှံကို မနုတ်ခင် သတိပဋ္ဌာန်တရားကို အလျင်ရှုပါ' ဆိုသလိုပဲလေ။ ပဌမဆုံးအရေးက မိစ္ဆာဒိဋ္ဌိတွေရဲ့ အမွေ ဖိနှိပ်မှုတွေကို 'ငါတို့ငြိမ်မခံနိုင်တော့ဘူးဟေ့' လို့





ဗမာ့သတ္တိသွေးကို ရဲရဲတောက်ချပြကြဖို့ပဲလို့ သဘောရတယ်။ နိုင်ငံရေးသမားတွေ လွှတ်တော်ထဲမှာ၊ သူရိယ၊ ဒဂုန်၊ ဗံသာန . . . စတဲ့ ဂျာနယ်မဂ္ဂဇင်းတွေမှာ သကြိန်အမြောက်ကြီးတွေလို ပါးစပ်နဲ့ အသံကောင်းဟစ်၊ ဟန်ရေးပြနေတာမျိုး မဟုတ်တဲ့၊ အမျိုးဘာသာ သာသနာတော်ကြီးအတွက် အသက်ဖိဝကိုပါပေးရဲ လှူရဲ၊ စွန့်လွှတ်ရဲတဲ့ အလောင်းတော်တို့ရဲ့ စွန့်ခြင်းကြီးမျိုးနဲ့ ရုန်းကြ၊ ထကြ၊ ထူထောင်ကြဖို့ ရှိတာကပဲ။ အဲသလို သဘောညီကြရဲ့"

"ဟုတ်ကဲ့"

"ဒီတော့ ဒီအရေးဟာ ကောက်ရိုးမီးလောင်သလို၊ ရွာသူ့စုန်းတောက်စားသလို ဟုန်းခနဲထတောက်၊ ပြက်ခနဲထလက်တဲ့ 'ဗန္ဓကရသေ့' တို့၊ 'မင်းလောင်းမောင်သန့်' တို့၊ 'တောမုန်းကြီးစံဖဲ' တို့လိုမျိုး လူတစ်ယောက်၊ လူတစ်စုက စိတ်ရူးပေါက်သလို ထလုပ်တာမျိုး မဟုတ်ဘူးဟကွယ်။ ရှေးရှေးမြန်မာ တိုင်းပြုပြည်ပြုမင်းဧကရာဇ်များ ထုံးနည်းအတိုင်း၊ အထူးသဖြင့် အလောင်းမင်းတရားကြီးက မုဆိုးဘိုနဲ့ ရွာရံ (၆၈) ရွာကနေ ကုန်းဘောင်နွယ်အရိုးအစဉ်ကြီး ထူထောင်ခဲ့သလိုမျိုးကြီးပဲ။ သေသေကြေကြေ၊ ရှုပ်ရှုပ်ချုံချုံ၊ အရိုးကြေကြေ အရည်ခန်းခန်း၊ ရေဆုံးမြေဆုံး အဓိဋ္ဌာနပါရမီကြီးနဲ့ အားခဲပြီးလုပ်ရမယ့် အရေးတော်ကြီးပဲ။ ဟုတ်လားဟေ့ . . .ငဲ ဖိုးကံကောင်း"

စိတ်တွေကပင် ထက်သန်လာအံ့ထင်၏။

အဘိုးလေး၏အသံက ခက်ခက်မာမာ။ တင်းတင်းရင်းရင်း။

"ဟုတ်ပါ့ . . . အဘိုးလေးရယ်၊ ကျုပ်တို့လည်း နင်းလွန်းလွန်းလို့ ကြုံကြမယ့်အရေးတွေကို မကြာခဏ ကြုံရ၊ ကြားရလွန်းလို့ လက်သီးဆုပ်ရ၊ အံကြိတ်ရ၊ ခေါင်းရင်းထရံက ဆောင်ဓားကို မျက်စောင်းထိုးရ



www.burmeseclassic.com

www.burmeseclassic.com



တာလည်း ဒဏ်သေအံ့သေ ဖြစ်နေပေါ့။ တလောလေးကပဲ ဖိုးကုန်းနဲ့ မင်းလှနယ်အနောက်ပိုင်းက ရွာကလေးတွေမှာ လူခွန်ကောက်ရင်း ပုလိပ်နဲ့ ကုလားဖြူစစ်တပ် ရမ်းကားသွားပုံတွေကို ရင်ထဲမချိအောင် တွေ့ခဲ့၊ မြင်ခဲ့ရပါသေးရဲ့ အဘိုးလေးရယ်။ ခံ့ရချက်ဆိုးလိုက်ပုံများ မပြောပါနဲ့တော့''

''အိမ်း ...ဒုက္ခ ...ဒုက္ခ ...ဒုက္ခ ...။ ဒုက္ခများမြောင်လှတဲ့ လူ့ဘဝ၊ လူ့ဇာတိကိုရပြီး လူ့အရေး၊ လူ့ကိစ္စတွေဖြစ်တဲ့ နဂိုဒုက္ခတွေနဲ့မှ အလဲလဲအပြိုပြို အခြေမခိုင်ကြရတဲ့အထဲ တစ်ပါးကျွန်ဘဝ ပြုသမျှနုရတဲ့ အပိုဒုက္ခတွေကိုပါ ခါးစည်းခံနေကြရတာဆိုတော့လည်း အိမ်း ...ဒုက္ခတွေချည်းပ ...ကံကောင်းရာ။ အင်း ...''

အဘိုးလေးသန့်ဇါ၏စကားက ကြေကြေကွဲကွဲ ...။

ကံကောင်းကမူ သူကိုယ်တိုင် နဖူးတွေ့ဒူးတွေ့ကြုံခဲ့ရသည့် ဖိုးကုန်းမှ နှိပ်စက်ပွဲကို ဖြတ်ခနဲပြေးမြင်လိုက်မိသည်။

မကြာလှသေး ...။

လွန်ခဲ့သည့် တစ်ပတ်၊ ဆယ်ရက်ခန့်က ဖြစ်သည်။

❀ ❀ ❀

❑

''သူကြီး ...သူကြီး ...မြို့ပိုင်မင်းရယ်၊ အရေးပိုင်မင်းကြီးနဲ့ စစ်ပုလိပ်တွေရယ် ရွာထိပ်မှာ ရောက်နေကြပြီတဲ့ခင်ဗျ။ ကတ္တရာလမ်းပေါ်အထိ ကားနဲ့ကြွလာကြသတဲ့။ အဲဒါသဟာ လှည်းဆင့်နိုင်းလိုက်လို့။ နေရာထိုင်ခင်းနဲ့ညှိခံဖို့ စီစဉ်ခဲ့ပြီး သူကြီးကိုယ်တိုင် လှည်းယာဉ်ငါးစီးနဲ့ အမြန်ဆုံးလာကြိုလှည့်ပါတဲ့''

ရေနံချေးတွေဖြင့် ရွှဲနေ၊ ဝနေသည့် အုတ်ခံ ပျဉ်ထောင်နှစ်ထပ် ဘိုအိမ်ကြီး၏ လေသာဆောင်၌ ရေနွေးသောက်ရင်း ခုတလော ရေပန်းစားး တာစားနေသည့် အခွန်တော်မပေးရေး 'ဘူးအသင်းများ' အကြောင်း၊ ဦးစိုးသိမ်း (ဂျီစီဘီအေ) မှ 'ဝံသာနုအသင်းများ' အကြောင်း၊ ဆရာတော် ဦးဝိစာရကိုယ်တော်ကြီး ရန်ကုန်ထောင်ကြီးထဲ ပျံလွန်တော်မူခဲ့ရပုံများ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဆရာတော်ဦးဥတ္တမ၏ ရဲရဲတောက်တရားပွဲများအကြောင်းတွေကို စကားလက်ဆုံကျနေသည့် သူကြီးဘိုးသာဗျော့နှင့် ခေတ်ပိန္နောဆရာကြီး ဆရာသန့်တို့မှာ ရွာခေါင်းကျော်စံကေး၏ အော်ကြီးဟစ်ကျယ် ပူညံပူညံ အသံကြောင့် အံ့အားကြီးတွေ သင့်သွားကြရ၏။

"ဘာရယ် ... ဟဲ့အကောင် ... မြို့ပိုင်မင်းရော၊ အရေးပိုင်မင်းကြီးရော၊ စစ်ပုလိပ်တွေရော ပါလာသတဲ့လား။ ကျားသားမိုးကြိုး ဟုတ်ကဲ့လား ... ကျော်စံကေးရယ်၊ ဒါ ... နောက်စရာပြောင်စရာကိစ္စ မဟုတ်ဘူးနော် ... ဟေ့ကောင်"

"ခင်ဗျားသခင်ကြီးတွေက ကတ္တရာလမ်းဘေး 'ဖိုးချစ်စုဇရပ်ကြီး' မှာ နားနေလေရဲ့ သူကြီးရေ။ သာယာဝတီအရေးပိုင် ရေးနီးသခင်ကြီးနဲ့ မြို့ပိုင်မင်း စကောက်သခင်တို့ကိုယ်တိုင် လူခွန်တော်မပြေမကြေ ဆုံးဖြစ်တဲ့ ဖိုးကုန်းကို လူခွန်တော်မရမကကောက်ဖို့ စစ်ပုလိပ်ငါးဆယ်နဲ့ ဆင်းလာကြတာတဲ့ခင်ဗျ သူကြီးရဲ့။ ကဲ ... ဘယ်လိုလဲ။ လှည်းယာဉ်ပဲ ဆင့်လိုက်ရတော့မလား။ စပါးပွဲစားကြီး ကိုဘရွှေတို့အိမ်မှာ တည်းနေတဲ့ အာလကာပ္ပချစ်တီးကြီးရဲ့ ကားသူငယ်ကလေး (ထိုခေတ်က ခေတ်စားခဲ့သည့် Austin ဖိမ်ခံကားငယ်ကလေးကိုခေါ်သည့် အသိယစကား) ကိုပဲ အကူအညီတောင်းလိုက်ရမလား။ အရင်အခေါက်တွေတုန်းကလိုပဲ ရွာလယ်က စွန်မခွန်ဒရမ်ချစ်တီးငှားထားတဲ့ ဆန်စက်ပိုင်ဦးမှုံကြီးရဲ့ တိုက်နဲ့ စတီးဘရားသားကငှားထားတဲ့ ဒေါ်ပုတို့အိမ်နီကြီးမှာပဲ ဧည့်ခံမှာမဟုတ်လား ... သူကြီး။ ကျုပ် လှည်းဆင့်ရင်းနဲ့ လမ်းကြုံဝင်ပြောသွားရ ကောင်းမလားလို့"

"ဟာ ... အိပ်ရာအောက်တော့ ရေဝင်ပြီဟေ့။ အကုသိုလ်တော့ အတုံးလိုက်ကြီးရော၊ အပြားလိုက်ကြီးပါ ကပ်ပြီထင်ပါရဲ့ကွာ။





နီ ... ထူးထူးလည်လည် ဘာတွေများ နားစွန်နားဖျား ကြားခဲ့မိသေးတုံး။ အလုပ်မရှိ အကိုင်မရှိ ကိုးကုန်းကိုးကျင်းတွေကို တစ်ရာ့ကိုးတစ်ရာ့တစ်ဆယ် လုပ်ဖို့များရော ခရီးသွားဟန်လွှဲ ပါသေးသတဲ့လားဟ။ ဖမ်းမယ်ဆီးမယ်၊ ခြေချုပ်တို့၊ နယ်လွှဲတို့ လုပ်မယ် ဆိုတာမျိုးတွေလေ"

"ဟင့်အင်း ... အဲဒါမျိုးတွေတော့ မကြားခဲ့ဘူး။ ဝံသာနုခေါင်းဆောင်တွေနဲ့တော့ တစ်ပွဲတစ်လမ်းတွေ့ကြဦးမယ်ဆိုလား ဘာဆိုလားပဲ"

"ဟိုက် ... အကျိုးတော့ နည်းကြပဟေ့။ ကိုင်း ... ကိုင်း အာလကာပ္ပချစ်တီးကြီးကို ကားကိစ္စအရင်ဝင်ပြော။ စွန်မခွန်ဒရမ်ချစ်တီးကြီးနဲ့ စတီးဘရားသားက စာရေးကြီးဦးကျော်ဒန်တို့ကို အကျိုးအကြောင်းသေချာပြောပြီး ပြင်ဆင်ခိုင်းကွာ။ ရွာခေါင်းတွေ၊ ဆယ်အိမ်ခေါင်းတွေကို ငါ့အိမ်မှာစုခိုင်းထားနှင့် ... ကြားလား။ ကားအဆင်မပြေရင် တစ်မျိုးစီစဉ်ဖို့ လှည်းယာဉ်လေးစင်းကို က,ပြီးသာ အသင့်စောင့်ခိုင်းထား။ ပြောသာပြောရတာ။ ကျောင်းဒကာကိုတလုတ်ရှည်က သက်ကြီးဝါကြီး မထေရ်ကြီးတွေကိုပင့်ဖို့ သက်သက်ဝယ်ဆင်ထားတဲ့ သူ့သံယိကလှည်းယာဉ်ကို ဒီနှာခေါင်းရှည်ကောင်တွေစီးဖို့ ပေးချင်မှပေးဦးမှာ။ သွားပြောမိကာမှ လှည်းဘီးနှစ်ဘီးလုံးဖြုတ်ပြီး သံပတ်ပြင်၊ လှည်းမီးချ လုပ်ချင်လုပ်နေမှာ။ ပြောလို့ရတာမဟုတ်ဘူး။ ဖောက်တိဖောက်ထိုးလူရယ်"

"ဟာ ... သူကြီးကလည်း၊ ဒီကုလားကောင်တွေကလည်း ဒီကောင်တွေရယ် ...။ ဘုရားမရှိ၊ တရားမသိ လူ့မိစ္ဆာတွေပါဆို။ မင်းလှအနောက်နယ်က တောင်ကန်၊ ငါးရှည်ညို၊ နတ်တောင်ဒါ ရွာတွေဘက်မှာ ကျုပ်တို့ဗုဒ္ဓဘာသာ စေတီ၊ ပုထိုး၊ ရုပ်ပွားတော်တွေကို နည်း



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးနဲ့ စော်ကားနေတဲ့ ဓမ္မန္တရာယ်ကောင်တွေဗျ။ တောင်ကန်ရွာ ဓမ္မာရုံက ဆုတောင်းပြည့်ရုပ်ပွားတော်ကို ပန်ချာပီပုလိပ်တွေက တုတ်နဲ့ရိုက်၊ ခြေနဲ့ကန်ပြီး အမျိုးမျိုးဆဲဆိုနေတာကို အလိုတော်ရိ ဌာနအုပ်မင်းဒင်က ဘာတစ်ခွန်းဝင်တားရဲခဲ့လို့တုံး။ ငါးရှဉ့်ညိုနဲ့ နတ်တောင်ရွာတွေဘက်မှာလည်း ဘာထူးသေးလဲ။ ရွာသူရွာသားတွေရှေ့မှာတင် ရာကွတ်ခန်းလို့ခေါ်တဲ့ အင်စပက်တော်နဲ့ သူ့ပုလိပ်သားတွေက ဘုရားရုပ်ပွားတော်ရဲ့ လည်ပင်းကို ကြိုးနဲ့ဆွဲပြီး 'မင်းတို့ဘုရားတောင် တို့လက်ထဲမှာ အပြစ်ပေးမခံရအောင် ပြေးမလွတ်ဘူးကွ' လို့ မိုက်မိုက်ရိုင်းရိုင်း ခြိမ်းခြောက်ပြီး မောက်မာသေးတာတဲ့။ အဲဒီတုန်းက ဘုရားဒကာကိုတလုတ်ရှည်နဲ့ ဦးပဥ္စင်းလေး ဦးနာဂိန်တို့အုပ်တွေ နှစ်ဆယ်၊ အစိတ်က ဓားဆွဲထွက်တော့မှ သင်းတို့အမျိုးယုတ်တွေ အခြေမလှတော့ဘူးဆိုပြီး ပြန်ပြေးကြတာကော။ အလိုတော်ရိတွေနဲ့ ဒီမိစ္ဆာကောင်တွေ ပလဲနံပသင့်ပြီး နှိပ်စက်နေလိုက်ကြပုံများတော့ ပြောမပြောချင်ဘူး ... သူကြီးရေ။ အော့နှလုံးနာလွန်းလို့ဗျ''

''ကိုင်းပါ ... ဘိုးရွှေတီးရယ်၊ အလိုလိုမှ ခေါင်းနောက်ရတဲ့အထဲ သခွပ်ပင်က မီးတကျည်ကျည် ဝင်လုပ်မနေပါနဲ့ဦး။ ရွာထဲကဝံသာနုခေါင်းဆောင်တွေဆီ တစ်ဆိတ်ပြေးပြီး သင့်သလိုသာ ကြည့်ပြီးတိမ်းနေကြဖို့ စကားပါးချေပါဦး။ နို့မို့ ... မျက်စိရှေ့ကြီးမှာ မထော်မနန်းတွေကို မတွေ့ချင်မြင်လျက်သား ဖြစ်နေရပါဦးမယ်''

''အိမ်း ... လူကလေးရေ။ ကြားရချက်တွေကတော့ နားထဲသံပူရည်လောင်းထည့်လိုက်တာကမှ ခံသာဦးမကွ။ နားတွေပင်းနေရင်လည်း အကောင်းသားကွာ။ ဟူး ...''

''ဟုတ်ပ ... အဘိုးလေးရယ်''





''ကိုင်း ... ဆရာကြီးတို့မြေးအဘိုးလည်း အာရုံနောက်မယ်ထင်ရင် ဆရာတော်ကျောင်းဖြစ်ဖြစ်၊ ကျောင်းဒကာကိုတလုတ်ရှည်ကြီးအိမ်ဖြစ်ဖြစ် သင့်သလိုသာ ကြည့်နေကြရောခင်ဗျာ။ ကျွန်တော်တော့ မကောင်းတဲ့ ဖွတ်မင်းဘဝ ဖြစ်နေသေးလို့ ခွင့်ပြုကြဦး။ မောင်မင်းကြီးသားတွေ ရွှေစိတ်တော်ညိုရင် ရွာကြေနေဦးမှာခင်ဗျ''

''ကဲ ... ကဲ ... သွားချေဦး ... သွားချေဦး ...။ 'ဖွတ်မိကျောင်းဖြစ်၊ မြစ်မချမ်းသာ' ဆိုပေသကိုးကွယ့် မြေးရဲ့။ အင်း ... တို့များလည်း ကျောင်းဒကာအိမ်ဘက်ရွှေ့ပြီး သတင်းပလင်းကလေး ဟိုဟိုဒီဒီ စနည်းနာကြသေးတာပ''

''ဟုတ် ... အဘိုးလေး''

''လူကလေးရေ ... ရွာနဲ့ရပ်နဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်နေတဲ့ ကိစ္စကြီးတွေမှာ မခံချင်ပေမယ့်လည်း ဝင်မပါချင်နဲ့ကွယ်။ 'ကြွက်မနိုင် ကျီမီးနဲ့ရှို့' ဆိုသလို ရွာသူရွာသား နင်းပြားတွေကိုပဲ ဖိထောင်းခံနေကြရဦးမယ်။ ပြီးတော့ အချိန်အခါမဟုတ်သေးဘူးကွယ့်။ သည်းခံသည်းခံ။ နော ...။ လူကလေးကိုလည်း ဘိုးက ကြိုပြောထားရတာ။ မင်းစိတ်က လက်တစ်ဆစ်ရယ်''

''ဟုတ်ကဲ့ ... အဘိုးလေး''

ပြောနေဆိုနေရင်းက သူကြီးလည်း ဒရောသောပါးဖြင့် ရွာထိပ်သို့ ခပ်သုတ်သုတ်ထွက်သွားတော့ရာ ကံကောင်းတို့မြေးအဘိုးမှာ အဘိုးလေးသန့်၏ ပစ္စည်းပစ္စယတိုတိုထွာထွာတွေကို သိမ်းဆည်းယူငင်လျက် ကျောင်းဒကာကိုတလုတ်ရှည်တို့၊ ဘုရားဒကာမွေးတို့ ဝိုင်းဘက်ဆီ ခနိုးယာယီပြောင်းခဲ့ရတော့သည်။

ယခုကာလပိုင်းကလေး၌ လူခွန်၊ သသသမေခွန် ဖွတ်အဝမ်း



www.burmeseclassic.com

www.burmeseclassic.com



စည်းကြပ်တောင်းခံခြင်း၊ ရရာပစ္စည်းသိမ်း၍ လေလံတင်ကာ လူခွန်ဖြတ်တောက်ရယူခြင်း၊ လုံးဝမပေးဆောင်နိုင်သူများအား လှူဖမ်းဝရမ်းထုတ်၍ ထောင်ချခြင်းများကို လွှန်လွှန်ကဲကဲ သရဲမင်းရဲစီးလျက် လက်ပူတိုက်၊ ပတ်ကြမ်းတိုက်နေလိုက်ကြသည်မှာ ဝေသာလီပြည် ဘီလူးကျသလို ဝုန်းဒိုင်းကြဲ ပြောင်းဆန်၍နေတော့၏။

မင်းလှအနောက်မြို့နယ် ချောက်တင်ကွင်းရွာနေ အဘိုးရိုပ်၏ ဖိုးနှင့်ဝက်မကြီးကို ငွေ ၂၀ ကျပ်၊ ဦးလင်း၏တဲကို ငွေ ၃၀ ကျပ်၊ ဦးညို၏ လှနှစ်ချောင်း၊ ပုဆိန်နှင့်ဓားမကို ၅ ကျပ်၊ ဦးဘိုးသိန်း၏တဲကို ငွေ ၃၀ ကျပ်ဖြင့် မတန်တဆလေလံပစ်ကာ လူခွန်ကို ဓားပြတိုက်သလို ဖြတ်တောက်ယူခဲ့ကြကြောင်း စာစောကလေးကပင် ပြောမိကြသေးသည်။

ထို့အတူ မနေ့ကပင် ခဝဲစုရွာ၌လည်း ဦးသာဒွန်း၊ ဒေါ်ဘွားဖွန်း တို့၏ မီးခံသေတ္တာကို ငွေ ၁၀၀၊ သတ္တုကရားကို ၈ ကျပ်၊ လုံကို ၁၂ ပဲ၊ နွားလှည်းကို ၄၀ ကျပ်၊ စုစုပေါင်း ငွေ ၁၄၈ ကျပ် ၁၂ ပဲနှင့် လေလံတင်ပြီး တစ်ဝိုင်းတည်းအတူနေ မိသားစု ၂၆ ယောက်အတွက် အခွန်ငွေ 'inci-dence per head' စနစ်အရ တစ်ယောက်လျှင် ၁၄ ကျပ် ၆ ပဲနှုန်းဖြင့် တွက်ချက်ကောက်ခံခဲ့ကြောင်း၊ အခွန်မဆောင်နိုင်သူ ယောကျ်ား မိန်းမနှစ်ဆယ်ကျော်ကို သာယာဝတီမြို့မဂါတ်တဲသို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ထွက်ပြေးကြသူများအတွက် လှူဖမ်းဝရမ်း ၄၅ စောင် ထုတ်ပေးထားခဲ့ကြောင်း စသည့် အဖြစ်ဆိုးသနစ်ဆိုးများကို စိတ်နှလုံး မချမ်းမြေ့ဖွယ် ကြားခဲ့ရပြီးပြီ။

ယခုလည်း ...

နွားဝင်မလှသည့် သတင်းဆိုးဆိုး၊ အမြင်ရိုင်းရိုင်း ရှုခင်းမြင်ကွက်တွေကို ပက်ပင်းကြုံရဦးတော့မည်ထင်သည်။ ရင်ထဲ၌ နင့်တင့်တင့်





အစ်တစ်တစ်ကြီးဖြစ်ကာ မသက်မသာကြီး ခံစားနေရတော့၏။

ဆင်နင်းသည့် ယပ်ကောက်ထက်ပင် ပို၍ပြားစရာမရှိတော့သည့် တောကြိုအုံကြား မြန်မာဆင်းရဲသားလူထုသည် ...

"ကျောင်းဒကာရေ ... ကျောင်းဒကာရေ ... ကျုပ်တို့ရွာထဲက 'ဝံသာနုအသင်း' ခေါင်းဆောင်နဲ့ 'ဘူးအသင်း' ခေါင်းဆောင် ကိုနိုင်တိုက်စိုး၊ ကိုရင်တောက်ထွန်းနဲ့ ကိုရင်ကံသာတို့ကို ပုလိပ်က ဒေါ်ပုတို့အိမ်နီကြီးဆီကို ခေါ်သွားပတဲ့။ လူခွန်မပြေ ကျန်နေတဲ့ လူအားလုံးကိုလည်း သူကြီးအိမ်မှာ စုနိုင်းထားသတဲ့ဗျို့"

"ဟင် ... ဆရာကြီး ခုနင်ကပြောတော့ ဝံသာနုခေါင်းဆောင်တွေကို တိမ်းနိုင်းထားဆို။ ဒီလောက် အကုသိုလ်ကြမ္မာတိုက်ကြီး အလုံးလိုက်လိမ့်လာမင့်ဟာ။ မြင်ရက်ကနဲ့ ရှောင်တိမ်းများ မသွားကြပေဘူးတဲ့လား။ ခက်ကဲမောင်တွေပဲ"

"သူကြီးခိုင်းလို့ ကျော်စံကေးကတော့ ပြေးပြောတာပဲတဲ့ဗျ။ ကိုရင်တိုက်စိုးတို့ကကို 'ကိုယ့်မြေပေါ်မှာ ကိုယ်နေတာ။ ဘယ်မအေပေးနှာခေါင်းရှည်တွေကို ရှောင်ပြေးရမလဲ။ ကျားနဲ့ဆင် လယ်ပြင်မှာတွေ့ကြသေးတာပေါ့' လို့ ကြိမ်းပပြီး တမင်ထိပ်တိုက်တွေ့ရအောင် လိုက်သွားတာတဲ့ ခင်ဗျာရေ။ သူတို့ကလည်း သခင်ဆိုလား၊ ဘာဆိုလား။ အာဂသတ္တိခဲတွေခင်ဗျ။ တစ်စက်ကလေးမှ ထိတ်ပုံ မမြင်ဘူး"

"အေးလကွယ် ... နေရိပ်လာမှာ နေပူကစောင့်ရတာမျိုး ရှိသလို ကြာကြာဝါးမယ့်သွား အရိုးကြည့်ရှောင်ဆိုတာလည်း ရှိတာပဲ။ ဒီလိုကာလမျိုးမှာ ထိပ်တိုက်မတွေ့ဘဲ တိမ်းလိုတ်ကြရမှာ"

"အေး ... သတ္တဝါတစ်ခု ကံတစ်ခုတဲ့။ ဒါခြေအနေ စောင့်အကဲခတ်ရတော့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဒကာ၏စကားပင် မဆုံးလိုက်ရ။

ရွာကလေး၏ လေးပြင်လေးရပ်မှာ မုန်တိုင်းကြီးဝင်မွှေခံ ရသလို ပြောင်းဆန်လျက် ဝုန်းဒိုင်းကြဲနေတော့သည်။

အထူးသဖြင့် လူခွန်တော်မပြေမကြေသေးသည့် ဆင်းရဲသ တောင်သူလယ်သမားများ၊ ပျံကျများ၊ တံငါမုဆိုးများ၊ လယ်ကူလီ ယာ ကူလီများ၊ အလုပ်အကိုင်အတည်တကျမရှိ ဝေလေလေ လတ်လျ လတ်လျားသမားများမှာ ယခုမှပင် ပြေးစရာမြေမရှိ ဖြစ်ရလေတော့ ၏။ အရေးပိုင် ရာဇဝတ်ဝန်ကြီး မစ္စတာရေးနီးနှင့်အတူ နယ်ပိုင်ဦးစံရှိ အင်္ဂပူမြို့ပိုင် မစ္စတာစကောက်၊ မြို့ပိုင်ဦးခင်တို့ ပါလာကြသည်။ သာယ ဝတီမြို့တွင် တပ်စွဲထားသည့် ၃/၂၀ ဘားမားရိုင်ဖယ်တပ်မှ ကပ္ပတိန်ရယ် ဦးစီးသော စစ်ပုလိပ်ငါးဆယ်နှင့် ရာဇဝတ်အုပ်ကလေးဦးသိန်းဖုံ ဦးစီ သော ပုလိပ်နှစ်ဆယ်ကလည်း ရွာ၏အချက်အချာ ဝင်လမ်းထွက်လ များကို ဖြတ်တောက်ပိတ်ဆို့ထားလိုက်ကြပြီး လူခွန်တော်စည်းကြပ်ရ ကျန်နေသေးသည့် ယောက်ျား၊ မိန်းမများအား နွားအုပ်၊ ကျွဲအုပ်မျ မောင်းသလို သူကြီးဦးဘိုးဗျော့၏ နှစ်ထပ်ဘိုအိမ်ကြီးရှေ့ မြေတလ ပြင်၌ တန်းစီထိုင်ခိုင်းထားလေသည်။ သူတို့အလိုရှိရာ လူများကိုလည် တစ်အိမ်ဝင်တစ်အိမ်ထွက် ကြက်ကလေး၊ ငှက်ကလေးများ ဖမ်းသည် နှယ် တရွတ်သီထိုး သိမ်းကျုံး၍ ပိုက်စိပ်တိုက်ကြရာ ကြောက်ကြော လန့်လန့် ပြေးသံလွှားသံ၊ ကလေးငိုသံ၊ ခွေးဟောင်သံ၊ လှသံသွသံတွေ တဝေါဝေါဖြင့် ဖုန်လုံးကြီးတွေပင် တထောင်းထောင်းထနေတော့၏။

"သူကြီး ..."

"မှန်ပ ... အရေးပိုင်သခင်ကြီးဘုရား"

"ဟောဒီ အင်စပက်တော်မောင်သိန်းဖုံနဲ့ အဖွဲ့ရယ်၊ လက်





ဖတောင်နင်ကလေး ဂျွန်အီဗန်တို့ စစ်ပုလိပ်အဖွဲ့ကို သူကြီးအိမ်ကို ခေါ်သွားပါ။ လူခွန်တောင်းရာမှာ နာမည်ကြီးတဲ့ အင်္ဂပူမြို့ပိုင် မစ္စတာစကောက်ရဲ့ နည်းအတိုင်းပဲ အဲဒီလူခွန်တော်မပေးသွင်းရသေးသူစာရင်းထဲမှာ ပါတဲ့လူ အားလုံးကို ဦးထုပ်၊ ခေါင်းပေါင်း အကုန်ချွတ်။ ယောက်ျားတွေကို အကျႌ ကိုယ်တုံးလုံးချွတ်၊ မိန်းမတွေကို အပေါ်ခြုံအကျႌချွတ်ခိုင်းပြီး နေပူပူ မှာ နေလှန်းထားလိုက်။ သူတို့ဆိုင်ရာဆိုင်ရာတွေက လူခွန်တော်လာ သွင်းပေးရင် ပြေစာပြနိုင်တဲ့လူကို လွှတ်ပေး။ နေ့တစ်ဝက်ကျိုးလို့မှ အခွန်ငွေမသွင်းသေးဘူးဆိုရင် နေကိုမော့ပြီး ကြည့်ခိုင်းထားလိုက်။ ကလန်ကဆန် ဖီဆန်မှုလုပ်ခဲ့ရင်တော့ တာဝန်ပျက်ကွက်မှု ပုဒ်မ ၂၉၊ ရာဇဝတ်ကျင့်ထုံး ကိုဒဥပဒေ ပုဒ်မ ၁၀၁ အရ ဖမ်းဝရမ်းထုတ်ပြီး ထိတ်တုံးထဲ တစ်ခါတည်း သွင်းထားလိုက်ပေတော့။ ကြားသလား ... သူကြီး"

"တင်ပါ့ ... အဲ ... အဲလေ ... မှန်ပါ့ဘုရား"

ပြာဖုံးနေသော မီးခဲကို မီးတောက်မီးလျှံအဖြစ် ပြောင်းလဲစေမည့် အတင်းအဓမ္မ နှိပ်စက်ညှဉ်းပန်း၍ အခွန်တောင်းမှုဖောတ်ဝင်ခန်းကြီးကား မီးစွဲခါစ အမှိုက်ပုံနှယ် မီးခိုးလုံးကြီးတွေ တလိပ်လိပ်ထ၍ လာခဲ့တော့၏။

"မောင်မင်းက တိုက်စိုးဆိုတာလား။ ဝံသာနုခေါင်းဆောင်၊ 'ဘူး' အသင်းခေါင်းဆောင်တဲ့ ... ဟုတ်သလား"

"လူကြီးမင်းသိပြီးသားတွေ ဖြစ်နေမှပဲ။ ပြေဖို့လိုသေးသလား မစ္စတာရေးနီး"

"OH! Damn it! Very dirty bastard"

"အင်မတန်ယဉ်ကျေးဖွယ်ရာ ဂုဏ်သိက္ခာကြီးပါတယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်မင်းရဲ့ ကျေးတော်မျိုးကျွန်တော်မျိုးတွေကလည်း ဒီလိုမျိုး ရှိုင်းရှိုင်းစိုင်းစိုင်း ပြောဆိုဆက်ဆံတတ်ကြတာပဲလား။ အခွန်ထမ်းလူထုတွေကို နှိပ်စက်ညှဉ်းပန်းကြတာပဲလား မစ္စတာရေးနိုး''

''Shut up!''

''ကျွန်တော်တို့အနေနဲ့ကလည်း မပြောရလေ ကောင်းလေပေါ့ ခင်ဗျာ''

''သခင်ကြီးခင်ဗျာ ...။ ၁၉၂၇ ခုနှစ် နိုဝင်ဘာ ၂၇ ရက်နေ့ နတ္တလင်းရှားတောကျောင်းမှာ လူနှစ်ထောင်ကျော်စုဝေးပြီး လူခွန်မပေးရေး လူထုအစည်းအဝေးကြီးကို ဦးစီးခဲ့တာလည်း ဒီကောင် တိုက်စိုးပါပဲ။ သူက သခင်တစ်ယောက်လည်း ဖြစ်နေပါတယ်ခင်ဗျာ''

အလိုတော်ရိ နယ်ပိုင်မင်း ဦးစံရှိန်က မျက်ထောင့်နီကြီးဖြင့် အရေးပိုင်မစ္စတာရေးနိုးအား မီးလောင်ရာလေပင့် လုပ်လျက်ရှိသည်။

''ပြည်ပိုင်အစိုးရမင်းများရဲ့ အမိန့်နဲ့ ပေးဆောင်ဖို့သတ်မှတ်ထားတဲ့ အခွန်တော်ငွေတွေကို မပေးမဆောင်၊ ပျက်ကွက်နေတာဟာ ဥပဒေဖောက်ဖျက်တာပဲ မဟုတ်ပါလား မောင်တိုက်စိုးရဲ့။ ဒါတော့ ကိုရင်လက်ခံရဲ့မဟုတ်လား''

မြို့ပိုင် ဦးခင်က လေချိုသွေးလိုက်သည်။

စားသွားပေါ်တွင်တင်ထားသည့် ပျားရည်တစ်စက်မှန်း သခင်တိုက်စိုးက ချက်ခနဲသိသည်။ သူတို့ကို မရမကနှိပ်ကွပ်မည်မှန်း မြေကြီးလက်ခတ်မလွဲ။ ခရိုင်အရေးပိုင်ရာဇဝတ်ဝန်ကြီး မစ္စတာရေးနိုးနှင့်အတူ စစ်ပုလိပ်ငါးဆယ်ကြီးများပင် လက်နက်ကယ်အစုံအညီနှင့် ဗိုလ်ဝင်ခံရောက်ရှိလာခဲ့ကြပြီးမှ ဘနမ္မ သိုက်တူးမပြန်ဘဲ ရှိလိမ့်မည်မဟုတ်။ ဆင်းရဲသားနင်းပြားလူထုတွေ၏ မျက်စိတွေကို ဖွင့်ပေးရဦးမည်။





စားသွားထက်ဖို့၊ မြည့်ဖို့ စားသွေးသံညှိကျောက် ပြုန်းလိုက ပြုန်းစေတော့။ လက္ကယ်သန်းခေါင် ညဥ့်အမှောင်တိုက်ကြီး လင်းစေဖို့ ယောင်းတိုင်တစ်ထွာတစ်တိုက အရည်ပျော်လျက် ဘဝဆုံးလိုက ဆုံးစေတော့။ မမှုပြီ ...။

''This tax is most inequitable and unjust one. ဒီ အခွန်ဟာ မမျှတဆုံးနဲ့ မတရားဆုံးအခွန်ဆိုတာ လူကြီးမင်းတို့အသိပဲ မဟုတ်ပါလား။ ဒီလူခွန်၊ သဿမေဓခွန် ကောက်ခံခြင်းကို အခြားအခွန်တစ်မျိုးနဲ့ အစားမထိုးနိုင်မီ အမြန်ဆုံးပယ်ဖျက်ပေးဖို့ ကျုပ်တို့ သာယာဝတီနဲ့ရမည်းသင်းနယ်အမတ်မင်း ဦးပု (ဝံသာနုပါတီ) က ဥပဒေပြုကောင်စီကို တင်ပြခဲ့ပြီး မဟုတ်ပါလား။ မမျှတတဲ့အခွန်၊ မတရားကောက်ခံနေတဲ့ အခွန်တွေကို အခွန်ထမ်းပြည်သူလူထုတွေရဲ့မျက်နှာကို မကြည့်ဘဲ ဆက်လက်ကောက်ခံနေခြင်းဟာ ဥပဒေနဲ့အညီ စားပြတိုက်နေတာ မဟုတ်ပါလား မစ္စတာရေးနိုး''

''OH! Bull Shit!''

''သခင်ကြီးခင်ဗျာ ...။ ဒီသခင်သုံးကောင်ကို အချေအတင်ပြောခွင့်ပေးနေရင် ပြီးမှာမဟုတ်တော့ပါဘူး။ ဒီတော့ တာဝန်ဝတ္တရားနှောင့်ယှက်မှုနဲ့ ဖမ်းချုပ်ထားလိုက်ပါမယ်။ ကိုင်း ...ဦးခင်ရေ။ လိုအပ်သလို ဝရမ်းထုတ်ပြီး အဖမ်းပြ။ ပုလိပ်ကားပေါ်သာ လက်ထိတ်၊ ခြေထိတ်ခတ်ပြီး တင်ထားလိုက်ပေတော့''

''Yes Sir''

''အေးလေ ...မင်းတို့ ဗြိတိသျှနယ်ချဲ့နဲ့ နယ်ချဲ့ရဲ့ နောက်လိုက်ခွေးတွေလုပ်တတ်တာ၊ လုပ်နိုင်တာလည်း ဒါပဲရှိတော့တာမဟုတ်လား။ ကိစ္စမရှိဘူးဟေ့ ...အမေကမွေး ထောင်ကကျွေးလိမ့်မပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ကိုင်း . . . သခင်တောက်ထွန်း၊ သခင်ကံသာ . . . တော်လှန်ရေးအတွက် ရဲသံပေးလိုက်ကြစို့ရဲ့"

"ဗမာပြည်သည် တို့ပြည်
ဗမာစာသည် တို့စာ
ဗမာစကားသည် တို့စကား
တို့ပြည်ကိုချစ်ပါ
တို့စာကို ချီးမြှင့်ပါ
တို့စကားကို လေးစားပါ
အရေးတော်ပုံ အောင်ရမည် . . . အောင်ရမည် . . ."

"Down, Down, Down ... with the Union Jack. Up, Up, Up ... The Peacock Flag"

ဝံသာနုအသင်းခေါင်းဆောင် သခင်တစ်စုရဲ့ကြွေးကြော်သံက ထန်ထန်မာမာ၊ ဟိန်းဟိန်းညံ့အောင်ပင် မထွက်လိုက်ရသေး။ ကပ္ပတိန် ရပ်စ်၏ စစ်ပုလိပ်အဖွဲ့က သခင်တိုက်စိုးတို့ကိုသာမက တွေ့ရာလူများကိုပါ ဝါးလုံးသိမ်းကြုံး၍ နံပါတ်တုတ်စာကျွေးလေတော့ရာ တမြုန်းမြုန်း တအုန်းအုန်း၊ တဖုန်းဖုန်းတခွပ်ခွပ်ဖြင့် သွေးစကြောင်းတွေ ရဲပတောင်း ခတ်သွားရတော့သည်။

မတရားမှန်း နဖူးတွေ့ဒူးတွေ့ ပတ်ပင်းကြီးတွေ့လျက် သိပင် သိကြသော်လည်း ရပ်သူရွာသားတို့မှာ တုတ်တုတ်မျှမလှုပ်ဝံ့။ ပန်ချာပီ စစ်ပုလိပ်များ၏ စက်သေနတ်ကြီးတွေက ကြောက်ခမန်းလန့်ခမန်း ဟန် ရေးတဝင့်ဝင့်။

"ကိုင်း . . . နယ်ပိုင်မင်း ဦးစံရှိန်။ ခေါင်းဆောင်တွေကိုတော့ ရှင်းပြီးပြီ။ အခွန်တော်ကောက်ရာမှာ တာဝန်မကျေတဲ့ ရွာအုပ်တွေ၊





ရွာခေါင်းတွေ၊ ရွာဆော်တွေ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးတွေကို အင်္ဂလိပ် မြို့ပိုင် ပညာပေးသလိုသာ လုပ်ပေတော့။ ဒါမှပဲ နောက်များမှာ စီးကုန်နဲ့ ဒီအနားတစ်ဝိုက်က ရွာလေးတွေဟာ လူခွန်တော်ပြေပြေကြေကြေရတော့ မှာ။ သူကြီးဦးသာဗျော့နဲ့တိုင်ပင်ပြီး လူဖမ်းဝရမ်းထုတ်သင့်တာ ထုတ် ပါ။ ကျောင်းမှန်းကန်မှန်းသိအောင်တော့ ဖိဖိစီးစီးပညာပေးရမှာပဲ"

"Yes sir"

မစ္စတာရေးနိုးက နယ်ပိုင်မင်းထံ တစ်ချက်လွှတ်အမိန့်ကို ချမှတ် ပေးလိုက်သည်။ စီးကုန်းတစ်နယ်လုံးအား ခါးပိုက်ထောင်ထဲထည့်လျက် ကြိုကိုအရည်ညှစ်သလို ဖြူခါပြာခါကျအောင် အဆီစုပ်၊ အသားမျိုနေ သည့် အာလကပ္ပချစ်တီးနှင့် စတီးဘရားသားမှ မန်နေဂျာ မစ္စတာ ကာ့တ်မဲလ်တို့ကလည်း အရေးပိုင်ရာဇဝတ်ဝန်ကြီးကို လိုလေသေးမရှိ ညှော်ခံပြုစုရင်း မီးထိုးသွေးခြွပေးလျက်ရှိပေရာ ဖောတ်ရှိန်က တရှိန်ရှိန် မြင့်တက်၍သာ လာနေတော့သည်။

"ကိုင်းဟေ့ . . . ရုံးအုပ်ကြီးမောင်ပါမွှားနဲ့ စာသင်ကြီးဦးအာဝါး တို့ကကြီးကြပ်ပြီး ဒီအကောင်တွေကို အခုချက်ချင်း ပုလိပ်ခန့်လိုက်ပေ တော့။ ဟောဒီ အသင့်ပါလာတဲ့ ယူနီဖောင်းတွေကို လဲခိုင်း။ အဲ . . . ပြီးရင် ဒရိန်းလ် (Drailing = စစ်ရေးပြခြင်း) ပြခိုင်းပေတော့။ ခိုင်းတဲ့ အတိုင်း မလုပ်တဲ့အကောင်တွေ၊ ကလန်ကဆန်လုပ်ချင်ဘဲ့ကောင်တွေကို ထောင်ဒဏ်ချမယ် . . . ဟုတ်လား။ ကိုင်း . . . စကြ။ နေပူပူမှာ ဒရိန်းလ် ပြရတော့ သွေးလည်းပူတာပေါ့ကွယ်။ ဟဲ . . . ဟဲ . . . ဟဲ . . ."

"မှန်ပါ့ မြို့ပိုင်မင်း"

မစွမ်းရင်းကလည်းရှိ၊ ကန်စွန်းခင်းကလည်းငြိ။

ရွာအုပ်ကိုဘိုးမောင်၊ ဘိုးပန်းရုံ၊ ရွာခေါင်းကိုကုလားကြီး၊ ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်တီး၊ မောင်ကြာပေါ်၊ ရွှာဆော်ကျော်စံကေး …စသည့်လူသိုက် တစ်ကျိပ်ငါးယောက်ခန့်မှာ 'အရှင်မွေးတော့ နေ့ချင်းကြီး'၊ 'ရွှေပင်နှား သည့်လင်းတ' ဟူဘိသကဲ့သို့ ပုလိပ်ယူနီဖောင်းအသစ်စက်စက် ဂေါက် ဂက်ဂေါက်ဂက် ပွပွယောင်းယောင်းကြီးများကို မဆမတန်ဝတ်လျက် ကျီးယောင်ယောင်၊ ဒေါင်းယောင်ယောင် မျက်စိအကြောင်သားတွေနှင့် ယောင်ခြင်းကြီးယောင် နေကြရလေတော့၏။

ဗြိတိသျှအစိုးရမင်း၏ ဆယ့်နှစ်မှူးမင်းတိုင်းကို ခြေသိမ်းခေါင်း ပိုက် အမှုတော်ထမ်းခဲ့ရရှာသည့် ကျေးတော်မျိုး ကျွန်တော်မျိုးတစ်ပြစ် လဲ အသစ်ကျပ်ချွတ်ပုလိပ်သားတစ်စုတို့၏ နေမွန်းတည့်ချိန် ဒရိန်းလ် ပြပွဲကြီးကား ယောက်ျား၊ မိန်းမ၊ ကလေး၊ လူကြီး၊ ခွေး၊ ကြောင်များ ပါမကျန် မျှောက်ပွဲကြည့်သလို ဝိုင်းအုံကြည့်ရှုအားပေးခြင်းကို ခံရသည့် ရောမပွဲခင်းကြီး ဖြစ်နေ၏။

"Attention"

စစ်ရေးပြဆရာ ကော်ဆရာအာကျမ်းဆင်၏ အသံပြဲကြီးဖြင့် စွတ်ရွတ်အော်လိုက်သည့် နက်ကျောကျောအသံကြီးက လိပ်ပြာလွင့်တော့ မတတ်။ သို့ပင်ဖြစ်သော်ငြား 'အပ်ချလေ ငး' လက်သစ် လက်သင် ပုလိပ်သားတစ်စုမှာ ဘာတွေအော်နေမှန်းပင် မသိ။ ဘာလုပ်လို့လုပ်ရ မှန်းလည်း မသိ။ ဘာကိုနားလည်ရမှန်း မသိ။ ကျီးကန်းခဲဖိခံထားရ သလို ပြူးပြူးကြောင်ကြောင်၊ ကြောက်ကြောက်လန့်လန့်၊ ကစုန်ကရင်။

"သတိ …ဟ။ 'သတိ' ဆိုရင် ဟောသလို၊ ဟောသလို ခြေစုံရပ်ရတာ မသိဘူးလား"

"ဖြောင်း …"

"ဖြောင်း …"





"အမေ့ …"

"အောင်မယ်လေးဗျာ …"

"အမိရေ …"

"ဖြောင်း …ဖြောင်း …"

'အမိန့်ကို မနာခံမှုဆိုပါလား။ ဘုရား …ဘုရား …နည်း တဲ့ ပြစ်မှုကြီးလား။ ဘာမှန်းမသိတဲ့အမိန့်ကို ဘယ်လိုမှနားမလည်လို့ လိုက်မလုပ်နိုင်တဲ့ မဟာ့မဟာ ရောမပြစ်မှုကြီးပေတကား' ဟု ဝိုင်းအုံ ကြည့်ရှုနေသည့် ပရိသတ်က ထင်မြင်ချက်တွေပေး၊ ခေါင်းချင်းရိုက် နေတုန်း ပုလိပ်စာသင်ကြီးဦးအာဝါးနှင့် အလိုတော်ရိ မြန်မာပုလိပ် တစ်စု၊ ဗြိတိသျှလက်သပ်မွေး ပန်ချာပီပုလိပ်သားတစ်သိုက်က 'ဝမ်းဘိုင် ဝမ်း' ဟုခေါ်သည့် တစ်ဦးချင်းစီ လက်သံပြောင်ပြောင် ဆော်လာဘန်တေ ပညာပေးဆုံးမလိုက်ပုံမှာ လက်ဖဝါး၊ လက်ဖျံ၊ တံတောင်၊ ဒူး၊ စစ်ဖိနပ် ကြီး စသည်စသည် စုံတကာစေ့လှသည့်အပြင် ပိတောက်သား၊ ယင်း ပိုက်သား နံပါတ်တုတ်စာပင် အဆစ်ပါလိုက်လေသေး၏။

"သိပြီ …သိပြီ …။ 'အတင်းရှင်း' ဆိုတာ ရိုက်နှိုင်းတာ ကိုးဟ။ ပုလိပ်သားဆိုတော့ ခံနိုင်ရည်ရှိအောင် လေ့ကျင့်ပေးနေတာ နေမှာပေါ့။ ဟော …ဟော …ဘိုးပန်းရုံကြီးတော့ စားထားတဲ့အစာ တွေတောင် အန်ထွက်နေပဟော့။ တယ်လည်းအစွမ်းပြတဲ့ 'အတင်းရှင်း' ကပဲ။ ရွာရိုးကိုးပေါက် နေ့ရော၊ ညရော တန်ခိုးထွားမင်းမူခဲ့တဲ့ သာ ပေါင်းညာစားတစ်စု၊ မင်းမြှောင်ကပ်ပါးတစ်စုကို အတင်းရှင်းနေတာ ကိုး …ဟော့ …ဟော့ …။ ကမ္ဘာမီးလောင် သားကောင်ချနင်းဆို တာ ဒါမျိုးပ။ လူခွန်တော်က လိုနေပြီလေ။ အဲတော့ …"

"ဟဲ့ကောင် …သေချင်းဆိုးလေး"



www.burmeseclassic.com

www.burmeseclassic.com



အော်ကြီးဟစ်ကျယ် လေဖမ်းဝါးတန်းချည်နေသည့် 'ဟစ်တလုံး' ကို သူ့အမေအေါ်မိုက်ကြီးက တရွတ်တိုက်ဆွဲထုတ်သွားလိုက်ရ၏၊ သို့ မဟုတ်ခဲ့လျှင် ...။

ရွာရှိလူကုန် ရွာဦးကျောင်းဆရာတော်ကိုပါ ထည့်၍ပေါင်းလျှင်ပင် အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားတတ်သူ၊ နားလည်သူ ရေရေရာရာ၊ ဟုတ်ဟုတ်ငြားငြား တစ်ယောက်နှစ်ယောက်မျှပင် မရှိတတ်လေသည့် တောလက်ရွာကျေး၊ နေပူဒ်လေး၌ 'Attention'ကို နားမလည်၍ နှိပ်ကွပ် ခံရလေသည်မှာ ထားဘိဦး။ နောက်ဆက်တွဲသင်ကြားသည့် အင်္ဂလိပ် ဂေါ်ရာတပ်သုံး စကားလုံး ထူးထူးဆန်းဆန်းကြီးတွေကြောင့် ဘုမသိ ဘမသိ နသားပါရကာပွိခြင်း ခံလိုက်ကြရသည်မှာ နေမှန်းမတိမ်းမီတွင်ပင် ပုလိပ်သားအသစ်စက်စက်တို့ခမျာ ဒေါ်ဆွဲမိ၏အကြော်တဲမှ ဆီသုတ် သည့်လက်နှီးစုတ်ထက်ပင် အခြေအနေဆိုးကာ ညစ်ထေးစုတ်ပြဲလျက် ပုံကျနေကြပေပြီ။ အသက်ကိုပင် ပြင်းပြင်းမရှူမရှိုက်နိုင်လေတော့။

"ကိုင်းဟေ့ ... ဒီလောက်အဖြစ်မရှိတဲ့ တောသားအနွတွေကို အပြစ်ပေးလိုက်ကြစမ်းကွာ။ ထောင်ချလို့ ထောင်ထဲရောက်လည်း အစိုးရအတွက် ထမင်းဖိုးကုန်၊ ဟင်းဖိုးကုန်။ ခြေရှုပ်လူရှုပ်၊ ချေးရှုပ် သေးရှုပ်။ ကိုင်း ... ဒီတရား ဒီမှာပဲစီရင်လိုက်ကြရအောင်"

မြို့ပိုင်မင်း၏ဩဇာသံက ပါးစပ်မပိတ်ရသေး။

ကြို့ကြို့တင်တင် စည်းဝါးရိုက်၊ ဖာတ်တိုက်ထားသည့်အလား သူ့တပည့်တပန်းများ လက်ကျညီလိုက်ပုံမှာ စိန်ဗေဒါကြီး၏ ဝိုင်းတော် တီးအဖွဲ့ကပင် အောအချကြီးချလျက် လက်မှိုင်တွေချရလောက်၏။

"ကိုင်း ... ဒရိုန်းပြလုပ်ခိုင်းတော့လည်း အဟုတ်မဟုတ်။ အခွန်ကောက်ပြန်တော့လည်း အဖြစ်ကမရှိ။ စိန်နားကပ်အရောင်နဲ့ ပါး





ပြောင်။ ရွာထဲရပ်ထဲမှာ ထောင်ထောင်ထောင်ထောင် ကျယ်ကာစ်ကာ လုပ်ချင်တိုင်းလုပ်။ ဆင်းရဲတဲ့ သားပျိုသမီးပျိုတွေ ဖျက်ဆီး။ မိန်းမတွေ ရိုလိုပေါက်အောင်ထား။ အသံကျယ်သလောက် အဆံမရှိတဲ့ အဟိတ် တိရစ္ဆာန်ကောင်တွေကို တန်ရာတန်ရာခိုင်းရမဟေ့။ ရာသိန်း ..."

"ခင်ဗျာ ... တသင်ကြီး"

"ဟောဒီ ချိုကျိုးနားရွက်ပဲ့ကောင်တွေကို နှစ်ဖွဲ့ခွဲ။ လက်ထိတ် ခတ်ပြီး ဟောဟိုအဘိုးကြီးပန်းရုံတို့အဖွဲ့ကို ရွာလယ်လမ်း ဟိုဘက်ထိပ် ဒီဘက်ထိပ် တိုးလျှိုပေါက် တံမြက်လှည်းခိုင်း။ သူတို့လက်က သူတို့ တံမြက်စည်းပေါ့လကွာ။ နောက်ထပ် ပစ္စည်းဖိုး အပိုသက်သက် အကုန် မခံနိုင်ဘူးဟေ့"

"ဟုတ် ..."

"ဟောဒီ မျက်နှာကြောပြောင်ပြောင်၊ ပီလောပင်ပက်ကျိတက် တဲ့အခွက်တွေနဲ့ ကျော်စံကေးတို့လူသိုက်တွေကိုတော့ တို့များ အရေးပိုင် ရာဇဝတ်ဝန်မင်းတို့၊ နယ်ပိုင်ဝန်မင်းတို့၊ မြို့ပိုင်မင်းတို့ ယာယီစတည်း ချနေတဲ့ အာလက်ပွချစ်တီးတိုက်နဲ့ စတီးဘာရားသားတိုက်က ချေးပုံး တွေ၊ သေးပုံးတွေသွန်၊ မိလ္လာခွက်တွေ ဆေးခိုင်းလိုက်စမ်းကွာ"

စာရင်းချုပ်လိုက်လျှင် ထိုနေ့တစ်နေ့တည်းတွင်ပင် လူဖမ်း ချမ်း ၅၄ စောင်ထုတ်ဆင့်ခဲ့၍ ၂၁ ယောက်ဖမ်းမိပြီး ၁၄ ယောက်က ထောင်သို့ရောက်ခဲ့သည်ဟူ၏။

လူခွန်၊ အသေမခွန် ၂၀၀၀ ကျပ်ကျော် ကောက်ခံရရှိသွား သည်ဟု ဆာသင်ကြီးဦးအာဝါးက အရက်ဗိုင်း၌ စကားတွေတဖောင်ဖောင် ကျယ်လောင်ကျယ်လောင်ပြောနေသည့်အခိုက် တစ်စွန်းတစ်စ နားစွန် နားများ ကြားလိုက်မိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



(ထိုခေတ်က စပါးတင်း ၁၀၀ လျှင် ၅၅ ကျပ်ဈေးဖြစ်ရာ ယခု အချိန်တွင် စပါးတင်း ၁၀၀ လျှင် ၆၀၀,၀၀၀ ကျပ်နှင့် နှိုင်းယှဉ်ကြည့်ပါက တစ်နေ့တည်းကောက်ခံသည့် လူခွန် ၂၀၀၀ ကျပ်ကျော်၏ ပမာဏကို ခန့်မှန်းသိနိုင်ရာသည်။)

❁ ❁ ❁

❏

"ဘုရင်ခံအင်းနစ် (Sir Charles Alexander Innes) က လည်း မြန်မာပြည်မြေပေါ်ကို ခြေတောင်မချရသေးဘူး။ ရာထူးလက်ခံလိုက်ပြီဆိုတာနဲ့ ချက်ချင်းပဲ ရေးလုပ်ရှားမှုတွေကို ပြင်းပြင်းထန်ထန် နှိပ်ကွပ်မဟဲ့ချည်း ပြောနေတော့တာပဲဘုရား"

"အိမ်း ... သူ့ကျွန်၊ တစ်ပါးကျွန်ဘဝဆိုတာ ခွေးလောက်ကမှ မကောင်းလှပါဘူး မောင်သန့်ရယ်။ အင်း ... ဒုက္ခ ... ဒုက္ခ"

"ဒါ ... ဘာဟုတ်သေးလို့လဲ အဘိုးလေးရဲ့။ ရဲမင်းကြီးဆိုတဲ့ ဝဲလ်ဘုန်း (C.de.M.Welbourne) ကလည်း အလောင်းဘုရားမွေးတဲ့အချိန်ကာစပြီး ရွှေဘိုဟာ ဒုက္ခပေးခဲ့တယ်လို့ မျိုးနဲ့ရိုးနဲ့ချိုးပြီးကို စော်ကားခဲ့သေးတာတဲ့"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"သာယာဝတီမြို့မဂါတ်တဲက ပုလိပ်အချုပ်ထဲမှာလည်း လူပေါင်းမြောက်မြားစွာကို နည်းမျိုးစုံနဲ့ နှိပ်စက်နေကြသေးသတဲ့ဘုရား။ သာယာဝတီတောင်ပိုင်းအမတ်မင်း ဦးစောက အခုနှစ် ဒီဇင်ဘာ (၁၇) ရက်နေ့မှာ ပြည်ထဲရေးအတွင်းဝန် မစ္စတာဗုဂရေဗလီဆီကို သံကြိုးရိုက်တိုင်ကြားခဲ့သေးပေမယ့် သဲထဲရေသွန်၊ ရေပေါ်အရုပ်ရေးပါပဲဘုရား။ အရာမထင်ခဲ့ပါဘူးတဲ့"

"ဟိုးသုံးလေးရက်ကလည်း အုတ်ဖိုရဲဂါတ်တဲ ဌာနပိုင်နဲ့ ပုလိပ်သား (၁၆) ယောက်ရယ်၊ အလိုတော်ရိတစ်သိုက်ရယ် လက်နက်မျိုးစုံကိုင်ပြီး မောသီးကုန်းရွာက ရွာသူရွာသားတွေကို နှိပ်စက်ခဲ့သေးတယ်ဘုရား။ ရင်နာစရာအကောင်းဆုံးကတော့ မြို့ပိုင်ဦးခင်နဲ့ ပုလိပ်ရာဇဝတ်အုပ်ရာကွတ်ခန်းတို့အဖွဲ့က ဖိမ်ဇာရွာက ဘိုးသာရရဲ့ ပစ္စည်းတွေ၊ နွားတွေကို သိမ်းယူပြီး ခေါင်းကို ခြေထောက်နဲ့ကန်၊ တစ်ညလုံး နှင်းတောထဲမှာ ကြိုးတုပ်ထားခဲ့တာပဲဘုရား။ ဘိုးသာရခမျာ အောက်ပိုင်းချည့်သွားရှာသတဲ့ ဘုရား"

"ကိုင်းကွယ် ... တော်ကြရော ... တော်ကြရော ...။ ဒီလောက်ဆိုရင် ဒကာကြီးဦးစံရှားက ဂျွန်တပ်ဖွဲ့ပြီး ဒီမိစ္ဆာကောင်တွေကို ဆန့်ကျင်တော်လှန်ဖို့လုပ်တာဟာ ဘုရင်ရူးရူးပြီး ကေရာဖ်စိတ်ပေါက်လို့ ထလုပ်တာလား၊ သည်းမခံနိုင်လောက်အောင် လွန်လွန်းနေတဲ့ ဓမ္မန္တရာယ်တွေရဲ့ နည်းမျိုးစုံကုပ်သွေးစုပ် ညှဉ်းပန်းနှိပ်စက်မှုတွေအောက်က ရုန်းထဖို့ အချိန်တန်လို့ပဲလားဆိုတာ ဘွင်းဘွင်းကြီးသိကြရောပ။ ဟုတ်သလား ... ဒကာသန့်"

"တင်ပါ့ဘုရား"

"ကေသရာဇာခြင်္သေ့မင်းမျိုး ရွှေဂူ၌သာအိပ်သည်။ ခြင်္သေ့ဆိ





သည်း ရွှေခွက်၌သာတည်သည်။ ဆဒ္ဒန်ဆင်ဖြူမျိုးမှန်လျှင် ဆင်မည်းအားရိုးမရှိ။ နေ၊ လတို့သည် မိမိအရောင်ကို ဖျက်၍မထွန်း။ သမုဒ္ဒရာတို့သည်း ကမ်းကိုရေလျှံရိုးမဟုတ်တဲ့ဘုရား။ ရှေးစာဟောင်း၊ စကားဟောင်းလာတော့ လွတ်လပ်ရေးဆိုတဲ့ အမြိုက်ရတနာဟာ အသက်၊ သွေး၊ ချွေး စတေးပြီး အရယူရမည့်ပင်ဖြစ်လည်း မြန်မာလူမျိုး၊ မြန်မာနိုင်ငံ၊ မြန်မာပြည်အတွက် ဝေးတဲ့၊ လှမ်းတဲ့ အရာတော့ မဟုတ်ပေဘူး။ 'ကြောက်ရဲ့ ရဲမင်းဖြစ်' ဆိုသလို တညီတညွတ်တည်း ပြိုင်တူကုန်းရုန်းလိုက်ကြရင် ဒီတစ်ချီ ကျွန်ဘဝက လွတ်ရောပဘုရား"

"ကလိုဆို အဘိုးလေးရယ် ... လျှောင်တော်လဲ၊ မြေကြီးကပ်၊ ဂြိုဟ်ဆုတ်ဂြိုဟ်တက် နက္ခတ်တာရာတို့ကလည်း အသွားအလာကောင်း၊ မိုးကခေါင်၊ လူတွေမှာ ဆင်းရဲကျပ်တည်း ... အခါကာလကြီးက ပျက်နေမင့်ဟာ။ ဒီအချိန်ကြီးမှာ ပဟာဒီတော်လှန်ရေးကြီးလှုပ်လိုက်လို့ လူတွေ နောက်က လိုက်လာကြပါ့မလား။ လူထုအားက အရေးပါမင့်ဆို"

"ဒီလိုကွယ် ... ငါ့တပည့်ရဲ့၊ မင်းရဲ့အမေးကို ဒီလိုယူကြည့်။ မြွေလှုပ်သောအလို ဓာတ်လေးပါးအခိုးနဲ့ ဥတုသုံးပါး ကြုံတဲ့အခါ မြေလှုပ်စမြဲ။ ဂြိုဟ်ဆုတ်တက်ဆိုတာကလည်း နက္ခတ်နှစ်ဆယ့်ခုနစ်လုံးတဲ့ အတွင်းတာရာ၊ အပြင်တာရာ ကြယ်တွေဟာ နေကို ပဋ္ဌာနပြုလျက်သွားကြရာ နေက ဒက္ခိဏာယာဉ်၊ ဥတ္တရာယာဉ်၊ အသွား၌ လွန်၍သွားသော်၊ လ, ရက် ရပ်၍နေသော် နာရီ ဗိဇနာ အခရာတို့၌ နက္ခတ်တာရာတို့သည် လကိုယှဉ်လျက် သွားမြဲမပြု မလိုက်နိုင်ရာ။ အဲဒါကို မသိတဲ့သူတွေက ဂြိုဟ်သွားဆုတ်တက်လို့ သမုတ်ကြတာပ။ ဒါလည်း ပြက္ခဒိန်လာတဲ့ အမှုသက်သက်ပါကွယ်။ တို့များဘုရားရှင်အလိုအရတော့ 'သုနက္ခတ္တံ



www.burmeseclassic.com

www.burmeseclassic.com



သုမင်္ဂလံ၊ သုပ္ပဘာတံ သုဟုဋ္ဌိတံ။ သုခဏော သုမုဟုတ္တော စ၊ သုယိ
ဗြဟ္မစာရိသု' လို့ ဆိုတယ်မဟုတ်လား။ ကောင်းတဲ့အမှုကိစ္စ ပြုတဲ့အချိ
ဟာ မင်္ဂလာရှိတဲ့အချိန်ပ လူကလေးရဲ့။ 'မင်းတို့ထွက် ရက်ရာဇာ' ပေ

"တင်ပါ့ဘုရား ... နားလည်ပါပြီဘုရား။ ဘုရားတပည့်တေ
ဘယ်လိုတာဝန်မျိုးကို ထမ်းဆောင်ရမယ်ဆိုတာသာ မိန့်ကြားပြီး တာ
ကြီးအပ်နှင်းပါတော့ဘုရား။ အရိုးကြေကြေ၊ အရေစုတ်စုတ် ကျေ
အောင် ထမ်းပါ့မယ်ဘုရား"

"သာဓု ... သာဓု ... သာဓု ..."

ငလျင်တော်မလဲ ...။

မဟာပထဝီမြေကြီး အိုးထိန်းစက်သို့ သွက်သွက်ခါခါ မတု
မလှုပ် ...။

ကြယ်၊ လ၊ နက္ခတ်တာရာ၊ ဥက္ကာပျံတို့ ဝင်းဝင်းထိန်ထိ
မတောက်မစား ...။

သို့ပင်ငြားလည်း ဘုန်းတော်ကြီးဘုရား၊ အဘိုးလေးသန့်
'ဂမ္ဘီရကံကောင်း'၊ 'လှုမိုက်ကံကောင်း' ဟု အမည်တွင်သော လျှ
မိုးကြိုးခသော်မှ မကြေမပျက်ခဲ့သည့် 'မြန်မာ့ဂမ္ဘီရ မနုဿအစီအ
တော်ကြီး' ဖြင့် အသစ်ဖွားမြင်အပ်သည့် လူသားတစ်ဦး။ သုံးဦးသေ
လူသားတို့၏ နှလုံးသည်းပွတ်များ၌မူ သွေးတို့အစား သူ့ကျွန်မခံ၊ မျိုးမ
မချ၊ မသူ့အောက်၊ မမြှောက်သူ့လက်ဟု ဆိုရမည့် ဇာတိပုညဂုဏ်
တို့ကသာ ဟုန်းဟုန်းထလျှက် လည်ပတ်နေပေတော့၏။

"ကံကောင်း ... လူကလေး ..."

"ဘုရား ..."

"ဒီမှာကြည့်လိုက်စမ်းကွယ်"

---

စိတ်ကူးသစ်စာပေ



"တင်ပါ့ ...။ ဟင် ... ဒါ ... ဒါ ..."

"သုပဏ္ဏက ဂဠုန်ရာဇာ ဆရာစံကြီးရဲ့ 'က' အသင်းသား
ဖြစ် တပ်ဖွဲ့ဝင်အသိအမှတ်ပြုတဲ့ အမိန့်တော်စာပ လူကလေး"

" ......"

"ဟောသဟာက ဒီအရေးတော်ပုံကြီးကို အစကနေ အဆုံး
နောက်ဆုံး သွေးတစ်စက်ကျန်သည့်အထိ ဦးဆောင်သွားကြရမယ့် လူ့ရည်
တက် ခြောက်ကျိပ်ရှစ်ယောက်ရဲ့ ဘွဲ့မည်ရည်သနားတော်မူတဲ့ ကတ္တီပါ
ဘွဲ့ပုံတော်ပကွယ်"

"ကံကောင်းရန်နိုင် 'ရဲစက်တံခွန်' တဲ့လားဘုရား"

"အဲဒါ လူကလေးရဲ့ဘွဲ့ပဲ။ တပ်မှူးအဆင့်နဲ့ ဟောဒီ သွေးနဲ့
ဆေးရမယ့် အရေးတော်ပုံကြီးကို ဒူးမထောက်၊ လက်မမြှောက်ဘဲ လက်
ဆင့်ကမ်းသယ်ဆောင်ပြီး ပေါက်မြောက်အောင်မြင်အောင် စွမ်းဆောင်
ကြရမှာ လူကလေး။ ဘုန်းတော်ကြီးတို့၊ မင်းအဘိုးလေးတို့ကတော့
'ခ' အသင်းသားအနေနဲ့ ဂဠုန်တပ်ဖွဲ့ဝင်ပြီး အရေးတော်ပုံကြီးကို ကျော
ထောက်နောက်ခံပြု ထောက်ပံ့ကြရမှာပကွယ်။ ကိုအာသဘတောင်မှ
သူတော်လဲပြီး ဆရာဉာဏ်အမည်နဲ့ သရက်ခရိုင်ကို ခေါင်းဆောင်လိမ့်
မယ်။ ဖျာပုံခရိုင်မှာတော့ သီပေါမင်းလက်ထက်တော်ကလေးတုန်းက
မြင်းစီးတပ်ဗိုလ် ဗိုလ်သူရတစ်ဖြစ်လဲ ဦးအောင်လှ (သျှောင်ကြီးဗွေ)၊
အင်းစိန်ခရိုင်မှာ ဗိုလ်မြတ်အောင်နဲ့ဗိုလ်အောင်ထူး၊ ပြည်ခရိုင်မှာ ဆရာ
မြ၊ မှတ်တိုင်မှာ ဗိုလ်ချက်ရှူ၊ ပေါက်ခေါင်းနဲ့အာလံမှာ ဗိုလ်ပန်းမြိုင်၊ ဗိုလ်
ချော၊ သဲကုန်းမှာ ဗိုလ်ဖိုးဓော၊ ပေါင်းတည်မှာ ဝဲကြီးဗိုလ်လှ၊ ရွှေတောင်
မှာ ဗိုလ်ညိုမြ ... သူ့နေရာနဲ့၊ သူ့ဒေသနဲ့သူ အပ်ချမတ်ချ နေရာအစီ
အစဉ်ဘွဲ့ချပြီး ဗမာ့သွေးပြလိုက်ကြဖို့ပဲ"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



'ရဲစက်တံခွန်' တဲ့လား ...။

ဘာမထီ ဇာနည်သွေးတို့က တလျှပ်လျှပ်တောက်စားလာသည်။ သီပေါအရှင်နှစ်ပါးကို တိုင်းတစ်ပါးသို့ ဆောင်ယူပြီးစကာလ၊ မြန်မာ ဦးစွန်း ကုလားပြည်ဘင်္ဂလားသို့ ယွန်းခဲ့ချိန်၌ 'တွတ်လူ' ဟူသော အမည် တော်ဖြင့် ဗြိတိသျှမိစ္ဆာတို့အား ရှမ်းပြည်နယ်မှ မွှေနှောက်ချောက်ချား စေခဲ့သည့် ဇာတိသွေးက တစ်ပြန်တစ်ကျော့ အစွမ်းပြပြီထင့်။

သူ့မျက်ဝန်းသည် မီးကျီးခဲတမျှ တညီးညီးတလျှံလျှံ။ ဖိတ်ဖိတ် လက်လက် ...။

"ရော့ ... လူကလေး။ ဟောဒါတွေကိုလည်း ကြည့်ဦး"

"ဒါ ... ဒါတွေက ..."

"ဟုတ်သကွယ့် ... တို့များ အင်းဝဥဩင်ရမ်းဆက်အပျက် အလောင်းမင်းတရားကြီးက ရတနာသိင်္ယကို တည်ထောင်တော်မူ အချိန်။ ကသည်းရန်၊ ကျေးရှမ်းလဝတွေရဲ့ရန်၊ ဟံသာဝတီသားတွေ ရန်ကို နှိမ်နင်းဖို့ အရည်တော်ထက်မြက်တဲ့ မြင်းရည်တက်ခြောက်ကျိပ် ရှစ်ယောက်ကို ပဓာနတပ်ဖွဲ့တဲ့အခါ အင်းဝကပါလာတဲ့ ဗားမဲ့ဆရာတော် ဘုရား၊ ယိုးဒယား (ထိုင်း) လူမျိုး ဇောတိသာရဲဆရာတော်ဘုရား၊ ရွှေ နတ်စက်ရောင်ဆရာတော်ဘုရားကြီးနဲ့ အတုလဆရာတော် ခင်ကြီးဖျော် တို့က မြန်မာ့ကမ္ဘာရပညာအရ အစီအရင်၊ အစီးအနင်း။ အဆောင်အရွက် ပြုပေးခဲ့တဲ့ နဂါးလိမ်အင်း၊ ကိုယ်နဲ့မကွာဆောင်ရမယ့် စ.မ အင်းတွေ ရေးချစီရင်ထားတဲ့ ဆေးပဝါ၊ အင်းတွေနဲ့ စီရင်ထားတဲ့ တပ်မိုလ်များ ဝတ်ရမယ့် အပေါ်ဝတ်အင်္ကျီတွေကွယ့် တပည့်ရဲ့။ အဲသဟာ 'သုပဏ္ဏ ဂဠုနရာဇာ' ဘွဲ့ခံ ဆရာစံသမ္မတကြီးက လူကလေးကို ချီးမြှင့်လိုက် သဟာပဲ"





"ဘုရား ..."

"လက်နက်မဖွဲ၊ သူရဲမမည် ...တဲ့ လူကလေးရဲ့။ ဟောဒီ အစီအရင်၊ အစီးအနင်း၊ အဆောင်အရွက်တွေဆိုတာဟာ တို့များဗမာ့ တပ်မတော်ကြီးအတွက် ရှေးဘုရင်မင်းများလက်ထက်တော်တွေတုန်း ကတည်းက တခမ်းတနားသတ်မှတ်ထားပြီးသားကွယ့်။ ဓားရေး၊ လှံရေး၊ မြင်းရေးစသည် ၃၇ ချင်းသော အယှဉ်အတိုက်ပညာတွေ တတ်ကျွမ်း ပင် တတ်ကျွမ်းငြားသော်လည်း ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာ ဆိုသလို ဘေးဆီးရန်ကာ ပြုပေးထားရသေးတာပဲ။ ရန်တား၊ ဘေးတား ပကွယ်"

"တင်ပါ့ဘုရား"

"အလောင်းမင်းတရားကြီးဟာ စစ်ထွက်ရတော့မယ့်အခါတိုင်း 'သူတည်း သာသနာပြုရန် အခွင့်သာမူ သူက နိုင်စေသတည်း။ ငါတည်း သာသနာပြုရန် ကုသိုလ်ကံကြွင်းရှိက ငါက နိုင်စေသတည်း' လို့ အမြဲ သစ္စာပြုသတဲ့ကွယ့်။ အဲဒီသစ္စာ မှန်လို့ စစ်ပွဲကြီးတိုင်း နိုင်ခဲ့တာပဲပေါ့ လူကလေးရဲ့"

"တင်ပါ ..."

"အိမ်း ... အမျိုး၊ ဘာသာ၊ သာသနာနဲ့ယှဉ်လာတဲ့ ဒီအရေး တော်ပုံကြီးရဲ့ အရေးကိစ္စတွေကို လူကလေး တာဝန်ကျေကျေ ရွက် ဆောင်နိုင်၊ သာသနာပြုနိုင်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်စုံရပါစေ အရှင်ဘုရား"

"သာဓု ... သာဓု ... သာဓု ..."

ဘုန်းတော်ကြီးဘုရား၏ သာဓုသံတွင် မိန်းမူးရင်း တစ်ခေ့ သားက သူ၏ တိတ်တခိုးအရေးသာခဲ့သည့် မိစ္ဆာရန်နှိမ် ပုံရိပ်အပိုင်း



www.burmeseclassic.com

www.burmeseclassic.com



အစကလေးများကို တဖရေးရေးတဖျပ်ဖျပ် မြင်လာနေမိတော့သည်။

ဓီးကုန်းနှင့် အနီးတစ်ဝိုက် ဝန်းကျင်ရွာစုကလေးများသို့ ခရိုင်အရေးပိုင်ရာဇဝတ်ဝန်ကြီး မစ္စတာရေးနိုးနှင့်အဖွဲ့ လူစွမ်း သသသမေခွန်အတင်းအဓမ္မကောက်ခံ၍အပြီး သူကြီးမင်းဦးသာဖျော၊ အာလကာပ္ပချစ်တီးကြီးနှင့် စတီးဘာရာသားမန်နေဂျာ မစ္စတာကာ့တ်မဲလ်တို့က အမျက်တော် ရာဇမာန်ပြေစေကြောင်းကိုရည်၍ တည်ခင်းဧည့်ခံခဲ့သည့် မင်းပေါက်စိုးဝင် ညတစ်ည ...။

ညအရေးတွင် လကွေးကွေးကလေးက ကောင်းကင်ပြင် အမိုးခုံးကြီး၌ တွဲလဲချိတ်လျက် ...။

ထိုသည့်ည၌ ...။

■ ■ ■

| ၃ |

❑

"လာမယ် ××× လာမယ် ××× မကြည်ရဲ့ ×××
တကယ်စောင့်တဲ့အချိန် ×××
မလွယ်ပေါက်နဲ့အိမ် ×××"

'ဦးကာလိမ်' သီချင်းသံက ဖိုးဖိုးဖတ်ဖတ် မြူးမြူးကြွကြွ လွင့်ပျံနေဆဲ။ အုတ်ဖိုမြို့သို့ အာလကာပ္ပချစ်တီး၏ ကားကလေးဖြင့် အပြေးအလွှားသွားလျက် ချီကောက်ငှားလာခဲ့ရသည့် သည်နယ်တစ်ရိုး အသည်းကျော် 'လေဘာတီမြဒေါင်းရင်' နှင့် 'ကောလိပ်ကြည်ကြည်' အငြိမ့်မင်းသမီးနှစ်လက်က အချီအချ၊ အဝင်အထွက်ပြုရင်း သည် 'ဦးကာလိမ်' သီချင်းကိုပင် ဆိုလိုက်၊ ကလိုက် ပြုနေရသည်မှာ ဖတ်သီကျနေပြီဖြစ်သော်။ ခေါက်ရေမည် မှုရှိပြီကိုပင် မမှတ်မိချင်တော့။

---
စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တေးသွားမှာ လူလတ်၊ လူရွယ်၊ ဆယ်ကျော်သက်နှင့် ကလေးများပါမကျန် သီဆိုရန် အလွယ်ဆုံး၊ ခေတ်အစားဆုံးသီချင်းမို့ အရေးပိုင်ကြီးမစ္စတာရေးနီးလို အင်္ဂလိပ်စစ်စစ်ကြီးပင် မူးမူးရီရီနှင့် မပီကလာ ပီကလာ မမိမကမ်းညည်းတတ်နေပြီဖြစ်၏။

ဖိုးကုန်းဆေသခံ 'စိန်ငှက်နီ'တို့ တီးဝိုင်းအဖွဲ့မှာလည်း တစ်သက်တစ်ခါသာ ကြုံလာရသည့်နှယ် အစိုးရမင်းပွဲသဘင်ကြီး၌ မင်းပါးစိုးခွင်ဝင်ကာ ပွဲလယ်တင့်ကြရသည်ဖြစ်၍ ရွှေမှုန်ရွှေစတွေ ဟိုတစ်ကွက်၊ သည်တစ်ကွက်ကွား၊ သစ်စေးသရိုးတွေ ဖတ်လပ်ကျလန်လျက် မှန်စီရွှေချထားသည့် ရောင်စုံဖန်စ၊ မှန်စတွေပင် တစ်ဝက်မကာ ကျိုးတိုးကျဲတဲပြုတ်ထွက်နေသည့် လက်ျာမင်္ဂလာဆိုင်းတော်ကြီးကို အကျအနဆင်ယင်ပြီး အစွမ်းပြတီးခတ်လျက်ရှိရာ ချွေးတွေ ရေချိုးထားသကဲ့သို့ ရွှဲနစ်နေကြတော့၏။ ငွေနဲ့ကျော် စိန်ငပျော့နှင့် နဲ့ပွေလီတို့မှာ ဗျာန်ကုန်၊ လေကုန်နေပြီ။ နဲ့သံပင် ပီပီမထွက်ချင်တော့။

အာလကပ္ပချစ်တီးကြီးဖေါ်တိုက်တွင် နေသည့် ရှုပရားမန်းနီးက အာမေနီယံဗုံတိုကလေးများနှင့် ဘင်၊ စတီးဘာရားသားမန်နေဂျာကြီးက တယော၊ အရေးပိုင်မင်းကြီးနှင့် အတူပါလာသည့် မြို့ပိုင်ဦးခင်က အကော်ဒီယံတို့ကိုပါ တစ်တပ်တစ်အားအားဖြည့်လျက် ဝင်နွှဲနေကြလေရာ အရာရှိမင်းများ၊ ဗြိတိသျှစစ်ပုလိပ်မျှ[illegible]၊ ဂေါ်ရာနှင့် မြန်မာပုလိပ်သားတို့၏ မူးမူးရွှုးရွှုးလက်ခုပ်များက မြိုင်မြိုင်ဆိုင်ဆိုင်၊ ဝေဝေစည်စည်နှင့် ငရဲပွက်သလို သောသောရုတ်ရုတ် ဆူညံနေတော့သည်။

နှင်းကြွင်းဖွဲ့သည့် ညဖြစ်၏။

အအေးရဲလှသည့် ပဲခူးရိုးမခြေရင်းတွင် ကပ်နေသော်လည်း သစ်ပင်များတွင်သီးပွင့်နေသည့် မီးသီးရောင်စုံက အအေးဒဏ်ကို အနိုင်





နိုင်ခုခံပေးနေသယောင်ဖြစ်သည်။

မီးစက်အင်ဂျင်သံက ခပ်လှမ်းလှမ်းကပေမင့် ခပ်အုပ်အုပ်အသံတော့ ထွက်နေသေး၏။ စတီးဘာရားသားစာရေးကြီး ကိုကျော်ဒန်ကြီးက အရေးကောင်းတုန်း မီးပျက်မသွားစေဖို့ အရေးတယူ ဂရုစိုက်နေရရှာ၏။

မြို့ပိုင်မင်းနှင့် တိုက်ပိုင်၊ အင်စပက်တော်မင်း၊ ဌာနအုပ်မင်းများ မကြာခဏတောဆင်းလျက် အခွန်ငွေကောက်ခံရင်း ခရီးသွားဟန်လွှဲအမဲကြီးပစ်၊ တောသူရိုးရိုးအအ ရွက်ပုန်းသီးလေးများ၏ အသွေးအသားကို ပွဲတော်တည်၊ စည်းစိမ်ခံရာတွင် ပုလင်းတူဘူးဆို့အဖြစ် ဒိုင်ခံစီမံပေးနေသည်မှာ ထုသားပေသားရနေခဲ့ပြီးဖြစ်၍ အာလကပ္ပချစ်တီးတိုက်နှင့် စတီးဘာရားသားတိုက်တို့၌ ဧည့်ခံပွဲအတွက် လိုအပ်ရာရာ အခင်းအကျင်း အပြင်အဆင်၊ ပစ္စည်းပစ္စယတွေက လိုလေသေးမရှိ စုံလင်လှဘိသည်။

စိမ်းမြသောမြက်ခင်းပြင်တွင် ဖြူဖွေးသော စားပွဲ၊ ကုလားထိုင်များက လူတွေသူတွေ အစီအရီ။ စားပွဲများထိပ်၌ အလောတော်တည်ဆောက်ထားသည့်စင်မြင့်။ စင်မြင့်တွင် အပြာရောင်ကတ္တီပါစကို နောက်ခံအဖြစ် ချိတ်ဆွဲထားရာ မီးရောင်၌ နီလာသွေးလဲ့လဲ့ ပြေးနေတော့၏။

ထိုစင်မြင့်ထက်တွင်ပင် လေဘာတီမြဒေါင်းရင်နှင့် ကောလိပ်ကြည်ကြည် မင်းသမီးနှစ်လက်က တစ်လှည့်တစ်ပြန်စီ ဝင်ခလုတ်ထွက်ခလုတ် အမြှုပ်တစီစီထွက်မတတ် အသုံးတော်ခံနေကြရခြင်းဖြစ်၏။

ပွဲငှားစဉ်က 'အုန်းသီး' နှင့် 'ပါနောက်' လူရွှင်တော်နှစ်ဦး ပါလာခဲ့သေးသော်လည်း ပွဲကြည့်ပရိသတ် အရာရှိမင်းများက ရှုပ်လွန်းလှသည့်မျှ တောပနာပြုလျက် ကြည့်ထား။ ဖယ်ထားသဖြင့် ဝိုင်းတော်တီးစိန်ငှက်နီး၏



www.burmeseclassic.com

www.burmeseclassic.com



အနီး ဆိုင်းဗိုင်းကြီးနံဘေး၌ သွား၍ သေသေခွေခွေကလေးတွေ ထိုင်နေကြရရှာ၏။

လေဘာတီမြဒေါင်းရင်မှာ လူရွှင်တော်အုန်းသီး၏ မယားဖြစ်သည်။ အုတ်ဖို၊ ဖိုးကုန်း၊ နတ္တုလင်းနယ်တစ်ဝိုက်က အားလုံးသိကြ၏။ အငြိမ့်ခွင်ပေါ်တွင် အဆို၊ အက၊ သောလုံးရှင်လုံးတွေနှင့် အတိုင်အဖောက်ညီလွန်းလှသည့် သဘင်သည်မောင်နှံ။

သို့သော် လက်ရှိအင်္ဂလိပ်မင်း၏ မင်းပရိသတ်အပေါင်းကား ထိုအဖြစ်သနစ်ကို လုံးဝမသိ။

နီလာသွေးလဲ့လဲ့ပြေးနေသည့် ကတ္တီပါကားလိပ်နောက်ခံတွင် မိုးမေါ်ကပြုတ်ကျလာသည့် နတ်သမီးလေးတစ်ပါးနှယ် လုံးကြီးပေါက်လှ၊ တင်းတင်းရင်းရင်း၊ ဖွံ့ဖွံ့ထွားထွား မြဒေါင်းရင်ကိုသာ သူရာရှည်ရစ်လျက် သဘောမရိုးသော မျက်လုံးနီတာရဲကြီးတွေနှင့် စားမတတ်ဝါးမတတ်စိုက်ကြည့်ရင်း တဟင်းဟင်း တဟဲဟဲ သဘောခွေ့နေကြလေသည်သာ။

အိမ်ထောင်မရှိရှာသေးသည့် မြဒေါင်းရင်၏ တူမအရင်းခေါက်ခေါက် ရွှေထွက်မင်းသမီးကလေး ကောလိပ်ကြည်ကြည်ခမျာမှာမူ တဏှာဇောကပ်နေသည့် ပုရိသတစ်သိုက်၏ ခြေဆေးလှုပ်၊ လက်အလှုပ်ကိုပင် အလစ်မပေးစတမ်း အာသာငမ်းငမ်းရှုစားတော်မူနေကြသည့် မျက်လုံးကြီးများ၏ဒဏ်တွေကို မခံနိုင်ရှာကော့ဘဲ အယောင်ယောင်အမှားမှားဖြစ်လျက် အသည်းတွေအူတွေပင် တဆတ်ဆတ်တုန်နေရှာတော့၏။

ပျော်တော်ဆက်မတင်အောင်၊ လေဘာတီမမြရင်၊ မြချောချင်းငွေမြိုင်၊ ယူနီဘာစီတီမြသန်းကြည်၊ ဩဘာသောင်း၊ တလိုင်းမမြကျင်၊ ပေါ်လင်တင်တို့၏ ဂ္ဂန္ထြေရရအငြိမ့်သီချင်းများကို ဆိုရန်၊ ကရန်ပင် အခွင့်မရ၊ 'ဦးသံဝန်ကြောင်' တို့၊ 'ဦးကာလိမ်' တို့ စသည့် ဆတ်ကော့လတ်ကော့





သီချင်းတွေ၊ ကော့ကော်ကန်ကားအကတွေကိုချည်းသာ လျှာတွေ့အာတွေ့ ပွဲတောင်းခံနေရလေရာ ခမျာနှစ်ဦးသားမှာ အော်ဂလီဆန်လျက် အခက်တွေ့နေကြတော့သည်။

မစ္စတာကာ့တ်မဲလ်က စိန်ငှက်ရိုးတို့၏ ဆိုင်းဗိုင်းကြီးကို လက်ဝါးကာပြလျက် ရပ်နိုင်းလိုက်ပြီး အရေးပိုင်ရာဇဝတ်ဝန်ကြီးနှင့် ပရိသတ်ဘက်သို့ ခေါင်းကိုင့်၍ အရိုအသေပေးလိုက်၏။

ပွဲခင်းကလေးက ငြိမ် ...။

"Magic is the Moonlight,

Lover in the June Night"

တေးသွားကလေးက ခပ်မြူးမြူးတီးခတ်လှုပ်ရှားလာသည်။

အားလုံးမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး ဝေါခနဲလက်ခုပ်တီးလျက် ပွဲအကျကြီး ကျသွားလေ၏။

ပြီးလျှင် ...

Jeax ခေါ် ဆင်ဖိုနီမှ တီးလုံးတစ်ပိုင်းတစ်စကို တီးမှုတ်ကြပြန်၏။ မြန်မာဖြစ်ရသည်မှာ အသည်းနာလှချည့်ဟု ဘိုစိတ်ပေါက်နေသည့် မြို့ပိုင်မင်းဦးခင်မှာလည်း သူ့အကော်ဒီယံကြီးကို တစ်ကိုယ်လုံးယိမ်းနွဲ့လျက် စိတ်ပါလက်ပါထင်တိုင်းကျဲနေလေရာ မြန်မာမင်းသမီးနှစ်လက်ခမျာ ဘယ်ခြေဘယ်လက်ကိုပင် မည်သို့မြှောက်ရ ချရမှန်းမသိ၊ ကြောင်အအနှင့် ထိုင်ချလိုက်ရရင်း အမောဖြေနေကြရတော့၏။

ပွဲက မြိုင်စပြုလာသည်။

သည့်ထက်သည် ပို၍ပင်ပွဲကြမ်းလာဖွယ်ရာ အရိပ်အခြည်ရှိနေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

❑

"ဖြစ်ပုံမလား ... ကံကောင်းရာ။ ထိုင်နေအကောင်းသား၊ ထသွားမှ ကျိုးမှန်းသိနေဦးမယာ။ ဒီတထျာရွ နှာခေါင်းရှည်ကောင်တွေနဲ့ လှေလှော်ရင်း တက်ကျိုးနေပါဦးမကွာ ငါ့လူရာ"

"ဖြစ်ပါတယ် ကိုအုန်းသီးရေ၊ အစ်မမြဒေါင်းရင်က ဒီအရေးပိုင်ကြီးကို ခဏတဖြုတ်ထိန်းထားရုံပါပဲ။ မိန်းမတို့မာယာနဲ့ အရက်ကို မူးသထက်မူးအောင် တွန်းတွန်းထိုးထိုးတိုက်ထားဖို့ပါပဲ။ ကျော်စံကေးတို့အဖွဲ့က မီးစက်ကိုဖြတ်ချလိုက်တာနဲ့ ကျုပ်က ချက်ချင်း လူစားစီစဉ်လိုက်မှာပါ။ ပြီးတာနဲ့ ခင်ဗျားတို့၊ အစ်မမြဒေါင်းရင်တို့က နောက်ဖေးကနေ ကျောင်းအကာကိုတလုတ်ရှည်အိမ်ကိုသွားပြီး အသာတိမ်းနေကြရုံပဲ"

"တွက်ရေးကတော့ စက်သူဌေးပဲ့ ကိုယ့်လူရာ။ အဲသလို ငှက်ပျောသီးအခွံနွာစားသလောက် လွယ်ပါ့မလားကွာ။ မတော် အစီအစဉ်တွေ တောင်မရောက်၊ မြောက်မရောက်ဖြစ်ကုန်ရင် ကြ-ထဲက မြဒေါင်း





ရင်ပဲ ရေတိမ်နစ်ရမှာ ကောင်ရ"

"စိတ်ချစမ်းပါဗျာ ... ကျုပ်အားလုံးစီစဉ်ပြီးသားပါ။ သူကြီးဘိုးသာဗျော့နဲ့ ချိတ်လုပ်ပြီး အကြော်အလျော်တွေ၊ ဟင်းတွေထဲကို ဖိုင်းသီးမှုန့် ထည့်တန်တာထည့်၊ ဆေးပုလဲရွက်သတ္တုရည်တွေ ဖောချင်းသောချင်း ထည့်တာထည့်၊ မျက်ကျဉ်းမျက်ကျယ်ဆေးခြောက်တွေ ခတ်တန်တာခတ်ပြီးသားပါ။ သူတို့အိပ်ရာတွေ၊ စောင်တွေထဲမှာလည်း ဘိုးပန်းရုံရဲ့သား ပန်းဒွေးတို့၊ ပန်းအေးတို့ ညီအစ်ကိုတစ်သိုက်က ခွေလေးယားသီးတွေ ကြဲချထားပြီးသား။ ပြီးရင် ... လာ ... လာ ... ကျုပ်ပြမယ်။ ဟောဒီဇာတ်သေတ္တာကြီးတွေထဲက မင်းသားတွေကို လာကြည့်လှည့်ဦး ... လာ ..."

အုန်းသီး၊ ပါနောက်နှင့် အငြိမ့်အဖွဲ့ထမ်းဆင့် (လုပ်သား) အဖြစ်ပါလာသည့် ပါစီနောင်၊ ပွကြီး၊ သာဖုံတို့အား ရောမကျွန်းသားဇာတ်သေတ္တာကြီးများကို အသာလုပ်၍ လှစ်ခနဲပြလိုက်၏။

"အလိုလေး ... မြတ်စွာဘုရား ..."

"ရှူး ... တိုးတိုးလုပ်ကြပါဗျ။ တကာတည်းမှပဲ"

သေတ္တာကြီးများအတွင်း၌မူ အပုံလိုက်၊ အခွေလိုက် ရှိနေသည့် တောကြီးမြွေပောက်ကြီးများ ...။ ဆရာတော်ဘုန်းကြီးဘုရား၏ တောရကျောင်း၌ နွားနို့တိုက်၍ မွေးထားသည့် လူစကားနားလည်လွန်းသော လူ့ဝင်စားမြွေလိမ္မာကြီးများ။ အမြင်ကတော့မလှ။ ကြောက်စရာလန့်စရာ။ သူတို့ကိုမြင်လိုက်လျှင် အသက်ပင် ဘယ်လိုထွက်ရမှန်းမသိအောင် ရုပ်ကြမ်းကြီးတွေနှင့် မြွေကြီးငါးကောင်။ လောရည်၊ လံဘား၊ အာ့ဘောင်နီ၊ မြီးတို၊ ပြောင်ကြီး ...။ ရောမအကောင်ကြီးတွေ။

"ဒီကောင်ကြီးတွေနဲ့ ဒီလူသိုက်ကို ခလောက်ဆန့်ထားတုန်း

www.burmeseclassic.com



ကိုပါနောက်က ထိပ်တုံးခတ်ခံထားရတဲ့ သခင်တိုက်စိုးတို့တစ်တွေကို လွတ်အောင်လုပ်လိုက်ဗျာ။ ရော့ ... ဟောဒီအထဲမှာ ဒိုးဆီထည့်ထာ တဲ့အိတ်။ အဲဒီအဆီက တောက၊ တောင်က ထွက်တဲ့ သဘာဝပစ္စည် သက်သက်ဆိုပေမယ့် သံမဏိကိုတောင် ကွေးနိုင်၊ ဆန့်နိုင်အောင် လု ပစ်နိုင်တဲ့ သတ္တိရှိတယ်။ ပြီးရင် သခင်တိုက်စိုးတို့ကို ကျောင်းအကာအိ ခေါ်သွား''

''ဟုတ် ...''

''ကျော်စံကေးတို့က စစ်ပုလိပ်နဲ့ ဂေါ်ရာပုလိပ်ပြ အလိုတော် မြန်မာပုလိပ်တွေရဲ့ လက်နက်တွေ၊ ကျည်တွေကို နိုင်သလောက်သယ ပြီး သခင်တိုက်စိုးတို့နဲ့အတူ အလံတောင်ကိုသာ တန်းသွားကြပေတော ဗျာ။ ကျန်တဲ့ သယ်မသွားနိုင်တဲ့ သေနတ်တွေရဲ့ မောင်းတုံးတွေ အကုန်ဖြုတ်ပြီး အိမ်သာကျင်းထဲဖြစ်ဖြစ်၊ ရွာထိပ်က ရေတွင်းကြီး ဖြစ်ဖြစ် ပစ်ချခဲ့ပေတော့။ ဆယ်ရေးတစ်ရေး၊ ကိုးရေးတစ်ရာဆိုသ ဒီကုလားဖြူကောင်တွေ နောက်က တရွတ်သီထိုး လိုက်ပြီးဒုက္ခမပေ နိုင်အောင် လိုရမယ်ရ ကြိုစီစဉ်ထားမှ ...''

''အေးပါ ... မောင်ရာ၊ ပုလိပ်ကားတွေရော၊ အာလက ချစ်တီးကြီးရဲ့ကားတွေရော လေလျှော့ထားပြီးပါပြီ။ ဆီတိုင်ကီတွေ လည်း ရေတွေရောထည့်ထားပြီးပြီ။ ဘရိတ်ပိုက်တွေကိုလည်း ဖြ ထားပြီးပါပြီဟ။ ဒီအကောင်တွေ နှာဘူးထနေပုံများ သတိကလေးမျှ တောင် တစ်စက်မရှိကြတော့ဘူး''

''ဘိုးပန်းရုံတို့ တံမြက်လှည်း၊ ချေးပုံးသေးပုံးထမ်းခဲ့ကြရ ရွာခေါင်း၊ ရွာအုပ်၊ ဆယ်အိမ်ခေါင်းအဖွဲ့တွေရော အကုန်လုံး ဂျုန်တ ထဲဝင်မယ်ဆိုတာ သေချာရဲ့နော်။ စိတ်နှလုံး တုံးတုံးချပြီးကြရဲ့မဟု





ား။ သံယောဇဉ်မပြတ်ဘဲ ကရွတ်ကင်းလျှောက်လုပ်နေရင်တော့ ကုလားခေါင်းမဖြတ်ခင် သင်းတို့ဇက်တွေ အပြတ်ပဲဗျ။ ဒါကြောင့် ယနေထ မေးနေရတာရယ်''

''သေချာပါတယ် ကံကောင်းရယ်။ ဒီညတောင် အခြေအနေ ရင် အရေးပိုင်နဲ့ နယ်ပိုင်၊ မြို့ပိုင်၊ ရာဇဝတ်အုပ်တွေကို ခေါင်းဖြတ် စ်ခဲ့ချင်တာတဲ့။ ခုတ်စပြီး လှီးစပြတ် လုပ်မယ့်လုပ် ပြတ်သားမှတဲ့။ သွားကြွနေကြတာ။ နေ့လယ်ကကိစ္စတွေကြောင့် အရှက်မှုန်၊ အရှက် ည်းတာတွေလည်း ပါပေမပေါ့''

''နေဦး ... နေကြဦး ... တားထားကြဦး။ အရေးတော်ပုံ စ်ခုဆိုတာ သူတစ်လူငါတစ်မင်း စိတ်ကူးတည့်ရာလျှောက်လုပ်လို့ တစ်တာမျိုးမဟုတ်ဘူး။ လူကြီးတွေ ပန္နက်ချ၊ အကွက်ရိုက်ပြီး အခါ းတဲ့အတိုင်း အရိုးကြေကြေ၊ အရည်ခန်းခန်းလုပ်နိုင်မှ တန်ဖိုးရှိတယ်။ န်းထားကြဦး။ အရေးတော်ပုံမစရသေးခင် လူသတ်၊ ဝရမ်းပြေး၊ ာဇဝတ်သား ဖြစ်နေကြဦးမယ်။ ဆရာစံကြီးက တင်းတင်းကျပ်ကျပ် ားမြစ်ထားပြီးသားနော။ လူသတ်သမား၊ မုဒိမ်းဒဏ္ဍ၊ သူခိုး၊ ရာဇဝတ် ပြစ်သား၊ ဘိန်းစား၊ ကဖော်သမားမှန်ရင် ဂျုန်တပ်မှာ အလျဉ်း က်မခံရဘူးတဲ့။ ဘုရင့်နောင် ဟံသာဝတီကို ထီးတော်တင်၊ နားတော် ဖို့ သူရဲကောင်းရွေးသလိုမျိုး 'က' အဆင့်ဂျုန်တပ်သားဖြစ်ဖို့ တင်းတင်း ကျပ်ကျပ်ရွေးပြီးမှ သစ္စာပေးတာတဲ့ ခင်ဗျားတို့ရဲ့''

''ကောင်းပါလေ့ဗျာ''

''ဟော ... ဟော ... သူကြီးဘိုးသာပျော့တို့အဖွဲ့တွေ အရေး ပ်ကြီးကို တိုက်ထဲတွဲသွင်းနေကြပြီ။ ဝိုင်းသိမ်းစပြုပြီနဲ့တူရဲ့။ ကိုင်း.. နောင်ကြီးတို့၊ သွေးသောက်တို့ ...။ မပေါ့မဆကြစေနဲ့တော့။ လုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးတော့ စပြီ။ အရေးတော်ပုံ အောင်ပါစေ''

''အရေးတော်ပုံ အောင်ပါစေ''

နွတ်ဖျား၊ လျှာဖျား၌ လေသံကလေးမျှပင် ကျိတ်၍ရွတ်ဆို လိုက်ရသော်ငြားလည်း ခန္ဓာကိုတစ်ခုလုံးရှိ အကြောပေါင်း သောင်း ခြောက်ထောင်သို့ ပီတိဟုန်က ချက်ချင်းပြန့်တော့၏။

သွေးတို့ ပွက်ပွက်ဆူဝေလာသည်။

''Good Night, Gentlemen! Please excuse me''

အရေးပိုင်ရာဇဝတ်ဝန်ကြီး မစ္စတာရေးနိုး၏ လျှာလေးအာလေး ရာမေရိယနီးမွှန်နေသည့် အသံကြီးကို ကြား၏။

နယ်ပိုင်မင်းဦးစံရှိန်၊ အင်္ဂလိပ်ပူမြို့ပိုင် မစ္စတာစကောက်၊ အုတ်ဖို ပိုင် ဦးခင်နှင့် အာလကာပွဲချစ်တီးကြီးတို့က ပိုပိုသာသာ၊ လွန်လွန်ကဲကဲ ကျိုးလေးစားဟန်ဖြင့် တွဲတိတွဲပိုးပြုကာ မီးတွေထိန်ထိန်ဝင်းနေသည့် က်ပြုံးပြုံးကြီးဆီ ခေါ်ဆောင်သွားကြသည်။

''ကဲ ... သူကြီး၊ ဟိုကိစ္စ အဆင်ပြေပြေ စီစဉ်ထားပြီးပလား''

''အို ... ပြီးပါပြီ ... ပြီးပါပြီ။ မလစ်လပ်စေရပါဘူး''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



စတီးဘရားသားမန်နေဂျာ မစ္စတာကောတ်မဲလ်က သူကြီးကို အဓိပ္ပာယ်ပါပါ မျက်ရိပ်ပြလိုက်ရာ ဦးသာဗျောက မြဒေါင်းရင်တို့ရှိရာဆီ ခပ်သွက်သွက်ထသွား၏။ ခြေဟန်လက်ဟန်ဖြင့် ခေါင်းခါခါ လည်ခါခါ ပြောဆိုကြပြီးသည့်နောက် 'ကျုပ်တစ်ယောက်တည်းတော့ဖြင့် အဲဒီသတ္တဝါကြီးအခန်းထဲကို မလိုက်ရဲဘူး ... သူကြီး။ ကျုပ်လင်ကိုအုန်းသီးဖြစ်ဖြစ်၊ ကြည်ကြည်ဖြစ်ဖြစ်ပါရင်တော့ လူအမြင်တင့်တယ်သေးရဲ့' ဟူသော နှစ်ဦးနှစ်ဖက် သဘောမျှမှုဖြင့် ရွှေထွက်မင်းသမီးလေးကိုပါ အတွဲလိုက်ကြီး အခန်းဝသို့ ပို့လိုက်ကြတော့၏။

"သူကြီး ... အဲဒီကလေးမက ဘာလုပ်ဦးမလို့တုံး။ ဘယ့်နှယ်နှစ်ယောက်ပူးကြီး၊ ရှုပ်ရှုပ်ယှက်ယှက်။ ကျုပ်အခန်းဆီကိုသာ ပို့လိုက်။ ကျုပ်က သူငယ်မလေးကို သီးသန့်ဆုချီးမြှင့်ဖို့ ရှိနေသေးရဲ့"

နယ်ပိုင်မင်းက အလိုတော်မကျ။ ရှုပွပွ၊ ပုပ်သိုးသိုး ...၊ ရမ္မက်ခိုးဝေသည့် မျက်ထောင့်နီကြီးဖြင့် ထကြိမ်းသည်။

"အာရိုးရိုး ... ဗိုက်ထဲက နာလှချည်ရဲ့"

"ဝေါ့ ... အော့ ... အော့ ..."

"အမေရေ ..."

"ဝေါ့ ... ဝေါ့ ..."

"ဦးခင် ... ဦးခင် ... ခင်ဗျားကောင်တွေ ဘာဖြစ်ကုန်ကြတာလဲ။ အိမ်သာရှေ့မှာလည်း တစ်ပြုံတစ်ထွေးကြီး။ အော့အန်နေတဲ့ကောင်တွေလည်း မနည်းမနောပါပဲကလား။ ဟင် ... ပြူးပြူးကြောင်ကြောင်နဲ့ အရူးလိုကောင်တွေကရော ... ဘာဖြစ် ...။ ဟင် ... အလို ... အားလားလား ... ဗိုက်ထဲက ရစ်ပြီးနာလိုက်တာ။ အောင်မယ်လေး ..."

စိတ်ကူးသစ်စာပေ



"နယ်ပိုင်မင်းတော့ အစားလွန်၊ အသောက်လွန်ပြီး ဖင်မလုံတော့ဘူးနဲ့ တူရဲ့ဗျို့။ ဟောဟို ငယ်ငယ်လှလှမင်းသမီးကလေးကို ကျုပ်အခန်းဆီကိုသာ ... အား ... အလို ... အိုး ... Bull Shit!"

နယ်ပိုင်မင်းဦးစံရှိန်၊ မြို့ပိုင်ဦးခင်နှင့်တကွ အောက်လက်ပုလိပ်သားတွေအဆုံး ဆေးပုလဲသတ္တုရည်တွေကြောင့် ဝမ်းတွေသွား။ ပဒိုင်းသီးမှုန့် တန်ခိုးပြ၍ အော့သူအော့၊ အန်သူအန်။ တဒင်္ဂအတွင်း အရူးကြီးတွေလို မျက်လုံးကြီးတွေ ပြူးတိပြူးကြောင်။ စိတ်ပေါ့သွပ်ချောက်ချားသူတွေက မနည်း။ ဖြစ်ချင်တိုင်းဖြစ်လျက် ဂုန်းဒိုင်းကြဲနေချိန် ...။

"ဟိုက် ... မီးစက်ပျက်ပြီ"

"ဇမောင်ကျော်ဒန် ... မီးစက်ဟော့ ... မီးစက် ..."

"ဟုတ်ကဲ့ ... သူကြီး"

လျှပ်စစ်မီးစက်ရှိနေသဖြင့် အရံအတား မီးအိမ်၊ မီးခွက်၊ မီးတိုင်တွေ ထွန်းမထားမိ။ ဖြုတ်ခြည်းပင် ဝန်းကျင်သည် မှောင်အတိကျသွားတော့သည်။

"အမေကယ်ပါ ... အဘကယ်ပါ"

'ဟိုဟဲ့ ... ဒီဟဲ့' အသံတွေက ညီးညီးညံညံ။

www.burmeseclassic.com

www.burmeseclassic.com

❑

အရေးပိုင်မင်း မစ္စတာစနိုးသည် သူ့အနီးတွင် ကပ်၍ရပ်နေသည့် အငြိမ့်မင်းသမီး လေဘာတီမြဒေါင်းရင်၏ မွှေးပျံ့ပျံ့ခန္ဓာကိုယ်လေးရှိရာကို မှန်းလျက် ရမ္မက်ဇောတကြွကြွဖြင့် သိမ်းကြုံးပိုက်ပွေ့လိုက်ကာ အိပ်ရာကြီးပေါ် တုံးခနဲပစ်လှဲလိုက်သည်။

"ဟင် ... ဘာ ... ဘာကြီးလဲ"

မင်းသမီးကလေး၏ ဖွံ့ဖွံ့ထွားထွား၊ တင်းတင်းအိအိ အထိအတွေ့ကား မဟုတ်ရေးချမဟုတ်။ အကျိအချည်ရိရိရွဲရွဲတွေဖြင့် ပြောင်ချောအေးစက်နေသည့် ငှက်ပျောပင်ပေါက်တစ်ပင်သာသာ လုံးပတ်ရှိသော ရှည်မျောမျောအရာကြီးကိုသာ အူယားချင်စဖွယ် ဖက်ထားမိလိုက်သည်။

ဝင်းဝင်းတောက်ရဲရဲနီနေသည့် မျက်လုံးအစုံက သူ့ကို စိုက်၍ကြည့်နေ၏။





ဦးခေါင်းထက် ဆံပင်မွှေးတွေ ထောင်ထလာလျက် ကြက်သီးတွေထ၊ ကျောထဲက စိမ့်တက်လာသည်။ ခေါင်းအုံးအောက်မှ ဓာတ်မီးကို ဆွဲယူထိုးကြည့်လိုက်မိကာမှ 'OH! God' ဟု တစ်ခွန်းတည်းသာ မြည်တမ်းနိုင်လျက် သတိလစ်မေ့မြော၊ လောကကြီးနှင့် အဆက်ပြတ်သွားတော့သည်။

"ကိုင်း ... ဟော့ ... အာဘောင်နီ။ ဒီအခန်းထဲမှာ မင်းကိစ္စပြီးပြီ။ အပြင်ကကောင်တွေကို သွားကူလိုက်ဦး။ မီးအလင်းရောင်တွေလင်းလာတာနဲ့ မင်းအကောင်တွေ အကုန်ခေါ်ပြီး ဘုန်းတော်ကြီးဘုရားရဲ့ တောရကျောင်းကို တန်းပြန်ကြပေရော့။ မင်းတို့ကို မြင်လိုက်ရင်တော့ ငါတို့တွေ ဘေးမသီရန်မခ၊ အောင်အောင်မြင်မြင်၊ ချောချောမောမော ပြီးမြောက်ကြောင်း သိပြီး စိတ်အေးကြပေမပေါ့"

မြွေကြီးအာဘောင်နီက ခေါင်းတညိတ်ညိတ်ပြုလျက် အခန်းအပြင်သို့ လျှောတိုက်ထွက်ခွာသွားတော့သည်။

သို့နှင့်တိုင် ...။

အရေးပိုင်ရာဇဝတ်ဝန်ကြီး မစ္စတာရေးနိုး၏အခန်းထဲ၌ လက်နှိပ်ဓာတ်မီးရောင်တလက်လက်ဖြင့် လျှောတိုက်သွားလာနေသည့် ခြေသံတဖျပ်ဖျပ်ကို ကြားနေရဆဲ။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

❑

"အဲဒီညက အရေးပိုင်ကြီးအခန်းထဲက အာလကာပွချစ်တီးကြီးရဲ့ မီးခံသေတ္တာကြီးထဲ ထည့်ထားတဲ့ လူခွန်တော်ငွေနှစ်ထောင်ကျော်နဲ့ အရေးပိုင်ကြီးကို ချစ်တီးကြီးက လာဘ်ထိုးထားတဲ့ ငွေတွေ၊ စတီးဘရားသားကုမ္ပဏီက ပေးထားတဲ့ငွေတွေ အားလုံးပါသွားတဲ့အပြင် နယ်ပိုင်မင်း ဦးစံရှိန်တို့၊ အင်္ဂပူမြို့ပိုင် မစ္စတာစကောက်တို့၊ အုတ်ဖိုမြို့ပိုင် ဦးခင်တို့ရဲ့ငွေတွေ၊ ခြောက်လုံးပူးသေနတ်တွေ၊ ကျည်ဆန်တွေ အားလုံးပါသွားတာတဲ့။

ပြီးတော့ ကပ္ပတိန်ရပ်စ်နဲ့ ရာဇဝတ်အုပ်ကလေး ဦးသိန်းဖုံတို့၊ လက်ဖတင်နင် ဂျွန်အီဗန်တို့ကို ထိတ်တုံးထဲ ထည့်ခတ်ထားခဲ့ပြီး စစ်ပုလိပ်အဖွဲ့က စာသင်ကြီးတွေ၊ ကော်ဘရာတွေနဲ့ ပုလိပ်စာသင်ကြီး ဦးအာဝါးတို့ကိုတော့ ကြိုးတစ်ပင်တည်းနဲ့ ပူးချည်ထားပစ်ခဲ့သတဲ့။

ကျော်စံကေးတို့၊ ဘိုးပန်းရုံတို့လို တစ်နေ့ခင်းလုံး အညှဉ်းပန်း အနှိပ်စက်ခံထားကြရတဲ့ လူတစ်စုနဲ့ ဝံသာနုအသင်းခေါင်းဆောင်





ကိုရင်တိုက်စိုးတို့တွေလည်း စုပ်စမြုပ်စပျောက်ကရောဆိုပဲ။

ထူးဆန်းတာက အုတ်ဖိုမှာ တို့သွားငှားလာခဲ့တဲ့ လေဘာတီမြဒေါင်းရင်တို့၊ အုန်းသီးတို့ အငြိမ့်က အဲဒီနေ့ညမှာ သာယာဝတီမြို့ပေါ်က ပွဲစားကြီးဦးသာပန်းရဲ့ ကျောင်းကြီးရေစက်ချအလှူပွဲမှာ ငြိမ့်ငြိမ့်သည်းသည်း ပွဲဝင်နေသတဲ့ဟ။ တစ်မြို့လုံး၊ တစ်ရပ်လုံး၊ တစ်နယ်လုံး အသိ။ ရုပ်မြင်ရှာတွေကြီးတဲ့။

အဲဒီတော့ ဂမ္ဘီရကံကောင်းနဲ့ပါလာတဲ့ အဲဒီအငြိမ့်အဖွဲ့၊ ဆိုင်းအဖွဲ့က ဘယ်သူတွေလဲ။ ဘယ်ကလဲ။ ဘာတွေလဲ ...။ ပွဲငှားသွားတာတော့ ငါနဲ့ စတီးဘရားသားမန်နေဂျာ ကာ့တ်မဲသခင်တို့ အတူသွားကြတာပဲ။ ပွဲကြေးစရံငွေလည်း ငါကိုယ်တိုင် မြဒေါင်းရင်လက်ထဲထည့်ပေးခဲ့တာပဲ။ ငါ့မျက်စိထဲတော့ မြဒေါင်းရင်မှ မြဒေါင်းရင်အစစ်ပါကွာ။ ရေတစ်စက်မှမရောပါဘူး။ စိန်ငှက်ရိုးတို့ ကောလိပ်ကြည်ကြည်တို့၊ အုန်းသီးတို့၊ ပါနောက်တို့ကလည်း အကောင်လိုက်အထည်လိုက်ကြီးတွေပါပဲ။ ဘယ်လိုက ဘယ်လိုတွေ ဖြစ်ကုန်တယ် မသိတော့ပါဘူးကွာ။"

အဲ ...ပိုဆိုးတာက ဘယ်ကရောက်လာမှန်းမသိတဲ့ တောကြီးမြွေဟောက်ကြီးတွေကြောင့် ကမ္ဘာပျက်မတတ် ဖြစ်ခဲ့ရတာပဲကွ။ ဟော ... ကိုကျော်ဒန်ကြီးက မီးစက်ကို ဟိုနှိုက်ဒီနှိုက် လက်ပူတိုက်ပြီးတဲ့နောက် မီးစက်ကြီးလည်းနိုး၊ မီးအလင်းရောင်တွေ ထိန်ခနဲလည်း ဝင်းကရော ... အဲဒီအကောင်ကြီးတွေ ဘယ်ကိုရောက်ကုန်တယ် မသိတော့ပါဘူးကွာ။ နေလာနှင်းပျောက်ပဲဟ။

အင်း ... မနေနိုင်၊ မအောင့်နိုင်လွန်းလို့သာ မင်းတို့ကို လက်တို့ရတာရယ်။ ဒီအကြောင်းတွေကို တစ်လုံးတစ်ပါဒမျှ မပေါက်ကြား



www.burmeseclassic.com

www.burmeseclassic.com



စေရပါဘူးလို့ အရေးပိုင်ကြီးကို အာယမဝန္တာ ခံထားခဲ့ရတာ။ ကြမ်းကြား လေ့ကြား သဲ့သဲ့ကလေးကြားရင်တောင် ငါ့ကိုအသတ်ပဲလို့ နယ်ပိုင်ကြီးက မျက်လုံးကြီးပြူးပြီး ကြိမ်းခဲ့သေးတာ ခင်ဗျားရဲ့။

စာသင်ကြီးဦးအာဝါးအပြောတော့ ရှာဦးရွာထိပ်က ရွာတော်ရှင် ညောင်ပင်ကြီးကို ဂေါ်ရာတွေ သေနဲ့ခွပန်းခဲ့ကြလို့ နတ်တိုက်တာတဲ့။ နတ်နဲ့နဂါး လှည့်စားလို့မှမရတာ ဆိုတာကိုး။

နို့ပေတဲ့ . . . ဟိုအခွန်တော်ငွေတွေရော၊ လက်နက်တွေ၊ ကျည်တွေရော၊ ကိုရင်တိုက်စိုးတို့၊ ကျော်စံကေးတို့ကရော ဘယ်ရောက်ကုန်၊ ဘယ်အငွေ့ပျံပျောက်ကုန်ကြသတုံး . . . ကဲ။

တော်ပါတန်ပါကွယ် . . .။

စဉ်းစားလေလေ၊ ဆံပင်ဖြူပြီး ဦးနှောက်ချောင်ရမယ့်ကိန်းပါ။ အေး . . . မင်းတို့လည်း ဟိုဟိုဒီဒီလျှောက်မပြောကြနဲ့နော်။ ကိုယ်သိကိုယ့်ဝမ်းထဲထား။ အခါကာလကြီးက ကောင်းလှတာမဟုတ်ဘူးရယ်။

သူကြီးမင်းဦးသာဗျော့က သူ့မယားဘွားမျှင်နှင့် သူ့သမက်ကိုရွှေဝိုက်၊ သူ့သမီး မပုရှုးမတို့အား တိုးတိုးတိတ်တိတ်ပြောခဲ့သည့် ထိုစကားတို့သည်သာ ထိုညက အကြောင်းခြင်းတစ်တွေနှင့် ပတ်သက်သော ထဲထဲဝင်ဝင် ပါးစပ်ရာဇဝင်တွေအဖြစ် ကျန်ရစ်ခဲ့တော့သည်ဆိုငါ၏။

ထိုသည့်ညက ဖြစ်ရပ်တွေကို တမြည့်မြည့်တွေးရင်း ကံကောင်းမှာ ပြုံးချင်ချင်ဖြစ်မိရသည်။

"ကိုင်း . . . ကံကောင်းရေ . . . မြေး"

"ခင်ဗျာ အဘိုးလေး"

"ဦးဝိစာရကိုယ်တော်ကြီးကတော့ တို့များတွေကို 'လိမ္မာရစ်ကြပါ' လို့ ပျံတော်မမူခင် ကြောင့်ကြောင့်ကြကြ မိန့်ခဲ့သေးသကွယ့်။ အင်္ဂလိပ်မိစ္ဆာကောင်တွေရဲ့ ထောင်ကြီးထဲမှာ ၁၆၆ ရက်ကြာ ဆွမ်းဘုဉ်းမပေးဘဲ သပိတ်မှောက်ကာပြုရင်း အသက်တော်ကိုစွန့်ပြီး ရှေ့ဆောင်လမ်းပြခဲ့ဆုံးမခဲ့သေးတာ"

"ဟုတ်ကဲ့ အဘိုးလေး"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဘိုးလေးကတော့ ငါ့မြေးကြီးကို 'လိမ္မာပါ' လို့ တရားမပြချင်သေးဘူး။ 'ရဲစက်ဘဲခွန်' ဆိုတဲ့ ဂဠုန်တပ်၊ အရေးတော်ပုံတပ်ကြီးရဲ့ သမ္မတကြီးဆရာစံ။ အဲ ... ဒကာဦးစံရှားချိုးမြှင့်တဲ့ အဲဒီအမည်တော်ကို လက်ခံသိမ်းပိုက်ပြီး အမျိုး၊ ဘာသာ၊ သာသနာအတွက် သတ္တိသွေးပြလိုက်ပေတော့လို့ပဲ မှာချင်တယ်"

"ဦးထိပ်ရွက်လျက်ပါ အဘိုးလေး"

ထိုသို့ရှိစဉ် အလံတောင်ဘုန်းကြီးဘုရားက တစ်လျှောက်လုံးကြီး ဆိတ်ဆိတ်စံနေတော်မူခဲ့ရာမှ နှုတ်တော်ဖွင့်လျက် လေးလေးပင်ပင်တစ်လုံးချင်းမိန့်သည်။

"ကိုင်း ... ကိုင်း ... ဘုန်းကြီးနဲ့ မင်းအဘိုးလေးသန့်ကိုဦးချကန်တော့လိုက်ပေဦး။ ဒီကရှေ့ နောက်ပိုင်းကာလတွေမှာ တို့များဆရာတပည့်တွေ တွေ့ချင်မှ တွေ့နိုင်ကြတော့မယ်။ ဟောဒီအရေးတော်ပုံကြီးကစေစားရာ ကျရာတာဝန်တွေကိုသာ ဆေးစက်ကျရာ အရုပ်ထင်ကြရဦးမှာပ။ အသက်စွန့်တန်တဲ့သူ စွန့်၊ ကိုယ်လက်အင်္ဂါစတေးတဲ့သူစတေး စက်တိုင်တက်သူတက်၊ တစ်ကျွန်းရောက်သူရောက်၊ ထောင်ထဲ၊ အချုပ်ထဲ ဘဝဆုံးသူဆုံး ဖြစ်ကြရမှာ။ ဒ်မ်း ... သွေးနဲ့ရေးရမယ့်မော်ကွန်းကြီးကိုကွယ့်"

ဆရာတော်က တရားရှင်ပီပီ မဆုတ်မနစ် မိန့်ကြားနိုင်ပေသော်လည်း အဘိုးလေးသန့်ထံမှမူ သက်ပြင်းရှိုက်သံသဲ့သဲ့ကလေးကထွက်လာသေးသည်။

ကံကောင်း၏ရင်တွင်လည်း တံကျင်လျှိုထားသလို စူးစူးနင့်နင့်၊ နာနာကျင်ကျင်ကြီး ...။

ဆရာတော်ဘုန်းကြီးဘုရားနှင့် အဘိုးလေးသန့်တို့ကို ရည်မှန်း

---

စိတ်ကူးသစ်စာပေ



လျက်သာ လက်အုပ်ချီကာ ရှိသေတုပ်ကွ ဦးချလိုက်ရ၏။

မျက်ရည်ပူတစ်ပွင့်တစ်စက်က ကျောင်းကြမ်းပြင်ပေါ် ပေါက်ခနဲ ကြွေကျလာသည်။

သူ့မျက်ဝန်းထဲတွင် အလုံးစုံသည် မပီမသ။ ဝေဝေဝါးဝါး။

သို့နှင့်တိုင် ...

သူ့ရင် နှလုံးသည်းပွတ်၌မူ သူပါဝင်ရတော့မည့် အရေးတော်ပုံကြီးသည် ပီပီပြင်ပြင်၊ ပြတ်ပြတ်သားသား ...။

❖ ❖ ❖

ရတနာတြိ၊ နမာမိ..
မိုးကျေးရွှေကိုယ်

www.burmeseclassic.com

www.burmeseclassic.com



[ ၁ ]

☐

စာရေးသည်ဟူသော အကြောင်းတစ်ခုတည်းဖြင့်ပင် ကျွန်တော့်အား အလိုလိုအထင်ကြီးနေသော မိတ်ဆွေလေးတစ်ဦးရှိပေ၏။ သူ့နာမည်အမှန်က ‘ကိုမောင်စု’ ဖြစ်သော်လည်း ကျွန်တော်က ‘ကိုစပ်စု’ ဟု အမည်ပေးထား၏။ နေရာတကာ စပ်စပ်စုစု လုပ်တတ်လွန်းသည့်အတွက် ထိုအမည်ပေးထားခြင်းဖြစ်ပေ၏။ သူသည် ကျွန်တော်နှင့် တစ်ကြိမ်တစ်ခါမျှ တွေ့မြင်သိကျွမ်းဖူးခြင်း မရှိသူများကိုလည်း ကျွန်တော့်ထံ ရံဖန်ရံခါ ဦးဆောင်ခေါ်လာတတ်လေ့ရှိသေး၏။

သာမန်အချိန်မျိုး၌ ညှိသည်ကို ညှိဝတ်ပြုရသည့်အလုပ်မှာ မထောင်းတာလှသော်လည်း ကျွန်တော်စာရေးစားပွဲထိုင်နေချိန်မျိုး၌ လွန်စွာ စိတ်အနှောင့်အယှက် ဖြစ်မိရတတ်ပါသည်။ သို့သော်လည်း—



www.burmeseclassic.com

www.burmeseclassic.com



"ဆရာမောင်မဲခေါင်ရေ ... ဟောဒီမှာ ဆရာ့ဝတ္ထုတွေဖတ်ပြီး ဆရာ့ကို တွေ့ချင်လို့တဲ့ဗျ"

ဟူသော အိမ်ပေါက်ဝမှဆီး၍ အာဘောင်အာရင်းသန်သန်အော်ဟစ်ပြောလိုက်သည့် ကိုစပ်စု၏ စကားတစ်ခွန်းကြားရသည့် ခဏမှာပင် ကျွန်တော့်မှာ ကျေနပ်ခွင့်လွှတ်ရမြဲ ရှိပါပေသတည်း။

# ၂

❑

ထုံးစံအတိုင်းပင် ထိုနေ့က 'ကိုစပ်စု' တစ်ယောက် ကျွန်တော့်ထံသို့ မိသားစုတစ်စုခေါ်လာခဲ့ပြန်၏။ မိသားစုတစ်စုဟု ကျွန်တော်တန်းခနဲဆိုလိုက်ရခြင်းမှာ အခြားကြောင့်မဟုတ်။ အသက်ငါးဆယ်ခန့်ဝန်းကျင် အမျိုးသားကြီးတစ်ယောက်က အခါလည်သားအရွယ်ကလေးငယ်ကလေးအား ပခုံးထက်တင်၍လည်းကောင်း၊ ထိုအမျိုးသားကြီးနှင့်အသက်မတိမ်းမယိမ်းအမျိုးသမီးက အမျိုးသားကြီး၏ လက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်၍လည်းကောင်း တွေ့မြင်ရသောကြောင့်ဖြစ်၏။

ထူးခြားသည်မှာ သူတို့၏ နောက်ကပ်လျက်မှ လိုက်ပါလာသောလူငယ်ကလေး ဖြစ်ပေ၏။ အသက်အားဖြင့်မူ ဆယ်ကျော်သက်ရွယ်ခန့်ရှိပေမည်။ သို့သော် သူကလေး၏မျက်နှာမှာ အသက်နှင့်မလိုက်အောင်ရင့်ရော်လှ၏။ အဘိုးအိုလေးတစ်ယောက်ပမာ ခါးကလည်းကိုင်းနေသေး၏။ ပို၍ဆိုးသည်မှာ သူ၏မျက်လုံးများသည် တိမ်သလွှာဖုံးနေသကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



မျက်နက်မပါဘဲ အဖြူသားချည်း သက်သက်ရှိနေခြင်းပင်ဖြစ်၏။ ကျွန်တော်သည် ထိုမိသားစုအား ကြိုဆိုရန်အတွက် စာရေးစားပွဲမှ ထ,လိုက်စဉ်မှာပင် ဦးဆောင်ခေါ်လာသူ ကျွန်တော့်မိတ်ဆွေ ကိုစပ်စုက …

"ဆရာမောင်မဲခေါင်ရေ သူက ဆရာ့စာဖတ်ပရိသတ် တစ်ယောက်ပဲ ကိုသာဒွေးလို့ခေါ်ပါတယ်။ သူတို့က သူ့ဇနီးနဲ့ ကလေးနှစ်ယောက်ဖြစ်ပါတယ်။ သူတို့က ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်ထဲက ရွာကလေးတစ်ရွာမှာနေကြတယ်။ နာဂစ်မုန်တိုင်းတုန်းက အကြီးအကျယ် ပျက်စီးသွားတဲ့ ရွာကလေးပေါ့။ သူတို့အိမ် မုန်တိုင်းထဲပါသွားပေမယ့် သူတို့မိသားစု သေတွင်းထဲက လက်မတင်ကလေး လွတ်မြောက်လာခဲ့ပုံက အံ့သြစရာကောင်းလွန်းလို့ ဆရာ့ကို ပြောပြချင်လို့ပါတဲ့။ အဲဒါနဲ့ ကျွန်တော်ခေါ်လာခဲ့တာပါ"

ဟူ၍ အလွန်စပ်စပ်စုစုနိုင်လှသော မောင်စပ်စုသည် ကျွန်တော့်အား ပြည့်စုံစွာ မိတ်ဆက်ပေးလေ၏။ ထိုအချိန်မှာပင် ကလေးငယ်လေး ပခုံးပေါ်တင်ထားသော ကိုသာဒွေးဆိုသူက …

"ဟုတ်ပါတယ် … ကျွန်တော်က ဆရာ့ရဲ့ ဖြစ်ရပ်ဆန်းကြယ် ဝတ္ထုမှန်သမျှ ရတဲ့နေရာက ငှားရမ်းပြီး မလွတ်တမ်း ဖတ်သူပါဆရာ။ မမျှော်လင့်ဘဲ ဆရာနဲ့ အခုလို လူကိုယ်တိုင်တွေ့ရတာ သိပ်ကိုဝမ်းသာမိပါတယ် ဆရာ"

ဟူ၍ မြို့ကြီးသားတစ်ယောက်နှင့်မခြား ယဉ်ကျေးပျူငှာပြောလိုက်ပေရာ ကျွန်တော်သည် စာရေးသူ တစ်ယောက်အနေဖြင့် လွန်စွာကြည်နူးမိပါကြောင်း ဝန်ခံရပေမည်။

"ဒါနဲ့ ကိုသာဒွေးတို့မိသားစုက ရန်ကုန်ကို အလည်လာကြတာလား"





"ဟုတ်ပါတယ်ဆရာ။ ဗဟန်းဘက်မှာ ဘကြီးဘုန်းကြီးကျောင်း ရှိပါတယ်။ ရွှေတိဂုံဘုရားလည်းဖူးရင်း ဟောဒီသားကြီး မောင်သာဂိကလည်း ရန်ကုန်သွားချင်လှချည်ရဲ့ ပူစာနေတာနဲ့ အလည်အပတ် လာကြတာပါ"

ကိုသာဒွေးက သားကြီးမောင်သာဂိဟု ရည်ညွှန်းသူမှာ ထူးခြားသည်ဟု ကျွန်တော်ဆိုခဲ့သော လူငယ်ကလေးပင်ဖြစ်၏။ ကိုသာဒွေးက ထိုသို့ပြောသည့်အခါ မောင်သာဂိသည် သူ့ကိုပြောကြောင်း သိပုံဖြင့် ပါးစပ်ကိုဖြဲပြ၏။

သာမန်လူတစ်ယောက်အနေဖြင့်မူ အသိအမှတ်ပြုသောအားဖြင့် ပြုံးရယ်ပြခြင်းဖြစ်ပုံရသော်လည်း မောင်သာဂိကိုမြင်ရသည်မှာ မချိမဆံ့ ပါးစပ်ဖြဲပြသကဲ့သို့သာရှိလေ၏။ သွားချင်းကျိတ်သကဲ့သို့ တကျိကျိ အသံကိုလည်း သူ့ထံမှကြားရ၏။ စိတ်ရင်းအတိုင်း ဝန်ခံရသော် မောင်သာဂိကိုမြင်ရသည်မှာ ကရုဏာသက်ဖွယ်ရှိလှ၍ စိတ်ချမ်းမြေ့ခြင်းမရှိပေ။

"ကိုသာဒွေးတို့မိသားစု နာဂစ်လေမုန်တိုင်းဘေးက ထူးထူးခြားခြား လွတ်မြောက်လာတယ်ဆိုတာ ဘယ်လိုလဲ ပြောပါဦး"

အထက်ပါအတိုင်း ကျွန်တော်သိလိုသော ကိစ္စကိုသာ ဦးတည်၍ မေးမြန်းရတော့၏။ ထိုအဖြစ်အပျက်ကသာလျှင် ကျွန်တော့်အတွက် ဝတ္ထုတစ်ပုဒ်ဖြစ်နိုင်သည်ဟု ယူဆမိခြင်းကြောင့်ပေတည်း။ ထိုအခါ ကိုသာဒွေး ပြောလိုက်သောစကားကြောင့် ကျွန်တော် လွန်စွာအံ့သြသွားရတော့၏။

"ကျွန်တော်တို့မိသားစုရဲ့ အသက်ကို ကယ်လိုက်တာ တခြားသူမဟုတ်ဘူး ဆရာ၊ မောဒီ ဒုက္ခိတလေး ကျွန်တော့်သားကြီး မောင်



www.burmeseclassic.com

www.burmeseclassic.com



သာဂိကပဲ ကယ်လိုက်တာပါ"

မောင်သာဂိသည် တကျွိကျွိသွားကျိတ်သံပြုရင်း ကျွန်တော့်ကို ပါးစပ်ဖြဲပြုပြန်ပေ၏။ ထို့ပြင် ကျုံလို၍ သန်စွမ်းပုံမရသော သူ၏ လက်ကလေးနှစ်ဖက်ကို မှန်ပြောင်းသဖွယ် မျက်လုံးတွင်ကပ်လျက် ကျွန်တော့်ကိုကြည့်ပြန်၏။

"ကျွန်တော့်သားကြီးမောင်သာဂိက ဆရာမြင်တဲ့အတိုင်း စကားလည်းမပြောတတ်ဘူး မျက်စိလည်း မမြင်ဘူးဆရာ။ ဒါပေမယ့် အဲဒီလို သူ့လက်ကလေးနှစ်ဖက်နဲ့ မှန်ပြောင်းလို လုပ်ပြီးကြည့်ရင် သူဟာ သာမန်လူတွေထက်တောင် ပိုပြီးမြင်နိုင်ပါ ဆရာ"

အထက်ပါတိုင်းပြောလိုက်သော ကိုသာဒွေး၏စကားကြောင့် ကျွန်တော်သည် အူကြောင်ကြောင်ပင် ဖြစ်၍သွားရသေး၏။ တစ်လျှောက်လုံး ကျွန်တော်တို့အနီး၌ ငြိမ်သက်စွာထိုင်နေသော ကိုသာဒွေး၏ ဇနီးသည်က သူ့ခင်ပွန်း၏ပခုံးပေါ်မှ ကလေးငယ်ကို လက်ပြောင်းယူလိုက်၏။ စကားတစ်ခွန်းမှမဆိုသော်လည်း ခင်ပွန်းဖြစ်သူအား လိပ်ပတ်လည်အောင် အစ,အဆုံးသာပြောပြလိုက်ပါဟု ဆိုဘိသကဲ့သို့ ရှိပေ၏။

သို့ဖြင့် မြန်မာပြည်အတွင်းရှိ ဧရာဝတီတိုင်းနှင့် မြို့ရွာတချို့ ပျက်စီးဆုံးရှုံးမှုများပြားခဲ့သော ၂၀၀၈ ခုနှစ်၊ မေလ (၂)ရက် (၃)ရက်၌ တိုက်ခတ်ခဲ့သည့် နာဂစ်ဆိုင်ကလုန်း လေမုန်တိုင်းအဟ်မှ တစ်မိသားစုလုံး၏ အသက်အန္တရာယ်ကို လက်မတင်ကလေး ကယ်တင်ပေးခဲ့သော လူထူးလူဆန်းလေး မောင်သာဂိ၏ အကြောင်းကို သူ၏ဖခင် ကိုသာဒွေးမှ အောက်ပါအတိုင်း ပြောပြခဲ့ပေတော့သတည်း။

[ ၃ ]

❑

ကျွန်တော်တို့က မိဘမျိုးရိုး ရေလုပ်ငန်းနဲ့ အသက်မွေးကြသူ တွေပါ။ ပိုပြီးရှင်းအောင်ပြောရရင် တံငါမျိုးရိုးပေါ့။ ဧရာဝတီတိုင်းသား တွေအတွက် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းက နှစ်မျိုးပဲရှိပါ တယ်။ တစ်မျိုးက ရေလုပ်ငန်း၊ တစ်မျိုးက စိုက်ပျိုးရေးလုပ်ငန်း ... ပါမဲ့။

ကျွန်တော့်ဇနီးနာမည်က မခင်မြတဲ့။ သူနဲ့အကြောင်းပါပြီး နောက်လည်း ကျွန်တော်ရေလုပ်ငန်းပဲ ဆက်လုပ်ပါတယ်။ ကျွန်တော်က လည်း ဒီလုပ်ငန်းပဲ ကျွမ်းတယ်။ လက်ထိုးလှေလေးတစ်စီးနဲ့ တစ်နိုင် ပါးမမ်းလုပ်ငန်းပဲဆိုတော့ ကြီးပွားဖို့တော့ မရှိဘူးပေါ့။ ဒါပေမယ့် ကျွန် တော်တို့လင်မယား မပူမပင် ဝဝလင်လင်တော့ စားရတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲ . . . ဒါနဲ့ပဲ ကျွန်တော့်ဖနီးခင်မြ သားလေးတစ်ယော မွေးပါတယ်။ အခု ဆရာ့ရှေ့မှာရှိနေတဲ့ မောင်သာကီပါပဲ။ မောင်သာ လေးဟာ အတော်ထူးခြားတဲ့ကလေးဆိုတာ သူငယ်ငယ်ကတည်းက ကျွန်တော်သတိထားမိတယ်။ ပြောရရင် သူ့ကို သူ့အမေကိုယ်ဝန်လွယ် ထားရတဲ့ အချိန်ကတည်းကပဲ ဆိုပါတော့။ ကျွန်တော့်ဖနီးအကြော ပြောရဦးမယ်။ ကျွန်တော့်ဖနီးခင်မြက အင်မတန် ဟင်းကောင်းကျွေ ကောင်း မက်သူတစ်ယောက်ပါ။ အသားဟင်းကလေး တစ်ပန်းကာ လောက်မှမပါရင် မျိုမကျဘူးဆိုတဲ့သူမျိုး။ ကောင်းကောင်းလည်း စာ သလို ကောင်းကောင်းလည်း ချက်တတ်တယ်။

အဲဒီလို အသားဟင်းမက်တဲ့ ကျွန်တော့်ဖနီး သားလေးသာ ကိုယ်ဝန်လွယ်ထားရချိန်မှာ အသားဟင်း လုံးဝစားလို့မရဘူး။ စားတာ နဲ့ ပျို့တော့အန်တော့တာပဲ။ နောက်ပိုင်းမှာ စားမှတောင်မဟုတ်တော့ ဘူး။ သူ့ရှေ့ အသားဟင်းခွက်ရောက်တာနဲ့ တအော့အော့ဖြစ်နေပြီ။ ဒါနဲ့ပဲ သူ့ခမျာ အဲဒီကတည်းက အသားမှန်သမျှ ရှောင်ခဲ့ရရှာတယ်။ မောင်သာ ဂီနဲ့ပတ်သက်လို့ ဒါက ပထမထူးခြားမှုပေါ့။

ဒီလိုနဲ့ ကျွန်တော့်သားမောင်သာဂီ လူ့လောကထဲ ရောက်လာ ခဲ့ပါတယ်။ သားဦးလေးဆိုတော့ ကျွန်တော်တို့လင်မယား ရှူးမတတ် အချစ်ပိုခဲ့ရပါတယ်။ အခါလည်သား လောက်အထိ သူ့ကို ဒုက္ခိတလေ ဆိုတာ ကျွန်တော်တို့ လုံးဝမသိခဲ့ကြပါဘူး။ အဲဒီအရွယ်တုန်းက သူ့ မျက်လုံးတွေကလည်း အခုလို အဖြူထည်ကြီးမဟုတ်ဘူး။ သာမန်ကလေ တစ်ယောက်ရဲ့ မျက်လုံးမျိုးပါပဲ။ တဖြည်းဖြည်းနဲ့မှ အခုလို အရော ပြောင်းသွားခဲ့တာပါ။

ကျွန်တော်တို့သားလေး ဒုက္ခိတဆိုတာ သိလိုက်ရချိန်မှာ မိဘ





တစ်ယောက်အနေနဲ့ ဘယ်လောက် ကြေကွဲဝမ်းနည်းခဲ့ရတယ်ဆိုတာ တော့ ဆရာခန့်မှန်းနိုင်မှာပါ။

မောင်သာဂီနဲ့ပတ်သက်တဲ့ ဒုတိယ ထူးခြားမှုတစ်ခုကို ကျွန် တော် ပြောပြပါဦးမယ်။ သူ ခုနစ်နှစ်သား အရွယ်လောက်ကပေါ့။ မသန် မစွမ်းကလေးဆိုပေမယ့် အဲဒီအရွယ်မှာ သူတစ်ယောက်တည်း သံဝွေ တစ်ခွေနဲ့ တစ်ရွာလုံးအနှံ့သွားတတ်နေပြီ။ မျက်စိမမြင်ဘူးသာဆိုရတယ် သံဝွေကို သံချိတ်ကလေးနဲ့ လက်ကချိတ်ပြီး တွန်းသွားတာများ ဖြောင့် နေတာပါပဲ။ ကျွန်တော်တို့ငယ်ငယ်က ဝွေလှိမ့်ကစားသလိုမျိုးပေါ့။ တစ်ခါ တစ်ခါများ ကျွန်တော့်သားလေးသာဂီဟာ မျက်စိမမြင်ဘူးဆိုတာ ဟုတ်မှ ဟုတ်ရဲ့လား ထင်မိတယ်။

ဆရာ စဉ်းစားကြည့်ပါ။ တစ်ရွာလုံး သူမသွားတတ်တဲ့လမ်း သူမသွားတတ်တဲ့အိမ်၊ သူမသွားတတ်တဲ့နေရာဆိုတာ မရှိဘူး။ အကြောင်း တစ်ခုခုရှိလို့ သားရေ ဘယ်သူ့ကိုဖြင့် ဒါလေးသွားပေးလိုက်ပါကွာဆိုရင် လည်း အလွန်သေချာတယ်။ တန်းခနဲ ရောက်သွားတာပဲ။ တစ်ရွာလုံး ကလည်း ဖိုးသာဂီဆိုလိုက်ရင် မသိတဲ့သူမရှိဘူး။

တစ်နေ့ဆိုပါတော့ ဆရာရယ်။ မှတ်မှတ်ရရ တန်ဆောင်မုန်း လဆန်းရက်တစ်ရက်ဆိုတာ ကျွန်တော် ကောင်းကောင်းမှတ်မိသေးတယ်။ အဲဒီရာသီမျိုးဟာ ကျွန်တော်တို့ ရေလုပ်ငန်းသမားတွေ အန္တရာယ်ကင်း ကင်း ငါးဖမ်းထွက်နိုင်တဲ့ အချိန်ပါ။

အဲဒီနေ့က ကျွန်တော့်လက်မောင်းကို မောင်သာဂီ ခဏခဏ လာလာကုတ်နေတယ်။ အစတော့ ကျွန်တော် အမှတ်တမဲ့ပေါ့။ နောက် တော့ သူတစ်ခုခုပြောချင်နေတယ်ဆိုတာ ကျွန်တော်သိသွားတယ်။ ပြီးကော့ ပါးစပ်လည်းဖြုံပြုသေးတယ်။ သွားတွေလည်း တကျိကျိမြည်



www.burmeseclassic.com

www.burmeseclassic.com



အောင် ကျိတ်တယ်။

ဒီနေရာမှာ မောင်သာဂိရဲ့ လေ့စရိုက်နဲ့ပတ်သက်ပြီး ဆရာ့ကို တစ်ခုရှင်းပြထားရဦးမယ်။ ဒီလိုပါ . . . ဆရာ။ မောင်သာဂိလေးက သူ့ရဲ့ ခံစားမှုကို တစ်ဖက်သားသိအောင် အမူအရာနှစ်မျိုးနဲ့ ဖော်ပြလေ့ရှိပါ တယ်။ တကျိုကျိုမြည်အောင် သွားကျိတ်ပြတာရယ်။ နောက်တစ်မျိုးက ပါးစပ်ဖြဲပြတာပါပဲ။

တခြားသူတစ်ယောက်က ရုတ်တရက် နားလည်နိုင်မှာမဟုတ် ပေမယ့် ကျွန်တော်တို့လင်မယားကတော့ သူဘာပြောချင်တယ်ဆိုတာ နားလည်ကြပါတယ်။ အခု သူကျွန်တော့်ကို တစ်ခုခု အရေးတကြီး ပြောချင်နေတာပဲ။ ဒါနဲ့ သူ့နောက်က ကျွန်တော်လိုက်သွားတယ်။ မကြာ ခင်မှာပဲ တံငါတွေ ငါးဖမ်းထွက်တဲ့ လှေဆိပ်ရောက်သွားပါတယ်။ အဲဒီမှာ လှေသုံးစီး ငါးဖမ်းထွက်ဖို့ ပြင်ဆင်နေကြတယ်။ ဲမောင်သာဂိလေးက တံငါလှေတွေကြည့်လိုက် ကျွန်တော့်မျက်နှာကြည့်လိုက် ပါးစပ်ဖြဲပြလိုက် သွားတွေ တကျိုကျိုကျိတ်လိုက်နဲ့ ဂနာမငြိမ်ဘူး။

လက်စသတ်တော့ ဒီလှေတွေကို မောင်သာဂိက ငါးဖမ်းမထွက် ပါနဲ့လို့ တားစေချင်တာပဲ။ ဘယ့်နှယ့်ကြောင့်ပါလိမ့်။ ပင်လယ်ဝနဲ့ တစ် ဆက်တည်းဖြစ်နေတဲ့ မြစ်ချေပြင်ကလည်း သာယာငြိမ်သက်နေတာပဲ။ ကောင်းကင်ကြီးကလည်း ကြည်လင်ငြိမ်းချမ်းနေတာပါပဲ။ အန္တရာယ် ဖြစ်စရာဆိုလို့ အရိပ်အငွေ့မမြင်ရပါဘူး။ ကျွန်တော်များ အခုအချိန် သူတို့ကို လှေမထွက်ဖို့သွားတားရင် အရိုက်ခံရမလားတောင် မဆိုနိုင် ဘူး။

ကျွန်တော် တွေဝေနေတာကိုကြည့်ရင်း သားလေးမောင်သာဂိ ထံက သွားချင်းပွတ်ကျိတ်သံက ပိုကျယ်လာတယ်။ သူ့လက်နှစ်ဖက်





ကို မှန်ပြောင်းလိုလုပ် မျက်စိနားကပ်ပြီးတော့လည်း ပင်လယ်ဘက် အတော်ကြာကြာ လှမ်းကြည့်လိုက်သေးတယ်။ ကျွန်တော့်ဘက်လှည့် ပြီး သူ့ပါးစပ်ကိုလည်း ခဏခဏပြတယ်။ မောင်သာဂိရဲ့ အမူအရာကို မြင်သွားတဲ့ လှေသမားတွေကလည်း အတော်သဘောကျနေကြပုံရတယ်။

"ခင်ဗျားတို့သားအဖ ဘာလုပ်နေကြတာလဲ"

တဲ့။ ရယ်ပွဲဖွဲ့ပြီး မေးလိုက်ကြသေးတယ်။ ဒါနဲ့ ကျွန်တော် လည်း . . .

"ဘာကြောင့်လဲတော့ ကျုပ်မပြောတတ်ဘူး။ ဒါပေမယ့် ကျုပ် သားက ခင်ဗျားတို့ကိုလှေမထွက်ဖို့ တားနိုင်းနေတာပါ"

လို့ပြောတော့ သူတို့က ပိုပြီး ရယ်မောလိုက်ကြသေးတယ်။ အခြေအမြစ်မရှိတဲ့ ကျွန်တော့်စကားက တကယ်လည်း ရယ်ပွဲဖွဲ့စရာ ဖြစ်နေတာကိုး။

တိုတိုပဲပြောပါရစေ ဆရာရယ်။ အဲဒီလှေသုံးစီး ပင်လယ်ထဲ ငါးဖမ်းထွက်သွားတဲ့ ညနေမှာပဲ ကြည်လင်နေတဲ့ ရာသီဥတုက ချက်ချင်း ပြောင်းသွားခဲ့တယ်။ မုန်တိုင်းတစ်ခုဝင်မွှေလိုက်တာ သဘောကြီးတစ်စင်း ကတွေ့ပြီးကယ်ခဲ့လို့ လူတွေအသက်မသေကြပေမယ့် တံငါလှေသုံးစီး လုံးကတော့ ရေမြုပ်သွားခဲ့တယ်။ အဲဒီအဖြစ်အပျက်ကိုကြည့်ရင်း ကျွန် တော့်သားမောင်သာဂိဟာ ဒီလိုဖြစ်လိမ့်မယ်ဆိုတာ ကြိုသိနေတဲ့သဘော ပဲပေါ့။ ဒါလွယ်လွယ်ကလေး ကောက်ချက်ချလို့ရတာပဲ။ တချို့က လက်ခံ ကြပေမယ့် ဒါဟာ မတော်တဆတိုက်ဆိုင်မှုပါလို့ ပြောကြတဲ့သူတွေလည်း ရှိပါတယ်။ ကျွန်တော့်အတွက်တော့ မောင်သာဂိနဲ့ပတ်သက်လို့ ဒါဟာ ဒုတိယမြောက်ထူးခြားမှုပါပဲ။

အခု ကျွန်တော်တို့မိသားစု သေတွင်းက လက်မတင်ကလေး



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လာပုံ ဆက်ပြောပြပါ့မယ်။ ဒီလိုဆရာရဲ့ ပုသိမ်မြို့ပေါ်မှာ ဟာလဝါ လုပ်ငန်းနဲ့ စီးပွားဖြစ်နေတဲ့ ကျွန်တော့်ညီမတစ်ယောက်ရှိတယ်။ သူ့ဆီ လာလည်ကြဖို့ ကျွန်တော်တို့မိသားစုကို အကြိမ်ကြိမ်ခေါ်ပေမယ့် တစ်ကြိမ်မှလည်း မရောက်ဖြစ်ခဲ့ပါဘူး။

တစ်နေ့တော့ ထူးခြားတယ်လို့ပဲပြောနိုင်တဲ့ အဖြစ်အပျက်တစ်ခု ဖြစ်ခဲ့တယ် ဆရာ။ ကျွန်တော့်သားမောင်သာကီ ဂွေတစ်ဂွေနဲ့ ရွာထဲ လှည့်ပြီး ပြန်လာတဲ့အချိန်မှာ သူ့လက်ထဲ ပလတ်စတစ်ဘူးနဲ့ထည့်ထားတဲ့ ပုသိမ်ဟာလဝါတစ်ဘူး ပါလာတယ်။ ဘယ်သူပေးလိုက်တာလဲမေးတော့လည်း သူဘာမှမသိတဲ့ပုံစံနဲ့ ပါးစပ်ပိတ်ပြနေတာပဲ။ ပေးနိုင်လောက်တဲ့သူ ရွာထဲလှည့်စုံစမ်းတော့လည်း ဘယ်သူမှမသိကြပြန်ဘူး။ တကယ့် ပဟေဠိပဲ။ ဟာလဝါမုန့်တွေအပြည့်ပါတဲ့ အဲဒီပလတ်စတစ်ဘူးက ပေးတဲ့သူမရှိဘဲ မောင်သာကီလက်ထဲ သူ့အလိုလိုရောက်လာသလို ဖြစ်နေတော့တာပေါ့။

ဒါနဲ့ပဲ ကျွန်တော်တို့ ဘုရားဆွမ်းတော်လေး ဘာလေးတင်ပြီး မိသားစုဝေမျှစားလိုက်ကြတာပေါ့ ဆရာရယ်။ အဲဒီတော့မှ မုန့်ဘူးပေါ်မှာကပ်ထားတဲ့တံဆိပ်က လိပ်စာကို ဖတ်မိတော့တယ်။ တိုက်တိုက်ဆိုင်ဆိုင် ပုသိမ်မှာ ဟာလဝါလုပ်ငန်းလုပ်နေတဲ့ ကျွန်တော့်ညီမရဲ့လိပ်စာ ဖြစ်နေတော့တာပဲ။ အဲဒီမုန့်ဘူး ကျွန်တော်တို့ဆီ ဘယ်လိုရောက်လာတယ်ဆိုတာတော့ အခုထိ အဖြေမပေါ်ဘူး။

နောက်ထပ်ထူးခြားတာ တစ်ခုကတော့ ကျွန်တော့်သားမောင်သာကီဟာ မုန့်ဘူးပေါ်ကလိပ်စာကို လက်နဲ့ထိုးထိုးပြပြီး တကျိုကျို သွားတွေကျိုတ်ပြ ပါးစပ်ဖြုပြလုပ်တော့တာပါပဲ။ သူ့ကို အဲဒီလိုက်ပို့ပါတဲ့။ ကဲ . . . မထူးဆန်းဘူးလား ဆရာ။ ကျွန်တော်တို့ဖြင့် အဲဒီမှာ သူ့အခေါ်





ရှိကြောင်း အခုလိုမုန့်မျိုးလုပ်ကြောင်းလည်း သူ့ကိုတစ်ခါမှ ပြောမပြဖူးပါဘူး။ ပြောပြရအောင်လည်း သူ့မှာနားလည်နိုင်လောက်တဲ့ စွမ်းရည်မှမရှိတာပဲ။

မိသားစုလိုက် ခရီးတစ်ခုသွားဖို့ဆိုတာ လွယ်တာမဟုတ်တော့ ကျွန်တော်တို့လည်း သူ့ကိုချော့မော့ထားရတာပေါ့။ ဒါပေမယ့် မောင်သာကီက မမေ့ဘူးဆရာရေ၊ အမှတ်ရတာနဲ့ လိပ်စာထိုးပြပြီး တကျိုကျို လုပ်တော့တာပဲ။

အဲဒီလိုနဲ့ ကျွန်တော့်ဘဝတစ်လျှောက် ဘယ်တော့မှမေ့နိုင်မှာ မဟုတ်တဲ့ ရက်တစ်ရက်ကို ရောက်လာခဲ့တယ်ဆိုပါတော့ခင်ဗျာ။ အဲဒီနေ့က မောင်သာကီလေးဟာ သာမန်နေ့တွေလိုမဟုတ်ဘဲ အတော်လေး ထူးခြားနေခဲ့တယ်။ အိမ်ပြင်ထွက်လိုက်၊ သူ့လက်နှစ်ဖက် မှန်ပြောင်းလိုလုပ်ပြီး ကောင်းကင်ပေါ်ကြည့်လိုက်၊ အိမ်ထဲပြန်ဝင်လာလိုက်၊ မုန့်ဘူးခွံပေါ်ကလိပ်စာ လက်ညှိုးထိုးလိုက်၊ ပါးစပ်ဖြဲလိုက်၊ သွားတွေတကျိုကျိုမြည်အောင် ကျိတ်လိုက်နဲ့ မျက်စိနောက်စရာတောင် ကောင်းပါတယ်။ သူ့အမူအရာကြည့်ပြီး ကျွန်တော့်စိတ်ထဲတောင် တစ်မျိုးတစ်မည်ဖြစ်လာတယ်။ ပုသိမ်မှာနေတဲ့ ကျွန်တော့်ညီမများ တစ်ခုခုဖြစ်လို့များလားတွေးမိလိုက်သေးတယ်။ မဖြစ်နိုင်ပါဘူး။ တစ်ခုခုဖြစ်တယ်ဆိုရင် ငါ့ဆီ တစ်နည်းနည်းနဲ့တော့ အကြောင်းကြားမှာပေါ့လို့ စိတ်ဖြေရတာပေါ့။

အဲဒီညကတော့ မောင်သာကီရဲ့ အခြေအနေဟာ အဆိုးဆုံးပဲ တစ်ညလုံး မအိပ်ဘူး။ ပျာယာကိုခတ်နေတာပါပဲ။ သူ့အကျီ ဘောင်းဘီကလေးတွေလည်း သေတ္တာထဲက ဆွဲထုတ်လာသေးတယ်။ သူ့ဘာသာသူ သွားတော့မယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ဘယ်လိုမှလည်း ချော့မော့ထားလို့ မရတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အတိုချုပ်ပြောရရင်တော့ အခုလောက် မြန်မြန်သွားဖို့ တစ်ခါမှ စိတ်ကူးမရှိဘူးတဲ့ ကျွန်တော့်ညီမများရှိရာ ပုသိမ်ကို နောက်တစ်နေ့ မိုးလင်းလင်းချင်းပဲ ကျွန်တော်တို့တစ်မိသားစုလုံး ခရီးထွက်ဖြစ်သွားခဲ့တယ်ဆိုပါတော့ခင်ဗျာ။ အဲဒီတော့မှပဲ အလိုကျသွားတဲ့ပုံစံနဲ့ မောင်သာဂိ တစ်ယောက် ငြိမ်ကျသွားတော့တယ်ဆရာရေ။

မှတ်မှတ်ရရ ကျွန်တော်တို့ ပုသိမ်ကိုရောက်သွားတဲ့နေ့က မေလ (၁)ရက်နေ့ပဲ။ မေလ (၂)ရက်နေ့မှာ အားလုံးသိကြတဲ့အတိုင်း တစ်သက်မှာ တစ်ခါသာကြုံရတဲ့ နာဂစ်မုန်တိုင်းကြီး ကျတော့တာပဲ။ ကျွန်တော်တို့ရောက်နေတဲ့ပုသိမ်မှာ ပျက်စီးမှု အနည်းအကျဉ်းလောက်ပဲ ရှိပါတယ်။ ကျွန်တော်တို့မိသားစု နေခဲ့တဲ့ရွာကလေးကတော့ ရွာလုံးပျောက်သွားတယ်။ လက်မတင်ကလေးပါပဲလေ။ ကျွန်တော်တို့သာ မေလ (၁) ရက်နေ့က အခုလို ရွာကထွက်မလာဖြစ်ဘူးဆိုရင် ကျွန်တော်ဆက်မတွေးဝံ့တော့ဘူး။

အခု ကျွန်တော်ပြောပြခဲ့တဲ့ အဖြစ်အပျက်တစ်ခုလုံးကို ဆရာ စဉ်းစားကြည့်ပါ။ ကျွန်တော့်သား ဒုက္ခိတလေးမောင်သာဂိက ကျွန်တော်တို့ တစ်မိသားစုလုံးရဲ့အသက်ကို လက်မတင်ကလေး ကယ်တင်လိုက်တယ်ဆိုတာ ရှင်းနေတာပဲလေ။

မေတ္တာရှင်မောင်မဲခေါ်


# စိတ်ကူးသစ်စာပေ

အမှတ်(၂၅)၊ အင်းမြိုင်ရွာ ပုသိမ်လမ်း ဝင်းအောင်ချိန်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉၅၁၃၃၀၂၈၄၊

ဖု - အမှတ်(၁၄၉) ၀ထထထ (ယာ) ဒိုဘိကင်သာလမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၃၉၁၃၂၂

| စဉ် | စာရေးသူ | စာအုပ်အမည် | ရောင်းဈေး |
|---|---|---|---|
| ၁။ | မောင်ညိုမှိုင်း | မြွေဝင်စားမသင်မြေ | ၁၂၀၀/- |
| ၂။ | (သန့်လျှင်) | လူထူးဆန်းဘာတိုက်ပုံဦးရာကျော် | ၁၂၀၀/- |
| ၃။ | ။ | သည်းထိတ်ဆန်းကြယ်ရွှေနက်ကြီး | ၁၂၀၀/- |
| ၄။ | ။ | သေရွာငါးကြိမ်ပြန်ခင်ဒေါင်းငံ | ၁၂၀၀/- |
| ၅။ | ။ | မြွေလောက်ပါးမြူမျောက်မင်းသားနှိုးဆည်နှင့်ကျောက်ခဲ | ၁၂၀၀/- |
| ၆။ | ။ | ပြိတ္တာရွာသူမကြေ | ၁၂၀၀/- |
| ၇။ | ။ | ကြောင်တစ်ရာသက်ပြင်းနှင့်အင်းတစ်ထောင်မင်းဂေါင် | ၁၂၀၀/- |
| ၈။ | ။ | ပရလောကနှင့်ဖြစ်ရပ်ဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ | ၁၂၀၀/- |
| ၉။ | ။ | ပိဿာဒိဋ္ဌိမရဏလမ်းကြမ်း | ၁၅၀၀/- |
| ၁၀။ | ။ | အံ့ဖွယ်နှင့် ဖြစ်ရပ်ဆန်းကြယ်ဂမ္ဘီရဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၁။ | ။ | ကျောက်ကြီးငြေ | ၁၅၀၀/- |
| ၁၂။ | ။ | နတ်မြင်းဥသဲ ဂမ္ဘီရဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၃။ | ။ | ငြိမ်းဆင်တဲ့လက် ဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၄။ | ။ | ရွှေဘုံပြန်လွှမ်းအိမ်သစ် | ၁၅၀၀/- |
| ၁၅။ | ။ | မြစ်သုံးဆိုင်ရေအောက်ကျောက်မိချောင်းဂမ္ဘီရဝတ္ထုတို | ၁၅၀၀/- |
| ၁၆။ | ။ | ပြည်ကြီးစည်တီးဝင်တဲ့နိမိုးကြိုး(အထူးထုတ်လုံးချင်းဝတ္ထု) | ၃၀၀၀/- |
| ၁၇။ | ။ | မီးငြိမ်းမိုးအပါအဝင်လျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများ | ၁၅၀၀/- |
| ၁၈။ | ။ | နာနာဘာဝပိုင် ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀/- |
| ၁၉။ | ။ | ပြိတ္တာရာသီပွားနန်းအိမ်ကြီး | ၃၀၀၀/- |
| ၂၀။ | ။ | မျက်ရည်မြစ်ပေါ်မှာသောင်မတင်တဲ့အပြာရောင်ဝေဒါ | ၁၅၀၀/- |
| ၂၁ | ။ | လေးမည်ရထွန်းကြိုင် ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀/- |
| ၂၂။ | ။ | ကျောက်ကန်းပေါ်ကလက်ဝါးရာ ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀/- |
| ၂၃။ | ။ | တေးသွားပေါ်မှာကတဲ့ပန်းပွင့် | ၂၅၀၀/- |
| ၂၄။ | ။ | စိန်စီကကြိုးရေချမ်းအိုး | ၂၅၀၀/- |
| ၂၅။ | ။ | ရင်ကွဲရွှေကျီးညို ဂမ္ဘီရဝတ္ထုတိုများ | ၂၀၀၀/- |
| ၂၆။ | ။ | ပြိတ္တာရေဆန် | ၂၀၀၀/- |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# မောင်ညိုမှိုင်း

သန့်လျင်

သမုဒယပင်းပြွိခိစပ်ကာ နစ်ပိုးနှစ်ပိုးမုက်တဲ့ည

အပါအဝင်

ဂမ္ဘီရဝတ္ထုတိုများ

www.burmeseclassic.com